www.burmeseclassic.com




ဂမ္ဘီရသည်းထိတ်ရင်ဖိုဝတ္ထု

# မွန်နက်ရှင်ကောရီ မင်းသစ္စာလှိုင်

ကဒုံကနိ

စိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မင်းသစ္စာလှိုင်
(ကာဒ်ကနီ)
# မဲ့နက်ရှင်ကေရီ

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com


မှဲ့နက်ရှင်ဧကရီ

မင်းသစ္စာလှိုင် (ကန်ကနီ)

အဖွဲ့ဝင်စာသားခွင့်ပြုချက်အမှတ်
၅၀၁၆၆၁၀၆၀၇

မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၃၅၄၀၃၀၀

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်

၂၀၀၇ ခုနှစ်၊ မေ

အုပ်ရေ
၅၀၀

အဖုံးပန်းချီ
ကိုကိုအောင်

ဖလင်
ကိုလှဝင်း

စာအုပ်ချုပ်
ယုဇန

ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရှေ့တောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းကိုင်းဘား သုနန္ဒာ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၀)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး
၁၀၀၀ - ကျပ်


- ✪ အချို့သော ဖြစ်စဉ်ဖြစ်ရပ်များသည် အံ့သြဖွယ်ကောင်းလှသည်။ စိတ်ကူးယဉ် ဇာတ်လမ်းများထက်ပင် အံ့သြဖွယ်ကောင်းနေသေးသည်။ ပြောပြလျှင်ပင် ယုံကြည်နိုင်ဖွယ်မရှိ။
- ✪ ထိုကဲ့သို့သော အဆန်းတကြယ် ဖြစ်စဉ်ဖြစ်ရပ်များသည် လောက၏ အချို့သော နေရာဒေသများတွင် အမှန်တကယ် ဖြစ်ပျက်နေခဲ့ကြသည်။
- ✪ ယခင်ကလည်း ဖြစ်ခဲ့ဖူးသည်။ ယခုလည်း ဖြစ်ပျက်နေဆဲဖြစ်သည်။ နောင်တွင်လည်း ဆက်လက် ဖြစ်နေဦးမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

★ ချစ်ရသူနှင့် အကြောင်းဆက်ပေါင်းဖက်ပြီးမှ ပွင့်လာလတ္တံ့သော အရိုမေတ္တာယျ မြတ်စွာဘုရားရှင်အား လှူဒါန်းမည့် ရတနာပစ္စည်းများကို စောင့်ရှောက်ပေးရမည်ဆိုသည့် အမျိုးသမီးတစ်ယောက်၏ စိတ်ဝင်စားဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ။

★ သုသာန်သင်္ချိုင်းများတွင် လှည့်လည်နေထိုင်သည်ဆိုသော စိတ်ဝင်စားဖွယ်ကောင်းသည့် အမျိုးသမီးတစ်ယောက်။

★ အလောင်းမင်းတရားလက်ထက်တော်တွင် စည်ကားထင်ရှားခဲ့သော ကျုံးတံ့မြို့တော်ကြီးမှ အနွယ်တော်ချစ်သူတစ်ဦးကို လိုက်လံရှာဖွေနေသော ကျောင်းဆရာမလေးတစ်ယောက်။

★ ဥစ္စာစောင့်မလေးတစ်ယောက်ကိုမှ စွဲစွဲလမ်းလမ်း ချစ်နေမိခဲ့သူတစ်ဦး၏ ကြေကွဲခံစားရမှုများ။

★ ရွာအပြင်လယ်ကွင်းထဲ၌ ကွင်းခြောက်ခံခဲ့ရသော အံ့ဩဖွယ်ဖြစ်ရပ်။

★ သရဲတစ္ဆေတစ်ကောင်လား။ ဥစ္စာစောင့်တစ်ယောက်လား၊ လူသားရယ်လား ဟူ၍ ခွဲခြားမရနိုင်သော လှပချောမော ယဉ်ကျေးသိမ်မွေ့သည့် မိန်းမငယ်။

★ ကိုယ့်ကိုယ်ကိုယ် ရှေးခေတ်လူသားတစ်ယောက်လေများလား ဟူ၍ သံသယဝင်နေခဲ့သော ကျောင်းဆရာလေးတစ်ယောက်၏ စိတ်ဝင်စားဖွယ် အိပ်မက်ဆန်းများ။

★ အသည်းနှင့်အောင် ချစ်ပါသည်ဆိုသော ကိုယ့်ချစ်သူကို ရူးသွပ်သွားစေလို၍ ရူးသွပ်သွားအောင် ဖန်တီးလုပ်ဆောင်နေသော အမျိုးသမီးတစ်ယောက်၏ အံ့ဩဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ။

စသည်. . . စသည်. . . စသည်ဖြင့်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ကိုယ်မသိတဲ့ ကိုယ့်ချစ်သူ
၂။ ကိုယ်မသိတဲ့ ကိုယ့်အကြောင်းများ
၃။ မေ့ဖျောက်လို့လည်း မရနိုင်
၄။ စိတ်ပြေလက်ပျောက်
၅။ တွေ့ရပါပြီ ဧကရီ
၆။ ဝဏ္ဏဗလ၏တိုက်ကွက်များ
၇။ မျက်နှာကိုလက်ကာပြီး ငိုနေသော်လည်း
၈။ သားရေးသမီးရေး
၉။ သုံးပွင့်ဆိုင်ရှင်းတမ်း
၁၀။ အရှုံးသမား၏အောင်ပွဲ
၁၁။ အရှုံးထဲကအမြတ်
၁၂။ ကျထိုက်လို့ကျတဲ့မျက်ရည်
၁၃။ ဆုတောင်းများ မှားခဲ့လေသလား
၁၄။ ဘာကြောင့်လဲ၊ ဘာအကြောင်းလဲ
၁၅။ ဂမ္ဘီရမေတ္တာဇာတ်လမ်း
၁၆။ ဉစ္စာစောင့်မလေးကိုမှ ချစ်မိသူ
၁၇။ အလိမ်အညာ ကျွမ်းကျင်သူက လွှမ်းချင်မှလွှမ်းမယ်
၁၈။ တံကယ်ဝေးရပြီလား ဧကရီရယ်
၁၉။ ကွင်းခြောက်တာလား
၂၀။ အပ,မှီတာလား၊ ပြုစားခံရတာလား
၂၁။ ဧကရီလား၊ ဒေဝီလား
၂၂။ အိပ်မရသောညတစ်ည
၂၃။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား ဧကရီရယ်
၂၄။ တွဲဖက်ညီတဲ့စုံတွဲ
၂၅။ ဧကရီဝင်စားနေတဲ့ ဆရာမလေးဒေဝီ
၂၆။ တစ်ချက်တစ်ကောင် ချစ်မောင်
၂၇။ အံ့မခန်းသည့် ဧကရီအစွမ်း
၂၈။ ဖူးစာဆုံသည့်ပွဲ


www.burmeseclassic.com

www.burmeseclassic.com

## (၁)

## ကိုယ်မသိတဲ့ ကိုယ့်ချစ်သူ

မြတ်မိုးလွင်သည် အိမ်ထဲသို့လှမ်းဝင်လိုက်သည်နှင့် ဖခင်ဖြစ်သူက လှမ်းခေါ်လိုက်သည်။

"သား၊ ကျောင်းကပြန်လာတာလား။ ခဏထိုင်ပါဦးကွယ်"

ဖခင်ဖြစ်သူ ဦးစိုးလွင်က ဧည့်ခန်းမှ လှမ်းခေါ်လိုက်သဖြင့် မြတ်မိုးလွင် ဖခင်ရှေ့တွင် လာရောက်ဝင်ထိုင်လိုက်သည်။ ဦးစိုးလွင်သည် သားဖြစ်သူကိုကြည့်ကာ ပြောလိုက်သည်။

"နေ့လယ်က ကလေးမလေးတစ်ယောက် ရောက်လာတယ်။ သူက သားကို တွေ့ချင်တယ်လို့ပြောတယ်"

"ဘယ်သူလဲ အဖေ"

"အဖေလည်း တစ်ခါမှ မမြင်ဖူးဘူး၊ ဧကရီလို့တော့ ပြောတာပဲ"

"ဧကရီ. . .၊ ဒီနာမည်မျိုး သားအသိမိတ်ဆွေထဲမှာ မရှိဘူး အဖေ"

မြတ်မိုးလွင်က စဉ်းစားပြီး ပြန်လည်ပြောဆိုလိုက်သည်။ ထို့ကြောင့် ဦးစိုးလွင်က ပြောလိုက်သည်။

"သားရဲ့အသိမိတ်ဆွေထဲက မဟုတ်ဘူးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးလွင်က သဘောမပေါက်သဖြင့် ပြန်လည်မေးမြန်းလိုက်သည်။

"သားကိုလည်း လာမေးနေတယ်ပြောတယ်၊ သားရဲ့အသိမိတ်ဆွေလည်း မဟုတ်ဘူးဆိုတော့ ဘာလဲအဖေ"

"သားရဲ့ချစ်သူလို့ ပြောတယ်"

"ဗျာ"

မြတ်မိုးလွင် အံ့ဩသွားရတော့သည်။ ထို့ကြောင့် ဖခင်ဖြစ်သူကို အလျှင်စလို ပြန်လည်ပြောဆိုလိုက်သည်။

"ဟာ- အဖေကလည်း. . . သားမှာ ဘာချစ်သူမှ မရှိသေးပါဘူး။ အဖေတို့လည်း သိသားနဲ့"

"သိပါတယ် သားရယ်၊ ဒါကြောင့်လည်း အဖေတို့ အံ့ဩနေတာပေါ့။ တော်ရုံတန်ရုံ မိန်းကလေးတစ်ယောက်က ဒီလိုဘယ်ပြောရဲပါ့မလဲ။ တကယ်လို့ ဟုတ်နေတာတောင် ပြောရဲမှာမဟုတ်ဘူး"

"လိမ်ချင်ကောက်ချင်လို့ တမင် အကွက်ဆင်တာလာများလား အဖေရယ်"

"သူတို့လာတာ နှစ်ယောက်ကွယ့်။ တစ်ယောက်က ဇကရီ၊ တစ်ယောက်က နှင်းဆီတဲ့။ ဇကရီက မင်းရဲ့ချစ်သူတဲ့။ ကလေးမလေးတွေ ကြည့်ရတာတော့ ရိုးရိုးယဉ်ယဉ်လေးတွေပါ။ စကားပြောလည်း ရည်မွန်ကြတယ်။ ဇကရီက ရုပ်ရှင်မင်းသမီး မေရှိမြင့်လိုပဲ မေးစေ့မှာ မှဲ့အနက်လေးတစ်လုံးရှိတယ်"

"ချောတိုင်းလည်းယုံလို့မရဘူး။ ကျွန်တော်မရှိခင် ကျွန်တော့်ချစ်သူပါဆိုပြီး ကျွန်တော့်မိဘတွေကို လာပြောတယ်ဆိုကတည်းက သဘောရိုးနဲ့မဖြစ်နိုင်ဘူး။ ဒါနဲ့ သူတို့က ကျွန်တော့်နာမည်ကိုမေးပြီးလာကြတာလား"





"မဟုတ်ဘူး၊ အဖေ့နာမည်ကို မေးပြီးလာတာ"

"ဟာ- အဖေကလည်း၊ အဖေ့နာမည်မေးပြီးလာကြတာ ကျွန်တော့်အသိ ဖြစ်ပါ့မလား။ အဖေ့အသိပဲ နေမှာပေါ့"

"မဟုတ်ဘူး- သား၊ ပြောတာကို ဆုံးအောင်နားထောင်ဦး။ သူတို့က ဦးစိုးလွင်ရဲ့တိုက် ဟုတ်ပါသလားလို့ မေးတယ်။ အဖေက ဟုတ်ကြောင်းပြန်ပြောလိုက်တယ်။ ဒီတော့ ဇကရီဆိုတဲ့ ကလေးမလေးက ဦးစိုးလွင်ရဲ့သား သီဟကျော်စွာနဲ့ တွေ့ချင်လို့ပါတဲ့။ ဒီတော့ အဖေက ဦးရဲ့သားနာမည်က သီဟကျော်စွာ မဟုတ်ဘူး၊ မြတ်မိုးလွင်လို့ ပြောလိုက်တယ်"

"ကျွန်တော့်နာမည်ကို သီဟကျော်စွာလို့ ပြောတယ်၊ ဟုတ်လား အဖေ"

"ဟုတ်တယ်၊ ဆက်နားထောင်ပါဦးကွာ။ အဖေက မင်းနာမည် သီဟကျော်စွာ မဟုတ်ဘူး၊ မြတ်မိုးလွင်လို့ ပြောလိုက်တော့ သူက ဘာပြန်ပြောတယ်မှတ်သလဲ"

"ကျွန်တော် ဘယ်သိမလဲ အဖေရ"

"သူ့နာမည်သူ မေ့နေလို့ ဖြစ်ပါလိမ့်မယ်တဲ့"

"ဟာ- ဒီမိန်းမက ကျွန်တော့်ကိုတောင် ဦးနှောက်ပျက်နေသလိုလို ပြောသွားသေးတယ်"

မြတ်မိုးလွင်က စိတ်ဆိုးစွာ ပြောဆိုလိုက်သည်။ ထို့ကြောင့် ဦးစိုးလွင်က ဆက်လက်ပြောဆိုလိုက်သည်။

"ဒါထက် အဖေကလည်း စကားရှည်မှာစိုးလို့ သားလာရင် ဘာပြောလိုက်ရမလဲလို့ မေးလိုက်တယ်"

"ဒီတော့ သူက ဘာပြန်ပြောလဲ"

"သူ့ကိုယ်သူ သီဟကျော်စွာရယ်လို့ မသိသေးရင်တော့ သူ့ ဘာမှသိမှာမဟုတ်ပါဘူးလို့ ပြန်ပြောတယ်"

ထို့ကြောင့် မြတ်မိုးလွင်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိန်းမတွေက စိတ်မှမှန်ရဲ့လား အဖေရယ်"

"စိတ်မမှန်ဘူး ပြောရအောင်လည်း မင်းအကြောင်းတွေကို ပြောသွားတာ အမှန်တွေချည်းပဲကွ"

"ဘယ်လိုလုပ်မှန်မှာလဲ အဖေရဲ့၊ ကျွန်တော်က သီဟကျော်စွာမှ မဟုတ်တာ"

"အဲဒါတစ်ခုပဲလွဲတာကွ။ မင်းဟာ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တက်နိုင်တဲ့ အရည်အချင်းရှိပေမယ့် ကျောင်းဆရာအလုပ်ကို ဝါသနာပါလွန်းလို့ မိဘတွေသဘောမကျပေမယ့် ကျောင်းဆရာ မဖြစ်ဖြစ်အောင် လုပ်ခဲ့တာတွေ၊ တောနယ်ဒေသတွေဆီမှာသွားပြီး ကျောင်းဆရာလုပ်ချင်တဲ့ ဆန္ဒတွေ၊ ကျောင်းအုပ်ရာထူးတိုးရင် တောနယ်ဒေသတစ်ခုမှာ သွားရောက်လုပ်ကိုင်ဖို့ ရည်ရွယ်ထားတာတွေ သူအကုန်လုံးပြောတာ အမှန်တွေချည်းပဲ"

"အဲဒါတွေ သူက ဘယ်လိုလုပ်သိတာလဲ"

"အဖေလည်း ဘယ်သိပါ့မလဲကွ"

"ကျွန်တော့်အကြောင်းကို သိနေတာယ်ဆိုတာကတော့ စုံစမ်းကြည့်ရင် သိနိုင်တာပဲ။ ဒါပေမယ့် ဘာရည်ရွယ်နဲ့ အခုလိုလုပ်တယ်ဆိုတာကတော့ စဉ်းစားရတော်တော်ခက်တယ်"

"ဟုတ်တယ်၊ အဖေလည်း အဲဒါ စဉ်းစားနေတာပဲ။ သူ့ရုပ်ရည်က ရည်မွန်လှပပေမယ့် သူ့ပြောတဲ့စကားတွေက အရူးတစ်ယောက်လို ဖြစ်နေတယ်။ နောက် သူပြောခဲ့တာတစ်ခုရှိသေးတယ်။ သူ့ကို သူ့ပတ်ဝန်းကျင်က မှဲ့နက်ရှင်ဇကေရီလို့ ခေါ်ကြတယ်တဲ့။ မင်းလည်းပဲ မင့်ကိုယ်မင်း သီဟကျော်စွာဆိုတာ သိလာခဲ့ရင် သူဟာ မှဲ့နက်ရှင်ဇကေရီ ဆိုတာ သိလာမှာပါတဲ့။ ဒီလိုစကားမျိုးကို ဘယ်မိန်းကလေးက ပြောရမှာလဲကွာ"





"အဖေ၊ သူ့လိပ်စာ မေးမထားလိုက်ဘူးလား"

"မေးတာပေါ့ကွာ။ အဖေက သူ့လိပ်စာကိုမေးတော့ သူက လိပ်စာ မလိုပါဘူး၊ ချစ်သူအချင်းချင်းတွေပဲ၊ နောက်လည်း တွေ့ကြရဦးမှာပဲလို့ ပြောသွားတယ်"

"အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ် အဖေ။ ဒါဟာ ဘယ်လိုနည်းနဲ့မှ သဘောရိုး မဖြစ်နိုင်ဘူး။ ပြောတဲ့စကားတွေကလည်း ဘာတွေမှန်းမသိဘူး။ ဒီတစ်ခါလာရင် ရဲကိုသာ ဖုန်းဆက်အကြောင်းကြားပြီး တစ်ခါတည်းဖမ်းခိုင်းလိုက် အဖေ"

"အင်း- စဉ်းစားစရာတော့ ဖြစ်နေပြီကွ။ မင်းမသိသေးတဲ့ မင်းချစ်သူတစ်ယောက်ယောက်များ ဖြစ်နေမလားကွာ"

"ဟာ- အဖေကလည်း ကိုယ့်ချစ်သူ ကိုယ်မသိရအောင် ကျွန်တော်က ရူးနေတာမှမဟုတ်တာ။ နောက်ပြီး ကျွန်တော့်မှာလည်း ချစ်သူမှ မရှိတာ။ ဒီမိန်းမ ကျွန်တော်နဲ့ တွေ့လိုက်ရရင်ကောင်းမှာ။ ဒီတစ်ခါလာရင် ရဲကိုသာအကြောင်းကြားလိုက်"

"အေး- သတိတော့ထားရမှာပေါ့ကွာ"

ထိုအချိန်မှစ၍ မြတ်မိုးလွင်၏ စိတ်ထဲတွင် မှဲ့နက်ရှင်ဇကေရီဆိုသော အမျိုးသမီးကို ဖျောက်ဖျက်၍မရနိုင်အောင် စွဲကပ်နေလေတော့သည်။ မှဲ့နက်ရှင်ဇကေရီကို မေ့ဖျောက်၍မရနိုင်ခြင်းမှာ ချစ်၍၊ ခင်၍၊ ကြင်နာ၍ မဟုတ်။ သူစိမ်းယောကျ်ားလေးတစ်ယောက်အား သူမ၏ချစ်သူအဖြစ် တစ်ဦးတစ်ယောက်၏ရှေ့၌ ပြောဆိုနေသည်မှာ အကြောင်းမဲ့ မဟုတ်နိုင်။ ဘာကြောင့်လဲ၊ ဘယ်လိုလဲ ဆိုသည်ကို တိကျစွာ စဉ်းစားမရနိုင်သော်လည်း အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု မြတ်မိုးလွင် တွေးထင်မိခဲ့သည်။

ဇကေရီဆိုသော အမျိုးသမီးသည် မြတ်မိုးလွင်၏အကြောင်းကို အသေးစိတ် စုံစမ်းထားခဲ့ဟန်ရှိသည်။ ထို့အပြင် မြတ်မိုးလွင်



www.burmeseclassic.com

www.burmeseclassic.com



အား သီဟကျော်စွာဟုလည်း စွပ်စွဲပြောဆိုနေခဲ့ပြန်သည်။ ဖခင်ဖြစ်သူ ဦးစိုးလွင်က မြတ်မိုးလွင်ကို သီဟကျော်စွာ မဟုတ်ပါဟု ပြောဆိုခဲ့သည်ကိုပင် သူမက လက်မခံ။ ကိုယ့်ကိုယ်ကိုယ် သီဟကျော်စွာဟု သိလာခဲ့လျှင် သူ့ကို မှဲ့နက်ရှင် ဧကရီဟု သိလာပါလိမ့်မည်ဟူ၍လည်း ဆိုခဲ့ပြန်သည်။

မှဲ့နက်ရှင်ဧကရီ ဟူသော အမည်ကို ယခုခေတ် ယခုအခါတွင် မည်သည့်မိန်းကလေးမျှ မှည့်ရဲကြလိမ့်မည်မဟုတ်။ လူရယ်စရာသာ ဖြစ်နေပေလိမ့်မည်။ ယခုမူ ယဉ်မွန်လှပသော မိန်းကလေးတစ်ယောက်က သူ့ကိုယ်သူ မှဲ့နက်ရှင် ဧကရီဟု ပြောဆိုနေခဲ့သည်။ ထို့ကြောင့် မြတ်မိုးလွင်သည် မှဲ့နက်ရှင်ဧကရီကို တော်တော်လေး စိတ်ဝင်စားနေမိခဲ့လေတော့သည်။

✿ ✿ ✿



## (၂)
## ကိုယ်မသိတဲ့ ကိုယ့်အကြောင်းများ

မြတ်မိုးလွင် ပတ်ဝန်းကျင်ကို တအံ့တဩ ကြည့်နေမိသည်။ သူရောက်ရှိနေခဲ့သောနေရာမှာ စည်ကားသော ရွာကြီးတစ်ရွာမှ ခမ်းနားထည်ဝါသော အိမ်ကြီးတစ်အိမ်၏ ဥယျာဉ်ခြံအတွင်းမှာဖြစ်သည်။ ဒီနေရာ ဒီဒေသကို သူတစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသကဲ့သို့ မည်သို့မည်ပုံ ရောက်ရှိလာခဲ့သည်ကိုလည်း သူမသိ။ ထို့ကြောင့် တအံ့တဩ ကြည့်နေမိခဲ့ခြင်းပင် ဖြစ်သည်။

ထိုစဉ် -

"မောင်တော် သီဟကျော်စွာ"

နောက်မှ ခေါ်သံကြားလိုက်ရသဖြင့် မြတ်မိုးလွင် လှည့်ကြည့်လိုက်မိသည်။

"ဟယ်- ဝမ်းသာလိုက်တာ၊ မောင်တော်က ကိုယ့်နာမည်ကိုယ် ပြန်မှတ်မိသွားပြီ"

မြတ်မိုးလွင် ငေးငိုင်ကြည့်နေမိသည်။

သစ်လွင်တောက်ပသော အဝတ်အစားများကို ရိုးရိုးနှင့် သဉ်ယဉ်ကလေး ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့် မြတ်မိုးလွင် ငေးကြည့်နေမိခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးမှာ သူနှင့်ရွယ်တူခန့်ပင် ဖြစ်သည်။ မေးစေ့တွင် မှဲ့နက်ကလေးတစ်လုံး ပါရှိနေသည်။ ထိုစဉ် မြတ်မိုးလွင်မှာ ဖခင်ပြောခဲ့သော မှဲ့နက်ရှင်ဧကရီကို ဆိုသည့် အမျိုးသမီးကို သတိရသွားမိသည်။ ထို့ကြောင့် မှဲ့နက်ရှင်ဧကရီများလား ဟူ၍လည်း တွေးထင်လိုက်မိသည်။

ထိုစဉ် ထိုမှဲ့နက်ပိုင်ရှင် အမျိုးသမီးက ပြောလိုက်သည်။

"မောင်တော်သီဟကျော်စွာ၊ ဘာငေးငိုင်ကြည့်နေတာလဲ။ ဧကရီလေ၊ မှဲ့နက်ရှင်ဧကရီ။ မောင်တော် မှတ်မိပြီ မဟုတ်လား"

မြတ်မိုးလွင်က တအံ့တဩ ရေရွတ်ပြောဆိုလိုက်သည်။

"ဟင်- ဧကရီ၊ မှဲ့နက်ရှင်ဧကရီ။ မင်းက မှဲ့နက်ရှင်ဧကရီ ဟုတ်လား"

"ဟုတ်တယ်လေ မောင်တော်ရဲ့၊ မောင်တော် မှတ်မိသွားပြီလား"

ထိုအမျိုးသမီးက သူ့ကိုယ်သူ မှဲ့နက်ရှင်ဧကရီဟု ဆိုလာချေပြီ။ ပုံသဏ္ဍာန်ကတော့ အဖေပြောပြခဲ့သော မှဲ့နက်ရှင်ဧကရီနှင့် တစ်ပုံစံတည်းပင် ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင်က အံ့ဩစွာ ရေရွတ်ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။ ထို့နောက် မြတ်မိုးလွင်က ဧကရီကို မေးလိုက်သည်။

"မင်း. . . မင်းဟာ ငါ့အဖေဆီကို လာသွားခဲ့တဲ့ ဧကရီလား"

"ဟုတ်တယ်လေ မောင်တော်ရဲ့၊ မောင်တော် မှတ်မိသွားပြီလားဟင်"

ဧကရီက 'မောင်တော်မှတ်မိပြီလား' ဟု ပြောဆိုလိုက်ခြင်းမှာ 'မှဲ့နက်ဧကရီကို မှတ်မိပြီလား' ဟု မေးလိုက်ခြင်း ဖြစ်သည်။ သို့သော် မြတ်မိုးလွင်က သူ့အဖေ ပြန်ပြောပြခဲ့သည်ကို မှတ်မိပြီလားဟု မေးလိုက်ခြင်းဖြစ်သည်ဟု သဘောပေါက်ကာ ပြန်လည်ပြောဆို





လိုက်သည်။

"အင်း- မှတ်မိပါပြီ"

"ဟယ်- မောင်တော် မှတ်မိပြီ။ မှဲ့နက်ရှင်ဧကရီကို မောင်တော် မှတ်မိပြီ၊ ဝမ်းသာလိုက်တာ မောင်တော်ရယ်"

မှဲ့နက်ရှင်ဧကရီက ပြောပြော့ဆိုဆိုနှင့် မြတ်မိုးလွင်ကို ဝမ်းသာအားရ ပြေးဖက်လိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဟန့်တားပြောလိုက်သည်။

"ဟေ့ဟေ့- နေဦး၊ ဘာလုပ်တာလဲ"

ထို့ကြောင့် ဧကရီက တအံ့တဩ ပြောဆိုလိုက်သည်။

"မောင်တော်သီဟကျော်စွာ၊ ဘယ်လိုဖြစ်တာလဲ"

"မင်း ဘာတွေပြောနေတာလဲ။ ငါ့နာမည် သီဟကျော်စွာ မဟုတ်ဘူး၊ ငါ့နာမည် မြတ်မိုးလွင်။ ငါ အခု ဘယ်ကိုရောက်နေတာလဲ"

ဧကရီ၏ဝင်းပရွှင်လန်းနေသော မျက်နှာလေးမှာ ချက်ချင်း ညှိုးငယ်သွားလေတော့သည်။ ထို့ကြောင့် ဧကရီက ဝမ်းနည်းကြေကွဲစွာ ပြောဆိုလိုက်သည်။

"မောင်တော်သီဟကျော်စွာ၊ ဧကရီကို တကယ်ပဲ သတိမရသေးတာလား မောင်တော်ရယ်။ ဒါမှမဟုတ် ဧကရီ့အပေါ်မှာ အမျက်တော် မပြေသေးလို့လား။ ဧကရီလည်း အကြိမ်ကြိမ် တောင်းပန်ပြောဆိုခဲ့ပြီးပြီပဲ။ ပြဿနာတွေအားလုံးလည်း ရှင်းလင်းပြီးပြတ်ခဲ့ပြီပဲ။ ဧကရီ့ကို အခုထိ အမျက်မပြေသေးဘူးလား မောင်တော်ရယ်"

မြတ်မိုးလွင်က စိတ်ရှုပ်ထွေးစွာ ပြောဆိုလိုက်တော့သည်။

"မင်း ဘာတွေပြောနေတာလဲ၊ မင်းပြောနေတာတွေကို ငါ ဘာတစ်ခုမှမသိဘူး။ မင်းကို ငါမှမသိဘဲ၊ ငါက ဘာဖြစ်လို့ မင်းကို အမျက်ဒေါသ ဖြစ်ရမှာလဲ။ နောက်ပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရောက်နေတာလဲ။ ငါ ဘယ်နေရာကို ရောက်နေတာလဲ"

"ဒီအကြောင်းတွေကို မောင်တော့်ကို ခဏခဏ ပြောပြခဲ့ပြီးပြီပဲ။ ဒီစံအိမ်တော်ကြီးဟာ ဧကရီနဲ့မောင်တော်တို့ရဲ့ စံအိမ်တော်ကြီးလေ"

"မင်း မဟုတ်တာတွေ မပြောနဲ့။ ငါနေတာ ငါတို့တိုက်မှာနေတာ။ မင်းကိုလည်း ငါမသိဘူး၊ စံအိမ်တော်ဆိုတာလည်း ငါမသိဘူး။ မင်းရူးနေသလား"

"ဖြစ်မှဖြစ်ရလေ မောင်တော်ရယ်. . ."

ဧကရီ ဝမ်းနည်းကြေကွဲစွာ ရေရွတ်ပြောဆိုလိုက်သည်။ ထိုစဉ် အမျိုးသမီးငယ်တစ်ယောက် ရောက်ရှိလာကာ ဧကရီကို ပြောလိုက်သည်။

"သခင်မလေး၊ ရွာသူကြီးဦးမင်းဒင်နဲ့ ဆေးဆရာကြီး ဦးသက္ကတို့ ရောက်နေကြပါတယ်"

"အေးအေး- လာခဲ့မယ်လို့ ပြောလိုက်"

အမျိုးသမီးငယ် ပြန်လည်ထွက်ခွာသွားခဲ့သည်။ ထို့နောက် မဲ့နက်ရှင်ဧကရီက ပြောလိုက်သည်။

"မောင်တော် သီဟကျော်စွာ၊ ရွာလူကြီး ဦးမင်းဒင်နဲ့ ဆေးဆရာကြီး ဦးသက္ကတို့ ရောက်နေကြတယ်။ သွားတွေ့ကြရအောင်"

"ငါက ဘာဖြစ်လို့ သွားတွေ့ရမှာလဲ၊ မင်းပြောတဲ့ လူတွေကို ငါမသိဘူး"

"လာပါ မောင်တော်ရယ်။ ဟိုမှာ ဦးမင်းဒင်နဲ့ ဦးသက္ကတို့ စောင့်နေကြတယ်၊ အားနာစရာ"

ဧကရီက အတင်းအဓမ္မ ဆွဲခေါ်ခဲ့တော့သည်။ ထို့ကြောင့် မြတ်မိုးလွင်မှာ ဆုတ်ကန်ဆုတ်ကန်နှင့် ဧကရီခေါ်ဆောင်ရာ စံအိမ်





အတွင်းသို့ လိုက်ပါလာခဲ့ရလေတော့သည်။

စံအိမ်တော်၏ဧည့်ခန်းမှာ တောနယ်ဒေသများမှ လူချမ်းသာများနှင့် တန်ခိုးအာဏာရှိသူများ၏ ဧည့်ခန်းပုံသဏ္ဌာန် ပြင်ဆင်ထားသည်ကို တွေ့ရသည်။ ကုလားထိုင်များပေါ်တွင် ဥပမိရှုပ်ကောင်းကောင်းနှင့် အမျိုးသားကြီးနှစ်ယောက် ထိုင်နေကြသည်။

ဧကရီက မြတ်မိုးလွင်၏လက်ကို ကိုင်ဆွဲကာ ကုလားထိုင်တစ်လုံးတွင် ထိုင်စေလိုက်သည်။

အမျိုးသားကြီး တစ်ယောက်က မြတ်မိုးလွင်ကို ရယ်ပြုံးနှုတ်ဆက်လိုက်လေသည်။

"သီဟကျော်စွာ၊ နေကောင်းတယ်နော်"

လာပြန်ပြီ ဒီသီဟကျော်စွာ။ ဒီလူတွေကို မြတ်မိုးလွင် မသိ။ တကယ်ကို မသိတာပါ။ ဘယ်သိပါ့မလဲ၊ မြင်မှမမြင်ဘူးဘဲ။ မမြင်ဘူးတော့ မသိဘူးပေါ့။ ကိုယ်က သူတို့ကိုမသိပေမယ့် သူတို့က ကိုယ့်ကို သီဟကျော်စွာဟု စွပ်စွဲပြောဆိုနေကြပြန်သည်။ စောစောက ဧကရီဆိုသော မိန်းကလေးတစ်ယောက်တည်းကသာ သူ့ကို သီဟကျော်စွာဟု ခေါ်နေခဲ့ခြင်း ဖြစ်သည်။ ယခုမူ ဒီလူကြီးတွေကလည်း သီဟကျော်စွာဟု ခေါ်နေကြပြန်သည်။

ဘာတွေလဲ၊ ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ။

မြတ်မိုးလွင်စိတ်ရှုပ်ထွေးလာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ပြုံးရွှင်စွာ နှုတ်ဆက်ပြောဆိုလာသော လူကြီးကို ဘုပြောလိုက်လေတော့သည်။

"နေမကောင်းရအောင် ကျုပ်က ဘာဖြစ်နေလို့လဲ"

ထိုလူကြီးက အပြုံးမပျက်။ မြတ်မိုးလွင်က ဘုပြောလိုက်သည်ကိုပင် အားရဝမ်းသာဖြစ်ကာ သူ့နံဘေးမှ လူကြီးကိုပြောလိုက်သည်။

"ဟာ. . . ဟာ- သီဟကျော်စွာ သတိရလာပြီ။ ဦးမင်းဒင်



www.burmeseclassic.com

www.burmeseclassic.com

သီဟကျော်စွာ ပြန်သတိရလာပြီဗျ"

ထို့နောက် ထိုလူကြီးက မြတ်မိုးလွင်ကို ဝမ်းသာအားရ ပြောဆိုလိုက်ပြန်လေတော့သည်။

"ဝမ်းသာလိုက်တာ သီဟကျော်စွာရယ်၊ တကယ် ဝမ်းသာတယ်ကွယ်။ ကျုပ်လည်း သီဟကျော်စွာကို အစွမ်းကုန်ကုသခဲ့တာပါပဲ။ ဒါပေမယ့် သီဟကျော်စွာက စိတ်ကြီးပြီး ခံစားမှုပြင်းထန်နေတာကြောင့် အကုရခက်ပြီး အချိန်ကြာသွားခဲ့တာပါ"

ပြောပုံဆိုပုံအရဆိုလျှင် ထိုလူကြီးမှာ သမားတော်ကြီး ဦးသက္ကဖြစ်နိုင်ပြီး ကျန်တစ်ယောက်မှာ ရွာလူကြီးဦးမင်းဒင် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် မြတ်မိုးလွင်က ဦးသက္ကကို ပြောလိုက်သည်။

"နေကြစမ်းပါဦးဗျ။ ခင်ဗျားတို့မှာ ကျုပ်ကို ဘာဖြစ်လို့ သီဟကျော်စွာလို့ စွပ်စွဲနေကြရတာလဲ။ ကျုပ်ဟာ ခင်ဗျားတို့ပြောနေတဲ့ သီဟကျော်စွာမဟုတ်ဘူး။ ကျုပ်နာမည် မြတ်မိုးလွင်။ ကျုပ်ဟာ ကျောင်းဆရာတစ်ယောက်၊ ကျုပ်မှာ ဘာရောဂါမှ မရှိဘူး။ နေစမ်းပါဦး၊ ကျုပ်ကို ဘာဖြစ်လို့ သီဟကျော်စွာလို့ စွပ်စွဲနေကြရတာလဲ"

သမားတော်ကြီးဦးသက္ကက ပြန်လည်ပြောဆိုလိုက်၏။

"သီဟကျော်စွာဖြစ်နေလို့ သီဟကျော်စွာလို့ ခေါ်ကြတာပေါ့ကွယ်"

ဤတွင် ဦးမင်းဒင်က-

"ကျုပ်လည်း သီဟကျော်စွာကို အကြိမ်ကြိမ် တောင်းပန်ပြီးပြီပဲ။ အခုလည်း ထပ်ပြီးတောင်းပန်ပါတယ်။ ပြဿနာတွေအားလုံးလည်း ရှင်းသွားခဲ့ပြီပဲ၊ ဝဏ္ဏဗလကိုလည်း ကျုပ်ကိုယ်တိုင် ဆုံးမခဲ့ပြီးပြီ။ သီဟကျော်စွာနဲ့ မွန်နက်ရှင်ဇေကရီတို့ရဲ့ လက်ထပ်ပွဲသဘင်ကိစ္စကလည်း ရှိနေသေးလေတော့





သီဟကျော်စွာဟာ အားလုံးကို သတိရပြီး ပြန်မှတ်မိလာပြီဆိုရင် အမျက်တော်ပြေဖို့ ကျုပ် ထပ်ပြီးတောင်းပန်ပါတယ်"

လာပြန်ပြီ။ နာမည်အသစ်တစ်လုံး တိုးလာပြန်ပါပြီ။

ဒီ 'ဝဏ္ဏဗလ' ဆိုတဲ့နာမည်ကို မြတ်မိုးလွင် အထူးအဆန်းကြားနေရပြန်ပါပြီ။ နာမည်တွေကလည်း ရာဇဝင်လိုလို၊ သမိုင်းလိုလို။ ဒီလူတွေ စိတ်မှကောင်းကြသေးရဲ့လားမသိ။ ရူးနေကြတယ်ပြောရအောင်လည်း သူတို့ကိုကြည့်သည်မှာ အေးဆေးတည်ငြိမ်လွန်းလှသည်။ မှန်ကန်သော၊ လေးစားရလောက်သော ဣန္ဒြေရှိသူများ ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင် ဦးနှောက်ခြောက်လာရပြီဖြစ်သည်။

ထိုစဉ် ဦးသက္ကက-

"သီဟကျော်စွာရဲ့ အမျက်တော်ပြေချိန်တန်ပြီဖြစ်လို့ ပြေသင့်ပြီလို့ ထင်ပါတယ်။ သံသယဆိုတာ အချိန်ကြာလာတာနဲ့အမျှ အကျိုးမဲ့မှုကိုသာ ဖြစ်စေတတ်ပါတယ်။ ရန်သူတောင်မှ လက်နက်ချ အညံ့ခံရင် ကျေအေးခွင့်လွှတ်ရသေးတာပဲ။ အားလုံးကလည်း ဝန်ချတောင်းပန်ခဲ့ကြပြီးပြီ။ ဝဏ္ဏဗလကိုလည်း သူ့အဖေ ဦးမင်းဒင်ကိုယ်တိုင် အရေးယူဆောင်ရွက်ခဲ့ပြီးပြီ။ သီဟကျော်စွာနဲ့ မွန်နက်ရှင်ဇေကရီတို့ရဲ့ တာဝန်ဝတ္တရားတွေကလည်း ရှိနေသေးလေတော့ သီဟကျော်စွာနဲ့ မွန်နက်ရှင်ဇေကရီတို့ရဲ့ မင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပဖို့ လိုအပ်နေပါပြီ သီဟကျော်စွာရဲ့"

မြတ်မိုးလွင် ဦးနှောက်ခြောက်ရသည်ထက် ပိုခြောက်လာခဲ့ရပြီ ဖြစ်သည်။ မသိတဲ့လူတွေက နားမလည်နိုင်တဲ့စကားတွေကို လာပြောနေလေတော့ မြတ်မိုးလွင် ဘာကိုမှ သဘောမပေါက်နိုင်။ ထို့ကြောင့် မြတ်မိုးလွင် စိတ်ရှုပ်ထွေးစွာ အော်ဟစ်ပြောဆိုလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလဲဗျာ၊ ခင်ဗျားတို့ ရှုနေကြသလား။ ခင်ဗျားတို့ ပြောနေတာ ကျုပ် ဘာတစ်ခုမှ မသိဘူး။ ခင်ဗျားတို့ကို လည်း ကျုပ်မသိဘူး။ သွားကြပါတော့ဗျာ၊ သွားကြပါ တော့. . . သွားကြပါတော့. . . သွားကြပါတော့"

မြတ်မိုးလွင်က အကြိမ်ကြိမ် အော်ဟစ်ပြောဆိုနေသံကြောင့် အိမ်သူအိမ်သားများ နိုးလာခဲ့ကြပြီး မြတ်မိုးလွင်အခန်းသို့ ရောက်ရှိလာကာ အခန်းတံခါးကို ထုရိုက်ဖွင့်ခိုင်းခဲ့ကြသည်။

"မြတ်မိုးလွင်၊ မြတ်မိုးလွင်၊ တံခါးဖွင့်စမ်း"

"ဒုန်း. . ."

"ဒုန်း. . ."

"ဒုန်း. . ."

"မြတ်မိုးလွင် ဘာတွေအော်နေတာလဲ။ တံခါးဖွင့်စမ်း"

"သွားကြပါတော့ဗျာ၊ သွားကြပါတော့. . ."

"ဒုန်း. . . ဒုန်း"

"မြတ်မိုးလွင်၊ တံခါးဖွင့်စမ်း"

အခန်းအပြင်မှ ဖခင်ဦးစိုးလွင်နှင့် မိခင်ဒေါ်ခင်တင့်တို့က အခန်း တံခါးကို ရိုက်ပုတ်အော်ဟစ်နှိုးလိုက်သဖြင့် မြတ်မိုးလွင် လွန့်နိုးသွားတော့သည်။ ထိုအခါမှ မြတ်မိုးလွင်မှာ အိပ်မက်မက်ကာ ကယောင်ကတမ်း အော်ဟစ်နေကြောင်း ကိုယ့်ကိုယ်ကိုယ် သတိပြု မိသွားခဲ့တော့သည်။ ထို့ကြောင့် အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့က အခန်းထဲသို့ ဝင်လာကာ မြတ်မိုးလွင်ကို မေးလိုက်သည်။

"သား၊ ဘာဖြစ်နေတာလဲ"

"အိပ်မက်မက်ပြီး ယောင်အော်မိသွားတာပါ"

ဦးစိုးလွင်က မေးလိုက်သဖြင့် မြတ်မိုးလွင်က ပြန်ဖြေလိုက် သည်။ ထို့ကြောင့် ဒေါ်ခင်တင့်က မေးမြန်းလိုက်ပြန်သည်။





"ဒီလောက် အော်ဟစ်နေရအောင် ဘာတွေများ အိပ်မက် မက်နေလို့လဲ"

မြတ်မိုးလွင်က သူ၏အိပ်မက်အကြောင်းကို ပြန်လည်ပြော ပြလိုက်လေတော့သည်။

ထို့ကြောင့် ဦးစိုးလွင်က ပြောလိုက်သည်။

"အိပ်မက်မက်တယ်ဆိုတာ အမျိုးမျိုးရှိတယ်။ သွေး၊ သည်း ခြေ၊ သလိပ်ကြောင့် အိပ်မက်မက်တတ်သလို နတ်တွေက လှည့်စားလို့မက်တဲ့ အိပ်မက်တွေလည်း ရှိတယ်။ နောက် အိပ်ရာမသန့်လို့ မက်တဲ့အိပ်မက်တွေရှိသလို အတတ်ပညာ နဲ့လုပ်လို့မက်တဲ့ အိပ်မက်တွေလည်း ရှိတယ်။ ဒါတင်မက ဘူး နိမိတ်တစ်ခုကြောင့် မက်လာတဲ့ အိပ်မက်တွေလည်းရှိ တယ်။ အခု သားမက်တဲ့အိပ်မက်က စိတ်စွဲလမ်းလို့မက်တဲ့ အိပ်မက်တစ်ခုပါ။ အကျိုးအပြစ်မရှိနိုင်ပါဘူး။ နေ့လယ်က ပြောခဲ့တဲ့ မှဲ့နက်ရှင်ဧကရီဆိုတဲ့ ကလေးမလေးအကြောင်း စိတ်စွဲပြီးမက်တာ ဖြစ်မှာပေါ့"

ဦးစိုးလွင်က အိပ်မက်နှင့်ပတ်သက်၍ ရှင်းလင်းပြောပြခဲ့ သည်။ ဦးစိုးလွင်ပြောသကဲ့သို့ မြတ်မိုးလွင်သည် မှဲ့နက်ရှင်ဧကရီ၏ ပြောဆိုပြုလုပ်နေမှုများကို စိတ်ဝင်စားနေသဖြင့် စိတ်စွဲလမ်းမှု ကြောင့် မက်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ သို့သော် အိပ်မက်နှင့်ပတ် သက်၍ စိတ်ထဲတွင် အမျိုးအမည် မဖော်ပြနိုင်သော ခံစားမှုတစ်ခု ကို ခံစားနေရသည်ဟု တွေးထင်နေမိသည်။ ထို့ကြောင့်ပင် ဖခင် ဖြစ်သူအား မေးမြန်းလိုက်သည်။

"သားမက်တဲ့ အိပ်မက်ဟာ မှဲ့နက်ရှင်ဧကရီက အတတ် ပညာတစ်ခုနဲ့ ပြုလုပ်မက်စေခဲ့တဲ့ အိပ်မက်မဖြစ်နိုင်ဘူး လား အဖေ"

"ဥပါဒါန်ဆိုတာ ဥပဒ်ဖြစ်စေတယ်- သား။ အစွဲအလမ်းဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ငရဲခန်းတံခါးဝတစ်ခုပဲ။ အစွဲအလမ်းမထားစမ်းပါနဲ့ကွာ။ မင်းပဲပြောခဲ့တယ်လေ၊ ဧကရီဆိုတဲ့ ကလေးမဟာ မရှိးသားဘူး။ ဒီတစ်ခါလာရင် ရဲလက်အပ်မယ်ဆို။ အခု တော့ ဘယ်လိုဖြစ်ရတာလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီအိပ်မက်မက်ပြီးမှ ဧကရီနဲ့ ကျွန်တော့်မှာ ဆက်နွယ်ပတ်သက်မှု ရှိနေလိမ့်မယ်လို့ ထင်နေမိတယ်"

ထို့ကြောင့် ဦးစိုးလွင်က ပြောလိုက်သည်။

"ဒီမှာ ငါ့သား၊ အိပ်မက်ဆိုတာ အချိန်အခါမရွေး နေ့နေ့ညည အိပ်ရင်မက်တတ်တဲ့သဘော ရှိတယ်။ မနက်နေထွက်ချိန်မက်တဲ့ အိပ်မက်ဟာ (၇)လအတွင်းမှာ အကျိုးအပြစ်ဖြစ်စေတယ်။ နေမွန်းတည့်ချိန်မက်တဲ့ အိပ်မက်ဟာ (၇) ရက်အတွင်းမှာ အကျိုးအပြစ် ဖြစ်စေတယ်။ ညဉ့်ဦးယံမက်ရင် တစ်နှစ်အတွင်း၊ သန်းခေါင်ယံမက်ရင် နှစ်နှစ်အတွင်း၊ မိုးသောက်ယံမက်ရင် တစ်နှစ်အတွင်း အကျိုးအပြစ် ဖြစ်စေတယ်။

ဒါပေမယ့် နိမိတ်အဖြစ်မက်တဲ့ အိပ်မက်တွေပဲ။ အဲဒီအံ့တိုင်း အကျိုးအပြစ် ဖြစ်စေတာ။ သား အိပ်မက်တဲ့ အချိန်ဟာ သန်းခေါင်ယံအချိန်ဖြစ်လို့ တကယ်လို့ နိမိတ်တစ်ခုဖြစ်တယ်ဆိုရင်တောင် နှစ်နှစ်လောက်ကြာမှ အကျိုးအပြစ် ဖြစ်လာမှာ။ ဒီတော့ စိတ်ထဲမှာမထားပါနဲ့သားရယ်။ ကဲကဲ-ပြန်အိပ်တော့"

မိခင်နှင့်ဖခင်မှာ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။ ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့ ထွက်သွားသည်နှင့် မြတ်မိုးလွင်က အခန်းတံခါးကို ပြန်ပိတ်ကာ ခုတင်ပေါ် လှဲအိပ်လိုက်တော့သည်။

သို့သော် မြတ်မိုးလွင် အိပ်မပျော်ပါပေ။ ဖခင်ဖြစ်သူက အိပ်တော့ဟု ပြောခဲ့သော်လည်း မြတ်မိုးလွင် အိပ်၍မရတော့။ မှဲ့နက်ရှင်ဧကရီ၊ သီဟကျော်စွာ၊ ဦးသဏ္ဍာ၊ ဦးမင်းဒင်၊ ဝဏ္ဏဗလ ဟူသော အမည်များကသာ စိုးမိုးနေလေတော့သည်။ ဧကရီပြောသွားခဲ့သော စကားများတွင် ဦးသဏ္ဍာ၊ ဦးမင်းဒင်နှင့် ဝဏ္ဏဗလ ဟူသော အမည်များ မပါဝင်ခဲ့။ ထို့အပြင် သီဟကျော်စွာသည် ဧကရီကို ဘာဖြစ်လို့များ ပြေချိန်တန်သော်လည်း အမျက်တော်မပြေ ဖြစ်နေရတာလဲဟုလည်း မဆီမဆိုင် တွေးတောနေမိပြန်သည်။ ထို့အပြင် ဦးမင်းဒင်သည် သူ့သား ဝဏ္ဏဗလကို ဘာတွေဖြစ်လို့ ဘယ်လိုအရေးယူခဲ့သည်ကိုလည်း သိချင်နေခဲ့ပြန်သည်။

မြတ်မိုးလွင်သည် အသိဉာဏ်ချည့်နဲ့သူတစ်ယောက် မဟုတ်။ ဧကရီဆိုသော အမျိုးသမီးကိုလည်း မရိုးသားဟု တွေးထင်ခဲ့သူဖြစ်သည်။ နောက်တစ်ကြိမ် ဤသို့လာခဲ့လျှင် ရဲလက်သို့အပ်ရန်အထိ စိတ်ကူးထားသူတစ်ယောက် ဖြစ်သည်။ စုန်း၊ နဝ်၊ ဇေဒင် ကိစ္စများကိုလည်း လက်ခံယုံကြည်သူ မဟုတ်။ သို့ပါလျက် စိတ်တွေ ဤကဲ့သို့ ဖြစ်နေသည်ကို သူကိုယ်တိုင် အံ့ဩနေမိခဲ့တော့သည်။

ထို့ကြောင့် မြတ်မိုးလွင်သည် အတွေးသံသရာတွင် ချာချာလည်နေခဲ့ရလေတော့သည်။ ခုတင်ပေါ်တွင် လူးလှိမ့်ကာ စဉ်းစားပြီး လင်းအားကြီးသည့်တိုင် အိပ်၍မပျော်ခဲ့တော့ပေ။

✿ ✿ ✿

www.burmeseclassic.com

## (၃)

## မေ့ဖျောက်လို့လည်း မရနိုင်

မြတ်မိုးလွင်သည် မှဲ့နက်ရှင်ဧကရီနှင့် ပတ်သက်၍ အစွဲအလမ်းတစ်ခု ဖြစ်လာနေတော့သည်။ မူလက မရိုးသားဟုဆိုကာ စိတ်ဝင်စားနေခဲ့ခြင်း ဖြစ်သော်လည်း အိပ်မက်မြင်မက်ပြီးချိန်မှစ၍ စိတ်ထဲတွင် သံသယတစ်ခုပမာ ဖြစ်နေလေတော့သည်။ မှဲ့နက်ရှင်ဧကရီအကြောင်းကို တွေးလိုက်မိသည်နှင့် ရင်ထဲတွင် အလိုလိုခံစားလာနေမိတော့သည်။ ဘာဖြစ်လို့လဲ၊ ဘယ်လိုခံစားရတာလဲဟု မြတ်မိုးလွင် သူ့ကိုယ်သူ အကြိမ်ကြိမ်အခါခါ ပြန်လည်မေးခွန်းထုတ်ခဲ့သည်။ သို့သော် သူ့အမေးကို သူမဖြေနိုင်ခဲ့။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်ပင် စိတ်ဝေဒနာ ဖြစ်နေလေသလားဟုပင် တွေးထင်လာမိခဲ့တော့သည်။

အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသော ဧကရီသည် သိမ်မွေ့လှပသူလေးတစ်ယောက် ဖြစ်သည်။ သို့သော် ဧကရီ၏အလှအပများသည် မည်သို့ပင် စွဲမက်ဖွယ်ဖြစ်နေသော်လည်း မြတ်မိုးလွင်ကို မဖမ်းစားနိုင်ခဲ့။ မြတ်မိုးလွင် စိတ်မဝင်စား။ မြတ်မိုးလွင် စိတ်ဝင်စားနေခဲ့သည်မှာ သူ့ကို ဘာကြောင့် သီဟကျော်စွာဟု စွပ်စွဲပြောဆိုနေသည့်ကိစ္စနှင့် သီဟကျော်စွာနှင့် မှဲ့နက်ရှင်ဧကရီတို့၏ နောက်



ကြောင်းရာဇဝင်ကိုသာ စိတ်ဝင်စားနေခဲ့ခြင်း ဖြစ်သည်။ ဤသို့ဆိုလျှင် မှဲ့နက်ရှင်ဧကရီအကြောင်းကို တွေးလိုက်မိသည်နှင့် ရင်ထဲတွင် ဘာကြောင့်ခံစားနေရသလဲဟု မေးခဲ့လျှင်မူ မြတ်မိုးလွင်တွင် အဖြေရှိလိမ့်မည်မဟုတ်။

ထို့ကြောင့် မြတ်မိုးလွင်သည် ဧကရီဆိုသော မိန်းကလေးကို တွေ့မြင်ချင်လာခဲ့လေတော့သည်။ ဒီတစ်ခါတော့ မြင်လိုခြင်းမှာ ဧကရီကို ရလက်သို့အပ်ရန် တွေ့မြင်လိုခြင်းမဟုတ်ဘဲ သီဟကျော်စွာနှင့် ဧကရီတို့၏ နောက်ကြောင်းရာဇဝင်ကို သိလို၍ ဖြစ်သည်။

ဤသို့ဖြင့် လေးငါးခြောက်လအထိ ကြာရှိလာခဲ့ပြီ ဖြစ်သည်။ ဤအတောအတွင်းတွင် ဧကရီမှာ တစ်ကြိမ်တစ်ခါမျှပင် ပြန်မလာခဲ့။ ဧကရီပြန်ရောက်မလာသော်လည်း ဧကရီနှင့်ပတ်သက်၍ အိပ်မက်မြင်မက်ခဲ့ရသည်မှာမူ အကြိမ်ကြိမ်အခါခါပင် ဖြစ်နေလေ၏။

မြတ်မိုးလွင်၏စွဲလမ်းမှုမှာ အတော်လေး လွန်ကဲလာနေပြီ ဖြစ်သည်။ ကျောင်းကပြန်ရောက်လာသည်နှင့် 'အမေ့ ဒီနေ့ ဧကရီလာသေးလား' ဟူ၍ပင် မေးနေလေတော့သည်။ ထို့ကြောင့် ဖခင်ဖြစ်သူ ဦးစိုးလွင်က သတိပေးပြောဆိုလာခဲ့ရတော့သည်။

"စွဲလမ်းမှုလွန်ကဲလာရင် ဒုက္ခရောက်တတ်တယ်။ လူ့လောကနယ်ပယ်မှာ စွဲလမ်းမှုကို ပစ်ပယ်လို့ မရနိုင်ပေမယ့် လူ့လောကရဲ့ စွဲလမ်းမှုတွေဟာ ကောင်းကျိုးပေးခဲတယ်ကွယ့်။ စွဲလမ်းမှုတွေကြောင့် လူတွေဟာ ဒုက္ခရောက်နေကြတယ်ဆိုတာ ကိုယ်ကိုယ်တိုင် ဖန်တီးယူနေကြတာ။ အဲဒီဒုက္ခတွေဟာ စိတ်ကြောင့်ဖြစ်ကြရတာ။ ကိုယ့်စိတ်က ကိုယ့်ကိုဒုက္ခပေးနေတာပဲ။ အဲဒီလိုဂုဏ်တွေထဲမှာ ငါ့သားလည်း ပါနေပြီ"

မြတ်မိုးလွင်က ဖခင်ဖြစ်သူကို ပြန်မေးလိုက်သည်။

"မှဲ့နက်ရှင်ဧကရီကို အဖေဘယ်လိုမြင်သလဲ"

"အဖေ့အမြင်ပြောရရင် မှဲ့နက်ရှင်ဧကရီဆိုတဲ့ အမည်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ထဲကနေ ဆွဲထုတ်ပစ်ရမယ့် အန္တရာယ်တစ်ခုလို့မြင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းဟာ မသေချာမရေရာတဲ့ အကြောင်းအရာတစ်ခုကို ခေါင်းထဲထည့်ပြီး စိတ်ဝေဒနာလို စွဲလမ်းနေခဲ့တယ်။ စွဲမိစွဲရာစွဲပြီး မက်ခဲ့တဲ့အိပ်မက်တွေကို အရေးတယူနဲ့ အဓိပ္ပာယ်ဖော်နေခဲ့တယ်။ အခု မင်းဖြစ်နေတာတွေဟာ ရေပေါ်မှာအရုပ်ရေးနေသလိုပဲ။ အရာမထင်နိုင်သလို အရုပ်လည်း ဖြစ်ပေါ်လာမှာမဟုတ်ဘူး။ ဒီတော့ အခု မင်းအဖြစ်က ရေပေါ်မှာအရုပ်ရေးသလို ဖြစ်နေတယ်။ ရေပေါ်မှာ အရုပ်ရေးသူဟာ တစ်ချိန်မဟုတ်တစ်ချိန်မှာ မိကျောင်းစာဖြစ်သွားလိမ့်မယ်"

မိခင်ဖြစ်သူ ဒေါ်ခင်တင့်က ဝင်၍ပြောလိုက်သည်။

"ငါ့သားက အဲဒီမိန်းကလေးကို စိတ်ဝင်စားနေပြီလား"

"မဟုတ်ဘူး အမေ၊ ကျွန်တော့်စိတ်ထဲမှာ သူနဲ့ကျွန်တော်ဟာ အကြောင်းတစ်ခုခုနဲ့ ပတ်သက်ဆက်နွှယ်မှု ရှိနေလိမ့်မယ်လို့ ထင်နေတယ်"

ထို့ကြောင့် ဦးစိုးလွင်က မေးလိုက်သည်။

"ငါ့သားရယ်၊ မင်းဟာ ခေတ်ပညာတတ်တစ်ယောက်ပါ။ ကျောင်းဆရာတစ်ယောက်လည်း ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားစမ်းပါဦး။ ဇကရီ့အကြောင်း စ,ပြောတုန်းက ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်ပုံစံနဲ့။ မရှိုးသားဘူး၊ ရဲလက်အပ်မယ်ဘာညာနဲ့ ပြောနေခဲ့ပြီး ခုမှ ဘယ်လိုဖြစ်ရတာလဲ"

ဤတွင် ဒေါ်ခင်တင့်ကလည်း ဝင်၍ပြောလိုက်ပြန်သည်၊

"ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိတဲ့လူတစ်ယောက် ဖြစ်စေချင်ရင် ကိုယ်ပြောခဲ့တဲ့စကားကို ကိုယ် ဘယ်တော့မှ မမေ့ရဘူး၊





အပြောနဲ့အလုပ် ထပ်တူမဖြစ်ခဲ့ရင် ကိုယ့်ကွယ်ရာမှာ ကိုယ်ဟာ ဟာသတစ်ခု ဖြစ်သွားလိမ့်မယ် ငါ့သား"

ထို့ကြောင့် မြတ်မိုးလွင်က ပြန်လည်ပြောဆိုလိုက်ပြန်သည်။

"ဘာပဲပြောပြော ကျွန်တော်ကတော့ ဇကရီဆိုတဲ့ မိန်းကလေးကို တွေ့ချင်သေးတယ်။ တွေ့ရင် သူနဲ့ ကျွန်တော့်ရဲ့ ပတ်သက်ဆက်နွှယ်မှုကို သိရမယ်။ ဘာကြောင့် ကျွန်တော့်ကို သီဟကျော်စွာလို့ စွပ်စွဲတယ်ဆိုတာ သိရမယ်။ သီဟကျော်စွာက မှဲ့နက်ရှင်ဇကရီကို ဘာကြောင့် အမျက်မပြေသေးတာလဲဆိုတာ သိရမယ်။ ဦးမင်းဒင်က ဝဏ္ဏဗလကို ဘာကြောင့် ဘယ်လိုအရေးယူခဲ့တယ် ဆိုတာ သိရမယ်"

ဦးစိုးလွင်က စိတ်မရှည်စွာဖြင့်-

"အဲဒါတွေသိတော့ မင်းအတွက် ဘာတွေဖြစ်လာနိုင်မှာလဲ"

"ဘာမှ ဖြစ်မလာနိုင်ပေမယ့် ကိုယ်သိချင်တာတစ်ခုကိုတော့ သိလိုက်ရတာပေါ့ အဖေရာ။ အဖေပြောသလို ဇကရီဟာ ကျွန်တော့်အတွက် အန္တရာယ်ဖြစ်မလာနိုင်ပါဘူး။ ဆန္ဒသိပ်ပြင်းထန်နေသူအတွက် အန္တရာယ်ဆိုတာဟာ အတားအဆီးတစ်ခု မဖြစ်နိုင်ပါဘူး"

ထို့ကြောင့် ဦးစိုးလွင်သည် တစ်ယောက်တည်း ညည်းညူပြောဆိုလိုက်လေတော့သည်။

"ခက်တော့ခက်နေပါပြီကွာ. . ."

ဤတွင် ဒေါ်ခင်တင့်က ဦးစိုးလွင်အား ဆက်လက်ပြောဆိုခြင်းမပြုရန် မျက်ရိပ်မျက်ကဲ ပြလိုက်သဖြင့် ဦးစိုးလွင်က ဘာတစ်ခွန်းမှ မပြောတော့ပေ။ ထို့နောက် ဒေါ်ခင်တင့်က ပြောလိုက်သည်။

"ကဲ- သားလည်း အဖေတို့အမေတို့ ပြောတာနဲ့ စိတ်မေ့လှပါပြီ။ အနားသွားယူလိုက်ပါဦး"

မြတ်မိုးလွင် ပန်းခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။ ပန်းခြံခုံ



www.burmeseclassic.com

www.burmeseclassic.com



တန်းလျားတွင်ထိုင်ကာ ပြန်လည် စဉ်းစားနေခဲ့သည်။

ဧကရီကို သူစိတ်ဝင်စားနေခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော် အိပ်မက်ထဲတွင် တွေ့မြင်ဖူးခဲ့သဖြင့် မေတ္တာသက်ဝင်ချစ်ခင်စွဲလမ်းနေသဖြင့် စိတ်ဝင်စားနေခဲ့ခြင်း မဟုတ်သည်ကိုလည်း သူ့ကိုယ်သူ သိနေသည်။ အဖေပြောခဲ့သလို ဧကရီကို စိတ်ဝင်စားနေခြင်းမှာ ရေပေါ်တွင် အရုပ်ရေးနေခြင်း ဖြစ်သည်ကိုလည်း သူသိနေပါသည်။ ထို့ကြောင့်လည်း စိတ်ထဲ၊ ခေါင်းထဲသို့ ရောက်မလာစေရန် သူကြိုးစားနေခဲ့သည်။ စိတ်ထဲရောက်မလာရန် ကြိုးစားခါမှ စိတ်ထဲမှာ ဖျောက်၍မရအောင်ပင် ဖြစ်နေခဲ့ပြန်သည်။ ထို့ကြောင့် သူ့ကိုယ်သူလည်း အံ့ဩနေခဲ့မိသည်။

မြတ်မိုးလွင်သည် စုန်း၊ နတ်၊ သရဲ၊ တစ္ဆေ၊ ဥစ္စာစောင့်စသည့်ကိစ္စများကို အလေးထားသူမဟုတ်။ သဘာဝမကျလျှင် လက်မခံသော ခေတ်လူငယ်တစ်ယောက်သာ ဖြစ်သည်။ ထို့ကြောင့် အရာရာကို တွေးတွေးဆဆနှင့် လုပ်ကိုင်တတ်သူတစ်ဦးလည်း ဖြစ်သည်။ ယခုအချိန်အထိ ဘယ်မိန်းကလေးကိုမှ ရင်မခုန်ခဲ့သဖြင့် မြတ်မိုးလွင်ကို စိတ်ဓာတ်ကြံ့ခိုင်သူတစ်ယောက်ဖြစ်သည်ဟု သတ်မှတ်ပြောဆိုခဲ့ကြသည်။ မြတ်မိုးလွင်ကလည်း တကယ်စိတ်ဓာတ်ခိုင်မာသူ ဖြစ်သည်။ အပြောနှင့်အလုပ် ထပ်တူညီသူ ဖြစ်သည်။

သို့သော် ယခု ဧကရီကို အိပ်မက်ထဲတွင်သာ တွေ့မြင်ဖူးခဲ့ရုံမျှနှင့် မြတ်မိုးလွင်၏စိတ်ဓာတ်များ ပြောင်းလဲသွားခဲ့လေတော့သည်။ ကိုယ်ပြောခဲ့သည့်စကားကို ကိုယ်မေ့သလို ဖြစ်သွားခဲ့သည်။ အိပ်မက်တစ်ခုကို အကြိမ်ကြိမ်အခါခါ မြင်မက်နေခဲ့ခြင်းကပင် ဧကရီနှင့်ပတ်သက်သော ထူးခြားမှုတစ်ခုဟု မြတ်မိုးလွင် တွေးထင်နေခဲ့မိသည်။ ထို့ကြောင့် ရေပေါ်တွင် အရုပ်ရေးသည်ဟုဆိုဆို၊ လေထဲတွင် တိုက်အိမ်ဆောက်သည်ဟုပဲပြောပြော မဲ့နက်ရှင်ဧကရီကို မေ့ပျောက်၍မရနိုင်ဘဲ ဖြစ်နေလေတော့သည်။

✿ ✿ ✿

# (၄)
# စိတ်ပြေလက်ပျောက်

မြတ်မိုးလွင်၏အိပ်မက်က မည်သို့ပြောရမည်ပင်မသိတော့။ မြတ်မိုးလွင်သည် မူလကပင် တွေးတောဆင်ခြင်နိုင်စွမ်းရှိသူ တစ်ယောက်ဖြစ်နေသဖြင့် ဧကရီနှင့်ပတ်သက်၍ သင့် မသင့်၊ ဖြစ်နိုင် မဖြစ်နိုင်ကို ဆင်ခြင်တွေးဆနိုင်သဖြင့် ဧကရီကို အတတ်နိုင်ဆုံး မေ့ပျောက်စေရန် ကြိုးစားခဲ့သည်။ ထို့ကြောင့် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ စာဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့ဖြင့် စိတ်အာရုံတွင် ဧကရီ ဝင်ရောက်မလာနိုင်စေရန် ပြုလုပ်ခဲ့သည်။

သို့သော် တစ်ခါတစ်ရံတွင် ထိုသို့ပြုလုပ်နေစဉ်မှာပင် ဧကရီဟာ အတွေးထဲကို ဝင်ရောက်လာခဲ့ပြန်သည်။ မဲ့နက်ရှင်သည် မြတ်မိုးလွင်ကို အမျိုးမျိုး စိတ်ဒုက္ခပေးနေလေတော့သည်။

ထို့ကြောင့် တစ်ခါတစ်ရံတွင် မဲ့နက်ရှင်ဧကရီတို့ လူချင်းတွေ့ကာ မေးမြန်းလိုစိတ်များပင် ဖြစ်ပေါ်လာခဲ့တော့သည်။ သို့သော် အိပ်မက်ထဲတွင်သာ တွေ့မြင်ခဲ့ဖူးသော ဧကရီမှာ ဘယ်ဝယ်ဘယ်ဆီတွင်နေသည်ကို မသိ၍ အခက်တွေ့နေရပြန်သည်။ ဤသို့ဖြင့် မဲ့နက်ရှင်ဆိုသောမိန်းကလေးမှာ မြတ်မိုးလွင်အား ညပေါင်းများစွာ အိပ်ရေးပျက်စေခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့မှာ သားဖြစ်သူကို တစေ့တ
စောင်း လေ့လာအကဲခတ်ရင်း ရင်တမမ ဖြစ်နေကြရသည်။ နောက်
ဆုံးတွင် သားဖြစ်သူအတွက် တစ်မျိုးတစ်ဖုံ စီစဉ်ဆောင်ရွက်ပေ
ရန် တိုင်ပင်ကြရသည်။

"အဖေကြီး၊ ကျွန်မတော့ သားအတွက် စိုးရိမ်မိတယ်ရှင့်
ဒီအတိုင်းဆို သားလေး စိတ်ဝေဒနာဖြစ်သွားမှာစိုးရတယ်"

"ကျုပ်လည်း အဲဒီအတွက်ပဲ စိုးရိမ်မိနေတာ။ ဒါကြောင့်
သူ့ကို ဘယ်လိုစီစဉ်ပေးရရင် ကောင်းမလဲလို့ အမြဲစဉ်းစား
နေတာပါ အမေကြီးရယ်"

"ကျွန်မ တစ်ခုစဉ်းစားမိတယ်"

"ဘာလဲ- ပြော"

"ကျွန်မတို့ ဒီဇင်ဘာလမှာ ကျိုက်ထီးရိုးဘုရားဖူး သွားကြ
မယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"သားလေး စိတ်ပြေလက်ပျောက်ဖြစ်အောင် ခေါ်သွားရရင်
ကောင်းမလားလို့"

"အေး- ကောင်းတယ်။ ခရီးထွက်နေရင် သူ့စိတ် တစ်မျိုး
ဖြစ်သွားနိုင်တယ်။ ကျောင်းပိတ်ရက်လည်း နီးနေပြီ။ ဒီဇင်
ဘာကျောင်းပိတ်ရက်နဲ့ တိုက်သွားကြတာပေါ့"

"ကျွန်မတို့တိုက်ကို ဘယ်လိုလုပ်ထားခဲ့မလဲ"

"သော့ခတ်ထားခဲ့ရမှာပေါ့ကွာ။ အိမ်နီးနားချင်းတွေလည်း
အပ်ထားခဲ့ရမှာပေါ့"

ထိုစဉ် ဒေါ်ခင်တင့်က တစ်စုံတစ်ခုကို သတိရသွားသဖြင့်
ဦးစိုးလွင်ကို ပြစ်တင်ပြောဆိုလိုက်သည်။

"သားလေး ခုလိုဖြစ်တာ ရှင့်ကြောင့်"

"အလိုဗျာ- ဘယ့်နှယ်ကြောင့် ကျုပ်ကို လာအပြစ်တင်နေ





ရတာလဲ"

"ရှင်သာ အဲဒီ ကေရီဆိုတဲ့ မိန်းကလေးအကြောင်း မပြော
ခဲ့ရင် သားလေး အခုလိုဖြစ်မှာ မဟုတ်ဘူး"

"ဒါကတော့ အမေကြီးရယ်၊ အဲဒီလိုဖြစ်မယ်မှန်းသိရင် ကျုပ်
ကလည်း ဘယ်ပြောပါ့မလဲ။ အခုဟာက သူ့ညည်းသည်ဆို
တော့ သူ့ကိုမပြောလို့ ဖြစ်မလား"

"သားမရှိတုန်း မေးရဦးမယ်"

"ဘာများလဲ အမေကြီးရဲ့"

"အဲဒီ ကေရီဆိုတာ လူမှဟုတ်ရဲ့လား"

"ဟောဗျာ- လုပ်ပြန်ပြီ။ ဘာဖြစ်လို့လဲ"

ဒေါ်ခင်တင့်က 'လူမှဟုတ်ရဲ့လား' ဟုမေးလိုက်၍ ဦးစိုးလွင်
က တအံ့တဩ ပြန်မေးလိုက်သည်။ ထို့ကြောင့် ဒေါ်ခင်တင့်က-

"ကျုပ်က ကေရီဟာ ဥစ္စာစောင့်များ ဖြစ်နေမလားလို့"

"အမေကြီးရယ်၊ ကြံကြံဖန်ဖန်ကွယ်"

"ရှင် အဲဒီကလေးမလေးတွေကို သေသေချာချာ ကြည့်သေး
လား"

"လုပ်ပြန်ပြီ၊ ဘာဖြစ်လို့လဲ"

"ဥစ္စာစောင့်က အရိပ်မထွက်ဘူး"

ဦးစိုးလွင်က စိတ်ပျက်စွာ ပြန်ပြောလိုက်သည်။

"သူတို့အရိပ်ထွက်တာ မထွက်တာ ကျုပ်လည်း ဘယ်သတိ
ထားမိပါ့မလဲ အမေကြီးရာ။ အမေကြီးလည်း သားလို ရေ
ပေါ်မှာ အရုပ်နေချင်နေပြီနဲ့တူတယ်"

"မဟုတ်ပါဘူးတော်၊ ကျုပ်က စိုးရိမ်လို့ပြောတာ။ ဥစ္စာစောင့်
တွေက သူတို့ချစ်ခင်ရင် လိပ်ပြာနှုတ်ပြီးခေါ်တတ်တယ်"

"ဒီခေတ်မှာ ဒါတွေမရှိတော့ပါဘူး အမေကြီးရယ်။ ကျုပ်
တော့ ဒီသားအမိနဲ့နေရတာ ကြာရင် ကျုပ်ပါရူးသွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်"

ဦးစိုးလွင်က ပေါ့ပေါ့တန်တန် ပြောနေသော်လည်း ဒေါ်ခင်တင့်ကမူ လေးလေးနက်နက်၊ တွေးတွေးဆဆ ပြောနေခြင်းဖြစ်၏။

"ရှင် အဲဒီလိုမပြောနဲ့။ လောကမှာ ယုံကြည်လာအောင် ဘယ်လိုမှ ရှင်းပြလို့မရနိုင်တဲ့ဖြစ်ရပ်တွေရှိနေတယ်။ အဲဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေကို တချို့ကလည်း မကြုံဘူးတာနဲ့ မယုံဘူးလို့ ပြောကြတယ်။ ထူးခြားရဲ့ကံတရားတွေကြောင့် ဖြစ်လာခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေပဲ။ သားနဲ့ ဇကရီဆိုတဲ့ မိန်းကလေးရဲ့ ဆက်နွယ်ပတ်သက်မှုဟာ အဲဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေထဲက တစ်ခုဖြစ်နေမလားလို့ ကျွန်မတွေးမိတယ်"

"သိပ်လည်း အတွေးမခေါင်ပါနဲ့ အမေကြီးရယ်။ အမေကြီးရဲ့သားဟာ အတတ်ကြူးလို့ ဘီလူးဖြစ်နေတာ။ နဂိုကတည်းက အတွေးရှိနေတဲ့သူဆိုတော့ အကြောင်းအရာတစ်ခုကို ချဲ့ကားပြီး မိုးမဆုံးလေမဆုံး အတွေးနယ်ချဲ့။ အဲဒီလို အတွေးနယ်ချဲ့ပြီး စွဲလမ်းမှုတွေဖြစ်နေတာ။ အဲဒီလိုလူမျိုးဟာ စိတ်ဝေဒနာဖြစ်သွားတတ်တယ်။ ဒါကြောင့် ဘာမှလျှောက်ပူမနေနဲ့။ ခင်ဗျားသား စိတ်ရောဂါမဖြစ်အောင် ဘယ်လိုလုပ်မလဲသာစဉ်းစား"

ဦးစိုးလွင်က ထိုသို့ပြောဆိုလိုက်မှ ဒေါ်ခင်တင့်မှာ စိုးရိမ်ထိတ်လန့်သွားရတော့သည်။ ထို့ကြောင့် ဦးစိုးလွင်ကို စိုးရိမ်တကြီး ပြန်မေးလိုက်သည်။

"ဟင်- ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်"

"ကျုပ် ဒီလိုစဉ်းစားမိတယ်"

"ဘယ်လိုလဲ"

"သားကို ကျိုက်ထီးရိုးဘုရားဖူး ခေါ်သွားမယ်။ ဘုရားဖူး ခေါ်သွားလို့မှ မထူးခြားဘူးဆိုရင် သူ မကြာခင် ရာထူးတိုးတော့မှာ။ ရာထူးတက်ရင် ကျောင်းပြောင်းရမယ်။ ဒါကြောင့် တောနယ်ဒေသတစ်ခုခုက မူလတန်းကျောင်း တစ်ကျောင်းကျောင်းကို ပြောင်းခိုင်းလိုက်ရင် သူ စိတ်သစ်၊ လူသစ်၊ နေရာသစ်မှာ တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်တယ်"

"ကျွန်မသားလေးကို ကျွန်မတို့နဲ့ နီးနီးကပ်ကပ်ပဲ ရှိနေစေချင်တယ်။ ကျွန်မတော့ စိတ်မချပါဘူးရှင်"

"အေး- စိတ်မချဘူးဆိုရင်တော့ ခင်ဗျားသား စိတ်ကျန်းမာရေးဆေးရုံကို ပို့ရလိမ့်မယ်"

သားဖြစ်သူကို စိတ်ကျန်းမာရေးဆေးရုံကို ပို့ရမည်ကိုတော့ ဒေါ်ခင်တင့် လက်မခံနိုင်ပါ။ ထို့ကြောင့် ဒေါ်ခင်တင့်က ပြန်မေးလိုက်သည်။

"စိတ်ကျန်းမာရေးဆေးရုံကို ပို့ရတာထက်စာရင်တော့ အဖေကြီးပြောသလို တောနယ်တစ်ခုခုကို ပို့ထားရတာက တော်သေးတာပေါ့။ နောက်ပြီး သားက တောနယ်တွေကို သိပ်သွားချင်နေတာ"

ဦးစိုးလွင်က ဒေါ်ခင်တင့်ကို ဖြေသိမ့်ပြောဆိုလိုက်သည်။

"တောပို့မယ်ဆိုတာကလည်း ကျိုက်ထီးရိုးဘုရားဖူးက ပြန်လာပြီး အခြေအနေမထူးခြားမှ ပို့မှာပါ။ အခြေအနေကောင်းလာရင်တော့ ရန်ကုန်မှာပဲ နေစေချင်တာပေါ့ကွာ"

သို့နှင့် ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့သည် မြတ်မိုးလွင်အတွက် စိုးရိမ်မကင်းဖြစ်လာခဲ့သဖြင့် တိုင်ပင်ဆွေးနွေးခဲ့သည်။ တိုင်ပင်ထားခဲ့ကြသည့်အတိုင်း မြတ်မိုးလွင်ကို ကျိုက်ထီးရိုးဘုရားဖူးလိုက်ပါရန် စည်းရုံးပြောဆိုခဲ့ကြသည်။ မြတ်မိုးလွင်ကိုယ်တိုင်ကလည်း စိတ်ပြေလက်ပျောက်ဖြစ်စေရန် ကျိုက်ထီးရိုးဘုရားဖူး သွားချင်နေခဲ့သည်။ ထို့ကြောင့် ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့မှာ ဝမ်းသာအားရ ဖြစ်ခဲ့ကြရသည်။







www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဦးစိုးလွင်၊ ဒေါ်ခင်တင့်နှင့် မြတ်မိုးလွင်တို့ မိသားစုသုံး ယောက် ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ကျိုက်ထီးရိုးဘုရားဖူး ထွက်လာခဲ့ကြလေတော့သည်။

✿ ✿ ✿

## (၅)
## တွေ့ရပါပြီ ကေရီ

ဤသို့ဖြင့် ဦးစိုးလွင်၊ ဒေါ်ခင်တင့်နှင့် မြတ်မိုးလွင်တို့ ကျိုက်ထီးရိုးဆံတော်ရှင် ရင်ပြင်တော်ပေါ်သို့ ရောက်ရှိနေခဲ့ကြသည်။ မြတ်မိုးလွင်တို့မိသားစုမှာ လွတ်လပ်စွာနေလိုသဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ ထမင်းဆိုင်များနှင့် တည်းခိုဆောင်များတွင် မတည်းဘဲ ဇရပ်တစ်ခုတွင် တည်းခိုရန် စီစဉ်ခဲ့ကြသည်။ ထို့ကြောင့် ရင်ပြင်တော်ပေါ်ရှိ ဇရပ်တစ်ခုတွင် နေရာယူတည်းခိုခဲ့ကြသည်။

မြတ်မိုးလွင်တို့ မိသားစုမှာ ရင်ပြင်တော်ပေါ်သို့ ညနေနေတော်တော်စောင်းမှ ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သဖြင့် ကျိုက်ထီးရိုးဆံတော်ရှင်အား ဖူးမြော်ပြီး ဇရပ်တွင် နားနေခဲ့ကြသည်။ နောက်တစ်နေ့တွင်မှ ပတ်ဝန်းကျင်တစ်ခွင်တွင် ဘုရားဖူးရင်း လည်ပတ်ရန် စီစဉ်ခဲ့ကြသဖြင့် စောစီးစွာ အိပ်ရာဝင်ခဲ့ကြသည်။

နောက်တစ်နေ့ နံနက် လေးနာရီခန့်တွင် မြတ်မိုးလွင်တို့ မိသားစုသည် ကျိုက်ထီးရိုးဆံတော်ရှင်မြတ်အား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြသည်။ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီးသော်လည်း မိုးမလင်းသေးသဖြင့် တည်းခိုရာဇရပ်တွင်ပင် ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



နားနေခဲ့ကြသည်။ ဘုရားဖူးရန်၊ လျှောက်လည်ရန်လည်း မဖြစ်နိုင် သေး။ ပြန်အိပ်ရန်လည်း အချိန်မရှိတော့သဖြင့် ဇရပ်ထဲမှာပင် မိသားစုသုံးယောက် ဝိုင်းဖွဲ့စကားပြောနေခဲ့ကြသည်။ ထိုစဉ် ဇရပ် ပေါ်သို့ အမျိုးသမီးနှစ်ယောက် တက်လာသည်ကိုတွေ့လိုက်ရသည်။

ဇရပ်ပေါ်တွင် ဘုရားဖူးအဖွဲ့များမှာ ကိုယ့်အုပ်စုနှင့်ကိုယ် ရှိနေခဲ့ကြသဖြင့် မြတ်မိုးလွင်တို့မိသားစုသည် ထိုအမျိုးသမီးနှစ်ယောက် ကို ဘုရားဖူးအဖွဲ့တစ်ဖွဲ့ဖွဲ့မှ ဖြစ်ပေလိမ့်မည်ဟု တွေးထင်မိခဲ့ကြ သဖြင့် အမှုမဲ့ အမှတ်မဲ့သာ နေခဲ့ကြသည်။ သို့သော် ထိုအမျိုးသမီး နှစ်ယောက်မှာ အထုပ်ကလေးများဆွဲကာ သူတို့မိသားစုဆီသို့ တန်း တန်းမတ်မတ် လျှောက်လာနေကြသဖြင့် သေသေချာချာ ကြည့် လိုက်မိသည်။

လျှပ်စစ်မီးအလင်းရောင်မှာ ရင်ပြင်တော်တစ်ခုလုံး၌ ထိန် လင်းနေသဖြင့် ဇရပ်ထဲမှာလည်း အလင်းရောင်ရှိနေသည်။ ထို ကြောင့် မြတ်မိုးလွင်တို့မိသားစုမှာ သူတို့ဆီသို့လာနေကြသော အမျိုးသမီးငယ်နှစ်ယောက်ကို သဲကွဲစွာ တွေ့မြင်လိုက်ကြရသည်။

"ဟင်"

"ဟာ"

ဦးစိုးလွင်နှင့် မြတ်မိုးလွင်တို့မှာ ထိုအမျိုးသမီးငယ်နှစ်ဦး၏ တွေ့မြင်လိုက်ရသည်နှင့် တအံ့တသြ ဖြစ်သွားကြခဲ့တော့သည်။ ယောက်ျားနှင့်သားဖြစ်သူကိုကြည့်ကာ ဒေါ်ခင်တင့်မှာ နားမလည် နိုင်သဖြင့် မေးလိုက်သည်။

"ဒီသားအဖ ဘာဖြစ်နေကြတာလဲ"

ထိုစဉ် အမျိုးသမီးငယ်နှစ်ယောက်မှာ အနီးတွင် သိမ်သိမ် မွေ့မွေ့ ဝင်ရောက်ထိုင်လိုက်ပြီး နှုတ်ဆက်ပြောဆိုလိုက်သည်။

"ဦးလေးတို့ ဘုရားလာဖူးကြတာလား"

ဦးစိုးလွင်က မဖြေဘဲ ကြောင်တောင်တောင် ငေးကြည့်နေ





သည်။ ထို့ကြောင့် အမျိုးသမီးက ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"မိသားစု အစုံအလင် ဘုရားလာဖူးကြတာကိုး"

ထိုစဉ် ဒေါ်ခင်တင့်မှာလည်း ထိုအမျိုးသမီးငယ်နှစ်ဦးကို ကြည့်ကာ တအံ့တသြ ဖြစ်နေလေတော့သည်။ အမျိုးသမီးငယ်တစ် ယောက်၏ မေးစေ့တွင် မှဲ့အနက်ကလေးတစ်လုံး ပါရှိနေကာ ရုပ်ရှင်မင်းသမီး မေရှိမြင့်ကဲ့သို့ ချောမောလှပသူလေး ဖြစ်သည်။ ထို့အပြင် ဦးစိုးလွင်နှင့် မြတ်မိုးလွင်တို့ ပြောပြောနေသော မုန့်နက်ရှင် ကေရီ၏ပုံသဏ္ဌာန်နှင့် တူညီနေသည်။ ထို့ကြောင့် ဤမိန်းကလေး သည် မုန့်နက်ရှင်ကေရီ ဖြစ်ပေလိမ့်မည်ဟု ဒေါ်ခင်တင့် တွေးထင်မိ လိုက်သည်။ ထို့ကြောင့် ဒေါ်ခင်တင့်က မေးလိုက်သည်။

"မိန်းကလေးက ကေရီဆိုတာထင်တယ်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ သမီးက ကေရီပါ။ သူက သမီး အဖော် မနှင်းဆီပါ"

ကေရီက ပြန်ဖြေလိုက်သည်။ ဦးစိုးလွင်နှင့် မြတ်မိုးလွင် တို့ကမူ ဘာတစ်ခွန်းမှ မပြောကြ။ ထိုစဉ် ကေရီက ဆက်လက် ပြောဆိုလိုက်သည်။

"ကေရီတို့လည်း ဘုရားဖူးလာခဲ့ကြတာ။ ကျွန်မတို့ အရုဏ် ဆွမ်းကပ်နေတုန်း ဦးတို့၊ ဒေါ်ဒေါ်တို့ မိသားစု အရုဏ်ဆွမ်း ကပ်လှူနေကြတာ မြင်တွေ့လိုက်လို့ လာပြီး နှုတ်ဆက်တာ ပါ။ ဒီမှာ ဦးတို့မိသားစု မနက်စာ အစာပြေစားဖို့ ကောက် ညှင်းပေါင်းနဲ့ငါးကြော် ဝယ်လာခဲ့တယ်။ ကျွန်မက ဒါနပြု တာပါ။ စားကြပါ"

မနှင်းဆီက ပါလာသော အထုပ်ကလေးများကိုဖြေကာ လက်ကိုင်ပဝါကိုခင်းပြီး ချပေးလိုက်သည်။ ထိုအချိန်အထိ ကေရီက မြတ်မိုးလွင်ကို ဘာတစ်ခွန်းမှမပြော။ လှည့်၍ပင်မကြည့်။ ဦးစိုး လွင်နှင့် ဒေါ်ခင်တင့်တို့သည် ကေရီကျွေးသော ကောက်ညှင်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်ငါးကြော်ကို မစားရဲကြပေ။

"စားကြလေ၊ စားကြပါ။ ကျွန်မ ဒါနကလေးမြောက်သွားအောင် စားကြပါဦး"

ဧကရီက စားသောက်စရာများကို ရှေ့သို့တိုးပေးလိုက်သည်။

ခက်ပြီ။ အခုမှ တော်တော်ခက်နေပြီ ဖြစ်သည်။ ဧကရီက လောကွတ်ပျူငှာစွာ ကျွေးမွေးနေသည်။ သူတို့ကလည်း ဧကရီ ကျွေးသော အစားအစာကို မစားရဲကြ၊ ဘယ်လိုလုပ်ရမလဲ။ ဤသည်ကို ဧကရီက သဘောပေါက်သွားဟန်ရှိသည်။

"စားကြပါ။ ကျွန်မက စေတနာသန့်သန့်နဲ့ ကျွေးတာပါ။ ဦးလေးတို့ သံသယရှိနေရင် ကျွန်မ အရင်စားပြပါ့မယ်။ ကန်တော့နော်၊ စားဦးစားဖျား စားတာမဟုတ်ဘူး။ ဦးတို့ ဒေါ်ဒေါ်တို့မိသားစု စားရဲအောင်"

ဧကရီက ပြောပြောဆိုဆို ကောက်ညှင်းပေါင်းအနည်းငယ်နှင့် ငါးကြော်တစ်ဖဲ့ကိုယူကာ စားပြလိုက်ပြီး မနှင်းဆီကိုလည်း စားစေခဲ့သည်။ ထို့နောက် ဦးစိုးလွင်တို့ မိသားစုကိုလည်း အတင်းစားခိုင်းနေသဖြင့် ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့မှာ အားနာပါးနာ စားလိုက်ကြရလေတော့သည်။ မြတ်မိုးလွင်ကမူ စားသောက်ခြင်းမပြုဘဲ ဘယ်ကဘယ်လို စကားစဖော်ရမလဲဟုသာစဉ်းစားနေ၏။

ထိုစဉ် ဧကရီက ပြောလိုက်သည်။

"သီဟကျော်စွာ၊ စားလေ။ ဧကရီ့ကို အခုထိ အမျက်တော်မပြေသေးဘူးလား"

စကားစ ပေါ်လာပြီဖြစ်သဖြင့် မြတ်မိုးလွင် ဧကရီ့မျက်နှာကို သေသေချာချာကြည့်ပြီး မေးလိုက်သည်။

"နေစမ်းပါဦးကွ၊ မင်းက ဘာရည်ရွယ်ချက်နဲ့ ငါ့ကို အခုလို သီဟကျော်စွာလို့ စွပ်စွဲနေရတာလဲ"

"အို- မောင်တော် သီဟကျော်စွာရယ်၊ ဧကရီနဲ့ သီဟကျော်စွာဟာ မကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေပဲ။ မောင်တော်ဟာ ဧကရီရဲ့ချစ်သူ သီဟကျော်စွာ ဖြစ်နေလို့ သီဟကျော်စွာလို့ ခေါ်တာပေါ့"

"မင်း ရူးကြောင်ကြောင်စကားတွေ လာမပြောနဲ့"

မြတ်မိုးလွင်က အော်ဟစ်ပြောလိုက်သည်။ ဤတွင် ဧကရီ၏ မျက်နှာလေးမှာ ညှိုးငယ်သွားတော့သည်။ ထို့နောက် ဧကရီက ညှိုးငယ်စွာ ပြောလိုက်သည်။

"မောင်တော် သီဟကျော်စွာက ဧကရီ့ကို အခုထိ ရွှေစိတ်တော်ညှိုး အလိုမကျဖြစ်နေဆဲပဲကိုး"

မြတ်မိုးလွင်က အထိတ်တလန့် တားမြစ်ပြောဆိုလိုက်သည်။

"ဟေ့- မင်း ရူးသလိုလို ကြောင်သလိုလို စကားတွေကို တိုးတိုးပြောပါ။ ဘေးမှာ လူတွေကြည့်နေကြတယ်။ မင်းမရှက်ဘူးလား"

"ဘာဖြစ်လို့ ရှက်ရမှာလဲ မောင်တော်ရယ်။ အမှန်တရားတွေပဲဟာ"

"ဘာအမှန်တရားတွေလဲ။ မင်းမရှက်ပေမယ့် ငါရှက်တယ်ကွ၊ တိုးတိုးပြော။ မင်းကြောင့် ငါ ဘယ်လောက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသလဲ။ မင်းလုပ်တာနဲ့ ငါတောင် ရူးတော့မလိုလို ဖြစ်ခဲ့ရတယ်။ မင်း ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်နေရတာလဲ"

"ဒီကိစ္စတွေကို မောင်တော်သီဟကျော်စွာကို အကြိမ်ကြိမ် ရှင်းပြခဲ့ပြီးပြီပဲ။ ဦးမင်းဒင်ကလည်း ဝတ္ထုပလကို အရေးယူ အပြစ်ပေးခဲ့ပြီးပြီ။ မောင်တော်သီဟကျော်စွာ အမျက်တော် ပြေသင့်ပါပြီလေ"

ဧကရီ၏ပြောစကားများကြောင့် မြတ်မိုးလွင် ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက် ကြည့်လိုက်မိသည်။ ပတ်ဝန်းကျင်တွင်







www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ဘုရားဖူးများမှာ သူတို့၏ အူကြောင်ကြောင်နိုင်လှသော စကားများကို နားစွင့်နေကြဟန် ရှိသော်လည်း မသိသလို နေနေကြသည်။ ပတ်ဝန်းကျင်ရှိ ဘုရားဖူးအဖွဲ့များမှာ စကားမပြောကြဘဲ တိတ်ဆိတ်နေခဲ့သည်မှာ သူတို့ပြောဆိုနေသည်ကို နားစွင့်နေကြသောကြောင့်ဖြစ်သည်မှာ သိသာထင်ရှားလှသည်။ ထို့ကြောင့် မြတ်မိုးလွင်မှာ နေမထိထိုင်မသာ ဖြစ်နေခဲ့ရသည်။

သို့သော် ဘယ်မှာနေထိုင်သည်ကိုပင် မသိနိုင်သော ဧကရီကို နောက်တစ်ကြိမ်တွေ့ရန် မလွယ်ကူ။ ထို့ကြောင့် တွေ့တုန်းကြုံတုန်း စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်ကို အပြတ်ရှင်းရန် မြတ်မိုးလွင် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်က-

"ကဲ- မဧကရီ၊ ခင်ဗျားနဲ့ သီဟကျော်စွာတို့ရဲ့ ဇာတ်လမ်းကို တစ်ဆိတ်လောက် ကျုပ်ကိုရှင်းပြပေးပါလား"

"မောင်တော် သီဟကျော်စွာ တကယ် ပြန်သတိမရသေးဘူးလား"

လုပ်လိုက်ပြန်ပြီ။ ဧကရီက လုပ်ချလိုက်ပြန်ပြီ။ ထို့ကြောင့် မြတ်မိုးလွင်က စိတ်မရှည်တော့ဘဲ ပြန်ပြောလိုက်သည်။

"ဟုတ်တယ်။ ကျုပ်ပြန်သတိမရသေးဘူး။ ဒါကြောင့် သီဟကျော်စွာနဲ့ ဧကရီတို့ရဲ့ ဇာတ်လမ်းကို ကျုပ်သိချင်တယ်"

"ဧကရီ အကြိမ်ကြိမ်ပြောပြခဲ့ပြီးပြီ ဖြစ်ပေမယ့်လည်း မောင်တော်သီဟကျော်စွာက သိချင်သေးတယ် ဆိုရင်တော့လည်း ပြန်ပြောပြရမှာပေါ့လေ။

ပြောရရင်တော့ ဟံသာဝတီနေပြည်တော်မှာ ဘုရင်သုရှင်တကာရွတ်ပိ စိုးစံနေတဲ့အချိန်ကစပြီး ပြောရမှာ။ အဲဒီအချိန်မှာ တောင်ငူ ကေတုမတီဘုရင် တပင်ရွှေထီးနဲ့ စစ်သေနာပတိချုပ် ဟံသာဝတီကို အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့ကြတယ်"





ထို့ကြောင့် မြတ်မိုးလွင်က ပြောလိုက်သည်။

"ဟ- ကြီးကျယ်လှချည်လားကွ။ သုရှင်တကာရွတ်ပိရော၊ တပင်ရွှေထီးရော၊ ဘုရင့်နောင်ရော ထိပ်ထိပ်ကြဲ ရှင်ဘုရင်တွေနဲ့ကို အစချီထားတာပဲ။ ကဲကဲ- ဆက်ပြောစမ်းပါဦး။ ဘာတွေ ထွင်လုံးထုတ်ဦးမလဲဆိုတာ နားထောင်ကြည့်ရအောင်"

မြတ်မိုးလွင်က ပြောဆိုလိုက်သော်လည်း ဧကရီက တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ သူ့ဇာတ်ကြောင်းကိုသာ ဆက်လက်ပြောဆိုနေတော့သည်။

"နောက်ဆုံးတော့ သုရှင်တကာရွတ်ပိဟာ စစ်ရှုံးခဲ့ရပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ ဘုရင်ရဲ့ မိဖုရားတွေနဲ့ ဆွေတော်မျိုးတော်၊ နောက်လိုက်နောက်ပါတွေလည်း ဟံသာဝတီနေပြည်တော်ကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရတယ်။ အဲဒီအချိန်မှာ သုရှင်တကာရွတ်ပိရဲ့ မိဖုရားတစ်ပါးဖြစ်တဲ့ တလပရော်သမီ မိဖုရားဟာ နောက်လိုက်နောက်ပါ သစ္စာခံတွေနဲ့အတူ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသတစ်ခုကို ရောက်ခဲ့ကြတယ်။ ဒါကြောင့် ကမ်းခြေဒေသတွေမှာ မြို့ကုန်း၊ ဒေါ်သိမ်း၊ သမိန်ထော၊ ကုလားထိပ် မြို့ရွာတွေ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီဒေသတွေမှာပဲ ငါးရှာ၊ သစ်ခုတ်၊ လယ်လုပ်၊ တောလိုက် အလုပ်တွေကို လုပ်ကိုင်စားသောက် အသက်မွေးခဲ့ကြတယ်။

နှစ်တွေ တော်တော်လေးကြာလာတော့ ငါးရှာပြီး လုပ်ကိုင်စားသောက်ကြတဲ့ အုပ်စုတွေဟာ မြစ်ကြီးတစ်ခုရဲ့ဘေးသဲကုန်းတန်းကြီးတစ်ခုဆီသို့ ပြောင်းရွှေ့ လုပ်ကိုင်စားသောက်ခဲ့ကြတယ်။ အဲဒီအုပ်စုမှာ ဧကရီရဲ့ မိဘ၊ အဘိုး၊ အဘွား၊ အနွယ်တော်တွေ ပါဝင်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးလွင်တို့မိသားစုမှာ တဖြည်းဖြည်း စိတ်ဝင်စားလာကြပြီဖြစ်သဖြင့် ငြိမ်သက်စွာ နားထောင်ခဲ့ကြသည်။ ဘေးမှရှိနေကြသော ဘုရားဖူးအချို့မှာ မသိမသာ နားထောင်နေခဲ့ကြရာမှ သိသိသာသာ နားထောင်လာခဲ့ကြသည်။ ထို့နောက် ဇေကရီကဆက်လက်ပြောဆိုလိုက်ပြန်သည်။

"အဲဒီ အုပ်စုထဲမှာ ဇေကရီရဲ့ ဘိုးဘွားတွေဟာ တလပရော်သမီ မိဖုရားကြီးရဲ့ အနွယ်တော်တွေ ဖြစ်တာကြောင့် အုပ်စုအကြီးအကဲအဖြစ် တင်မြှောက်လိုက်ကြပြီး သားစဉ်မြေးဆက် အကြီးအကဲအဖြစ် ဆက်လက်တင်မြှောက်ကြဖို့လည်း ဆုံးဖြတ်ခဲ့ကြတယ်။

ဒီလိုနဲ့ နှစ်ပေါင်း နှစ်ရာလောက်ကြာလာတဲ့အခါ အလောင်းမင်းတရားကြီးဟာ မြန်မာတစ်နိုင်ငံလုံးကို စည်းရုံးသိမ်းပိုက်တော်မူလိုက်တယ်။ မွန်ဘုရင်ရဲ့သစ္စာတော်ခံ ကျူတုံးမြို့စားကြီး ဗညားဇေယျနဲ့ အနွယ်တော်တွေ၊ သစ္စာတော်ခံတွေဟာ ပင်လယ်ပိုင်းဒေသကို ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရာက ကဒုံကနီ၊ ဇရော၊ အမာ၊ ပျဉ်ဒရယ် စတဲ့ မြို့ရွာတွေဖြစ်ပေါ်လာခဲ့တယ်။ အဲဒီဒေသတွေက ရေလုပ်ငန်း လုပ်ကိုင်စားသောက်ကြတဲ့ လူအချို့ဟာ ဇေကရီတို့ ဘိုးဘွားတွေနေထိုင်တဲ့ နေရာဒေသကို ရောက်ရှိလာခဲ့ကြတယ်။ ဒါကြောင့် အဲဒီဒေသဟာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး 'စွန်ပ'လို့ အမည်တွင်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး စွန်ပမှာ အုပ်စုနှစ်စု ဖြစ်လာခဲ့တော့တယ်။ ဇေကရီတို့ ဘိုးဘွားအုပ်စုကို ဟံသာဝတီအုပ်စုလို့ခေါ်ပြီး နောက်မှရောက်လာတဲ့ အုပ်စုကိုတော့ ကျူတုံးအုပ်စုလို့ ခေါ်ခဲ့ကြတယ်"

ဇေကရီသည် ပြောဆိုနေရာမှ ခေတ္တရပ်ဆိုင်းလိုက်သည်။ ထို့ကြောင့် ဦးစိုးလွင်က ပြောလိုက်သည်။





"ဒီလိုဆို မိန်းကလေးတို့က တလပရော်သမီ မိဖုရားကြီးရဲ့ အနွယ်တော်တယ်ပေါ့"

"ဟုတ်ပါတယ်- ဦး။ ဟောဒီက သီကျော်စွာကတော့ မြို့စားကြီး ဗညားဇေယျရဲ့ အနွယ်တော်ပါ"

"ဘာပြောတယ်"

မြတ်မိုးလွင်က သူ့ကို ထည့်သွင်းပြောဆိုလာသဖြင့် အထိတ်တလန့် ပြန်မေးလိုက်သည်။ ထို့ကြောင့် ဒေါ်ခင်တင့်က ဟန့်တားပြောဆိုလိုက်သည်။

"သားကလည်းကွယ်၊ သူပြောတာ ဆုံးအောင်နားထောင်ဦးမှပေါ့"

"ကဲ- ပြောရင်လည်း မြန်မြန်ပြောဗျာ"

မြတ်မိုးလွင်မှာ ဘေးမှဝိုင်းနားထောင်နေကြသဖြင့် တော်တော်လေးရှက်နေပြီ ဖြစ်သည်။ ဇေကရီကမူ ဘာကိုမှ သတိပြုမိပုံမပေါ်ဘဲ ဆက်လက်ပြောဆိုနေလေတော့သည်။

"ဇေကရီ့အဖေ အကြီးအကဲ ဖြစ်လာတဲ့အခါမှာ အဖေဟာ ရှေ့ရေးကို မြော်တွေးပြီး သူ့လက်အောက်မှာ ရွာသူကြီးတစ်ဦး ခန့်ထားလိုက်တယ်။ အဲဒီ ရွာလူကြီးကို ကျူတုံးအနွယ်တော်တွေထဲက ခန့်ထားပြီး အစဉ်အလာအဖြစ် နောက်ဖြစ်လာမယ့် ရွာလူကြီးတွေကို ကျူတုံးအနွယ်တော်ထဲကပဲ ခန့်ထားဖို့ စီစဉ်ဆုံးဖြတ်ခဲ့တယ်။ နောက် ချစ်သူတွေဖြစ်နေကြတဲ့ သီဟကျော်စွာနဲ့ ဇေကရီကို လက်ထပ်ပေးဖို့ စီစဉ်ခဲ့တယ်။ ဇေကရီ့အဖေရဲ့ ရည်ရွယ်ချက်ကတော့ နောက်ဖြစ်လာမယ့် စွန်ပရဲ့အကြီးအကဲဟာ ဟံသာဝတီသွေးရော ကျူတုံးသွေးပါ ရောစပ်နေစေချင်တဲ့ ဆန္ဒပဲ"

ဤတွင် ဦးစိုးလွင်က ထောက်ခံပြောဆိုလိုက်သည်။

"ဇေကရီ့အဖေက တော်တော် အမြော်အမြင်ကြီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝမ်းမကွဲဘဲ တစ်စည်းတစ်လုံးတည်းဖြစ်အောင် စီစဉ်ခဲ့တာပဲ။ တော်ပါပေတယ်ကွယ်"

ထို့ကြောင့် ဧကရီက ပြောလိုက်သည်။

"အဖေ့ရဲ့အစီအစဉ်တွေကို စွန်ပရွာတစ်ရွာလုံးက ချီးကျူးပြောဆိုနေခဲ့ပေမယ့် မကျေနပ်သူတစ်ယောက်ရှိတယ်။ အဲဒီလူကတော့ ရွာသူကြီး ဦးမင်းဒင်ရဲ့သား ဝဏ္ဏဗလပဲ"

မြတ်မိုးလွင်မှာ အိပ်မက်ထဲတွင်သိရှိခဲ့ရသော နာမည်များပါရှိလာပြီဖြစ်သဖြင့် ပိုမိုစိတ်ဝင်စားလာခဲ့သည်။ ထိုစဉ် ဧကရီက ဆက်လက်ပြောဆိုလိုက်သည်။

"ဝဏ္ဏဗလဟာ ဧကရီကို တစ်ဖက်သတ် ကြိုက်နေတယ်။ ဝဏ္ဏဗလဟာ ရွာသူကြီးရဲ့ သားတစ်ယောက်ဖြစ်နေတာကြောင့် ဧကရီကို သူနဲ့ပဲ လက်ထပ်ပေးစားသင့်တယ်လို့ တစ်ဖက်သတ် တွေးထင်ခဲ့တယ်။ ဒါပေမယ့် လူကြီးတွေက လက်မခံခဲ့ဘူး။ ဧကရီကလည်း သီဟကျော်စွာကလွဲရင် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး။ ဒါကြောင့် ဝဏ္ဏဗလဟာ ဧကရီနဲ့ သီဟကျော်စွာ စိတ်ဝမ်းကွဲအောင်၊ သူနှင့်ဧကရီ လက်ထပ်ခွင့်ရအောင် ကြံစည်လုပ်ကိုင်လာခဲ့တယ်။ တစ်နေ့မှာ. . ."

ဧကရီက 'တစ်နေ့မှာ' ဟု ဆိုကာ နောက်ကြောင်းရာဇဝင်များကို ပြန်လည်ပြောပြလိုက်လေတော့သည်။

✿ ✿ ✿

(၆)

## ဝဏ္ဏဗလ၏တိုက်ကွက်များ

တစ်နေ့တွင် ဧကရီသည် တစ်ဦးတည်း စွန်ပ သဲသောင်ပြင်သို့ လမ်းလျှောက်လာခဲ့သည်။ ညနေဆည်းဆာချိန် ဖြစ်သဖြင့် ဝင်လုလုနေလုံးကြီးမှာ နီရဲနေကာ ပင်လယ်ပြင်သည် အရောင်တဖျပ်ဖျပ်နှင့် လှပလွန်းနေသည်ဟူ၍ ထင်ရသည်။ စွန်ပကမ်းခြေသည် မြစ်ကြီး၏အရှေ့ဘက်ကမ်းခြေတွင် ရှိနေပြီး ပင်လယ်ဝတွင် တည်ရှိနေသဖြင့် ပင်လယ်လေက တဟူးဟူး တိုက်ခတ်နေခဲ့သည်။

အချိန်မှာ ပင်လယ်ငါးဖမ်းလှေများ ပင်လယ်ပြင်မှ ပြန်လာချိန် ဖြစ်သည်။ ထို့ကြောင့် ဧကရီသည် ပင်လယ်ပြင်သို့ ငေးမျှော်ကြည့်မိနေခဲ့သည်။ မနက်က သီဟကျော်စွာတို့ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သွားခဲ့ကြသည်။ မကြာမီ ပြန်လာကြတော့မည် ဖြစ်သည်။ ထို့ကြောင့် ဧကရီသည် ကမ်းခြေသဲသောင်ပြင်တွင် လမ်းလျှောက်ရင်း သီဟကျော်စွာတို့၏ တံငါလှေလေးများကို မျှော်နေမိခဲ့သည်။

ထိုစဉ် -

"ဧကရီ"

နောက်ဘက်မှ အနားနား ကပ်ခေါ်လိုက်သဖြင့် ဧကရီ

www.burmeseclassic.com

www.burmeseclassic.com



ရှော်တရက် တုန်လှုပ်သွားခဲ့သည်။ ထို့ကြောင့် အနောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ -

"ဟင်- ဝဏ္ဏဇလ၊ နင်ဘာလာလုပ်တာလဲ"

"အမလေး ကေရီရယ်၊ ငါ့ကိုတွေ့လိုက်တာနဲ့ ဘီလူးသဘက်ကို တွေ့ရတာကျနေတာပဲ။ နင် ဒီဘက်ကိုသွားတာမြင်လိုက်လို့ ငါလိုက်လာခဲ့တာ"

အမှန်တကယ်တွင်မူ ကေရီကို ဝဏ္ဏဇလကိုယ်တိုင် တွေ့မြင်ခဲ့ခြင်းမဟုတ်။ ဝဏ္ဏဇလ၏ ကျေးဇူးခံ၊ ကျေးဇူးစားတစ်ယောက် တွေ့မြင်သတင်းပို့ခဲ့သဖြင့် ဝဏ္ဏဇလ လိုက်လာခဲ့ခြင်းသာဖြစ်သည်။

"ဝဏ္ဏဇလ၊ ပြန်ပါဟယ်။ တခြားသူတွေ တွေ့သွားရင် ငါ့ကို အထင်လွဲနေပါဦးမယ်။ ပြန်ပါဟယ်-နော်"

"ဘာဖြစ်လို့ ပြန်ရမှာလဲဟ။ အထင်လွဲလေ ငါ့အတွက် ကောင်းလေပေါ့။ သီဟကျော်စွာ အထင်လွဲသွားရင် သာပြီး ကောင်းသေးတယ်။ ဒါမှ နင့်ကိုငါရမှာ"

"ဝဏ္ဏဇလ၊ နင်မယုတ်မာနဲ့နော်"

"အချစ်ဆိုတာ သတ္တိကို ဖြစ်ပေါ်စေတယ်ဟ။ သိပ်ချစ်လေ သိပ်သတ္တိရှိလေပဲ။ ဘာကိုမှ မကြောက်တော့ဘူး။ ယုတ်မာရဲဘယ်၊ ရက်စက်ရဲတယ်၊ သေရဲတယ်၊ သတ်ရဲတယ်၊ စွန့်လွှတ်စွန့်စားရဲတယ်။ စွန့်လွှတ်ရဲတယ်ဆိုတဲ့ အထဲမှာ အချစ်ကလွဲရင်ပေါ့ဟာ။ ဒါကြောင့် ငါဟာ နင့်ကိုသိပ်ချစ်လို့ သိပ်သတ္တိရှိနေတယ်။ ဘာကိုမှ မကြောက်ဘူး"

"ငါနဲ့ သီဟကျော်စွာက မကြာခင် လက်ထပ်ကြတော့မှာ"

"အဲဒါ ငါနဲ့မဆိုင်ဘူး။ ငါနဲ့ဆိုင်တာက နင်နဲ့ငါနဲ့ ချစ်ကြဖို့ပဲ။ နေစမ်းပါဦး၊ နင်ကငါ့ကို ဘာဖြစ်လို့ မချစ်နိုင်ရတာလဲ"

"ငါ့မှာ သီဟကျော်စွာရှိနေပြီပဲ။ ငါ့မှာ ချစ်သူရှိနေပြီးမှ နင့်ကို ဘာဖြစ်လို့ချစ်ရမှာလဲ"





"ဒီမှာ ကေရီ"

"ဘာလဲ"

"အချစ်ဆိုတာ ဖယောင်းတိုင်မီးလိုပဲ။ ဖယောင်းတိုင်တစ်တိုင်မှာရှိနေတဲ့ မီးညွန့်လိုပဲ။ နောက်ထပ် ဖယောင်းတိုင် ဘယ်နှတိုင်ကိုပဲ မီးကူးညှိညှိ၊ ပထမ ဖယောင်းတိုင်ရဲ့ အလင်းရောင်ဟာ မှေးမှိန်မသွားဘူး။ နောက် ဖယောင်းတိုင်တွေ လင်းထိန်နေလို့လည်း ပထမ ဖယောင်းတိုင်မှာ အလင်းရောင်လျော့မသွားဘူး။ ဒီတော့ နင် သီဟကျော်စွာကိုချစ်သလို ငါ့ကိုလည်း ချစ်လို့ရတာပဲ။ ဖယောင်းတိုင်မီးကူးသလိုပေါ့ဟာ"

ကေရီက အော်ဟစ်ပြောဆိုလိုက်သည်။

"ဝဏ္ဏဇလ၊ နင် ပေါက်ကရတွေမပြောနဲ့နော်။ ငါ နင့်အဖေနဲ့ ပြန်တိုင်လိုက်မှာ"

"ငါဟာ အချစ်အတွက် ဘာကိုပဲဖြစ်ဖြစ် ရင်ဆိုင်ရဲတဲ့သတ္တိ ရှိပြီးသားပဲဟာ။ ငါ့အဖေကိုတိုင်ရင်လည်း ငါအရိုက်ခံရရုံပဲ ရှိတာပေါ့။ ငါ အရိုက်ခံရလည်း နင့်ကို ချစ်နေမှာသိလား"

ဝဏ္ဏဇလက ပြောပြောဆိုဆိုနှင့် ကေရီ၏မေးစေ့လေးကို မ်းကိုင်လိုက်သဖြင့် ကေရီက ဝဏ္ဏဇလ၏လက်ကို ပုတ်ထုတ် က်သည်။ ဤတွင် ဝဏ္ဏဇလက ကေရီ၏ခေါင်းကို လက်နှင့်လှမ်း တ်လိုက်သည်။ ဝဏ္ဏဇလ ရုတ်တရက် လှုပ်ရှားလိုက်သဖြင့် ကေရီ မ်းရှောင်ခွင့် မရလိုက်။ ထို့နောက် ဝဏ္ဏဇလက အသံကျယ်ကျယ် င့် ပြောဆိုလိုက်သည်။

"ပြန်မယ်ကွာ၊ နောက်မှ တွေ့ကြတာပေါ့"

ပြောပြောဆိုဆိုနှင့် ဝဏ္ဏဇလ လှည့်ထွက်သွားတော့သည်။ တရီမှာ ဝဏ္ဏဇလသွားမှ စိတ်သက်သာရာ ရရှိသွားတော့သည်။ ို့ကြောင့် ပင်လယ်ပြင်ဆီသို့ ပြန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

တံငါလှေတစ်စင်းပေါ်တွင် မတ်တတ်ရပ် ခါးထောက်ကာ သူ့ကိုရပ်ကြည့်နေသော သီဟကျော်စွာကို တွေ့မြင်လိုက်ရသဖြင့် ကေရီ အံ့ဩတုန်လှုပ်သွားတော့သည်။ ကေရီနှင့် ဝဏ္ဏဗလတို့ ရပ်စကားပြောနေကြစဉ် ကေရီက ကမ်းခြေကို ကျောပေးပြောဆို နေခြင်းဖြစ်သဖြင့် တံငါလှေများ လာနေသည်ကို သတိမပြုမိ။ ဝဏ္ဏဗလမှာ တံငါလှေများ ကမ်းသို့ဆိုက်ကပ်လာနေသည်ကို တွေ့ မြင်နေခဲ့ရသည်။ တံငါလှေတစ်စင်းပေါ်မှ သီဟကျော်စွာကိုလည်း တွေ့မြင်နေရသည်။ သီဟကျော်စွာက သူတို့နှစ်ယောက်ကို ကြည့် နေသည်ကိုလည်း တွေ့မြင်နေရသည်။

ထို့ကြောင့် သီဟကျော်စွာ အထင်လွဲစေရန် တမင်သက် သက် မေးစေ့ကိုလှမ်းကိုင်ခြင်း၊ ခေါင်းပုတ်ခြင်း ပြုလုပ်လိုက်ခြင်းပင် ဖြစ်သည်။ ထို့အပြင် သီဟကျော်စွာကြားစေရန် အသံကိုမြှင့်၍ 'ပြန်မယ်ကွာ၊ နောက်မှတွေ့တာပေါ့' ဟု ပြောဆိုကာ ထွက်သွားခဲ့ ခြင်းဖြစ်သည်။ သီဟကျော်စွာ အထင်လွဲသွားစေရန် တိုက်ကွက် ဆင်ခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို မသိခဲ့သော သီဟကျော်စွာသည် တံငါလှေပေါ်မှနေ၍ မတ်တတ်ရပ် ခါးထောက်ကာ ကေရီကို စူးစူး စိုက်စိုက် ကြည့်နေလေတော့သည်။

✿ ✿ ✿



## (၇)
## မျက်နှာကိုလက်ကာပြီးငိုနေသော်လည်း

ဝဏ္ဏဗလ၏တိုက်ကွက်မှာ ထိရောက်အောင်မြင်ခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။ ကေရီသည် သီဟကျော်စွာ၏ တံငါလှေဆီသို့ ပြေးသွားခဲ့သည်။ သီဟကျော်စွာသည် ကေရီ ပြေးလာနေသည် ကိုပင် အသိအမှတ်မပြုသကဲ့သို့ လှေထဲမှ ကြိုး၊ ပိုက်နှင့် ငါးများကို ကမ်းခြေသို့သယ်ယူနေခဲ့သည်။ အခြားလှေများကလည်း ကေရီနှင့် ဝဏ္ဏဗလတို့၏ လှုပ်ရှားပြောဆိုမှုကို တွေ့မြင်ခဲ့ကြရသဖြင့် သီဟ ကျော်စွာ၏တုံ့ပြန်မှုကို စိတ်ဝင်စားနေခဲ့ကြသည်။ ထို့ကြောင့် သူတို့ ၏လှေများမှပစ္စည်းများကို ကမ်းပေါ်သို့သယ်ယူကြရင်း တစေ့တ စောင်း အကဲခတ်ကြည့်နေခဲ့ကြသည်။

ကေရီသည် သီဟကျော်စွာ၏ လုပ်ကိုင်နေမှုများကို ညှိုးနွမ်း စွာကြည့်နေမိခဲ့သည်။ သီဟကျော်စွာ အထင်လွဲနေသည်ကိုလည်း သဘောပေါက်နေခဲ့သည်။ ထို့ကြောင့် ဝဏ္ဏဗလကိုပင် စိတ်ထဲမှ ဒေါသဖြစ်နေမိတော့သည်။ သီဟကျော်စွာသည် သူ၏ငါးများကို ထမ်းကာ ကမ်းခြေသို့သွားရန် ဟန်ပြင်လိုက်သည်။ ထို့ကြောင့် ကေရီက အလျှင်စလို ပြောလိုက်သည်။

"ဝဏ္ဏဗလ၊ နေဦး"



www.burmeseclassic.com

"ဘာပြောတယ်"

ကေရီက ဝဏ္ဏဗလကို ဒေါသဖြစ်နေစဉ် သီဟကျော်စွာက မချွတ်လင့်ဘဲ ကမ်းခြေသို့ သွားတော့မည်ဟန် ပြင်လိုက်သဖြင့် ကေရီက ထိတ်ထိတ်ပျာပျာနှင့် 'ဝဏ္ဏဗလနေဦး' ဟူ၍ ယောင်ယမ်း ခေါ်လိုက်မိခြင်း ဖြစ်သည်။

ကေရီသည် ကြီးစွာသော အမှားတစ်ခုကို အမှတ်မထင် ပြုလိုက်မိပြီဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။ ထို့ကြောင့် သီဟကျော်စွာကို တောင်းပန်ပြောဆိုလိုက်သည်။

"ငါ ဝဏ္ဏဗလကို ဒေါသဖြစ်နေတုန်း နင်ကသွားတော့မယ် လုပ်တာနဲ့ ငါ ယောင်ပြီးခေါ်လိုက်မိတာပါဟယ်"

သီဟကျော်စွာသည် ငါးတွဲများကို သဲပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် ကေရီ၏မျက်နှာကို သေသေချာချာကြည့်ပြီး ပြောလိုက်သည်။

"ဆင်ခြေဆိုတာ ခိုင်လုံမှ အပြစ်ကို ဖုံးကွယ်နိုင်တာ။ နင့်မှာ ဒီထက်ခိုင်လုံတဲ့ဆင်ခြေ မရှိတော့ဘူးလား။ ငါဆိုတဲ့ကောင်က ပြောသံကြားရုံလောက်နဲ့ လက်ခံ ယုံကြည်တတ်တဲ့ ကောင် မဟုတ်ဘူးဆိုတာ နင်သိပါတယ်"

"ငါရှင်းပြတာ နားထောင်ပါဦး သီဟကျော်စွာရယ်။ တမင် သက်သက် ဝဏ္ဏဗလ အကွက်ဆင်ပြီး ယုတ်မာသွားတာပါ။ နင်အထင်လွဲအောင် တမင်ဖန်တီးလုပ်ကြံခဲ့တာ"

"ငါ အထင်လွဲနေတာ မဟုတ်ဘူး ကေရီ၊ အထင်သေးနေ တာ။ နင့်ကိုငါ အထင်သေးသွားပြီ။ ဒီတော့ နင့်ကိုငါ ပြော စရာစကား မရှိတော့ဘူး၊ ငါသွားမယ်"

"သီဟကျော်စွာ. . . သီဟကျော်စွာ. . . သီဟကျော်စွာ"

သီဟကျော်စွာ နောက်ကိုလှည့်မကြည့်တော့။ သူ့ငါးတွဲကို သာဆွဲကာ ခပ်သုတ်သုတ် လျှောက်သွားခဲ့လေတော့၏။ ထို့ကြောင့်



ကေရီမှာ မျက်နှာကို လက်ကာပြီးငိုကြွေးကာ အိမ်သို့ပြန်ပြေးလာခဲ့ လေတော့သည်။ မျက်နှာကိုလက်ကာပြီး ငိုနေသော်လည်း သီဟ ကျော်စွာကတော့ အမျက်တော်ပြေလိမ့်မည် မဟုတ်ကြောင်း ကေရီ ကောင်းကောင်းကြီး သိနေပါတော့သည်။

www.burmeseclassic.com

## (၈)

## သားရေးသမီးရေး

ကေရီနှင့် ဝဏ္ဏဗလ သောင်ပြင်ပေါ်တွင် ချိန်းတွေ့နေခဲ့သည်ကို သီဟကျော်စွာ တွေ့မြင်သွားခဲ့သည် ဟူသော သတင်းမှာ ချက်ချင်း ပျံ့နှံ့သွားတော့သည်။ ဝဏ္ဏဗလ၏သစ္စာတော်ခံများကလည်း ထိုသို့သတင်းလွှင့်နေကြသကဲ့သို့ ငါးလှေများမှ ရေလုပ်သားများကလည်း မျက်မြင်တွေ့ခဲ့ကြရသည်ဟုဆိုသဖြင့် သတင်းမှာ ပို၍ပင် ခိုင်မာသွားခဲ့တော့သည်။ ထို့ကြောင့် ရွာသူကြီး ဦးမင်းဒင်သည် သားဖြစ်သူ ဝဏ္ဏဗလကို ခေါ်ယူမေးမြန်းရတော့သည်။

"ဝဏ္ဏဗလ၊ ရွာထဲမှာပြောနေကြတဲ့ သတင်းတွေဟာ အမှန်ပဲလား"

"ဘာသတင်းတွေလဲ"

"ဘာသတင်းတွေရမှာလဲကွ၊ မင်းနဲ့ကေရီ ချိန်းတွေ့ကြတာကို သီဟကျော်စွာ တွေ့သွားခဲ့တယ်ဆိုတဲ့ သတင်းတွေလေ"

"ချစ်သူအချင်းချင်း ချိန်းတွေ့ကြတာ ဘာဖြစ်လဲ အဖေရာ။ ဘယ်သူတွေ့တွေ့ပေါ့"

ဝဏ္ဏဗလက ပေါ့ပေါ့တန်တန်ပင် ပြန်လည်ပြောဆိုလိုက်သည်။ ထို့ကြောင့် ဦးမင်းဒင်က ဒေါသတကြီး ပြန်လည်ပြောဆို



လိုက်သည်။

"မင်း အဲဒီလို ပြောလို့ရမလားကွ။ သီဟကျော်စွာနဲ့ ကေရီက မကြာခင် လက်ထပ်ကြရတော့မယ်။ လူကြီးတွေ စီစဉ်ပြီးနေပြီ၊ မင်းလည်း သိပြီးသားပဲ"

"လက်ထပ်ပြီးသေးတာမှမဟုတ်တာဘဲ"

"လက်မထပ်ရသေးပေမယ့် ဒီရက်ပိုင်းအတွင်းမှာပဲ စေ့စပ်ပွဲလုပ်ကြရတော့မယ်။ စေ့စပ်ပွဲပြီးရင် သီဟကျော်စွာဟာ ကေရီတို့ စံအိမ်တော်ကြီးမှာ ပြောင်းနေရတော့မယ်။ လူကြီးတွေ အစီအစဉ်ကို မင်းက ဘာဖြစ်လို့ဖျက်ချင်ရတာလဲ"

ဝဏ္ဏဗလက အကွက်ကျကျ ပြန်လည်ပြောဆိုလိုက်၏။

"ဖျက်လို့ရတယ်ဆိုတာက ခိုင်မာမှုမရှိလို့ ဖျက်လို့ရတာပဲ အဖေ။ ခိုင်မာမှုရှိနေရင် ဘယ်လိုပဲဖျက်ဖျက် ပျက်မသွားနိုင်ပါဘူး။ ကေရီဟာ သီဟကျော်စွာကို အမှန်တကယ် ချစ်တယ်ဆိုရင် အဖေတို့လူကြီးတွေ စီစဉ်သလို ဖြစ်လာမှာအမှန်ပဲ"

"ကေရီနဲ့ သီဟကျော်စွာဟာ ချစ်သူတွေပဲ၊ မချစ်ဘဲ နေပါ့မလားကွ"

"ဒီလိုဆို ကေရီက ဘာဖြစ်လို့ ကျွန်တော်ချိန်းတဲ့နေရာကို လာခဲ့ရတာလဲ"

ဦးမင်းဒင် တွေဝေသွားခဲ့ရသည်။

ဟုတ်သည်။ ဝဏ္ဏဗလ ပြောနေသည်မှာလည်း သဘာဝကျနေသည်။ ကေရီနှင့် ဝဏ္ဏဗလ ချိန်းတွေ့နေကြသည်ကို တံငါလှေမှ ရေလုပ်သားအားလုံးက မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြီ ဖြစ်သည်။ ဤသို့ဆိုလျှင် ဝဏ္ဏဗလတွင် အပြစ်မရှိ။ ဝဏ္ဏဗလသည် ကေရီကို အရှုးအမူး ကြိုက်နေသူ ဖြစ်သည်။ အရူးအမူးဖြစ်နေသော်လည်း ကေရီက လက်မခံခဲ့လျှင် ဝဏ္ဏဗလ မည်သို့မျှ တတ်နိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



မတော့တ်။ ဧကရီက လက်ခံခဲ့သဖြင့်သာ ဤကဲ့သို့ ဖြစ်လာခဲ့ရခြင်းဖြစ်မည်။ ဤသို့ဆိုလျှင် မူလတရားခံသည် ဧကရီသာ ဖြစ်သည်။ ဧကရီ၏ သစ္စာမဲ့မှုများကြောင့်သာ ဖြစ်သည်။

ထို့ကြောင့် ရွာသူကြီးဦးမင်းဒင်သည် ကျေးရွာအကြီးအကဲဖြစ်သူ ဧကရီ၏ဖခင် ဦးမင်္ဂလာအား တွေ့ဆုံဆွေးနွေးရတော့၏။ ဦးမင်းဒင်က ရွာထဲတွင် ကြားသိနေရသော သတင်းများနှင့် ဝဏ္ဏဗလ၏ အကျိုးအကြောင်း ပြောပြချက်များကို ဦးမင်္ဂလာအား အသေးစိတ် ဆွေးနွေးပြောပြလိုက်သည်။ ထို့ကြောင့် ဦးမင်္ဂလာက ဝမ်းနည်းစွာ ပြောဆိုလိုက်သည်။

"ကျုပ်ရှက်တယ် ဦးမင်းဒင်ရယ်။ ကျုပ် သိပ်ရှက်တယ်ဗျာ။ အကြီးအကဲတစ်ယောက်ရဲ့သမီးတစ်ယောက်က အခုလို ဖြစ်နေတယ်ဆိုတော့ ကျုပ်မျက်နှာ ရွာထဲမှာ ဘယ်လိုပြရမှန်းတောင် မသိတော့ဘူး။ ဦးမင်းဒင်ရဲ့သားနဲ့လည်း ကျုပ်သဘောမတူစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် ဧကရီကိုယ်တိုင်က သီဟကျော်စွာကို နှစ်သက်မြတ်နိုးပါတယ်ဆိုလို့ ကျုပ်စီစဉ်ခဲ့တာပဲ။ ဝဏ္ဏဗလကို နှစ် သက်မြတ်နိုးတယ်ဆိုရင် ကျုပ် ဝဏ္ဏဗလနဲ့ လက်ထပ်ပေးမှာပေါ့။ အခုတော့ဗျာ၊ တစ်ရွာလုံး သိပြီးခါမှ. . ."

ဦးမင်္ဂလာမှာ စိတ်ထိခိုက်လွန်းသဖြင့် စကားကို ဆက်လက်မပြောနိုင်တော့ပေ။ ထို့ကြောင့် ဦးမင်းဒင်ကမေးလိုက်သည်။

"ဒီကိစ္စကို ကျွန်တော်တို့ ဘယ်လိုစီစဉ်ကြမလဲ"

"ကျုပ်လည်း ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ"

"မသိလို့မရဘူး ဦးမင်္ဂလာ။ ကျုပ်တို့တစ်တွေဟာ ဒီရွာကို ဦးဆောင်ဦးရွက်ပြုနေသူတွေ ဖြစ်တယ်။ နောက်တစ်ချက်က ကျုပ်တို့ရဲ့ သားရေးသမီးရေးတွေ ဖြစ်နေတယ်။ ဒါကြောင့် ကျုပ်တို့ဟာ ရွာသူ၊ ရွာသားတွေရဲ့ ကြည်ညိုလေး





စားမှုကို တုံ့ပြန်တဲ့အနေနဲ့ ဒီကိစ္စကို မှန်မှန်ကန်ကန် သိကွာရှိရှိ ဖြစ်စေချင်တယ်။ အပြစ်ရှိသူကို အပြစ်ရှိသလို အရေးယူစေချင်တယ်"

ထို့ကြောင့် ဦးမင်္ဂလာက မေးလိုက်သည်။

"ဦးမင်းဒင်က ဘယ်လိုလုပ်ချင်လို့လဲ"

"ကျုပ်ကတော့ သူတို့သုံးဦးကို မျက်နှာစုံညီ ခေါ်မေးချင်တယ်ဗျာ။ ပြီးမှ သူတို့သဘောထားအရ စီစဉ်ပေးလိုက်မယ်"

ထို့ကြောင့် ဦးမင်္ဂလာက ပြောဆိုလိုက်သည်။

"ဦးမင်းဒင် ကောင်းမယ်ထင်သလို စီစဉ်လိုက်ပါတော့ဗျာ"

ထို့ကြောင့် သီဟကျော်စွာ၊ ဧကရီနှင့် ဝဏ္ဏဗလတို့ သုံးဦးအား လူကြီးများရှေ့တွင် ခေါ်ယူမေးမြန်းရန် စီစဉ်ခဲ့ကြလေတော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## (၉)
## သုံးပွင့်ဆိုင်ရှင်တမ်း

ဦးမင်္ဂလာ၊ ဦးမင်းဒင်နှင့် ဦးသက္ကတို့ ဧည့်ခန်းထဲမှာ ထိုင်နေခဲ့ကြသည်။ ထိုစဉ် သီဟကျော်စွာ ဝင်ရောက်လာခဲ့သည်။ သီဟကျော်စွာသည် လူကြီးများကို တွေ့မြင်လိုက်ရသည်နှင့် ရိုကျိုးစွာ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် သီဟကျော်စွာက ဦးမင်္ဂလာကို မေးလိုက်သည်။

"ဦးကြီး ကျွန်တော့်ကို ခေါ်တယ်ဆို"

"အေးကွယ်၊ ကိစ္စလေးတစ်ခုရှိလို့"

"ဘာကိစ္စများလဲ"

သီဟကျော်စွာက ဦးမင်းဒင်နှင့် ဆေးဆရာကြီးဦးသက္ကပါ ရောက်ရှိနေသဖြင့် ရပ်ရေးရွာရေးကိစ္စတစ်ခုဟု တွေးထင်ကာ မေးလိုက်သည်။ သို့သော် ဦးမင်္ဂလာက မရေမရာ ပြန်ဖြေလိုက်သည်။

"ခဏနေရင် သိရမှာပေါ့ကွယ်။ ခဏလေးစောင့်ပါ"

ထိုစဉ် ဝဏ္ဏဗလ ရောက်ရှိလာခဲ့သဖြင့် သီဟကျော်စွာ အံ့သြသွားရသည်။ ထို့အတူ ဝဏ္ဏဗလကလည်း အံ့သြသွားခဲ့ရပြန်သည်။ ဝဏ္ဏဗလသည် လူကြီးများ ညွှန်ပြသောခုံတွင် ထိုင်လိုက်သည်။

ထိုစဉ် ဦးမင်္ဂလာက ပြောလိုက်သည်။



"ကေရီကို ခေါ်လိုက်ပါကွယ်"

ထို့ကြောင့် အနီးတွင်ရှိနေသူတစ်ယောက်က ကေရီကို သွားရောက်ခေါ်လိုက်သဖြင့် ကေရီ ရောက်ရှိလာခဲ့သည်။ ကေရီသည် ဝဏ္ဏဗလနှင့် သီဟကျော်စွာကို လူကြီးများနှင့်အတူ တွေ့မြင်လိုက်ရသဖြင့် အံ့သြသွားခဲ့ရတော့သည်။ ထိုစဉ် ဦးမင်္ဂလာက ဝေယျာဝစ္စပြုလုပ်ပေးနေသူများကို အခန်းအပြင်သို့ ထွက်စေပြီး အခန်းတံခါးကို ပိတ်လိုက်သည်။ ထို့နောက် ဆေးဆရာကြီး ဦးသက္ကက စတင်ပြောဆိုလိုက်သည်။

"မင်းတို့သုံးယောက်ကို မျက်နှာစုံညီ တွေ့နိုင်အောင် အခုလိုစီစဉ်ရတာပဲ။ ဒီကိစ္စဟာ မင်းတို့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စဖြစ်သလို လူကြီးမိဘတွေရဲ့ကိစ္စလည်းဖြစ်တယ်။ ဒါကြောင့် မင်းတို့သုံးယောက်လုံး အမှန်အတိုင်းပဲ ပြောစေချင်တယ်"

"ကျွန်တော် အခုထိ သဘောမပေါက်သေးဘူး"

သီဟကျော်စွာက မေးလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဆေးဆရာကြီးဦးသက္ကက ဆက်လက် ရှင်းလင်းပြောပြလိုက်သည်။

"ဦးမင်္ဂလာဟာ အကြီးအကဲပီပီ သစ္စာအမြော်အမြင်ရှိရှိနဲ့ နောင်အနာဂတ်မှာ စွန်ပရဲ့အကြီးအကဲဟာ ကျုံတုံးသွေးရော ဟံသာဝတီသွေးပါ ပါနေသူဖြစ်ရလေအောင် ကေရီနဲ့ သီဟကျော်စွာကို လက်ထပ်ပေးဖို့ သဘောတူခဲ့တယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် အနွယ်တော်တွေ စိတ်ဝမ်းကွဲသွားမှာစိုးတဲ့အတွက် စီစဉ်ခဲ့တာပဲဖြစ်တယ်။ နောက်တစ်ချက်က ကျုံတုံးအနွယ်တော် သီဟကျော်စွာနဲ့ ဟံသာဝတီအနွယ်တော် ကေရီတို့ဟာ ချစ်သူတွေလည်း ဖြစ်ကြတယ်"

"ကျွန်တော်တို့ကိုခေါ်တဲ့ အကြောင်းရင်းကို သိပါရစေ"

သီဟကျော်စွာကပင် ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးသက္ကက ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"ဒါပေမယ့် ဒီရက်ပိုင်းအတွင်းမှာပဲ ဝဏ္ဏဗလနဲ့ ဧကရီတို့ကို ချိန်းတွေ့နေကြတာ သီဟကျော်စွာကိုယ်တိုင် တွေ့မြင်ခဲ့ရတယ်ဆိုတဲ့ သတင်းတွေ ဖြစ်နေသလို ဝဏ္ဏဗလကလည်း သူနဲ့ဧကရီ မေတ္တာရှိနေကြတယ်လို့ ပြောလာပြန်တယ်။ ဒါကြောင့် တို့လူကြီးတွေက အဖြစ်မှန်ကိုသိရအောင် မင်းတို့သုံးယောက်စလုံးကို မျက်နှာစုံညီခေါ်တွေ့ရတာပဲ"

ဤတွင် ဧကရီက အကြီးအကျယ် ဒေါသဖြစ်သွားကာ ဝဏ္ဏဗလကို စိတ်ဆိုးမာန်ဆိုး ပြောဆိုလိုက်သည်။

"ဝဏ္ဏဗလ၊ နင် မဟုတ်တာတွေ မပြောနဲ့။ နင်နဲ့ငါ ဘယ်တုံးက ချစ်ခဲ့ဖူးလို့လဲ။ နင် သက်သက်မယ့် ယုတ်မာတာ၊ သီဟကျော်စွာ တမင်သက်သက် အထင်လွဲအောင် ယုတ်မာတာ။ နင် လူယုတ်မာ"

ဧကရီက ဒေါသတကြီးပြောဆိုပြီး ထိုနေ့က သောင်ပြင်တွင် ဝဏ္ဏဗလနှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းကို လူကြီးများအား ပြန်လည်ပြောပြလိုက်သည်။

"ဧကရီ၊ နင်ဟာ တော်တော်အပြောင်းအလဲ များလှချည်လား။ ငါ့ကို တမင်သက်သက် လူတွေအထင်သေးအောင် မလုပ်ပါနဲ့ဟာ။ နင်ချိန်းလို့ ငါလာရတာ။ နင်က ငါ့ကို လက်မခံဘူးဆိုရင် နင် ငါ့ကို လက်ခံစကားပြောစရာအကြောင်းမရှိဘူး။ ငါ့ရှေ့က ချက်ချင်း ထွက်သွားလို့ရတာပဲ။ အခုမှ နင်ဘယ်လိုဖြစ်ရတာလဲ"

ဝဏ္ဏဗလ ပြောနေသည်မှာလည်း ယုတ္တိယုတ္တာရှိနေသဖြင့် လူကြီးများက ဘာမှဝင်မပြောကြ။ ထို့ကြောင့် ဧကရီမှာ အသားများ တဆတ်ဆတ်တုန်လာသည်အထိ ဒေါသဖြစ်နေလေတော့သည်။ သို့သော် ဧကရီတွင် သက်သေပြစရာ အထောက်အထားမရှိ။ ထို့





ကြောင့် ဒေါသကြီး အော်ဟစ်ပြောဆိုလိုက်သည်။

"မဟုတ်ဘူး၊ သူလိမ်ပြောနေတာ။ သူယုတ်မာနေတာ။ သူနဲ့ ကျွန်မ ချိန်းမတွေ့ခဲ့ဘူး။ ချစ်သူတွေလည်း မဟုတ်ဘူး။ သူ တမင်သက်သက် အကွက်ဆင်လုပ်ကြံပြောနေတာ"

ဧကရီက ပြောပြောဆိုဆိုနှင့် ဝဏ္ဏဗလကို ဒေါသတကြီး ထုရိုက်နေသဖြင့် လူကြီးများက ဝိုင်းဆွဲထားကြရတော့သည်။ သီဟကျော်စွာကမူ တုတ်တုတ်မျှမလှုပ်။ ထို့ကြောင့် ဦးမင်္ဂလာက ဧကရီကို မာန်မဲပြောဆိုလိုက်သည်။

"သမီး၊ ကိုယ့်နေရာကိုယ် ပြန်ထိုင်စမ်း"

ဧကရီက နေရာတွင်ပြန်ထိုင်လိုက်သည်။ ထိုစဉ် ဦးသက္ကက သီဟကျော်စွာကို မေးလိုက်သည်။

"သီဟကျော်စွာ၊ ဘာပြောစရာရှိလဲ"

သီဟကျော်စွာက အေးဆေးတည်ငြိမ်စွာ ပြောဆိုလိုက်၏။

"ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်မှာ ပြောစရာစကား မရှိပါဘူး။ ဝဏ္ဏဗလနဲ့ ဧကရီတို့ ကမ်းခြေမှာ ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ပြီးပြီပဲ။ ကျွန်တော်တင်မကပါဘူး၊ ရေလုပ်သားတွေလည်း တွေ့မြင်ခဲ့ကြရတာပါ"

ထို့ကြောင့် ဦးသက္ကက မေးလိုက်ပြန်သည်။

"သဲသောင်မှာ ဝဏ္ဏဗလနဲ့ ဧကရီတို့ကို သီဟကျော်စွာကိုယ်တိုင် တွေ့မြင်ခဲ့ရတယ်ဆိုတော့ သီဟကျော်စွာရဲ့ သဘောထားက ဘယ်လိုမြင်သလဲ"

"ဧကရီနဲ့ ဝဏ္ဏဗလတို့ရဲ့ ပတ်သက်ဆက်နွယ်မှု အခြေအနေကို ကျွန်တော် မသိပါဘူး။ ဒါကြောင့် ကျွန်တော့်သဘောထား မပေးနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ သဘောထားအရပြောရမယ်ဆိုရင်တော့ ကိုယ့်အတွက် အန္တရာယ်ဖြစ်လာနိုင်တဲ့ လူတစ်ယောက်ကို ကြည်ကြည်ဖြူဖြူနဲ့ ကြိုဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံစကားပြောတဲ့လူ ဒီလောကမှာ မရှိနိုင်ပါဘူး။ အဲဒီလို လူ ရှိနေခဲ့တယ်ဆိုရင်လည်း အဲဒီလူဟာ ကြုံတွေ့လာနိုင်တဲ့ အန္တရာယ်ကို ဂရုမစိုက်၊ အရေးမထားတဲ့လူပဲ ဖြစ်ပါလိမ့်မယ်"

ဤတွင် ဝဏ္ဏဗလက ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"ဟုတ်ပါတယ်။ သီဟကျော်စွာ ပြောတာဟုတ်ပါတယ်။ ကေရီသာ လက်မခံဘူးဆိုရင် ကေရီဟာ ကျွန်တော့်ကို လက်ခံစကားပြောမှာ မဟုတ်ပါဘူး။ ကေရီက လက်ခံစကားပြောလို့သာ ကျွန်တော်ဟာ ကေရီနဲ့ တွေ့ဆုံစကားပြောခွင့်ရခဲ့တာပါ။ တကယ်လို့ ကေရီက လက်မခံခဲ့ရင် ကျွန်တော့်ကို နှောင့်ယှက်တယ်ဆိုပြီး လူကြီးတွေကို တိုင်မှာပါ။ အခု ဦးလေးတို့ကို ကေရီတိုင်ခဲ့လို့လား"

ဝဏ္ဏဗလပြောသည်မှာ သဘာဝကျနေလေတော့သည်။ ထို့ကြောင့် ဦးသက္ကက မေးလိုက်ပြန်သည်။

"ကဲ- ဝဏ္ဏဗလက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာပြောချင်လဲ"

ထို့ကြောင့် ဝဏ္ဏဗလက ပြန်ပြောလိုက်သည်။

"အခုလောလောဆယ်မှာတော့ ကေရီက ငြင်းဆိုနေတာ ဦးလေးတို့ မျက်မြင်ပါပဲ။ အဲဒါဟာ ဘာဖြစ်လို့လဲဆိုတော့ သီဟကျော်စွာလည်း ရှိနေတယ်၊ ဦးလေးတို့လည်း ရှိနေတယ်ဆိုတော့ သူရှက်ပြီး ပြောနေတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သူ့ကိုတစ်ယောက်တည်းခေါ်ပြီး လူကြီးတွေအနေနဲ့ မေးကြည့်စေချင်ပါတယ်။

ဒါပေမယ့် ကျွန်တော်ထင်ပါတယ်လေ၊ သူ့သိက္ခာသူဆယ်တဲ့အနေနဲ့ ငြင်းနေမှာပဲလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော့်ဘက်ကတော့ ဘာပဲပြောပြော၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ကေရီလက်ခံမယ်ဆိုရင် ကေရီကို လက်ထပ်နိုင်ပါတယ်"





"ဦးလေးတို့၊ ကျွန်တော့်မှာ ပြောစရာမရှိတဲ့အတွက် ကျွန်တော်ပြန်ပါရစေ"

ပြောပြောဆိုဆိုနှင့် သီဟကျော်စွာ ထိုင်ရာမှထလိုက်သည်။ ထို့ကြောင့် ကေရီက ထိတ်ထိတ်ပျာပျာနှင့် သီဟကျော်စွာကို ခေါ်လိုက်သည်။

"သီဟကျော်စွာ၊ သီဟကျော်စွာ"

သီဟကျော်စွာက ကေရီကို လှည့်ကြည့်လိုက်သည်။ ထို့နောက် ရင်နာစွာနဲ့ ပြောဆိုလိုက်သည်။

"ဒီမှာ ကေရီ၊ နင် လင်းနို့ဆိုတဲ့ သတ္တဝါလေးတွေကို မြင်ဖူးတယ် မဟုတ်လား။ မျက်နှာက ကြွက်မျက်နှာနဲ့ အတောင်နှစ်ဖက်ပါတဲ့ လင်းနို့တွေဟာ ကြွက်နဲ့တွေ့တော့ အကောင်ပြုပြီး ပေါင်းတယ်။ ငှက်နဲ့တွေ့တော့ အတောင်ပြုပြီး ပေါင်းကြတယ်။ ကြွက်လိုလို၊ ငှက်လိုလိုနဲ့ လှည့်စားတတ်တဲ့ သတ္တဝါတွေကို ငါမုန်းတယ် ကေရီ၊ ငါမုန်းတယ်"

သီဟကျော်စွာက ပြောဆိုရင်း လှည့်ထွက်သွားတော့သည်။ ထိုစဉ် ဝဏ္ဏဗလက ကေရီ၏အနီးသို့ ရောက်ရှိလာကာ ဖျောင်းဖျပြောဆိုလိုက်သည်။

"ငါလည်း စိတ်မကောင်းပါဘူး ကေရီ။ နင့်အတွက် ငါဘာလုပ်ပေးရမလဲ"

ဝဏ္ဏဗလက ပြောလာသဖြင့် ကေရီက ဝဏ္ဏဗလကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ ထို့နောက် ကေရီက ရုတ်တရက်-

"ဖြန်း"

"ဟာ"

"ဟဲ့- သမီး"

"ကေရီ"

ကေရီက ရုတ်တရက် ဝဏ္ဏဗလကို ပါးရိုက်လိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများက တအံ့တဩ ပြောဆိုလိုက်ကြသည်။ ဝဏ္ဏဗလလည်း ရှတ်တရက် ဧကရီကို ငေးကြည့်နေမိသည်။ ထိုစဉ် ဧကရီက မဲ့ပြုံးပြုံးကာ ဝဏ္ဏဗလကိုကြည့်ပြီး ပြောလိုက်သည်။

"ဝဏ္ဏဗလ"

ဧကရီက ခေါ်သော်လည်း ဝဏ္ဏဗလက ပြန်မထူး။ ထို့ကြောင့် ဧကရီက ဆက်လက်ပြောဆိုလိုက်သည်။

"နင် ငါ့ကို တကယ်ချစ်ရဲ့လား"

မမျှော်လင့်သောစကားကြောင့် ဝဏ္ဏဗလ အံ့ဩသွား၏။ ဝဏ္ဏဗလ ကိုယ့်နားကိုပင် ကိုယ်မယုံကြည်နိုင်လောက်အောင် ဧကရီကို ငေးကြည့်နေမိခဲ့သည်။ ဧကရီက ထပ်မံမေးလိုက်ပြန်သည်။

"ဝဏ္ဏဗလ၊ ငါမေးနေတယ်။ နင် ငါ့ကို တကယ်ချစ်ရဲ့လား"

ဝဏ္ဏဗလက ဝမ်းသာအားရ ပြောလိုက်သည်။

"ချစ်တာပေါ့ ဧကရီရယ်၊ တကယ်ချစ်တာပေါ့"

"နင် သေသေချာချာ စဉ်းစားပြီးမှပြောနော်"

"နင့်ကိုချစ်ဖို့အတွက် ငါ ဘာမှစဉ်းစားစရာမလိုဘူး"

"ဒါဖြင့် နင် ငါ့ကို တကယ်ချစ်တယ်ဆိုတော့ သေချာတယ်ပေါ့"

"သေချာပါတယ်ဟာ၊ နင့်ကိုငါ တကယ်ချစ်တာပေါ့"

"နင် ငါ့ကို အမှန်တကယ် ချစ်တယ်ဆိုရင် နင့်ရဲ့ယုတ်မာမှုတွေကို လူကြီးတွေရှေ့မှာ ဝန်ခံလိုက်ပါ"

"ဧကရီ. . . ဧကရီ၊ နေဦးလေ"

ဝဏ္ဏဗလက ပြေးခေါ်နေသော်လည်း ဧကရီက လှည့်မကြည့်။ သူပြောချင်ရာပြောပြီး ထွက်သွားတော့သည်။ ထို့ကြောင့် အခန်းထဲတွင် ဝဏ္ဏဗလနှင့်အတူ ဦးမင်္ဂလာ၊ ဦးမင်းဒင်နှင့် ဆေးဆရာကြီးဦးသက္ကတို့သာ ကျန်ရှိနေတော့သည်။ ဤတွင် ဦးမင်းဒင်က သူ့သားကို ပြောလိုက်သည်။





"ဒီမှာ ဝဏ္ဏဗလ၊ အဖေပြောတာကို မင်း သေသေချာချာ နားထောင်ပါ။ စဉ်းစားပါ။ ပြီးရင် ဆုံးဖြတ်ချက်ချပါ"

"အဖေ ဘာပြောမလို့လဲ"

"ဝဏ္ဏဗလရဲ့အဖေ ဦးမင်းဒင်ဟာ လူလိမ်လူကောက်တစ်ယောက်လား"

"ဘာဖြစ်လို့လဲ အဖေ"

"အဖေမေးတာကိုသာဖြေပါ။ မင်းရဲ့အဖေဟာ စွန်ပဒေသမှာ လိမ်ညာစားနေတဲ့ လူလိမ်တစ်ယောက်လား"

"မဟုတ်ပါဘူး အဖေ"

"ဒါဆိုရင် ဝဏ္ဏဗလရဲ့အဖေ ဦးမင်းဒင်ဟာ လူလိမ်မဟုတ်ဘူးကွဆိုပြီး မင်း 'လက်မ' ထောင်နိုင်တာပေါ့"

"ဟုတ်ပါတယ် အဖေ"

"ဝဏ္ဏဗလရဲ့အဖေဟာ အရက်သမား၊ ဖဲသမားတစ်ယောက်လား"

"မဟုတ်ပါဘူး အဖေ"

"ဒါဆိုရင် မင်းအနေနဲ့ ငါ့အဖေဟာ အရက်သမား၊ ဖဲသမား မဟုတ်ဘူးဆိုပြီး 'လက်မ' မထောင်နိုင်ဘူးလား"

"လက်မထောင်နိုင်ပါတယ်"

"ကောင်းပြီ၊ မင်းအဖေဟာ သူများသားမယား၊ သားသမီးတွေကို လိုက်ဖျက်ဆီးနေတဲ့ လူယုတ်မာတစ်ယောက်လား"

"မဟုတ်ပါဘူး အဖေ"

"ဒါဆိုရင် ငါ့အဖေဟာ လူယုတ်မာတစ်ယောက် မဟုတ်ဘူးကွဆိုပြီး လူပုံအလယ်မှာ မင်း 'လက်မ'ထောင်ပြောနိုင်မှာပေါ့"

"ဟုတ်ကဲ့"

"ဒါဆိုရင် အဖေနဲ့ပတ်သက်ပြီး မင်းဟာ လူပုံအလယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲငုံ့ လက်မထောင် ဂုဏ်ယူဝင့်ကြွားရဲရဲ့လား"

"ဘာဖြစ်လို့ ဂုဏ်မယူရဲရမှာလဲ အဖေ။ ဝဏ္ဏဗလရဲ့အဖေ အတွက် ဝဏ္ဏဗလမှာ လက်မထောင် ဂုဏ်ယူဝင့်ကြွားစရာ တွေ ရှိနေတာပဲဟာ"

"အေး- အဖေ့အတွက် သားဟာ လူပုံအလယ်မှာ ဂုဏ်ယူ ဝင့်ကြွားရဲသလို အဖေလည်း သားအတွက် လူပုံအလယ်မှာ ဂုဏ်ယူဝင့်ကြွားချင်တယ် သားရယ်။ အဖေ့အတွက် သား လက်မထောင်နိုင်သလို သားအတွက်လည်း အဖေ လက်မ ထောင် ဝင့်ကြွားချင်တယ်-သား။ ဒီတော့ မင်း စဉ်းစားပါ။ ပြီးရင် ဆုံးဖြတ်ပါ။ လူပုံအလယ်မှာ အဖေလက်မထောင်နိုင် အောင် မင်းဘာလုပ်မလဲ"

ဦးမင်းဒင်၏ သားသမီးကို ဆုံးမနေမှုမှာ ပညာသားပါလွန်း လှသဖြင့် ဝဏ္ဏဗလ ဘာတစ်ခွန်းမှပင် ပြန်မပြောနိုင်တော့ပေ။

ထို့နောက် ဝဏ္ဏဗလကို ပြန်လွှတ်လိုက်ပြီး ဦးမင်းဒင်၊ ဦးမင်္ဂလာနှင့် ဦးသက္ကတို့မှာ ဧကရီ၊ ဝဏ္ဏဗလနှင့် သီဟကျော်စွာ တို့၏ သုံးပွင့်ဆိုင်ရှင်းတမ်းနှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ်နေခဲ့ ကြလေတော့သည်။

✿ ✿ ✿



## (၁၀)
## အရှုံးသမား၏အောင်ပွဲ

ဦးမင်းဒင်သည် သားဖြစ်သူ ဝဏ္ဏဗလကို ပြောဆိုဆုံးမခဲ့ သည်မှာ ထိရောက်မှုရှိသည်ဟု ဆိုရမည်ဖြစ်သကဲ့သို့ ဧကရီပြောဆို ခဲ့သော 'ငါ့ကို တကယ်ချစ်ခဲ့ရင် နင့်ယုတ်မာမှုတွေကို လူကြီးတွေ ရှေ့မှာ ဝန်ခံလိုက်ပါ' ဟူသော စကားလုံးများကလည်း ဝဏ္ဏဗလ၏ ရင်ကို လှုပ်ခါသွားစေခဲ့လေတော့သည်။

ထိုသို့ သုံးပွင့်ဆိုင်တွေ့ဆုံပြီးချိန်မှစ၍ ဝဏ္ဏဗလသည် စိတ် ဆုံးဖြတ်၍ မရနိုင်အောင် ဖြစ်နေခဲ့တော့သည်။ သူသည် ဧကရီကို အမှန်တကယ် မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေခဲ့ခြင်း ဖြစ်သည်။ ယခု သီဟကျော်စွာကလည်း အထင်လွဲနေခဲ့ပြီ ဖြစ်သည်။ မိမိ၏ အကွက်ဆင်လုပ်ကြံမှုကိုလည်း စွန်ပသူ၊ စွန်ပသားများက ယုန်ထင် ကြောင်ထင် ဖြစ်နေခဲ့ကြပြီ။

ဤအတိုင်းဆိုလျှင် သီဟကျော်စွာသည် ဧကရီကို စွန့်လွှတ် ပေလိမ့်မည်။ ဧကရီ့ထံတွင် သီဟကျော်စွာမရှိတော့လျှင် တစ်နေ့ နေ့တစ်ချိန်ချိန်တွင် မိမိနှင့်သာ အကြောင်းဆက် ပေါင်းဖက်ရမည် ဖြစ်သည်။ ဤကာလအတွင်းတွင် သီဟကျော်စွာ၏အမုန်းစိတ်များ ဧကရီ့အပေါ်တွင် ပိုမိုပြင်းထန်လာစေရန် ဖန်တီးနိုင်သော အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးများလည်း ထပ်မံရရှိလာနိုင်သေးသည်။

'. . . နင် ငါ့ကို တကယ်ချစ်တယ်ဆိုရင် နင့်ရဲ့ ယုတ်မာမှု
တွေကို လူကြီးတွေရှေ့မှာ ဝန်ခံလိုက်ပါ. . .'

ဧကရီ၏စကားများ နားထဲတွင် ပဲ့တင်ထပ်နေလေတော့သည်။ ဝဏ္ဏဗလက ဧကရီကို အမှန်တကယ် ချစ်တာပါ။ ဒါပေမယ့် ဧကရီက ဝဏ္ဏဗလကို ပြန်မချစ်။ ဒါကြောင့် သူ ဧကရီ၏အချစ်ကို ပိုင်ဆိုင်ခွင့်ရရန် ကြိုးစားခဲ့ခြင်းသာ ဖြစ်သည်။ ဤသည်ကို ယုတ်မာသည်ဆိုက ဆိုကြပါစေတော့။ ဝဏ္ဏဗလ ခံနိုင်ရည်ရှိပါသည်။ အချစ်နှင့်ပတ်သက်လာခဲ့လျှင် ဝဏ္ဏဗလအတွက် သတ္တိရှိပြီးသားပင် ဖြစ်သည်။ ဘာကိုမှဂရုမစိုက်။ သို့သော် ဤမျှအထိ ဧကရီကို သူချစ်နေခဲ့သည်ကို ဧကရီက အသိအမှတ်မပြု၊ ယုတ်မာသည်ဟုပင် စွပ်စွဲပြောဆိုနေခဲ့ပြန်ပါသည်။

ဤသို့ဆိုလျှင် သူ့အချစ်၊ သူ့မေတ္တာကို သက်သေပြရန် လိုအပ်လာခဲ့ပြီ ဖြစ်သည်။ သူ့မေတ္တာအတွက် သက်သေပြနိုင်ခဲ့လျှင် သူ့အချစ်ကို ဧကရီ အသိအမှတ် ပြုလာနိုင်သည်။ ဤတွင် 'နင် ငါ့ကို တကယ်ချစ်တယ်ဆိုရင် နင့်ရဲ့ယုတ်မာမှုတွေကို လူကြီးတွေရှေ့မှာ ဝန်ခံလိုက်' ဟူသော စကားက နားထဲတွင် ပဲ့တင်ထပ်ကြားလာခဲ့ပြန်သည်။

ဟုတ်ပြီ။ ဝဏ္ဏဗလ သိလိုက်ပါပြီ။

လူကြီးတွေရှေ့တွင် ဝန်ခံပြောဆိုခဲ့လျှင် သူ ဧကရီကို အမှန်တကယ်ချစ်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်မည်။ သို့သော် သူတို့ကို သက်သေပြခဲ့လျှင် သူနှင့်ဧကရီတို့ တစ်သက်တာ ဝေးရပေတော့မည် ဖြစ်သည်။

ဤတွင် -

'. . . အဖေ့အတွက် သား လက်မထောင် ဂုဏ်ယူဝင့်ကြွားနိုင်သလို သားနဲ့ပတ်သက်ပြီး အဖေလည်း ဂုဏ်ယူဝင့်ကြွား



လက်မထောင်ချင်တယ်. . .'

ဆိုသော အဖေ့စကားကို ကြားယောင်လာခဲ့ပြန်တော့သည်။

သူသည် လူကြီးတွေရှေ့တွင် အမှန်တရားကို ဖွင့်ဟဝန်ခံခဲ့လျှင် ဦးမင်းဒင်၏ ဆုံးမသွန်သင်မှုကြောင့် ဝဏ္ဏဗလ အမြင်မှန်ရသွားခဲ့သည်။ ဝန်ခံခဲ့သည်။ ဦးမင်းဒင်သည် ဖြောင့်မတ်မှန်ကန်သော ရှာသူကြီးတစ်ယောက် ဖြစ်ပေသည်ဟု ဝိုင်းကာ ချီးကျူးဂုဏ်ပြုကြပေတော့မည်။ သားအတွက် အဖေဂုဏ်တက်ရပေတော့မည်။ အဖေ ဂုဏ်တက် လက်မထောင်နိုင်ရုံမျှမက ဧကရီကလည်း ဝဏ္ဏဗလ သူ့ကို အမှန်တကယ် ချစ်နေကြောင်း လက်ခံယုံကြည်သွားပေလိမ့်မည်။

ဤသို့ဆိုလျှင် ဝဏ္ဏဗလ ဆုံးဖြတ်ရပေတော့မည်။ အဖေ့အတွက်၊ အချစ်အတွက် ဝဏ္ဏဗလ ဆုံးဖြတ်ချက်ချရတော့မည် ဖြစ်သည်။ ထိုဆုံးဖြတ်ချက်သည် လူကြီးတွေရှေ့တွင် ဝန်ခံပြောဆိုရန်ပင် ဖြစ်သည်။ ဤသို့ဆိုလျှင် သူသည် အရှုံးသမားတစ်ယောက်သာလျှင် ဖြစ်ပေတော့သည်။ အရှုံးသမားဖြစ်လျှင်လည်း ဖြစ်စေတော့။ အဖေ့အတွက်၊ အချစ်အတွက် ဝဏ္ဏဗလ အရှုံးသမားတစ်ယောက် ဖြစ်လျှင်လည်း ဖြစ်ပါစေတော့၊ ကျေနပ်ပါသည်။ ဝဏ္ဏဗလ ထိုအရှုံးအတွက် ကျေနပ်ပါသည်။ ထိုအရှုံးကိုပင် သူ့အတွက် အောင်မြင်မှုတစ်ခု ဟူ၍ သူယူဆသည်။

သူ့အချစ်ကို ဧကရီ အသိအမှတ်ပြုလာပေမည်။ သူ့အတွက် သူ့အဖေ ဂုဏ်ယူဝင့်ကြွားနိုင်ပေတော့မည်။ ဤသည်ပင်လျှင် သူ့အတွက် အောင်ပွဲတစ်ခုပင် ဖြစ်သည်။

ထို့အတွက် အမှန်တရားကို ဝန်ချတောင်းပန်ပြောဆိုခြင်းသည် သူ့အတွက် အောင်ပွဲ။

ဝဏ္ဏဗလအတွက် အောင်ပွဲ။

အရှုံးသမားတစ်ယောက်၏အောင်ပွဲဟု ဆိုရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝဏ္ဏဗလသည် လူကြီးများရှေ့တွင် ဝန်ချတောင်းပန် ခဲ့လေတော့သည်။

✿ ✿ ✿

## (၁၁)
## အရှုံးထဲက အမြတ်

ဝဏ္ဏဗလက အမှန်တရားကို ထုတ်ဖော်ဝန်ခံခဲ့သဖြင့် စွန်ပ၏လူကြီးများမှာ ဝမ်းသာသွားခဲ့ကြတော့သည်။ ဝဏ္ဏဗလ၏ အမှန်တရားကြောင့် ဝဏ္ဏဗလအတွက် ခံစားနားလည်ပေးသူများပင် ရှိလာခဲ့သည်။

"ကိုယ့်ချစ်တဲ့သူကို ကိုယ်ပိုင်ဆိုင်ရဖို့အတွက်တော့ သူသူကိုယ်ကိုယ် ပြောကြဆိုကြ လုပ်ကြမှာပဲ။ ဒါကြောင့် ဝဏ္ဏဗလဘက်က ကြည့်ရင်တော့လည်း မှန်တာပဲ"

"ဇကေရီက စကားလေးတစ်ခွန်း ပြောလိုက်တာနဲ့ ဝန်ခံတောင်းပန်ခဲ့တာဟာ ဝဏ္ဏဗလက ဇကေရီကို အမှန်တကယ်ချစ်တယ်ဆိုတာ ထင်ရှားနေတာပဲ"

"သူ့သိက္ခာကိုတောင်မှ သူ မငဲ့ပဲ ဝန်ချတောင်းပန်ခဲ့တယ်ဆိုတော့ ဝဏ္ဏဗလဟာ ဇကေရီအတွက်ဆို အသက်ကိုတောင် ပေးချင်ပေးရဲမှာ"

"အဖေ့အတွက်၊ အချစ်အတွက် အခုလို လုပ်ရဲတာကိုတော့ ငါတို့ ချီးကျူးတယ်"

ဤသို့ဤပုံ ပြောဆိုမှုများပင် ဖြစ်လာခဲ့သဖြင့် ဝဏ္ဏဗလ

www.burmeseclassic.com

www.burmeseclassic.com



အတွက် အနှုန်းထဲက အမြတ်ထွက်လာခဲ့ရသည်ဟုပင် ဆိုရမည် ဖြစ်သည်။ ထို့ကြောင့် ဦးမင်းဒင်ကလည်း သားဖြစ်သူကို ဂုဏ်ပြုပြောဆိုခဲ့သည်။

"အမှားကိုအမှားလို့ ဝန်ခံရဲတာဟာ ယောကျ်ားကောင်းတို့ရဲ့ အရည်အသွေးတစ်ခုပဲကွ။ လူတွေဟာ အမှားကိုလုပ်မိခဲ့ကြပေမယ့်လည်း မှားတယ်လို့ ဝန်ခံရဲတဲ့သူဟာ မရှိသလောက်ကိုရှားတယ်။ ရှားပါးရင် တန်ဖိုးမြင့်တက်လာလေ့ရှိတယ်။ ဒါကြောင့် ငါ့သားဟာ တန်ဖိုးရှိတဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်လာပြီ။ အဖေ သားအတွက် ဂုဏ်ယူတယ်၊ ဝမ်းသာတယ်"

ဦးမင်းဒင်သည် သားအတွက် ဂုဏ်ယူဝင့်ကြွားနိုင်ပြီ ဖြစ်သော်လည်း ဝဏ္ဏဗလအား ကုလားထိပ်ရွာသို့ ပြောင်းရွှေ့၍ သုံးနှစ်တိတိနေထိုင်ရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။

"ပြစ်မှုတစ်ခုကို ကျူးလွန်မိခဲ့သူဟာ အဲဒီ ပြစ်မှုနဲ့ညီတဲ့ အပြစ်ဒဏ်ကို ခံစားရတယ်။ ဒါမှသာ အဲဒီပြစ်မှုအတွက် ပေးဆပ်ကျေပွန်နိုင်မယ်။ ဒါကြောင့် ငါ့သား လုပ်ခဲ့တဲ့ ပြစ်မှုအတွက် ပြစ်ဒဏ်အဖြစ် ကုလားထိပ်ရွာမှာ သုံးနှစ်သွားနေရမယ်"

ဦးမင်းဒင်က ထိုသို့ စီစဉ်ဆောင်ရွက်လိုက်ခြင်းမှာ ဟံသာဝတီအနွယ်တော်နှင့် ကျုံတုံးအနွယ်တော်များအတွက် အရေးကြီးသော သီဟကျော်စွာနှင့် ဧကရီတို့၏ လက်ထပ်မင်္ဂလာပွဲအတွက် ထပ်မံအနှောင့်အယှက် ဖြစ်လာမည်ကို စိုးရိမ်မိသဖြင့် စီစဉ်ဆောင်ရွက်လိုက်ခြင်း ဖြစ်သည်။ ဤသည်ကိုလည်း ဝဏ္ဏဗလက နားလည်သဘောပေါက်ခဲ့သည်။ ထို့ကြောင့် ချစ်သူနှင့် ဖခင် စိတ်ချမ်းသာရေးအတွက် ကုလားထိပ်ရွာသို့ ကြည်ကြည်ဖြူဖြူ ထွက်ခွာသွားခဲ့သည်။





ထို့ကြောင့် စွန်ပ ရွာသူ၊ ရွာသားများသည် ဦးမင်းဒင်၏ လုပ်ဆောင်မှုများနှင့် ဝဏ္ဏဗလ၏ ဖခင်အတွက်၊ အချစ်အတွက် စွန့်လွှတ်အနစ်နာခံမှုများကို ချီးကျူးပြောဆိုနေကြလေတော့သည်။ ဤသည်မှာပင် ဦးမင်းဒင်နှင့် ဝဏ္ဏဗလတို့အတွက် အရှုံးထဲမှအမြတ်တစ်ခုပင် ဖြစ်လေတော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)
## ကျုထိုက်လို့ ကျုတဲ့မျက်ရည်

ကိစ္စအားလုံး ပြေလည်သွားခဲ့ပြီ ဖြစ်သည်။ စွန်ပတစ်ရွာလုံး ဝမ်းသာပျော်ရွှင်သွားခဲ့ကြသည်။ လူကြီးများသည် ဧကရီနှင့် သီဟကျော်စွာတို့၏ စေ့စပ်ပွဲအတွက် စီစဉ်ဆောင်ရွက်ကြတော့သည်။ စေ့စပ်ပွဲပြီးလျှင် သီဟကျော်စွာသည် ဦးမင်္ဂလာ၏ စံအိမ်တော်ကြီးတွင် လာရောက်နေထိုင်ရမည်ဖြစ်၏။ မကြာမီ လက်ထပ်မင်္ဂလာပွဲကျင်းပပြုလုပ်ကြရမည် ဖြစ်သည်။ ဤသည်မှာ စွန်ပကျေးရွာ၏ ဓလေ့ထုံးစံတစ်ခုပင် ဖြစ်သည်။

ထို့ကြောင့် ဧကရီမှာ အလွန်အမင်း ဝမ်းသာနေလေတော့သည်။ ဧကရီက အလွန်အမင်း ဝမ်းသာနေသော်လည်း သီဟကျော်စွာကမူ အေးတိအေးစက်ပင်။ ဝမ်းသာသည့် အရိပ်အယောင်ပင်မရှိ။ ဧကရီကမူ သီဟကျော်စွာ ရွှေစိတ်တော်မပြေသေးသောကြောင့်ဟု တွေးထင်ကာ အမျိုးမျိုး ချော့မော့ပြောဆိုနေခဲ့သည်။

ဤသို့ဖြင့် စေ့စပ်ပွဲပြီးသွားခဲ့ပြီ ဖြစ်သည်။ သီဟကျော်စွာလည်း ဦးမင်းဒင်၏စံအိမ်တော်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ဧကရီမှာ ချစ်ရသူနှင့်အတူနေရတော့မည် ဖြစ်သဖြင့် အပျော်ကြီးပျော်နေလေတော့သည်။ သီဟကျော်စွာကမူ မေးမှထူး၊ ခေါ်မှပြော





စိတ်မပါသလိုလုပ်နေဆဲ။ ဧကရီကလည်း ချော့မော့ပြောပြနေဆဲပင် ဖြစ်သည်။ ထို့ကြောင့် တစ်နေ့တွင် သီဟကျော်စွာ ပင်လယ်ငါးဖမ်းမထွက်မီ ဧကရီက မေးလိုက်သည်။

"သီဟကျော်စွာ၊ နင် ငါ့ကို အခုထိ ရွှေစိတ်တော်အလိုမကျဖြစ်နေတုန်းပဲလားဟင်"

သီဟကျော်စွာက ဧကရီကို ကြည့်လိုက်သည်။ ထို့နောက် သီဟကျော်စွာက ပြောလိုက်သည်။

"ငါက ဘယ်သူ့ကို အမျက်တော်ထားနေလို့လဲ"

"နင် အခုထိ ငါ့ကို အမျက်တော်မပြေသေးတာ ငါသိပါတယ်ဟယ်"

"ထင်လို့ဖြစ်မှာပါ"

"အထင်နဲ့ ပြောနေတာ မဟုတ်ဘူး သီဟကျော်စွာ။ ငါဟာ နင့်မျက်နှာကို ပန်းလိုလန်းနေတာကိုပဲ မြင်ချင်သူပါဟာ။ နင့်မျက်နှာညှိုးနေရင် ငါငိုချင်လာတယ်။ တကယ်ပြောတာပါဟာ၊ နင် ငါ့ကို အရင်လိုချစ်သေးရဲ့လားဟင်"

"နင်က အရင်လိုပဲဆိုရင်တော့ ငါကလည်း အရင်အတိုင်းပဲချစ်နေမှာပဲလို့ ထင်တယ်"

"ငါက အရင်လို မဟုတ်လို့လား"

"အဲဒီမေးခွန်းက ငါ့ကို လာမေးရမယ့်မေးခွန်း မဟုတ်ဘူး။ နင့်ကိုယ်နင် ပြန်မေးရမယ့်မေးခွန်းပါ"

"နင် ငါ့ကို အခုထိ မယုံသေးဘူးလား"

"မယုံဘူး၊ ယုံတယ်ဆိုတာ မြင်နေ၊ တွေ့နေ၊ ကြားနေရတဲ့အပေါ်မှာ မူတည်တယ်"

"နင်က ဘာတွေ မြင်နေ၊ တွေ့နေ၊ ကြားနေရလို့လဲ"

"နင်နဲ့ ဝဏ္ဏဗလ ကမ်းခြေမှာ မေးတို့လိုက်၊ ထိပ်ပုတ်လိုက်နဲ့ ကျီစယ်နေကြတဲ့မြင်ကွင်းကို ငါ့မျက်စိထဲမှာ အခုထိ မျောက်



www.burmeseclassic.com

www.burmeseclassic.com



လို့မရသေးဘူး"

"ဒီကိစ္စနဲ့ပတ်သက်လို့ ဝဏ္ဏဗလလည်း ဝန်ခံပြောဆိုခဲ့ပြီးပြီ။ ငါလည်း အကြိမ်ကြိမ် ရှင်းပြခဲ့ပြီးပြီပဲ"

"အဲဒီအချိန်က ဝဏ္ဏဗလနဲ့ နင် ကမ်းခြေမှာ အတူရှိနေကြတာ ငါတွေ့များသွားခဲ့ရင် ငါ ဘယ်လိုခံစားရမယ်ဆိုတာ နင် မတွေးမိဘူးလား"

"တွေးမိလို့လည်း ငါ သူ့ကို ပြောဆိုနေခဲ့တာပေါ့"

"ဒါက နင်ပြောတဲ့စကားပဲပေါ့"

"ငါ တကယ်ပြောတာ"

"ငါက ဘယ်လိုယုံရမှာလဲ"

"ဝဏ္ဏဗလကိုယ်တိုင် ဝန်ခံပြောဆိုခဲ့ပြီးပြီပဲ"

"ဝဏ္ဏဗလက နောက်ကွယ်မှာ ငါ့ကို ပြက်ရယ်ပြုနေမှာ ငါ မခံစားနိုင်ဘူး ဧကရီ"

"နင် ယုံကြည်အောင် ငါဘယ်လို သက်သေပြရမှာလဲ"

"ဒီမှာ ဧကရီ၊ အချစ်ဆိုတာ တို့ငယ်ငယ်တုန်းက ဘုန်းတော်ကြီးကျောင်းမှာ စာသင်ခဲ့သလို ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံလေးနဲ့ ရေးလိုက်၊ မကြိုက်ရင် ပြန်ဖျက်လိုက်၊ အသစ်ပြန်ရေးလိုက်၊ အဲသလို လုပ်လို့မရဘူး။ ပေရွက်ပေါ်မှာ ကညစ်နဲ့ရေးသလိုပဲ ရေးပြီးရင်ပြန်မဖျက်ရဘူး။ ပြန်ဖျက်ရင်လည်း မကောင်းနိုင်တော့ဘူး"

"နင်က ဘာကိုဆိုလိုတာလဲ"

"အချစ်ကို ဟင်းအိုး အပေါ့အငန်မြည်းသလို မြည်းစမ်းကြည့်တာဟာ အချစ်စစ်၊ အချစ်မှန် မဖြစ်နိုင်ဘူး ဧကရီ"

"နင်လက်ခံလာအောင် ငါဘယ်လို သက်သေပြရမှာလဲ သီဟကျော်စွာရယ်. . ."

ဧကရီက ညည်းညူပြောလိုက်၏။ ထို့ကြောင့် သီဟကျော်စွာက ပြောလိုက်သည်။





"တဲပါဟာ နင်နဲ့ငါနဲ့လည်း မကြာခင် လက်ထပ်ကြရတော့မှာပဲ၊ ပြောမနေပါနဲ့တော့။ ငါ ပင်လယ်ထွက်ရတော့မယ်၊ သွားမယ်"

ပြောပြောဆိုဆိုနှင့် သီဟကျော်စွာ ဧကရီအပါးမှ ထွက်ခွာသွားခဲ့သည်။ ဧကရီမှာ သီဟကျော်စွာ၏ကျောပြင်ကို ကြည့်ရင်း မျက်ရည်များကျဆင်းလာခဲ့သည်။

ကျထိုက်လို့ကျသည့်မျက်ရည်. . . ရှိပါစေတော့လေ။

ဧကရီကိုယ်တိုင်ကလည်း အမှားတစ်ခုကို ကျူးလွန်မိခဲ့တာကိုး။ တကယ်တော့ ဧကရီ့အနေနှင့် ဝဏ္ဏဗလကို လက်ခံစကားပြောရန် အကြောင်းမရှိ။ ဝဏ္ဏဗလမှာ ဧကရီနှင့် ဇာတ်လမ်းဖန်တီးရန် ကြိုးစားနေခဲ့သည်ကို ဧကရီသာမက အားလုံးပင် သိရှိနေခဲ့ကြသည်။ ထို့ကြောင့် ဧကရီသည် ဝဏ္ဏဗလကို ရှောင်တိမ်းနေရမည်သာ ဖြစ်သည်။ သူ ဒီလမ်းကလာလျှင် ကိုယ်ဟိုလမ်းကသွားရမည်။ သူက အတင်းဆွဲခေါ်လျှင် ကိုယ်က ရုန်းကန်ထွက်ရမည်သာ ဖြစ်သည်။ သူ သောင်စပ်ကိုလာခဲ့သည်နှင့် ကိုယ်က ကမ်းပေါ်ကို ပြန်တက်သွားခဲ့ရမည် ဖြစ်သည်။ သူ့ကိုနှင်၍မရလျှင် ကိုယ်က ရှောင်ရမည် ဖြစ်သည်။

ယခုမူ ဧကရီက ထိုသို့မဟုတ်။ ဝဏ္ဏဗလကို လက်ခံစကားပြောနေမိခဲ့သည်။ ဝဏ္ဏဗလနှင့် ပတ်သက်လာခဲ့လျှင် ဧကရီအတွက် မည်ကဲ့သို့ ဆင်ခြေပေးသည်ဖြစ်စေ၊ သီဟကျော်စွာက လက်ခံယုံကြည်လိမ့်မည် မဟုတ်။ ဤသည်ကို သိလျက်နှင့်ပင် ဧကရီက ဝဏ္ဏဗလကို လက်ခံစကားပြောနေမိခဲ့သည်။

ဤသည်မှာ ဧကရီ၏ မဟာအမှားတစ်ခုပင် ဖြစ်ပါသည်။ ထိုအမှားအတွက် ယခု ဧကရီ မျက်ရည်ကျနေရပြီ ဖြစ်သည်။ ကျလည်းကျထိုက်ပါပေသည်။ ကျပါစေ၊ ကျထိုက်လို့ကျတဲ့မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကျစမ်းပါစေ။ ဧကာရီ မည်သို့ပင် ငိုရှိုက်နေစေကာမူ သီဟကျော်စွာက နောက်သို့လှည့်၍ပင်မကြည့်တော့ဘဲ ကမ်းခြေသို့သာ ခပ်သုတ်သုတ်သွားနေလေတော့သည်။

✿ ✿ ✿



## (၁၃)
## ဆုတောင်းများမှားခဲ့လေသလား

သီဟကျော်စွာတို့ ပင်လယ်မှပြန်ရောက်လာခဲ့ကြပြီ ဖြစ်သည်။ ပင်လယ်ရေလုပ်သားတစ်ယောက်က သီဟကျော်စွာကို မ်း၍ ခေါ်လာခဲ့သည်။

"သီဟကျော်စွာ ပင်လယ်ထဲမှာ ရေနစ်လို့၊ ကံကောင်းလို့ မသေတာ"

ပင်လယ်ရေလုပ်သားတစ်ယောက်က ပြောဆိုလိုက်သဖြင့် တင်းမေးစုံစမ်းသူများ ဝိုင်းအုံလာကြတော့သည်။ သီဟကျော်စွာ စံအိမ်တော်သို့ ထမ်းပိုးခေါ်ဆောင်လာခဲ့ကြသည်။ ဆေးဆရာ ဦးသက္ကကို အလျင်အမြန် သွားရောက်ခေါ်ဆောင်ကာ ကုသ ကြသည်။ ထိုစဉ် ရေလုပ်သားကြီး ဦးဒီပက ရှင်းလင်းပြောပြ တ်သည်။

"ဒီကနေ့ ပင်လယ်ပြင်မှာ လှိုင်းနည်းနည်း ထန်နေတယ်။ ဒါကြောင့် ရေလုပ်သားတွေကို သတိပေးနေရတယ်။ သီဟကျော်စွာဟာ လှေပေါ်မှာ ပိုက်ချဖို့ မတ်တတ်ရပ်လိုက်တယ်။ အဲဒီအချိန်မှာ လှိုင်းလုံးကြီးတစ်လုံး လိမ့်တက်လာတာမြင်လို့ ရေလုပ်သားတွေက တစ်ယောက်ကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် သတိပေးနေကြရတယ်။ လှိုင်းလုံးကြီးကြောင့် တံ
လှေတွေ လူးလိမ့်ခါယမ်းသွားခဲ့တယ်။ အဲဒီအချိန်မှာ လှေ
ပေါ်မှာ မတ်တတ်ရပ်နေတဲ့ သီဟကျော်စွာဟာ လှိုင်းလုံး
ကြီးရဲ့ရိုက်ပုတ်မှုကြောင့် လဲကျသွားပြီး လှေနံရံပေါ်
တစ်ဆင့် ရေထဲကိုကျသွားခဲ့တယ်။ သီဟကျော်စွာဟာ
ကူးကျွမ်းကျင်သူ တစ်ယောက်ပါ။ ဒါပေမယ့် ရေထဲမှာ
လိုက်ပေါ်လိုက်ဖြစ်နေတာကြောင့် ကျုပ်တို့လည်း စိုးရိမ်
ဆယ်ယူခဲ့ရတယ်။ လှေပေါ်ရောက်တော့ သတိမေ့နေတယ်

"လှေနံရံနဲ့ခေါင်းရိုက်မိပြီး မူးမေ့သွားတာ ဖြစ်နိုင်တယ်

ဦးမင်္ဂလာက ပြောဆိုလိုက်သဖြင့် ရေလုပ်သားကြီး ဦးဒီပ
ထောက်ခံပြောဆိုလိုက်သည်။

"ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ခေါင်းမှာ ဒဏ်ရာတော့ မတွေ့
ဘူး"

သီဟကျော်စွာကို ပြုစုကုသပေးခဲ့ကြရာ နောက်တစ်
မနက်တွင် ပြန်လည်သတိရလာတော့သည်။ သီဟကျော်စွာ
လည် သတိရလာပြီဖြစ်သဖြင့် ဧကရီက အားရဝမ်းသာ
ဆိုလိုက်သည်။

"ဟာ- သီဟကျော်စွာ သတိရလာပြီ။ သီဟကျော်စွာ၊
သက်သာတယ်နော်။ ဝမ်းသာလိုက်တာဟယ်"

ထို့ကြောင့် သီဟကျော်စွာအနီးသို့ ဝိုင်းအုံလာခဲ့ကြ
သည်။ သီဟကျော်စွာသည် သတိရလာသည်နှင့် အိပ်ရာမှ
ပြတဲ' ထထိုင်လိုက်သည်။ ထို့ကြောင့် ဦးသက္ကက သတိပေးပြော
လိုက်သည်။

"သီဟကျော်စွာ၊ သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်နဲ့။ ခေါ
မူးနေလိမ့်မယ်"

သီဟကျော်စွာသည် သူ့ကို ဝိုင်းအုံကြည့်နေသူများအာ



ကြောင်တောင်တောင် ငေးကြည့်နေခဲ့သည်။ ထို့ကြောင့် ဧကရီက
မေးလိုက်သည်။

"သီဟကျော်စွာ၊ သက်သာတယ်နော်။ ဘာကြောင်တောင်
တောင် ကြည့်နေတာလဲ။ ဧကရီလေ"

ထို့ကြောင့် သီဟကျော်စွာက မေးလိုက်သည်။

"သီဟကျော်စွာဆိုတာ ကျွန်တော့်ကိုခေါ်တာလား"

"ဟောတော့"

သီဟကျော်စွာ၏စကားကြောင့် ဧကရီက 'ဟောတော့' ဟု
အံ့တသြ ရေရွတ်လိုက်မိတော့သည်။ ထိုစဉ် သီဟကျော်စွာက
မေးလိုက်သည်။

"ကျွန်တော်က ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒီကို ဘယ်လိုလုပ်
ရောက်နေတာလဲ"

သီဟကျော်စွာ၏ အခြေအနေကိုကား ဆရာကြီးဦးသက္က
သဘောပေါက်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ဦးသက္ကက ဖြစ်ကြောင်း
နှံစင်ကို ရှင်းလင်းပြောဆိုလိုက်သည်။ ထို့ကြောင့် သီဟကျော်စွာ
အံ့သြစွာ ပြန်လည်မေးမြန်းလိုက်သည်။

"ဟင်- ဒါ. . . ဒါဆို သူနဲ့ကျွန်တော်က. . ."

သီဟကျော်စွာက ဧကရီကို လက်ညှိုးထိုးကာ စကားကိုဆုံး
အောင်ပင်မပြောနိုင်။ ထို့ကြောင့် ဧကရီက-

"ဟုတ်တယ်လေ။ သီဟကျော်စွာနဲ့ ဧကရီက မကြာခင်
လက်ထပ်ကြရတော့မှာ။ စေ့စပ်ပွဲတောင် ပြီးသွားခဲ့ပြီလေ"

"ဟာ- မဖြစ်နိုင်တာပဲဗျာ"

သီဟကျော်စွာက ထိတ်လန့်စွာ ငြင်းဆိုလိုက်သဖြင့် ဦးမင်း
က မေးမြန်းလိုက်သည်။

"ဘာဖြစ်လို့လဲကွယ့်"

"အဲဒါတော့ ကျွန်တော်မသိဘူး။ ကျွန်တော့်ကိုယ် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်းမသိဘူး။ ကျွန်တော် ဘာဖြစ်နေတယ်ဆိုတာလဲ မသိဘူး။ ကျွန်တော် ဘာမှမသိဘူးဗျာ"

ထို့ကြောင့် ဆေးဆရာကြီးဦးသက္ကက ရှင်းပြလိုက်သည်။

"သူ့ကို သိပ်ပြီး အမေးအမြန်း မလုပ်ကြပါနဲ့။ အခုအချိန်မှာ သူ သိပ်ပြီး အားနည်းနေတယ်။ ဒါကြောင့် စိတ်အနှောင့်အယှက်ဖြစ်စေမယ့်စကားတွေ မပြောကြပါနဲ့။ အခုအချိန်မှာတော့ သူဟာ ဘာကိုမှ သတိရနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဦးမင်္ဂလာက မေးလိုက်သဖြင့် ဦးသက္ကက ပြန်လည်ပြောဆိုလိုက်သည်။

"သူ သည်းခြေပျက်နေပြီ"

"ရှင်"

ဦးသက္က၏စကားကြောင့် ဧကရီ အံ့ဩထိတ်လန့်သွားတော့သည်။ သီဟကျော်စွာကမူ ဦးသက္ကတို့ပြောနေသော စကားများကို သဘောမပေါက်။ ငေး၍သာကြည့်နေလေတော့သည်။ ထို့ကြောင့် ဧကရီသည် သီဟကျော်စွာကိုကြည့်ကာ မျက်ရည်ကျနေလေတော့သည်။

"ဖြစ်မှဖြစ်ရလေ သီဟကျော်စွာရယ်. . . "

ဧကရီက ရင်နင့်စွာ ပြောဆိုနေသော်လည်း သီဟကျော်စွာကမူ ငေး၍သာ ကြည့်နေလေတော့သည်။ ထို့ကြောင့် ဆေးဆရာကြီးဦးသက္ကက ဖျောင်းဖျပြောဆိုလိုက်သည်။

"ကျုပ်လည်း အစွမ်းကုန် ကုသပေးပါ့မယ်။ သိပ်လည်းစိုးရိမ် မနေကြပါနဲ့။ အချိန်တော့ နည်းနည်းကြာလိမ့်မယ်။ ဒါ ကြောင့် ဧကရီ့အနေနဲ့ လူနာရှေ့မှာ မငိုမိဖို့ အရေးကြီးပါ တယ်။ ဒီအချိန်မှာ လူနာကို စိတ်အနှောင့်အယှက် မဖြစ်စေ ချင်ဘူး။ စိတ်အနှောင့်အယှက်ဖြစ်ရင် ပိုဆိုးသွားလိမ့်မယ်"





ဆေးဆရာကြီးဦးသက္ကစကားကြောင့် ဧကရီ မျက်ရည်သုတ်လိုက်သည်။ သီဟကျော်စွာကမူ သူ့အကြောင်းကို သူ့ရှေ့တွင် ပြောနေသည်ကိုပင် သူ့အကြောင်းပြောနေမှန်း မသိပေ။

သီဟကျော်စွာသည် 'သည်းခြေပျက်နေသည်' ဆိုသော်လည်း ရူးသွပ်နေသည်မဟုတ်။ အတိတ်အကြောင်းကို ပြန်လည်သတိမရ ဖြစ်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဦးသက္ကကလည်း အစွမ်းကုန် ကုသပေးသည်။ ဦးမင်္ဂလာ၊ ဦးမင်းဒင်နှင့် ဧကရီတို့ကလည်း အခွင့်အရေးရလျှင်ရသလို အတိတ်အကြောင်းများကို ပြန်၍ ပြောပြနေခဲ့ကြသည်။ သို့သော် အချိန်နှစ်လခန့်အထိကြာလာပြီဖြစ်သော်လည်း သီဟကျော်စွာ၏ အခြေအနေမှာ ထူးခြား၍ မလာခဲ့။

ဤသို့ဖြင့် တစ်နေ့တွင် သီဟကျော်စွာက ဧကရီကိုမေးလိုက်သည်။

"နေစမ်းပါဦးဗျ။ ခင်ဗျားတို့က ကျုပ်နာမည်ကို သီဟကျော်စွာလို့ ခေါ်နေကြတယ်။ ကျုပ်နာမည် သီဟကျော်စွာလို့ ခင်ဗျားတို့ကို ဘယ်သူပြောလဲ"

"မြတ်စွာဘုရား"

ဧကရီက ယောင်ယမ်းကာ အသံထွက်သွားသည်။

"မဖြစ်နိုင်ပါဘူးဗျာ၊ ဘုရားကျောင်းဆောင်ပေါ်က မြတ်စွာဘုရားရုပ်တုက ကျုပ်နာမည်ကို ပြောရတယ်လို့။ ခင်ဗျားရူးနေသလား"

သီဟကျော်စွာက ထိုသို့ပြောဆိုလိုက်ရာ ဧကရီက တအံ့ရေရွတ်လိုက်ပြန်သည်။

"ဟောတော့"

"လုပ်ပြန်ပြီဗျာ၊ ခင်ဗျားက တစ်မျိုးပြီးတစ်မျိုးပဲ။ စောစောကပြောတော့ မြတ်စွာဘုရားတဲ့။ အခုတော့ ဟောတော့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါဦး၊ အဲဒီ ဟောတော့ ဆိုတာက ဘာလူမျိုးလဲ၊ ယောက်ျားလား၊ မိန်းမလား။ သူက ကျုပ်နာမည်ကို ဘယ်လို သိတာလဲ"

ကေရီမှာ သီဟကျော်စွာအတွက် ကြေကွဲခံစားနေရသော်လည်း သီဟကျော်စွာ၏ ပြောဆိုမှုများကြောင့် ငိုအားထက်ရယ်အားသန်ဖြစ်ကာ တခိခိနှင့် ရယ်မော့နေလေတော့သည်။ ထို့ကြောင့် သီဟကျော်စွာက ကေရီကိုကြည့်ကာ ပြောလိုက်ပြန်သည်။

"နေစမ်းပါဦး၊ ခင်ဗျားစိတ်မှကောင်းသေးရဲ့လား။ စကားကို လည်း တော်တော်ကြာတစ်မျိုး၊ အခုတစ်မျိုးပြော။ ဟော စောစောတုန်းကတော့ ငိုမဲ့မဲ့နဲ့၊ အခု ရယ်နေပြန်ပြီ။ ခင်ဗျား နဲ့ပြောရတာ ကြာရင် ကျုပ်ပါရူးသွားလိမ့်မယ်။ ပြောစမ်းပါ ကျုပ်နာမည် သီဟကျော်စွာကို ဘယ်သူက ပြောတာလဲ"

ကေရီက သူ့ကိုယ်သူ လက်ညှိုးထိုးကာ ဟန်နဲ့ပန်နဲ့ ပြော လိုက်သည်။

"ဟောဒီက ကေရီပြောတာ"

"ခင်ဗျားက ကေရီလား။ ခင်ဗျားဆိုတဲ့ ကေရီက ကျုပ် နာမည်ကို ဘယ်လိုလုပ်သိတာလဲ"

"သိတာပေါ့။ ဟောဒီက သီဟကျော်စွာနဲ့ ဟောဒီက ကေရီ က မကြာခင် လက်ထပ်ကြရတော့မယ့် ချစ်သူတွေပဲ။ ဒီ တော့ ကေရီက ကိုယ့်ချစ်သူနာမည်ကို ကိုယ်သိတာပေါ့"

ကေရီက သီဟကျော်စွာ ပျော်ရွှင်မှုဖြစ်စေရန် အလိုက်သင့် ပြောဆိုနေခြင်း ဖြစ်သည်။ ကေရီက ထိုသို့ပြောလိုက်သဖြင့် သီဟ ကျော်စွာက ပျာပျာသလဲ ပြန်လည်ပြောဆိုလိုက်သည်။

"ခင်ဗျားနဲ့ ကျုပ်နဲ့က မကြာခင် လက်ထပ်ကြရတော့မယ် ဟုတ်လား"

"ဟုတ်တယ်။ မကြာခင် လက်ထပ်ကြရတော့မှာ"





"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားအကြောင်းကိုလည်း ကျုပ်မသိဘူး။ ယောက်ျားနဲ့ မိန်းမဆိုတာ ဆူးနဲ့ဖက်လိုပဲဗျ။ ဆူးပေါ်ဖက် ကျလည်းဆူးကျိုး၊ ဖက်ပေါ်ဆူးကျလည်းဆူးကျိုး။ မဖြစ်နိုင် ပါဘူးဗျာ. . ."

ထိုစဉ် ဦးမင်္ဂလာ၊ ဦးမင်းဒင်နှင့် ဆေးဆရာကြီး ဦးသက္ကတို့ ရောက်ရှိလာခဲ့ကြသဖြင့် ကေရီမှာ သက်ပြင်းချနိုင်ခဲ့တော့သည်။ ဦးမင်္ဂလာတို့သာ ရောက်မလာခဲ့လျှင် ကေရီမှာ သီဟကျော်စွာ ပြောသလို ရူးပင်ရူးသွားနိုင်သည်။ ထို့ကြောင့် ကေရီက ဦးမင်္ဂလာ တို့အား ပြောပြခဲ့သဖြင့် ပွဲကျသွားခဲ့ကြတော့သည်။ ထို့နောက် ဦးသက္ကက ချော့မော့ဆေးတိုက်ခဲ့သဖြင့် သီဟကျော်စွာမှာ အိပ်ပျော် သွားခဲ့လေတော့သည်။

ဤသို့ဖြင့် နှစ်လကျော်ခန့်တွင် မမျှော်လင့်ဘဲ ဦးမင်္ဂလာ သေဆုံးသွားခဲ့သဖြင့် ကေရီမှာ သောကပင်လယ်ဝေခဲ့ရပြန်သည်။ ဦးမင်္ဂလာမရှိတော့သည့်နောက်ပိုင်းတွင် စွန်ပ၏ အစဉ်အလာအ ကေရီမှာ စွန်ပ၏အကြီးအကဲ ဖြစ်လာခဲ့ရလေတော့သည်။ မှာ မိန်းကလေးတစ်ယောက်ဖြစ်နေသဖြင့် ကြာရှည်ရပ်တ မလွယ်။ ထို့ကြောင့် ဦးမင်းဒင်နှင့် ဦးသက္ကတို့မှာ ကေရီ ကျော်စွာ အမြန်ဆုံးလက်ထပ်စေလိုကြသည်။ ဦးသက္ကက ကုသပေးနေခဲ့သည်။ ထိုသို့ ကုသပေးနေစဉ် လေးလခန့်အ သီဟကျော်စွာသည် မည်သူ့မျှမသိခင် တစ်ယောက်တည်း ယ်တစ်စင်းနှင့် ပင်လယ်ပြင်သို့ ထွက်ခွာသွားခဲ့သည်။

ရွာသူရွာသားများ သိချိန်တွင် သီဟကျော်စွာမှာ ကမ်းခြေ အတော်ဝေးဝေးနေရာသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ရွာသူရွာသားများသည် ကမ်းခြေမှ လှေများဖြင့် သီဟကျော်စွာ နောက်သို့ လိုက်ခဲ့ကြရတော့သည်။ ထိုစဉ် သီဟကျော်စွာ၏လှေမှာ လှိုင်းလိမ့်ခါယမ်းကာ တိမ်းမှောက်သွားခဲ့လေတော့သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သီဟကျော်စွာမှာ ပင်လယ်ရေအောက်သို့ နစ်မြုပ်သေဆုံးသွာ
လေတော့သည်။

ကေရီမှာ ချစ်သူလည်းဆုံး၊ ဖခင်လည်းဆုံးခဲ့ရပြီဖြစ်၍ အ
ကိုးရာမဲ့ ဖြစ်ခဲ့ရတော့သည်။ ဦးမင်းဒင်နှင့် ဦးသက္ကတို့က သ
သဖွယ် စောင့်ရှောက်ပေးခဲ့ကြသည်။ ကေရီသည် မည်သည့်အ
ကိုမျှ စိတ်ဝင်စားမှုမရှိတော့ဘဲ ရွာဦးစေတီလေးသို့ သွားရောက်တ
တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများကိုသာ ပြုလုပ်နေသဖြင့် ရပ်
ရွာရေးများကို ဦးမင်းဒင်နှင့်ဦးသက္ကတို့ကသာ စီစဉ်ဆောင်ရွက်
ခဲ့ကြရသည်။

ကေရီသည် တရားထိုင်၊ ပုတီးစိပ်ပြီးသည်နှင့် တစ်ခုတည
သောဆုကိုသာ အစဉ်အမြဲ ဆုတောင်းနေခဲ့သည်။

"ဘုရားတပည့်တော်မသည် ချစ်ရသူ သီဟကျော်စွာနဲ့ ဖြ
လည်ဆုံတွေ့ရလိုပါ၏။ ပြန်လည်ဆုံတွေ့ရလျှင်လည်း သီ
ကျော်စွာကို စတင်တွေ့မြင်သိရှိရသူ ဖြစ်ရပါလို၏။ ချစ်
သီဟကျော်စွာနှင့် အကြောင်းဆက်၍ ပေါင်းဖက်ရပါလို
အရှင်မြတ်ဘုရား"

ကေရီသည် ထိုဆုကိုသာ ရည်မှန်း၍ ကောင်းမှုကုသိုလ်မျ
ခဲ့သည်။ ကောင်းမှုကုသိုလ်ပြုလုပ်တိုင်း ကမ်းခြေသို့သွားတ
ယ်ပြင်ကို ငေးမောကြည့်ရှုပြီး သီဟကျော်စွာအတွက် အ
ဘန်းပေးဝေခဲ့သည်။

ဤသို့ဖြင့် တစ်နေ့တွင် ကေရီသည် လှေငယ်တစ်စင်း
ပင်လယ်ပြင်သို့ တစ်ယောက်တည်း ထွက်ခွာသွားခဲ့သည်။ ရွာ
ရွာသားများသိရှိချိန်တွင် ကေရီမှာ ကမ်းခြေမှတော်တော်ဝေး
နေရာသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ရွာသူ၊ ရွာသ
များသည် ကမ်းခြေမှ လှေများဖြင့် ကေရီထံသို့ စိုးရိမ်ကြီးစွာ လှေ
ခတ်သွားကြသည်။ ထိုစဉ် ကေရီ၏လှေမှာ လှိုင်းလိမ့်ခါယမ်းတ



တိမ်းမှောက်သွားခဲ့သဖြင့် ကေရီသည်လည်း ပင်လယ်ပြင်တွင်
နစ်မြုပ် သေဆုံးသွားခဲ့ရလေတော့သည်။

ထို့ကြောင့် သီဟကျော်စွာနှင့် ကေရီတို့၏ ဖြစ်စဉ်များမှာ
အံ့ဩဖွယ်တိုက်ဆိုင်နေသဖြင့် စွန်ပတစ်ရွာလုံးမှာ ရင်နင့်ကြေကွဲစွာ
နှင့် အံ့ဩနေခဲ့ကြရတော့သည်။ သီဟကျော်စွာနှင့် ကေရီတို့ သေ
ဆုံးခဲ့ကြရပုံမှာ အတူတူပင် ဖြစ်နေခဲ့ကြရသည်။ ထို့အပြင် သီဟ
ကျော်စွာ၏အလောင်းကို ရှာမရကြသကဲ့သို့ ကေရီ၏ အလောင်းကို
လည်း ပြန်မတွေ့ခဲ့ကြရပေ။

ထို့ကြောင့် သေအတူရှင်မကွာဟု ဆုတောင်းများ မှားခဲ့ကြ
လေသလားဟုပင် တွေးထင်ခဲ့ကြရသည်။ ဤသို့ဖြင့် ချစ်သူနှစ်ဦး၏
ဇာတ်လမ်းမှာ ရင်နင့်ကြေကွဲဖွယ် ဇာတ်သိမ်းသွားခဲ့ရလေတော့
သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## (၁၄)
## ဘာကြောင့်လဲ၊ ဘာအကြောင်းလဲ

ဇေကရီက အတိတ်ဇာတ်ကြောင်းကို ရှည်လျားစွာ ပြန်လည်ပြောပြနေသဖြင့် ဦးစိုးလွင်တို့မိသားစုနှင့်တကွ ပတ်ဝန်းကျင်ရှိ ဘုရားဖူးပရိသတ်များမှာ ငြိမ်သက်စွာ နားထောင်ခဲ့ကြရာ နေပင်အတော်မြင့်လာခဲ့ပြီ ဖြစ်သည်။ အချို့ ဘုရားဖူးများမှာ မုန့်ပဲသရေစာပင် သွားရောက်စားသောက်ခြင်း မပြုကြသေးဘဲ ဇေကရီပြောပြသော ဇာတ်လမ်းကို စိတ်ဝင်တစား နားထောင်နေခဲ့ကြသည်။

ဇေကရီ၏ဇာတ်လမ်း ဆုံးသွားသောအခါ ဦးစိုးလွင်က ဇေကရီကို မေးမြန်းလိုက်သည်။

"ဇေကရီနဲ့ သီဟကျော်စွာတို့က ရေနစ်သေဆုံးခဲ့ကြပြီဆိုတော့ မိန်းကလေးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဇေကရီ ဖြစ်ခဲ့တယ်၊ ဦးရဲ့သားဟာ သီဟကျော်စွာ ဖြစ်ပါတယ်ဆိုတာ ဘယ်လိုအထောက်အထားပြနိုင်လို့လဲ"

ဇေကရီက ပြန်လည်ပြောဆိုလိုက်သည်။

"ကျွန်မ လူမှန်းသိတတ်တဲ့ အရွယ်ကစလို့ အဲဒီအကြောင်း၊ အဲဒီဖြစ်စဉ်တွေကို အလိုလိုသိနေခဲ့ပါတယ်။ ကစားဖော်သူငယ်ချင်း ကလေးတွေကို အဲဒီအကြောင်းတွေ ပုံပြင်လို ပြန်ပြီး ပြောပြနေလေ့ရှိပါတယ်။ ပြောပြပြီးတဲ့အခါမှ ကျွန်မက ကျွန်မကိုယ်ကျွန်မ 'အဲဒီဇာတ်လမ်းထဲက ဇေကရီဆိုတာငါပဲ၊ ငါ့ကို မွဲနက်ရှင်ဇေကရီလို့ ခေါ်ကြတယ်။ သီဟကျော်စွာကိုတော့ ငါကြီးလာမှ ရှာလို့တွေ့မယ်နဲ့ တူပါတယ်ဟာ' လို့ ပြောလေ့ရှိတယ်။ ဒါကြောင့် လူကြီးမိဘတွေက တအံ့တသြ ဖြစ်ခဲ့ကြရပါတယ်။ အဲဒီလို မကြာခဏ ပြောပြောနေလို့လည်း ကျွန်မကို လူဝင်စားလို့ ထင်ခဲ့ကြသလို သိုက်ကလာတဲ့ ဥစ္စာစောင့်ဝင်စားတာလို့လည်း ထင်ခဲ့ကြပါတယ်"

ဇေကရီက စကားကို ခေတ္တရပ်နားကာ မြတ်မိုးလွင်ကို လှမ်းကြည့်လိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်က မေးလိုက်သည်။

"မင်းက ဥစ္စာစောင့်ဝင်စားတာဆိုတော့ ဘာတွေထပ်ပြီး ထူးခြားမှုတွေ ဖြစ်သေးလဲ"

ထို့ကြောင့် ဇေကရီက ပြန်လည်ပြောဆိုလိုက်သည်။

"ကျွန်မအဖေနဲ့အမေက ကျွန်မငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ကြတယ်။ ကျွန်မကို အမေ့ရဲ့အစ်ကို ဘကြီးတစ်ယောက်မွေးစားခဲ့လို့ ကျွန်မဒီအရွယ်အထိ ရှိနေခဲ့ရတာပါ။ ကျွန်မအဖေဟာ မားပြသတ်လို့ သေခဲ့ရသလို၊ ကျွန်မတို့မိသားစုကလည်း မားပြတွေကြောင့်ပဲ ဖရိုဖရဲ ပြိုကွဲခဲ့ကြရပါတယ်"

"ဖြစ်မှဖြစ်ရလေကွယ်. . ."

ဒေါ်ခင်တင့်က ကြင်နာစွာ ပြောဆိုလိုက်သည်။ ထို့နောက် ဇေကရီက ဆက်လက်ပြောဆိုလိုက်သည်။

"ကျွန်မပြောပြခဲ့တဲ့ ဇာတ်လမ်းထဲက အရပ်ဒေသတွေကို ကျွန်မ မသိပါဘူး။ ဘယ်မှာရှိမှန်း မသိခဲ့ပါဘူး။ ဒါကြောင့် ကျွန်မရဲ့မွေးစားမိဘတွေဖြစ်တဲ့ ဘကြီးက စုံစမ်းကြည့်တော့




www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရပ်ဒေသတွေဟာ တစ်ချိန်တုန်းက အမှန်တကယ် ရှိခဲ့တဲ့ အရပ်ဒေသတွေ ဖြစ်တယ်။ တချို့ မြို့ရွာတွေဟာ အခုထိရှိနေသေးတယ်။ စွန်ပကတော့ ပင်လယ်ရေအောက်ကို နစ်မြုပ်သွားခဲ့တယ်။

ကျွန်မပြောပြတဲ့ ဇာတ်လမ်းတွေ၊ လူတွေဟာ အဲဒီဒေသတွေမှာ တစ်ချိန်တုန်းက အမှန်တကယ် ရှိခဲ့ကြတယ်ဆိုတာ သိခဲ့ကြရတယ်။ ဒါကြောင့် ဘကြီးတို့လင်မယားဟာ ကျွန်မအတွက် စိုးရိမ်ပြီး ဆရာတွေနဲ့ကုသခဲ့ကြပါတယ်"

"ဆရာတွေနဲ့ကုသတော့ ဘယ်လိုထူးခြားလဲ"

ဦးစိုးလွင်က မေးလိုက်သည်။

"ဘယ်လိုပဲ ကုသ,ကုသ ကျွန်မကတော့ ဒီအကြောင်းတွေကို မေ့ဖျောက်လို့မရဘဲ ဖြစ်နေခဲ့တယ်။ သီဟကျော်စွာနဲ့ ပြန်တွေ့ရမယ်လို့လည်း စိတ်ထဲမှာ ထင်နေခဲ့တယ်"

ထို့ကြောင့် မြတ်မိုးလွင်က မေးလိုက်သည်။

"ငါက သီဟကျော်စွာဖြစ်ကြောင်း မင်း ဘယ်လိုသက်သေပြမလဲ"

"ကျွန်မစိတ်ထဲကနေ အလိုလိုသိနေခဲ့တယ်။ တစ်နေ့မှာ ကျွန်မဟာ သီဟကျော်စွာ စာသင်နေတဲ့ ကျောင်းနားကို မမျှော်လင့်ဘဲ ရောက်သွားမိခဲ့တယ်။ သီဟကျော်စွာကို တွေ့မြင်လိုက်ရတယ်။ ကျွန်မ ချက်ချင်း မှတ်မိလိုက်တယ်။ ဒါကြောင့် သီဟကျော်စွာရဲ့အိမ်လိပ်စာကို စုံစမ်းပြီး ကျွန်မလာခဲ့တာပဲ"

"ဘာဖြစ်လို့ အိမ်ကိုလာရတာလဲ။ တွေ့တွေ့ချင်း ဘာဖြစ်လို့မခေါ်တာလဲ။ ကျောင်းမှာလာတွေ့လည်းရတာပဲ"

မြတ်မိုးလွင်က မေးခွန်းများစွာ မေးလိုက်သဖြင့် ဧကရီက ပြန်ဖြေလိုက်သည်။





"တွေ့တွေ့ချင်းခေါ်လိုက်ရင် သီဟကျော်စွာက လက်ခံမှာမဟုတ်ဘူးလေ။ ဒီအကြောင်းတွေက အခုလို အေးအေးဆေးဆေး အချိန်ယူပြောပြရမှာ။ ဒါကြောင့် အိမ်ကို စုံစမ်းလာခဲ့ရတာပါ"

"ဒါဆို ကျောင်းပိတ်ရက်မှာလာပေါ့။ ကျောင်းပိတ်ရက်လာမှ ကျုပ်နဲ့တွေ့မှာပေါ့"

မြတ်မိုးလွင်က ပြောလိုက်သဖြင့် ဧကရီက-

"ဧကရီ ကျောင်းပတ်ရက်လာခဲ့တာပါ။ ဒါပေမယ့် အဲဒီနေ့က သီဟကျော်စွာမရှိတာပါ"

ထိုအခါမှ မြတ်မိုးလွင် သတိရသွားခဲ့တော့သည်။ ထို့နေ့က ကျောင်းပိတ်ရက်ဖြစ်သည်။ သို့သော် ကျောင်းအစည်းအဝေးရှိနေသည့်အတွက် ထိုနေ့က မြတ်မိုးလွင် ကျောင်းသို့သွားခဲ့ခြင်း ဖြစ်သည်။ ဤတွင် မြတ်မိုးလွင်က တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မေးလိုက်သည်။

"နေစမ်းပါဦး။ ကျုပ် အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ခဏခဏ အိပ်မက်မက်နေခဲ့တယ်။ အိပ်မက်ထဲမှာ ဦးသတ္တုဆိုတဲ့ ဆေးဆရာကြီးက သီဟကျော်စွာနဲ့ ဧကရီတို့မှာ တာဝန်၊ ဝတ္တရားတွေလည်း ရှိနေသေးတယ်လို့ အိပ်မက်မက်တိုင်း ပြောပြောနေခဲ့တယ်။ ဘာတာဝန်၊ ဘာဝတ္တရားတွေလဲ"

"စွန်ပဟာ ပင်လယ်လှိုင်းကြီးတွေရဲ့ လွှမ်းမိုးရိုက်ပုတ်မှုကြောင့် ပင်လယ်ရေအောက်ကို ရောက်ရှိသွားခဲ့ရတယ်။ ဟံသာဝတီအနွယ်တော်တွေ၊ ကျုံတုံးအနွယ်တော်တွေနဲ့ အတူ ပစ္စည်းပစ္စယတွေအားလုံးဟာ ပင်လယ်ရေအောက်ကို ရောက်ရှိသွားခဲ့ကြရတယ်။ အဲဒီပစ္စည်းတွေထဲမှာ ကျုံတုံးအနွယ်တော်တွေနဲ့ ဟံသာဝတီအနွယ်တော်တွေက နောင်အနှစ်ရှစ်သောင်းမှာ ပွင့်တော်မူလာမယ့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကိုလှူဒါန်းဖို့ ရည်မှန်းထားတဲ့ပစ္စည်းတွေလည်းပါတယ်။ ဧကရီနဲ့ သီဟကျော်စွာဟာ စွန်ပရဲ့ အကြီးအကဲတွေဖြစ်တာကြောင့် အဲဒီဘုရားရှင်ကို လှူဒါန်းဖို့ ရည်ရွယ်ထားတဲ့ပစ္စည်းတွေကို မသမာသူတွေရဲ့ ဖျက်ဆီးမှုမခံရလေအောင် စောင့်ရှောက်ကြရမယ့်တာဝန်ကို ဦးသက္ကက ပြောတာပါ"

"ဗျာ- ဒါ. . . ဒါ. . . ဒါဆို"

မြတ်မိုးလွင်က စိုးရိမ်ထိတ်လန့်စွာ ပြောဆိုလိုက်သည်။ ထို့ကြောင့် ဒေါ်ခင်တင့်ကလည်း သားအတွက် စိုးရိမ်သောကဖြစ်သွားခဲ့ရပြန်သည်။

"ဟင်- ဒါဆို မိန်းကလေးနဲ့သားက ဒီပစ္စည်းဥစ္စာတွေကို အရိမေတ္တာယျမြတ်စွာဘုရား ပွင့်ချိန်အထိ စောင့်ရှောက်ပေးကြရမယ်၊ ဟုတ်လား"

စိုးရိမ်တကြီး ပြောဆိုနေကြသော်လည်း ဧကရီက အေးဆေးစွာ ပြန်လည်ပြောဆိုလိုက်သည်။

"ဟုတ်ပါတယ်။ မကြာခင် ကျွန်မတို့နှစ်ယောက်ဟာ အဲဒီပစ္စည်းတွေကို စောင့်ရှောက်ပေးကြရမှာပါ။ ဒါကြောင့် ကျွန်မတို့နှစ်ယောက် ဘဝကူးပြောင်းမသွားခင်မှာ လက်ထပ်ပေါင်းသင်းနေထိုင်ကြဖို့ ကျွန်မ ဆုတောင်းအတိုင်း သီဟကျော်စွာနဲ့ အခု ပြန်လည် ဆုံစည်းခဲ့ရတာပါပဲ"

"အို- မဖြစ်နိုင်တာပဲကွယ်"

ဒေါ်ခင်တင့်က ကန့်ကွက်ပြောဆိုလိုက်သည်။ မြတ်မိုးလွင်ကလည်း ပြစ်တင်ပြောဆိုလိုက်ပြန်သည်။

"ဒီမှာ- လူတစ်ယောက်ကို တုန်လှုပ်ချောက်ချားမှုတွေဖြစ်အောင် မင်း ဘာရည်ရွယ်ချက်နဲ့ လုပ်နေရတာလဲ"

"ကျွန်မရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့နှစ်ယောက် ဘဝ





မကူးမီ လက်ထပ်ပေါင်းသင်းနေထိုင်လိုတဲ့ ရည်ရွယ်ချက်ပါပဲ"

"ဘာပြောတယ်"

မြတ်မိုးလွင်က ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်တဲ့အတွက် ဖခင်ဖြစ်သူ ဦးစိုးလွင်က ဟန့်တားပြောဆိုလိုက်သည်။

"စိတ်ဆိုတာ တည်ငြိမ်နေမှ ကောင်းတယ်။ လှုပ်ရှားနေတဲ့စိတ်ဟာ အမှားအမှန်ကို မခွဲခြားနိုင်ဘူး။ အဖေပြောတာနားထောင်ပါ။ ကဲ- မိန်းကလေး၊ ဦး မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်။ မင်းလိပ်စာ ဦးတို့ကို ပေးခဲ့ပါလား"

"ကျွန်မလာပြီး တွေ့ပါ့မယ်။ နောက်တစ်ခု ကျွန်မ တောင်းပန်ချင်ပါတယ်။ ကျိုက်ထီးရိုးဘုရားပေါ်မှာ ရှိနေတုန်းကျွန်မတို့ကို ဦးတို့မိသားစုနဲ့အတူ လည်ပတ်ပြီး ဘုရားဖူးခွင့်ပြုပေးစေလိုပါတယ်။ ကျွန်မတို့က မိန်းကလေးနှစ်ဦးတည်းဖြစ်နေတာရယ်၊ ဦးတို့ကို စိတ်ချယုံကြည်တာရယ်ကြောင့် ရင်ပြင်တော်ပေါ်မှာရှိနေကြတုန်း ဦးတို့မိသားစုကိုပဲ အားကိုးပါရစေ"

ဧကရီ၏အဆိုပြုချက်ကို ဒေါ်ခင်တင့်က သဘောမကျပေ။ ဒေါ်ခင်တင့်သဘောမကျခြင်းမှာ ဧကရီ၏ ပြောစကားများအရ မြတ်မိုးလွင်အတွက် စိုးရိမ်သောကြောင့် ဖြစ်သည်။ ဦးစိုးလွင်နှင့် မြတ်မိုးလွင်တို့ကမူ သဘောတူလက်ခံလိုက်ကြသည်။ ဦးစိုးလွင်နှင့် မြတ်မိုးလွင်တို့ သဘောတူလက်ခံလိုက်ခြင်းမှာ ဧကရီ၏ ရည်ရွယ်ချက်ကို လေ့လာသိရှိနိုင်ရန် အနီးကပ် လေ့လာလိုသောကြောင့်ပင် ဖြစ်သည်။

ဧကရီ ဆိုသော မိန်းကလေးမှာ ထူးတော့ထူးနေသည်က အမှန်ပင်ဖြစ်သည်။ သာမန်မိန်းကလေးတစ်ယောက် ပြောဆိုရမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သောစကားများကို ပြောဆိုနေခြင်းသည် ကေရီ၏ ထူးခြားမှုပင် ဖြစ်သည်။ ထို့အပြင် မြတ်မိုးလွင်ကိုပင် လက်ထပ်ပေါင်းသင်းလိုသည်ဟု ပြောလာခဲ့ပြန်သည်။ ပြောပြလျှင်ပင် ယုံကြည်ရန် ခက်ခဲလှသောစကားများကို ပြောနေသည်မှာ အကြောင်းမဲ့ မဟုတ်။ အကြောင်းတစ်ခုခုတော့ ရှိရမည်သာ ဖြစ်သည်။

ကေရီ၏ ပြောဆိုနေပုံမှာ အရူးတစ်ယောက် ပြောနေသော စကားများမဟုတ်။ ထို့အတူ ကေရီ၏အဖော်မိန်းကလေးမှာလည်း တည်တည်ငြိမ်ငြိမ်ရှိနေခဲ့သည်။ ထို့ကြောင့် သူတို့သည် အကြောင်းတစ်ခုခုကြောင့်သာ မြတ်မိုးလွင်တို့မိသားစု လာရောက်ဆက်နွယ်ပတ်သက်နေကြခြင်းသာ ဖြစ်သည်။

ဘာကြောင့်လဲ၊ ဘာအကြောင်းလဲ။ ဤသည်ကိုတော့ မြတ်မိုးလွင်တို့မသိ။ ထို့ကြောင့် မသိသေးသော အကြောင်းများကို သိရှိလိုသဖြင့် ကေရီ၏အဆိုပြုချက်ကို သားအဖနှစ်ယောက် လက်ခံခဲ့ခြင်းပင် ဖြစ်သည်။

✿ ✿ ✿



## (၁၅)
## ဂမ္ဘီရမေတ္တာဇာတ်လမ်း

ကေရီနှင့် အဖော်မိန်းကလေးတို့သည် မြတ်မိုးလွင်နှင့်အတူ လျှောက်လည်ရင်း ဘုရားအတူဖူးခဲ့ကြတော့သည်။ ကျိုက်ကန်းပါးစပ်၊ ရွှေသေ့တောင်၊ မုဆိုးတောင်ဘုရားများသို့လည်း သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထိုသို့ ဘုရားဖူးသွားလာနေကြစဉ် ကေရီသည် မြတ်မိုးလွင်နှင့် တကယ့်ချစ်သူများပမာ ပြုမူလှုပ်ရှားနေသဖြင့် မြတ်မိုးလွင်သည်ပင် သာယာမိသလိုလို ဖြစ်လာခဲ့တော့သည်။ ထို့ကြောင့် မြတ်မိုးလွင်မှာ ကေရီနှင့်အတူရှိနေခဲ့ပြီး အဖော်မိန်းကလေးမှာ ဦးစိုးလွင်တို့လင်မယားနှင့်အတူ ရှိနေခဲ့သည်။ အမှန်တကယ်တွင်မူ အဖော်မိန်းကလေးသည် ကေရီနှင့်မြတ်မိုးလွင်တို့ကို ပိုမိုနီးစပ်မှုရှိစေရန် ဦးစိုးလွင်တို့မိသားစုကို ခွဲခွဲထုတ်နေခြင်းသာ ဖြစ်သည်။ ဤသည်ကိုလည်း ဦးစိုးလွင်က သဘောပေါက်နေခဲ့သည်။

ယခုလောလောဆယ်တွင် ဦးစိုးလွင်တို့မိသားစုထံမှ ကေရီတို့အနေနှင့် တစ်စုံတစ်ရာကို လိမ်လည်လှည့်ဖြား ရယူလိုဟန်မရှိ။ ကေရီ၏ရည်ရွယ်ချက်မှာ ရေရှည်စီမံကိန်းဖြစ်ဟန် ရှိ၏။ ထို့ကြောင့် ဦးစိုးလွင်က အခြေအနေကို မသိမသာ အကဲခတ်၍သာနေခဲ့သည်။

ရွှေသေ့တောင်မှ အပြန်လမ်းတွင် တစ်တောက်နားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမှန်တကယ်တွင်မူ ဆက်လက်လျှောက်နိုင်ကြသော်လည်း ဧကရီက တမင်သက်သက် နားနေလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဦးစိုးလွင်တို့လင်မယားနှင့် အဖော်မိန်းကလေးမှာ ဆက်လက်လျှောက်သွားနေကြသည်။ ဧကရီက နားနေသဖြင့် မြတ်မိုးလွင်လည်း နားနေလိုက်တော့သည်။

ထိုစဉ် ဧကရီက မေးလိုက်သည်။

"သီဟကျော်စွာ၊ အခုလို ဧကရီနဲ့ သွားလာနေရတာပျော်ရဲ့လားဟင်"

"ပျော်တယ်လို့ ထင်တာပဲ"

"ဧကရီ့ကို အခုထိ စိတ်ဆိုးမပြေသေးဘူးလား"

မြတ်မိုးလွင် ဘာမှပြန်မပြော။ ထို့ကြောင့် ဧကရီက ဆက်လက်ပြောဆိုလိုက်သည်။

"ဘုရားဖူးတော့ ဘာဆုတွေတောင်းလဲဟင်။ ဧကရီကတော့ဟိုဘဝက တောင်းခဲ့တဲ့ ဆုသုံးခုထဲက နှစ်ခုတော့ ပြည့်သွားပြီ၊ တစ်ခုပဲကျန်တာ့တယ်"

"ဘာဆုလဲ"

"သီဟကျော်စွာနဲ့ လက်ထပ်ပေါင်းသင်းရဖို့လေ"

မြတ်မိုးလွင် သက်ပြင်းချလိုက်မိသည်။

ဧကရီမှာ မေးစေ့တွင် မှဲ့နက်ကလေးနှင့် စွဲမက်ဖွယ်ကောင်းသူလေးတစ်ယောက် ဖြစ်သည်။ သူ့ကိုလည်း အလိုက်အကြိုက်ဆောင်ကာ ကြည်နူးမှုကို ဖြစ်စေသည်။ ဧကရီသည် ထိုသို့ ပြုမူနေသော်လည်း ကျွန်မြေမှဲ့သော မိန်းကလေးတစ်ယောက် မဟုတ်သည်ကိုတော့ မြတ်မိုးလွင် အကဲခတ်လေ့လာနေမိ၏။ သီဟကျော်စွာနဲ့ မှဲ့နက်ရှင်ဧကရီ ဟူသော နောက်ကြောင်းရာဇဝင်ကြောင့်မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုနှင့် ဧကရီကို ဆုံတွေ့ခဲ့လျှင် မြတ်မိုးလွင်သည် ဧကရီကို အမှန်တကယ် စွဲလမ်းသွားနိုင်ပေသည်။ ယခုပင်



မ်းခြင်း ရှိမရှိ ဆိုသည်ကို မြတ်မိုးလွင် ကိုယ့်ကိုယ်ကိုယ် သေချာချာ မခွဲခြားနိုင်တော့ပေ။ သာယာနေမိသည်ကတော့ အမှန်ယ် ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင်က အရင်ကကဲ့သို့ တင်းမှုမရှိတော့။ ထို့နောက် မြတ်မိုးလွင်က မေးလိုက်သည်။

"မင်း ငါမေးတာကို မှန်မှန်ဖြေစေချင်တယ်"

"မေးလေ၊ ဘာမေးမှာလဲ"

"မင်း ဘာဖြစ်လို့ ငါတို့နဲ့လာပြီး ပတ်သက်နေရတာလဲ"

"သီဟကျော်စွာနဲ့ လက်ထပ်ပေါင်းသင်းရဖို့ပါပဲ"

"မင်းကဘာဖြစ်လို့ ငါနဲ့ လက်ထပ်ချင်ရတာလဲ"

"မေးမှမေးရက်တယ် သီဟကျော်စွာရယ်။ သီဟကျော်စွာနဲ့ မှဲ့နက်ရှင်ဧကရီဟာ ချစ်သူတွေပါ။ သီဟကျော်စွာနဲ့ လက်ထပ်ပေါင်းသင်းရဖို့အတွက် ဧကရီဟာ ကြိမ်ဖန်များစွာ ဆုတောင်းနေခဲ့ရတာပါ"

ဧကရီက ညှိုးငယ်ဝမ်းနည်းသံနှင့် ပြောဆိုလိုက်သည်။ မြတ်လွင်က ဆက်လက်မေးမြန်းလိုက်ပြန်သည်။

"ငါနဲ့ လက်ထပ်လိုက်လို့ မင်းအတွက် ဘာဖြစ်လာမှာမို့လဲ"

"ချစ်ရသူနှင့် လက်ထပ်ပေါင်းသင်းချင်တာဟာ ချစ်သူတွေရဲ့ အတောင့်တဆုံးဆန္ဒတစ်ခုပါ သီဟကျော်စွာရယ်"

ဧကရီက ညှိုးငယ်စွာ ပြောလိုက်သဖြင့် မြတ်မိုးလွင်က တယ်ပဲ စိတ်မကောင်းဖြစ်သွားခဲ့ရတော့သည်။ မြတ်မိုးလွင် ယ်လိုဖြစ်တာပါလိမ့်။ စိတ်ဓာတ်ခိုင်မာသူ၊ စဉ်းစားချင့်ချိန်နိုင်သူ စ်ယောက်ဖြစ်ပါလျက် ဘာကြောင့်များ စိတ်ဓာတ်ခိုင်တွေ ယိမ်း ိုင်သွားရတာပါလိမ့်။ ဧကရီကပညာနဲ့ ညှို့ယူဖမ်းစားခဲ့လေပြီလား ပြောတတ်။ မြတ်မိုးလွင် မပြောတတ်တော့ပါ။ ဧကရီကို သူ ကယ်ပဲ စိတ်ဝင်စားသွားခဲ့လေပြီလား။ ဒီလိုဆို သူဟာ ဧကရီ ်စွဲပြောဆိုနေသော သီဟကျော်စွာဆိုတာ အမှန်တကယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်များနေလေပြီလား။

သူသာ အမှန်တကယ် သီဟကျော်စွာဖြစ်နေခဲ့လျှင် ကေ
နှင့် မလွဲမသွေ ပေါင်းဖက်လက်ထပ်ရပေလိမ့်မည်။ ဧကရီနှင့်အ
ကြောင်းဆက်ပေါင်းဖက်ပြီးလျှင် ဘဝကူးပြောင်းကာ အရိမေတ္တယ
မြတ်စွာဘုရားရှင်အား လှူဒါန်းမည့် ရတနာပစ္စည်းများကို သွား
ရောက်စောင့်ရှောက်နေရပေတော့မည်။ ဤသို့ဆိုလျှင်. . .

မြတ်မိုးလွင်က တုန်လှုပ်ချောက်ချားစွာ မေးလိုက်သည်။

"မြတ်စွာဘုရားရှင်ရဲ့ ရတနာပစ္စည်းတွေကို သွားပြီးစောင့်
ရှောက်ရမယ်ဆိုတာ တကယ်လား။ ဘယ်အချိန်မှာ သွားပြီး
စောင့်ရှောက်ရမှာလဲ"

ဧကရီက မြတ်မိုးလွင်ကိုကြည့်ကာ ပြုံးလိုက်သည်။ စောစော
က ညှိုးငယ်နေသော ဧကရီ၏မျက်နှာလေးမှာ ရယ်ပြုံးလာသဖြင့်
မြတ်မိုးလွင်က တအံ့တဩ ငေးကြည့်နေမိသည်။ ဧကရီကို စိတ်မှ
ကောင်းရဲ့လား ဟူ၍လည်း တွေးထင်လိုက်မိသည်။ ထိုစဉ် ဧကရီက
ပြောလိုက်သည်။

"ဒီကိစ္စတွေအတွက် စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့ သီဟ
ကျော်စွာရယ်။ ဒီကိစ္စတွေက သူ့အစီအစဉ်နဲ့သူ ဖြစ်လာမယ့်
ကိစ္စတွေပါ။ လောလောဆယ် ဧကရီနဲ့သီဟကျော်စွာ လက်
ထပ်ဖို့ကိစ္စအတွက်ပဲ အရေးကြီးပါတယ်။ သီဟကျော်စွာ
ဧကရီကို လက်ထပ်ပါလားဟင်"

ခက်တော့ခက်နေပြန်ပါပြီ။ ခုမှ တွေ့မြင်ဖူးသူ မိန်းကလေး
တစ်ယောက်က ရည်းစားပင်မဖြစ်ကြရသေးဘဲနှင့် လက်ထပ်ရန်
တောင်းဆိုနေသဖြင့် မြတ်မိုးလွင် ဘာပြန်ပြောရမည်ပင်မသိတော့။
ဤသည်ကို ဧကရီကလည်း သဘောပေါက်နေဟန်ရှိသည်။ ထို့
ကြောင့် ဧကရီကပင် ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"ကဲပါလေ- ပျော်စရာအချိန်တွေမှာ ပျော်ပျော်နေကြတာပဲ



သဘာဝကျပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်မယ့် ကိစ္စ
တွေကို စဉ်းစားမနေနဲ့။ လာ- သွားကြမယ်၊ ရှေ့ကလူတွေနဲ့
သိပ်ကွာသွားနေဦးမယ်"

ဧကရီက ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထလိုက်သည်။မြတ်မိုး
လွင်လည်း ထိုနေရာမှ ထလိုက်သည်။ ထို့နောက် နှစ်ယောက်သား
ခုံးချင်းယှဉ်ကာ လျှောက်သွားကြလေတော့သည်။ မြတ်မိုးလွင်၏
စိတ်ထဲတွင်တော့ သာယာမိနေသည်ကို မြတ်မိုးလွင်၏မျက်နှာက
ဖော်ပြနေလေတော့သည်။

မြတ်မိုးလွင်သည် လမ်းလျှောက်ရင်း စဉ်းစားနေခဲ့မိသည်။
ဧကရီသည် မြတ်မိုးလွင်အား တကယ့်ချစ်သူရင်းချာပမာ ဆက်ဆံ
ပြောဆိုနေခဲ့သည်။ ဧကရီနှင့် မြတ်မိုးလွင်တို့ တွေ့ကြရသည်မှာ
နာရီပိုင်းမျှသာရှိသေးသည်။ တစ်ရက်ပင် မကြာသေး။ သို့ပါလျက်
ဧကရီက မြတ်မိုးလွင်အား လက်ထပ်ခွင့်တောင်းနေခဲ့ပြန်သည်။
မိန်းကလေးကစပြီး လက်ထပ်ခွင့်တောင်းသည်ဟုဆိုလျှင် ယုံကြည်
ကြလိမ့်မည်မဟုတ်။ ထို့အပြင် ဧကရီသည် အကြောင်းတစ်ခုခု
ကြောင့် သို့မဟုတ် အခွင့်အရေးတစ်ခုခုကြောင့် မြတ်မိုးလွင်တို့
မိသားစုအား လာရောက်ပတ်သက်နေခဲ့ခြင်း ဖြစ်သည်ဟု ဆိုလျှင်
ဧကရီပြောပြနေသော ဖြစ်စဉ်ဖြစ်ရပ်များနှင့် မြတ်မိုးလွင်၏ အိပ်
မက် ဘာကြောင့် လာတူနေရတာလဲ။ တူနေပုံကလည်း အံ့ဩစရာ
အကြောင်းအရာဖြစ်စဉ်များသာမက အမည်နာမများပင် တူနေခဲ့
ခြင်း ဖြစ်သည်။ ထို့အပြင် မြတ်မိုးလွင်၏ အိပ်မက်ထဲမှ မှဲ့နက်ရှင်
ဧကရီသည် ယခုတွေ့မြင်နေရသော မှဲ့နက်ရှင်ဧကရီနှင့် အတူတူ
ပင် ဖြစ်ခဲ့ပြန်သည်။ ဤသည်မှာလည်း အံ့ဩစရာပင် ဖြစ်သည်။

ထို့ကြောင့် ဧကရီသည် အခွင့်အရေး တစ်စုံတစ်ရာကြောင့်
မဟုတ်ဘဲ အိပ်မက်ထဲမှ တကယ့်မှဲ့နက်ရှင်ဧကရီ ဖြစ်နေသော
ကြောင့်သာ မြတ်မိုးလွင်တို့အား လာရောက်ပတ်သက်နေခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်ဟု မြတ်မိုးလွင် တွေးထင်လိုက်မိသည်။ ဤသို့ဆိုလျှင် သူ
မဲ့နက်ရှင်ဧကရီ ဖြစ်ခဲ့လျှင် ကိုယ်က သီဟကျော်စွာ ဆိုသည်
ငြင်းဆို၍မရနိုင်ပေ။ သူ မပြောပြခင်ကတည်းက ကိုယ်က ဦး
အိပ်မက်မက်ခဲ့ပြီး ဖြစ်သည်။ အိပ်မက် မြင်မက်ခဲ့သည်မှာလ
တစ်ကြိမ် မဟုတ်၊ နှစ်ကြိမ် မဟုတ်။ အကြိမ်ကြိမ် အခါခါပင်
သဖြင့် မြတ်မိုးလွင်သည် မဲ့နက်ရှင်ဧကရီအပေါ်တွင်ရှိနေသေ
သံသယများ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်စ ပြုလာပြီ ဖြစ်

ထို့အပြင် သူနှင့် ဧကရီတို့၏ မေတ္တာဇာတ်လမ်းကိုလ
ဂမ္ဘီရမေတ္တာဇာတ်လမ်းတစ်ခုဟုပင် တွေးထင်မိခဲ့ပြန်သည်။ ဤ
ဖြင့် မြတ်မိုးလွင်သည် သူ့ကိုယ်သူ သီဟကျော်စွာဟုပင် တွေးထင်
ကြည်သွားခဲ့လေတော့သည်။

✿ ✿ ✿



## (၁၆)
## ဥစ္စာစောင့်မလေးကိုမှ ချစ်မိနေသူ

သို့နှင့် . . .

မြတ်မိုးလွင်တို့သည် ကျိုက်ထီးရိုးတောင်ပေါ်တွင် ငါးရက်ခန့် ကြာသွားခဲ့တော့သည်။ ထိုရက်အတွင်းမှာပင် မြတ်မိုးလွင်နှင့် ဧကရီတို့မှာ ချစ်သူဘဝသို့ ရောက်ရှိသွားခဲ့ကြတော့သည်။ ထိုသို့ ချစ်သူဘဝရောက်ရှိသွားခဲ့သဖြင့်လည်း မြတ်မိုးလွင်တို့ ကျိုက်ထီးရိုးတောင်ပေါ်တွင် ငါးရက်ခန့်ကြာသွားခဲ့ခြင်းပင် ဖြစ်သည်။ ဤသည်ကို ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့က ခန့်မှန်းရိပ်မိနေကြသည်။ သို့သော် ဧကရီတို့ကလည်း သူတို့ဇရပ်ဆီသို့ ပြောင်းရွှေ့လာခဲ့ကြသဖြင့် မပြောသာဘဲ ဖြစ်နေခဲ့ကြသည်။

ရင်ပြင်တော်ပေါ်တွင် ငါးရက်ခန့် နေထိုင်ခဲ့ကြပြီး ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ ဦးစိုးလွင်တို့မိသားစုမှာ ကိုယ့်ကားနှင့်ကိုယ် ဘုရားဖူးလာခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် အပြန်တွင် ဧကရီတို့က ပိုက်လိုပါသည်ဟု ပြောဆိုလာသဖြင့် ဦးစိုးလွင်က မေးလိုက်သည်။

"မင်းတို့က ဘယ်အထိလိုက်ကြမှာလဲ။ မလိုက်စေချင်လို့မေးတာ မဟုတ်ဘူးနော်၊ မင်းတို့ပြန်မယ့်နေရာကို သိချင်လို့"

ထို့ကြောင့် ဧကရီက ပြန်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့က လမ်းမှာဆင်းကြမှာပါ"

ကေရီက မရေမရာဖြေလိုက်သည်။ ဆက်မေးနေခဲ့လျှ လည်း အဖြေရမည်မဟုတ်သဖြင့် မမေးကြတော့။

သို့နှင့် ဦးစိုးလွင်တို့ကားလေးမှာ ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းမှ ထွက်လာခဲ့ကြလေတော့သည်။ ကားကလေးသည် စစ်တောင်းတံတားကိုပင် ကျော်လွန်ခဲ့ပြီ ဖြစ်သည်။ ထို့ကြော ဦးစိုးလွင်က ထပ်မေးလိုက်ပြန်သည်။

"ကလေးမတွေက ဘယ်ရွာမှာ ဆင်းကြမှာလဲ"

ထို့ကြောင့် ကေရီက ပြန်ဖြေလိုက်သည်။

"ရောက်ရင် ကျွန်မ ပြောပါ့မယ်"

ကားကလေးကို ဆက်လက်မောင်းနှင်လာခဲ့ကြသည်။ ကာ ကို မြတ်မိုးလွင်မောင်းနှင်နေခြင်း ဖြစ်သည်။ ရွာတွေ တစ်ရွာပြီးတ ရွာ၊ မြို့တွေ တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းမောင်းနှင်နေခဲ့ပြီ ဖြ သော်လည်း ကေရီတို့ဆင်းမည့်နေရာ မရောက်သေးပေ။ မေးလျှ လည်း တိတိကျကျ ပြောဆိုမည်မဟုတ်သဖြင့် မြတ်မိုးလွင်သည် ကားကိုသာ ဂရုတစိုက် မောင်းနှင်နေခဲ့သည်။

ထိုစဉ် -

"ရောက်ပြီ၊ ရောက်ပြီ။ ရပ် . . . ရပ်၊ အဲဒီနေရာမှာရပ်"

"ကျွ . . ."

ရုတ်တရက် ကေရီက ပြောလိုက်သဖြင့် မြတ်မိုးလွင်ကား ဘရိတ်အုပ် ရပ်လိုက်သည်။ ထိုစဉ် ကေရီက ပြောလိုက်သည်၊

"အဲဒါ ကျွန်မတို့နေတဲ့ နေရာဌာနပဲ။ ဒါကြောင့် အလည် ခေါ်ရင်လည်း လိုက်ကြမှာမဟုတ်လို့ မခေါ်တာ။ ကဲ- သီ ကျော်စွာ၊ နောက်တော့ တွေ့ကြသေးတာပေါ့။ အားလုံ ကျေးဇူးတင်ပါတယ်"

ကေရီနှင့်အဖော်မိန်းကလေးက ပြောပြောဆိုဆိုနှင့် တံခါ



ဖွင့် ဆင်းသွားခဲ့ကြသည်။ ထိုနောက် သချိုင်းအတွင်းသို့ လျှောက် သွားနေသဖြင့် မြတ်မိုးလွင်တို့မိသားစုမှာ စကားပင် မပြောနိုင်ကြ တော့ဘဲ တအံ့တသြ ငေးကြည့်နေခဲ့ကြတော့သည်။ ကေရီနှင့် အဖော်မိန်းကလေးတို့မှာ အုတ်ဂူများအကြား ပင်ရောက်ပျောက် ကွယ်သွားခဲ့သည်။ ထို့ကြောင့် ဒေါ်ခင်တင့်က မြတ်မိုးလွင်အား အလျင်စလို ပြောဆိုလိုက်သည်။

"မောင်း. . . မောင်း၊ သား မြန်မြန်မောင်း"

မြတ်မိုးလွင်မှာလည်း ကယောင်ကတမ်းနှင့် မောင်းထွက် လာခဲ့လေတော့သည်။ ကေရီသည် သူတို့မိသားစုကို ပဟေဠိတစ်ပုဒ် ပေးခဲ့ပြန်ပြီ ဖြစ်သည်။ ဝေခွဲမရဖြစ်နေရချိန်တွင် နောက်ထပ် ဝေခွဲ မရနိုင်အောင် ကေရီ လုပ်လိုက်ပြန်ပြီ ဖြစ်သည်။ မြတ်မိုးလွင်တို့ မိသားစုမှာ အတွေးကိုယ်စီနှင့် ရန်ကုန်သို့ပြန်ရောက်သည်အထိ စကားပင်မပြောနိုင်ကြတော့ဘဲ ဖြစ်နေကြရလေတော့သည်။

မြတ်မိုးလွင်၏ရင်ထဲတွင်မူ ဥစ္စာစောင့်မလေးကိုမှ ချစ်မိနေ ပြီလားဟု သံသယဖြစ်နေလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

## အလိမ်အညာကျွမ်းကျင်သူက လွမ်းချင်မှ လွမ်းမယ်

ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့သည် ကေရီ့အပေါ်တွင် လုံးဝယုံကြည်စိတ်ချခြင်း မရှိတော့။ ဒေါ်ခင်တင့်သည် ကေရီအား ဥစ္စာစောင့်မလေးဟုသာ လုံးဝ တွေးထင်နေခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် သားဖြစ်သူကို အမျိုးမျိုးဖျောင်းဖျပြောဆို၍ ကေရီနှင့် နောက်နောင်မပတ်သက်ရန် တိုက်တွန်းပြောဆိုနေတော့သည်။

ဦးစိုးလွင်၏သံသယမှာ ထိုသို့မဟုတ်။ ဒီနေ့ခေတ်၊ ဒီနေ့အခါတွင် ဥစ္စာစောင့်ဟူသည် ပုံပြင်သဖွယ်သာ ဖြစ်သည်။ ကေရီ ဆိုသောမိန်းကလေးသည် အကြံအစည်တစ်ခု ရှိနေသောကြောင့်သာ လျှင် ဖန်တီးပြုလုပ် နေခြင်း ဖြစ်နိုင်သည်။ ကေရီ၏ အကြံအစည်မှာလည်း ဤမိသားစုအတွက် ကောင်းသောအကြံအစည် မဖြစ်နိုင်။ ထို့ကြောင့် ကေရီနှင့်ပတ်သက်၍ အန္တရာယ်ရှိလာနိုင်ကြောင်းကို မြတ်မိုးလွင်အား သတိပေးပြောဆိုခဲ့သည်။

မြတ်မိုးလွင်သည် ကေရီကို စွဲလမ်းနေခဲ့ပြီ ဖြစ်သည်။ အချစ်နှင့်ပတ်သက်၍အတွေ့အကြုံမရှိခဲ့သော မြတ်မိုးလွင်အတွက် ကေရီသည် မြတ်မိုးလွင်၏ရင်ခုန်သံကို အကြီးအကျယ် မြန်လာစေခဲ့သည်။ ထို့ကြောင့် မိခင်၊ ဖခင်တို့က မည်သို့ဆိုစေကာမူ မြတ်မိုးလွင်

သည် ကေရီကို မျှော်လင့်နေခဲ့မိသည်။ သို့သော် ကေရီကမူ ဘယ်ဝယ်ဘယ်ဆီရှိနေသည်ကို တမ်းတ မှန်းဆ၍ပင်မရနိုင်။ ကေရီသည် တည်ငြိမ်နေသော မြတ်မိုးလွင်၏နှလုံးသားကို ကျီစယ်ပုတ်ခတ်

*အစားကာ ရှောင်ပုန်းနေသည်လား မပြောတတ်။*

ဤသို့ဖြင့်. . .

တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလ ကြာသည့်တိုင် ကေရီက ပေါ်မလာတော့ပေ။ ကေရီသည် ပုံပြောခဲ့လေပြီဟူ၍ပင် မြတ်မိုးလွင် တွေးထင်နေခဲ့မိတော့သည်။

တစ်နေ့ ညနေကျောင်းဆင်းချိန်တွင် မြတ်မိုးလွင်သည် လာရောက်ကြိုနေသော ကားဆီသို့ လျှောက်လာခဲ့သည်။ မြတ်မိုးလွင်၏ဖခင် ဦးစိုးလွင်သည် ပုဇွန်တောင် ကြက်တန်းတွင် တွင်ခုံလုပ်ငန်းလုပ်ကိုင်နေသူ ဖြစ်သည်။ ထိုစဉ်က ယခုကဲ့သို့ စက်မှုဇုန်များ မပေါ်သေးသဖြင့် ပုဇွန်တောင်ကြက်တန်းတွင် စက်မှုလုပ်ငန်းများ လုပ်ကိုင်နေသည်။ ထို့ကြောင့် နံနက်ပိုင်းတွင် ဦးစိုးလွင်အား အလုပ်သို့ကားနှင့်ပို့ကာ ကျောင်းချိန်ကျမှ မြတ်မိုးလွင်ကို ကားနှင့်လိုက်ပို့ပေးသည်။ ညနေပိုင်းတွင်လည်း မြတ်မိုးလွင်ကို လာကြိုပြီး ဦးစိုးလွင်ကို သွားကြိုရသည်။ ထို့ကြောင့် ဒရိုင်ဘာတစ်ယောက် ငှားထားရသည်။ ကျိုက်ထီးရိုးသွားခဲ့စဉ်က ဒရိုင်ဘာဦးထွန်းလွင်မှာ တောသို့ပြန်နေသဖြင့် မြတ်မိုးလွင်ကိုယ်တိုင် မောင်းနှင်ခဲ့ခြင်း ဖြစ်သည်။

မြတ်မိုးလွင်သည် လာကြိုသောကားဆီသို့ လျှောက်လာခဲ့သည်။ ကားဆီသို့ရောက်သည်နှင့် ဦးထွန်းလွင်က ဆီးကြိုပြောလိုက်သည်။

"မြတ်မိုးလွင်၊ မင်းကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ"

"မှဲ့နက်ရှင်ကေရီ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ်"

မမျှော်လင့်သောစကားကြောင့် မြတ်မိုးလွင် အံ့အားသင့်သွားခဲ့ရသည်။ အနီးအနားတွင်လည်း ဘယ်သူမှမရှိ။ ထို့ကြောင့် မြတ်မိုးလွင်က ပြန်မေးလိုက်သည်။

"ဦးထွန်းလွင်က ကေရီကိုသိလို့လား"

ဦးထွန်းလွင်သည် ကေရီကို မသိပါ။ သို့သော် ကေရီ ဆိုသော မိန်းကလေးမှာ မြတ်မိုးလွင်တို့ မိသားစုတွင် ရေပန်းစားနေသဖြင့် ဦးထွန်းလွင်သိနေခဲ့ခြင်း ဖြစ်သည်။ ကေရီ မြတ်မိုးလွင်တို့အိမ်သို့ လာစဉ်က တနင်္ဂနွေနေ့ဖြစ်သဖြင့် ဦးထွန်းလွင် အလုပ်နားသောနေ့ ဖြစ်သည်။ ထို့ကြောင့် ဦးထွန်းလွင်က ကေရီကို မတွေ့မြင်ခဲ့ရပေ။ ထို့ကြောင့် မြတ်မိုးလွင်က မေးလိုက်ခြင်း ဖြစ်သည်။

ဤတွင် ဦးထွန်းလွင်က ပြန်ပြောလိုက်သည်။

"တွေးတော့ မတွေ့ဖူးဘူးပေါ့ကွာ။ ဒါပေမယ့် မင်းတို့ပြောဆိုနေတာတွေ ကြားနေရတော့ ငါလည်း မှန်းဆကြည့်ရတာပေါ့။ နောက်ပြီး သူကလည်း သူ့ကိုယ်သူ မုံ့နက်ရှင်ကေရီလို့ ပြောတယ်"

မြတ်မိုးလွင်က အလျင်စလို မေးလိုက်သည်။

"အခု သူဘယ်မှာလဲ"

"လမ်းမပေါ်က ခေါက်ဆွဲကြော်ဆိုင်မှာ စောင့်နေမယ်လို့ ပြောခဲ့တယ်"

"ဒါဆို လာ၊ သွားမယ်"

မြတ်မိုးလွင်က ကားပေါ်သို့ အလျင်အမြန် တက်လိုက်ပြီး ကားကို မောင်းထွက်စေလိုက်သည်။ လမ်းမကြီးပေါ်ရှိ ခေါက်ဆွဲကြော်ဆိုင်ရှေ့တွင် ကားရပ်လိုက်သည်နှင့် ကားပေါ်မှ အလျင်အမြန်ဆင်းကာ ဆိုင်ထဲသို့ ကမန်းကတန်း ဝင်သွားခဲ့သည်။ ဆိုင်ထဲရောက်သည်နှင့် ကေရီကို ကျီးကန်းတောင်းမှောက် ရှာကြည့်လိုက်





တော့သည်။

"သီဟကျော်စွာ၊ လာလေ"

နောက်ဘက်ထိုင်ခုံဆီမှ အသံကြားလိုက်ရသဖြင့် မြတ်မိုးလွင် လှည့်ကြည့်လိုက်သည်။

တွေ့ရပါပြီ။ မြတ်မိုးလွင် တွေ့ချင်နေသူကို တွေ့နေရပြီ ဖြစ်သည်။ ကေရီက သူ့ကို ပြုံးပြလိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်က ကေရီရှိရာသို့လျှောက်ကာ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်ပြီးပြောလိုက်သည်။

"နေနိုင်လိုက်တာ ကေရီရယ်"

"တော်တော်လွမ်းနေတယ်ပေါ့"

ကေရီက နောက်သလို ပြောဆိုလိုက်သဖြင့် မြတ်မိုးလွင်က ပြန်ပြောလိုက်သည်။

"အလိမ်အညာကျွမ်းကျင်သူကတော့ လွမ်းချင်မှလွမ်းမှာပေါ့"

"အဲဒီလိုတော့ ကဗျာမဆန်လိုက်ပါနဲ့ကွယ်။ ကေရီ အလုပ်တွေများနေလို့ပါ"

"အချစ်ထက် အရေးကြီးတဲ့ကိစ္စ\ရှိသေးလို့လား"

"သီဟကျော်စွာကလည်းကွယ်၊ စတွေ့ကတည်းက ရန်စကားပဲ ပြောနေတာပဲ။ ကဲ- ဘာစားမလဲ၊ ကေရီလည်း မမှာရသေးဘူး။ သီဟကျော်စွာလာမှ အတူတူစားချင်လို့ ဘာမှမမှာသေးတာ။ သီဟကျော်စွာက ခေါက်ဆွဲကြော်ကြိုက်တယ်။ ကျိုက်ထီးရိုးမှာကတည်းက ကေရီက သီဟကျော်စွာ ခေါက်ဆွဲကြော်ကြိုက်တာ သတိထားမိတယ်။ ခေါက်ဆွဲကြော်ပဲမှာလိုက်မယ်နော်။ ဟော့- စားပွဲထိုးမောင်လေး"

'တစ်ဖက်သား စိတ်ဆိုးခွင့်မရအောင်ကိုဘဲ သိတတ်လှန်းလှချည်လား ကေရီရယ်' ဟု မြတ်မိုးလွင် စိတ်ထဲမှ ရေရွတ်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ် စားပွဲထိုးလေး ရောက်ရှိလာခဲ့သဖြင့် ကေရီက ပြောလိုက်သည်။

"အထူးခေါက်ဆွဲကြော်နှစ်ပွဲ။ ဒါပေမယ့် ပန်းကန်တစ်ချပ်တည်းမှာ ပေါင်းထည့်လာခဲ့"

"ဗျာ"

ကေရီပြောသည်ကို စားပွဲထိုးလူငယ်လေးက နားမလည်။ ထို့ကြောင့် ကေရီက ရှင်းပြလိုက်သည်။

"တို့က သိပ်ချစ်ကြတဲ့ချစ်သူတွေလေ။ သေရင်လည်း အတူတူသေကြရမှာ။ သိပ်ချစ်ကြတဲ့ အထိမ်းအမှတ်အနေနဲ့ ပန်းကန်တစ်ချပ်တည်းနဲ့ နှစ်ယောက်အတူစားကြမယ်လေ"

"ဩော်- ဟုတ်ကဲ့၊ ဟုတ်ကဲ့"

စားပွဲထိုးလေးက သဘောပေါက်သွားပြီဖြစ်သဖြင့် ပြုံးရွှင်စွာ ထွက်ခွာသွားတော့သည်။ 'ဩော်- စွဲမက်အောင်တော့ဖြင့် စွမ်းဆောင်နိုင်ပါပေတယ် ကေရီရယ်' ဟု မြတ်မိုးလွင်ရင်ထဲမှာ ချီးမွမ်းနေခဲ့မိတော့သည်။ ခဏအကြာတွင် ခေါက်ဆွဲကြော်တစ်ပွဲရောက်လာကာ စားပွဲထိုးလေးက ရယ်ပြုံးကာ ပြောဆိုလိုက်သည်။

"အစ်မ၊ နှစ်ပွဲတစ်ပန်းကန်တည်း ပေါင်းထည့်လာခဲ့တယ်"

မြတ်မိုးလွင်က ခေါက်ဆွဲကြော်ပန်းကန်ထဲမှ ဇွန်းကိုကောက်ကိုင်လိုက်သည်။ ထိုစဉ် ကေရီက မြတ်မိုးလွင်၏လက်ကို ပုတ်ထုတ်လိုက်သဖြင့် မြတ်မိုးလွင်က တအံ့တသြ ပြောဆိုလိုက်သည်။

"ဘာဖြစ်လို့လဲ ကေရီ"

ကေရီ ဘာမှမပြော။ ဇွန်းနှင့် ခေါက်ဆွဲကြော်ကို ခပ်ယူကာ မြတ်မိုးလွင်ကို ပြုံးကြည့်နေသည်။ ထို့နောက် ကေရီက ပြောလိုက်သည်။

"ပါးစပ်ဟာ"

မြတ်မိုးလွင် သဘောပေါက်သွားပြီ ဖြစ်သည်။ ထို့ကြောင့်



ပါးစပ်ကို ဟ,ပေးလိုက်သည်။ ကေရီက မြတ်မိုးလွင်ကို ခွံ့ကျွေးလိုက်သည်။ မြတ်မိုးလွင်ကလည်း ကေရီကို ပြန်လည်ခွံ့ကျွေးလိုက်သည်။

ထိုစဉ်. . .

"မောင်မြတ်မိုးလွင်"

ချစ်သူနှစ်ဦး ကြည်နူးနေကြသဖြင့် ပတ်ဝန်းကျင်ကိုပင် သတိမပြုမိကြတော့ပေ။ ခေါ်သံကြားလိုက်မှ လှည့်ကြည့်လိုက်ရာ-

"ဟင်- ဦးထွန်းလွင်၊ ဘာဖြစ်လို့ လိုက်လာတာလဲ"

ကေရီကို ခေါက်ဆွဲကြော်ခွံ့ကျွေးနေစဉ် ဦးထွန်းလွင်က ခေါ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင်က ရှက်ကိုးရှက်ကန်းနှင့် ပြန်မေးလိုက်ခြင်းဖြစ်သည်။

"မင်းအဖေကို သွားကြိုရဦးမယ်လေ"

ထိုအခါမှ မြတ်မိုးလွင် သတိရသွားတော့သည်။ ထို့ကြောင့် အတန်ငယ် စဉ်းစားပြီး-

"ဒီလိုလုပ်ဗျာ၊ ဦးလေးက အဖေ့ကိုသွားကြိုလိုက်။ ကျွန်တော် ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေတယ်လို့ အိမ်ကို ပြောလိုက်။ ပြီးမှ ပြန်လာခေါ်"

"သိပ်မိုးချုပ်နေမှာပေါ့"

"ရပါတယ်။ ဦးလေးပြန်မလာမချင်း ကျွန်တော်တို့ ဒီက စောင့်နေမယ်"

ဦးထွန်းလွင် ထွက်သွားခဲ့သည်။ ထို့နောက် ကေရီက-

"သိပ်ဟကျော်စွာ ကေရီ့ကို မျှော်နေမှာပေါ့နော်"

"ဘယ့်နှယ်ပြောလိုက်တာလဲ ကေရီရယ်။ မျှော်ရလွန်းလို့ လည်ပင်းတောင် ညောင်ရေအိုး ဖြစ်တော့မယ်"

"ကေရီ အလုပ်တွေများနေလို့ပါ"

"ဘာတွေများ ဒီလောက်တောင် အလုပ်များနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဧကရီတို့ စောင့်ရှောက်ရမယ့် အရိမေတ္တယျဘုရားရှင်ကို လှူမယ့်ပစ္စည်းတွေကို သွားကြည့်နေရလို့ပါ"

"ဘာပြောတယ်. . ."

"ဟုတ်တယ် သီဟကျော်စွာ။ ဧကရီ စွန်ပကို သွားနေရလို့ သီဟကျော်စွာဆီကို ရောက်မလာခဲ့ရတာပါ"

"ကိုယ့်ကိုမှန်မှန်ပြောစမ်းပါ ဧကရီရယ်။ ဧကရီ ဘယ်မှာနေပြီး ဘာတွေလုပ်နေတာလဲ"

"လောလောဆယ်တော့ ရန်ကုန်မြို့က သချိုင်းတွေမှာ တစ်လှည့်စီ နေနေရတယ်"

"ဟင်"

မြတ်မိုးလွင် ဧကရီကို သေသေချာချာ ကြည့်လိုက်မိသည်။ ဧကရီ၏ပုံစံက နောင်ပြောင်ပြောနေသည့် ပုံစံမဟုတ်။ ထို့ကြောင့် သီဟကျော်စွာက ပြောလိုက်သည်။

"ကိုယ့်ကို အရူးမလုပ်လိုက်ပါနဲ့ ဧကရီရယ်"

ဧကရီသည် မြတ်မိုးလွင်ကိုကြည့်ကာ ပြောလိုက်သည်။

"ဧကရီတို့ ဘယ်တော့လက်ထပ်ကြမလဲဟင်"

မမျှော်လင့်သောစကားကို ပြောလာနေသဖြင့် မြတ်မိုးလွင် ဘာဖြေရမည်ကိုပင် မသိတော့ပေ။ ထို့ကြောင့် ဧကရီက ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"ဧကရီနဲ့ သီဟကျော်စွာ ထပ်ပြီးမဝေးပါရစေနဲ့ရှင်ရယ်"

ထို့ကြောင့် မြတ်မိုးလွင်က ပြောလိုက်သည်။

"ကိုယ်လည်း မဝေးချင်ပါဘူး ဧကရီရယ်။ ဒါပေမယ့် ဧကရီရဲ့လုပ်ရပ်တွေကို ဘယ်လိုနားလည်ရမှန်းမသိတော့ အဖေနဲ့ အမေက စိုးရိမ်ကြတယ်။ ဒါကြောင့် ဧကရီ ဘယ်မှာနေတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပြပါလား"





"ဧကရီ ပြောပြီးပြီပဲ။ အခုလောလောဆယ် ရန်ကုန်မြို့က သချိုင်းတွေမှာ တစ်လှည့်စီ နေနေရတယ်။ လုပ်ရမယ့် အလုပ်ကတော့ အရိမေတ္တယျဘုရားရှင်ကို လှူဒါန်းမယ့် ရတနာပစ္စည်းတွေကို စောင့်ရှောက်ဖို့ပဲ"

"ဧကရီ အဲဒီလိုပြောနေသမျှ အဖေတို့ အမေတို့က စိတ်ချယုံကြည်ကြမှာ မဟုတ်ဘူး။ ကိုယ်တို့နှစ်ယောက်နီးဖို့ ကိုယ် ဘယ်လိုလုပ်ရမလဲ"

"ဒီမှာ သီဟကျော်စွာ၊ ဒီတစ်ခါတော့ ဧကရီ သီဟကျော်စွာကို ဆုံးရှုံးမခံပါရစေနဲ့။ ဒီတစ်ခါ သီဟကျော်စွာကိုထပ်ပြီး ဆုံးရှုံးရမယ်ဆိုရင်တော့ ဧကရီကိုယ်တိုင် သီဟကျော်စွာကို လိပ်ပြာနှုတ်ပြီး စွန်ပကို အပြီးသွားတော့မယ်"

"ဧကရီရယ်၊ အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ဘာဖြစ်လို့ပြောနေရတာလဲ။ ဧကရီ ဘယ်မှာနေတယ်၊ ဘယ်လုပ်လဲ မှန်မှန်ပြောစမ်းပါ"

"သီဟကျော်စွာအတွက် အဓိပ္ပာယ်မရှိပေမယ့် ဧကရီအတွက်ကတော့ သိပ်ကို အဓိပ္ပာယ်ရှိပါတယ်။ ဧကရီပြောနေတာတွေဟာ အမှန်တွေပါ"

ထိုစဉ်. . .

"မောင်မြတ်မိုးလွင်"

"ဟင်- ဦးထွန်းလွင်"

ဦးထွန်းလွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

"မင်းအဖေနဲ့အမေလည်း ပါလာတယ်။ ကားထဲမှာ စောင့်နေတယ်"

"ဟင်"

မြတ်မိုးလွင်က အဖေနှင့်အမေ လိုက်လာသည်ဆိုသဖြင့် အံ့ဩသွား၏။ ထို့ကြောင့် မြတ်မိုးလွင်က ဧကရီ့ကိုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဧကရီ၊ အဖေတို့ အမေတို့ လိုက်လာကြတယ်။ သွားဖေ
လိုက်ပါဦး"

သူတို့ ကားဆီသို့လာခဲ့ကြသည်။ ဧကရီက ဦးစိုးလွင်
ဒေါ်ခင်တင့်တို့ကို ဝမ်းပန်းတသာ ပြောဆိုနှုတ်ဆက်သော်လည်
ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့ကမူ ဟက်ဟက်ပက်ပက်မရှိကြ။
ကြောင့် မြတ်မိုးလွင်က ဧကရီကို အားနာစွာပြောလိုက်သည်။

"ဧကရီ၊ ကားပေါ်တက်လေ။ ဘယ်ကိုလိုက်ပို့ရမလဲ"

ဤတွင် ဦးစိုးလွင်က ဝင်ရောက်ပြောဆိုလိုက်သည်။

"ဟုတ်သားပဲကွယ့်၊ မိုးချုပ်နေပြီ။ ဦးတို့ လိုက်ပို့ပေးမှာပေါ့

ဦးစိုးလွင်က သူ့အကြံနှင့်သူ လောကွတ်ပြုလိုက်ခြင်း ဖြ
သည်။ ဧကရီကို လိုက်ပို့ပေးသောနေရာမှ ဧကရီ၏အကြောင်းက
စုံစမ်းသိရှိနိုင်သဖြင့် ဧကရီကို ဘဝင်မကျသော်လည်း လောကွတ်ပြ
လိုက်ခြင်း ဖြစ်သည်။ ဖခင်ဖြစ်သူ၏သဘောထားမှာ ချက်ချင်
ပြောင်းလဲသွားခဲ့သဖြင့် မြတ်မိုးလွင်ကလည်း ဧကရီကို အတင်းခေါ်
နေလေတော့သည်။

"ကဲပါ- မိုးသိပ်ချုပ်နေပြီ၊ ကားပေါ်တက်"

မြတ်မိုးလွင်က ကားတံခါးဖွင့်ကာ ကားပေါ်တွန်းတင်နေ
သဖြင့် ဧကရီ ကားပေါ်သို့ ရောက်ရှိသွားတော့သည်။ ဦးထွန်းလွင်
က မေးလိုက်သည်။

"ဘယ်ကိုမောင်းရမလဲ ကလေးမ"

"ဦးလေးမောင်းမယ့် လမ်းကြောင်းအတိုင်းသာ မောင်းပါ
ဆင်းရမယ့်နေရာရောက်တော့ ကျွန်မပြောမယ်"

ကျိုက်ထီးရိုးမှပြန်လာစဉ်က ပြောသကဲ့သို့ပင် ပြောနေ
သဖြင့် အားလုံးက ဧကရီကို ကြည့်လိုက်ကြသည်။ ထို့ကြောင့်
ဦးစိုးလွင်က ဦးထွန်းလွင်ကို ပြောလိုက်သည်။

"ဦးထွန်းလွင်၊ မောင်းမှာသာမောင်းဗျာ"





ထို့ကြောင့် ဦးထွန်းလွင်က ကားကိုမောင်းထွက်လိုက်သည်။
ထွန်းလွင်သည် အိမ်ပြန်သည့်လမ်းကြောင်းအတိုင်း မောင်းနှင်
ာခဲ့ရာ တစ်နေရာသို့ အရောက်တွင် ဧကရီက ပြောလိုက်သည်။

"ဦးလေး၊ ရောက်ပြီ ရပ်တော့"

"ကျို. . ."

ဦးထွန်းလွင် ကားကိုဘရိတ်အုပ်လိုက်သည်။ ကားရပ်လိုက်
ည်နှင့် ဦးထွန်းလွင်က ထိတ်ထိတ်ပျာပျာ ပြောလိုက်သည်။

"ကလေးမ၊ ဒါ. . . ဒါ"

"ဟုတ်တယ်၊ ကျွန်မ ဒီမှာနေတာ"

ကားရပ်လိုက်သောနေရာမှာ တာမွေသင်္ချိုင်းအဝတည့်တည့်
ဖြစ်နေသဖြင့် ဦးထွန်းလွင်က ထိတ်ထိတ်ပျာပျာ ပြောလိုက်သည်။
ဧကရီ ပြန်ပြောလိုက်သောစကားကြောင့် ဦးထွန်းလွင် တုန်လှုပ်
ချောက်ချားသွားတော့သည်။ ဧကရီသည် ကားတံခါးကို ဖွင့်လိုက်ပြီး
မဆင်းမီ မြတ်မိုးလွင်ကို လှည့်ပြောလိုက်သည်။

"ဒီတစ်ခါ ဝေးကြရမယ်ဆိုရင်တော့ သီဟကျော်စွာကို ဧကရီ
ကိုယ်တိုင်လိပ်ပြာနုတ်ပြီး စွန်ပကို ခေါ်သွားမှာနော်"

ဧကရီက ပြောပြောဆိုဆိုနှင့် ကားပေါ်မှဆင်းလိုက်သည်။
ဧကရီ ကားပေါ်မှဆင်းလိုက်သည်နှင့် ဦးထွန်းလွင်က ကြောက်လန့်
ွာ ကားကိုမောင်းထွက်လိုက်လေတော့သည်။

မည်သူတွေ မည်သို့ခံစားနေရသည်ကို မသိနိုင်သော်လည်း
မြတ်မိုးလွင်ရင်ထဲမှာတော့ 'ဟာခနဲ' ဖြစ်နေခဲ့ရသည်။ သွားပြန်ပြီ၊
ဧကရီ ပြန်သွားခဲ့ပြန်ပြီ။ ဘယ်အချိန်၊ ဘယ်ကာလကျမှ ပြန်ရောက်
လာခဲ့မည်ကို မှန်းဆ၍မရနိုင်။ အလိမ်ပလီအကြောင်းတရားတွေနဲ့
ကိန္နရီချောင်းခြားရတဲ့အဖြစ်တွေ ဖန်တီးနေတာလား ဧကရီရယ်။
မြတ်မိုးလွင် ဧကရီကိုလွမ်းနေရတော့မှာပါ။အလိမ်အညာကျွမ်းကျင်
သူကတော့ လွမ်းချင်မှလွမ်းမှာပဲ။ မြတ်မိုးလွင်ကတော့ တကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းနေရပါပြီ။ လွမ်းနေရပါပြီ ဇကရီရယ်။

မြတ်မိုးလွင် အိမ်သို့ပြန်ရောက်သည်အထိ တွေးဆ၍ မရနိုင်တော့ပေ။

✿ ✿ ✿



## (၁၈)
## တကယ်ဝေးရလေပြီလား ဇကရီရယ်

ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့သည် မြတ်မိုးလွင်အတွက် စိုးရိမ်သောက ဖြစ်နေကြရသည်။ ဒေါ်ခင်တင့်သည် ဇကရီက မြတ်မိုးလွင်အား လိပ်ပြာနှုတ်မည်ဟု ပြောခဲ့သဖြင့် အလွန်အမင်း စိုးရိမ်နေခဲ့တော့သည်။ မြတ်မိုးလွင်ကလည်း ဇကရီကို တန်းတန်းစွဲနေပြီဖြစ်သဖြင့် ဇကရီဆိုသောဥစ္စာစောင့်မက ညှို့ယူပြစားထားသည်ဟုပင် တထစ်ချ ယုံကြည်နေလေတော့သည်။ ထို့ကြောင့် ဆရာများနှင့်တိုင်ပင်ကာ မြတ်မိုးလွင်အတွက် အစီအရင် အဆောင်အယောင်များကို အမျိုးမျိုးပြုလုပ်နေခဲ့သည်။ သိုက်စက်ဖြတ်ခြင်း၊ လိပ်ပြာခွဲခြင်း၊ လိပ်ပြာချုပ် ပြုလုပ်ခြင်းများကိုလည်း တွေ့သည့်ဆရာတိုင်းနှင့် ပြုလုပ်နေသဖြင့် ငွေကုန်ရပေါင်းလည်း များလှနေပြီဖြစ်သည်။

ဦးစိုးလွင်ကမူ ဇကရီကို ဥစ္စာစောင့်ဟု မယုံကြည်။ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဇာတ်လမ်းဆင် လုပ်ကြံနေခြင်းသာ ဖြစ်သည်၊ မြတ်မိုးလွင်ကို အတင်းအဓမ္မ လက်ထပ်ရယူရန် ကြိုးစားနေသဖြင့် ၎င်းတို့၏ ပစ္စည်းဥစ္စာ အမွေများကို လိုချင်နေသဖြင့် ဇာတ်ကွက်ဆင်နေခြင်းသာဖြစ်သည်ဟု တထစ်ချ ယုံကြည်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကေရီ၏နောက်မှ နောက်ယောင်ခံလိုက်ကာ ကေရီ၏ အဖြစ်ကို ဖော်ထုတ်ရန် ကြံရွယ်နေခဲ့သည်။

ဤအတောအတွင်း ကေရီက မကြာခဏ မြတ်မိုးလွင်၏ ကျောင်းသို့ ရောက်လာလေ့ရှိသည်။ ထို့ကြောင့် ကျောင်းပိတ်ရက်များတွင် မြတ်မိုးလွင်သည် ကျောင်းအလုပ်ကို အကြောင်းပြကာ ကေရီနှင့်အတူ လျှောက်လည်နေခဲ့သည်မှာလည်း အကြိမ်ကြိမ် ရှိနေခဲ့ပြီ ဖြစ်သည်။ ဦးစိုးလွင်သည် ကေရီ၏နောက်မှ အကြိမ်ကြိမ် နောက်ယောင်ခံလိုက်ခဲ့သော်လည်း မျက်ခြည်ပြတ်ခဲ့ရသည်သာဖြစ်သည်။

ထို့ကြောင့် ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့သည် ကေရီက ကျောင်းသို့ မကြာခဏလာနေသည်ကို သိရှိနေကြသဖြင့် မြတ်မိုးလွင်ကို အလုပ်မှထွက်ရန်ပင် တိုက်တွန်းပြောဆိုခဲ့ကြသည်။ သို့သော် မြတ်မိုးလွင်က လက်မခံ။ ဤသို့ဖြင့် တစ်နှစ်ခန့်အကြာတွင် ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့အတွက် ဝမ်းသာစရာသတင်းတစ်ခု ဖြစ်လာခဲ့သည်။ မြတ်မိုးလွင်သည် ကျောင်းအုပ်ဆရာကြီးအဖြစ် ရာထူးတိုးကာ မြစ်ဝကျွန်းပေါ် ရွာလေးတစ်ရွာသို့ ပြောင်းရွှေ့ရန် အမိန့်စာကျလာခဲ့တော့သည်။ မြတ်မိုးလွင်သည် ဤအရပ်၊ ဤဒေသမှ ပြောင်းရွှေ့သွားရလျှင် ကေရီ၏အန္တရာယ်မှ လွတ်မြောက်သွားပေတော့မည်။ ထို့ကြောင့် ဝမ်းသာနေခဲ့ကြခြင်း ဖြစ်သည်။

မြတ်မိုးလွင်ကမူ အကြီးအကျယ် သောကဖြစ်နေခဲ့ရပြီ ဖြစ်သည်။ ကေရီရောက်မလာခဲ့သည်မှာ နှစ်လခန့်ပင် ရှိနေခဲ့ပြီ ဖြစ်သည်။ မိမိမှာလည်း တစ်ပတ်အတွင်း၌ ပြောင်းရွှေ့ရတော့မည်ဖြစ်သည်။ မိမိပြောင်းရွှေ့ရမည်ကို ကေရီ မသိသေး။ ကေရီလာလျှင် လွဲရပေတော့မည် ဖြစ်သည်။ ဤကျောင်းရှိ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများကလည်း ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့၏ သောကအပူကို တွေ့မြင်နေကြရသဖြင့် သနားနေခဲ့ကြသည်။



ထို့ကြောင့် ကေရီ လာရောက်စုံစမ်းခဲ့လျှင်ပင် ဘယ်ကိုပြောင်းရွှေ့သွားသည်ဟု ပြောပြကြလိမ့်မည်မဟုတ်။ အဖေနှင့်အမေတို့ထံ သွား၍ စုံစမ်းခဲ့လျှင်လည်း ပြောပြကြလိမ့်မည်မဟုတ်။ ထို့ကြောင့် မြတ်မိုးလွင်မှာ သောကပင်လယ်ဝေနေရလေတော့သည်။

ဤသို့ သောကပင်လယ်ဝေရင်းနှင့်ပင် မြတ်မိုးလွင်မှာ သစ်ဆုံရွာ မူလတန်းကျောင်းသို့ ကျောင်းအုပ်ဆရာကြီးအဖြစ် ပြောင်းရွှေ့ခဲ့ရလေတော့သည်။ ထို့ကြောင့် မြတ်မိုးလွင်မှာ အပြင်းဆုံးနေအောက်မှာ ထမင်းလုံးတစ္ဆေခြောက်ခံရသလို နွေကမ္ဘာရဲ့ အကြမ်းဆုံးခရီးမှာ ဝေဒနာနဲ့နပန်းလုံးပြီး ပြောင်းရွှေ့ခဲ့ရလေတော့သည်။

မြတ်မိုးလွင်၏ရင်ထဲတွင်မူ 'တကယ်ဝေးရလေပြီလား ကေရီရယ်' ဟူသော ညည်းညူငိုကြွေးသံမှာ ပဲ့တင်ထပ်မြည်ဟည်းနေလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)
## ကွင်းခြောက်တာလား

မြတ်မိုးလွင်သည် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေ
သစ်ဆုံကျွန်း မူလတန်းကျောင်းသို့ ကျောင်းအုပ်ဆရာကြီးအဖြ
ပြောင်းရွှေ့လာခဲ့ရခြင်း ဖြစ်သည်။ ကျောင်းမှာ ရွာပြင် လယ်ကွ
ထဲတွင် ဆောက်လုပ်ထားသဖြင့် ကျောင်းနှင့်ရွာ မိနစ်(၂၀)
လမ်းလျှောက်သွားရသည်။ ထိုမူလတန်းကျောင်းလေးတွင် ကျော
အုပ်ဆရာကြီးတစ်ယောက်နှင့် ဆရာနှစ်ယောက်၊ စုစုပေါင်း
ယောက် လျာထား သတ်မှတ်ထားခဲ့သော်လည်း လောလောဆ
ကျောင်းဆရာတစ်ယောက်တည်းသာ ရှိနေခဲ့သည်။ ယခု မြတ်
လွင် ရောက်ရှိလာပါမှ ဆရာနှစ်ယောက်သာ ရှိနေပါသေးသည်
သက်ဆိုင်ရာမှ မကြာမီ ဆရာမတစ်ယောက် ထပ်မံစေလွှတ်
မည်ဟု ပြောဆိုခဲ့သော်လည်း ထိုဆရာမမှာ ယခုတိုင် ရောက်ရှိ
လာသေးပေ။ ထို့ကြောင့် မြတ်မိုးလွင်မှာ လက်ရှိဆရာနှင့်ပါမှ ဆ
နှစ်ယောက်သာ ရှိနေခဲ့သဖြင့် ကျောင်းအုပ်ကြီးတာဝန်အပြင်
သင်ရသောတာဝန်ပါ တွဲဖက်လုပ်ကိုင်နေခဲ့သဖြင့် အလုပ်များ
လေတော့သည်။

ထို့ကြောင့် တစ်ခါတစ်ရံတွင် ညနေ တော်တော်စောင်းခ





အိပ်ပြန်ရလေ့ရှိသည်။ မြတ်မိုးလွင်သည် မည်မျှပင် အလုပ်များနေစေကာမူ ကေရီကိုမူ နေ့စဉ်နေ့တိုင်း သတိရနေမိခဲ့သည်။

သို့နှင့် သစ်ဆုံကျေးရွာသို့ရောက်ရှိပြီး တစ်လခန့်အကြာ တစ်နေ့တွင် မြတ်မိုးလွင်သည် ကျောင်းလွှတ်ပြီးသော်လည်း အိမ်မပြန်နိုင်ဘဲ ဖြစ်နေခဲ့ရသည်။ ဆရာကိုသန်းဇော်နှင့် ကျောင်းသား၊ ကျောင်းသူများ ပြန်သွားခဲ့ပြီဖြစ်သော်လည်း ကျောင်းတွင် တစ်ယောက်တည်း စာရင်းဇယားများ ပြုလုပ်နေခဲ့သည်။

သို့နှင့် နေဝင်ဖျိုးဖျအချိန်သို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ အပြင်တွင်လည်း အလင်းရောင်အားနည်းလာနေပြီ ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင်သည် စာရင်းစာအုပ်များကို သိမ်းဆည်းလိုက်သည်။

"မိုးတောင်ချုပ်တော့မှာပါလား"

မြတ်မိုးလွင်သည် ကျောင်းစောင့် ကိုတူးကို လှမ်းခေါ်လိုက်သည်။

"ကိုတူး၊ ကိုတူးရေ"

"ဗျာ- ဆရာကြီး၊ လာပါပြီ"

"ကျွန်တော် ပြန်တော့မယ်။ တံခါးတွေ သေသေချာချာပိတ်နော်"

"စိတ်ချပါ ဆရာကြီး"

ကိုတူးက ကျောင်းဝအထိ လိုက်ပို့ပေးပြီး မြတ်မိုးလွင်ကို မေးလိုက်သည်။

"နေတောင် တော်တော်နည်းနေပြီ။ လိုက်ပို့ပေးရဦးမလား ဆရာကြီး"

"ရပါတယ်ဗျာ၊ ဘာဝေးတာမှတ်လို့"

ပြောပြောဆိုဆိုနှင့် မြတ်မိုးလွင် ကျောင်းဝင်းထဲမှ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေတောင်ဝင်တော့မှာပဲ"

မြတ်မိုးလွင်တစ်ယောက်တည်း ပြောဆိုရေရွတ်ကာ သဲသောင်ပြင်လမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့တော့သည်။ ကျောင်းမှရွာသို့ မိနစ်နှစ်ဆယ်ခန့်သာ လမ်းလျှောက်လာရသဖြင့် ရွာကို လှမ်းမြင်နေရသည်။ ထို့နောက် ဆယ်မိနစ်ခန့်အကြာတွင်-

"ဟင်"

အမှတ်မထင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် မြတ်မိုးလွင် အံ့ဩသွားရသည်။ အမျိုးသမီးတစ်ယောက်မှာ ထဘီရင်ရှားနှင့် တစ်ယောက်တည်းရေကူးနေသည်ကို တွေ့မြင်လိုက်ရသဖြင့် မြတ်မိုးလွင် အံ့ဩသွားခဲ့ရခြင်း ဖြစ်သည်။ မြတ်မိုးလွင် ဤလမ်း၊ ဤခရီးကို နေ့စဉ် ကျောင်းတက်၊ ကျောင်းဆင်း သွားနေခဲ့သည်မှာ တစ်လခန့်ပင် ရှိနေခဲ့ပြီ ဖြစ်သည်။ ဤနေရာ၊ ဤဒေသတွင် ရေချိုးသူကို တစ်ကြိမ်တစ်ခါမှပင် မတွေ့မြင်ခဲ့ရပေ။ ထို့အပြင် ယခုအချိန်မှာ နွားရိုင်းသွင်းချိန်ဖြစ်နေသဖြင့် မည်သူမျှ တစ်ယောက်တည်း ရေကူးရဲမည်မဟုတ်။ ယခုမူ ထိုအမျိုးသမီးက မကြောက်မရွံ့ တစ်ယောက်တည်း ရေကူးနေခဲ့သည်။

"ဘယ်သူများပါလိမ့်၊ ရွာထဲက တစ်ယောက်ယောက်ဖြစ်မှာ"

မြတ်မိုးလွင် ထိုသို့ ရေရွတ်ကာ ရေကူးနေသော အမျိုးသမီးကို ကြည့်နေမိခဲ့သည်။ ထိုစဉ် အမျိုးသမီးက ကမ်းပေါ်သို့တက်လာခဲ့သည်။ ကိုယ့်ဟန်အနေအထား လှပကြော့ရှင်းသူတစ်ယောက်ဖြစ်သည်။ အလင်းရောင် အားနည်းနေပြီ ဖြစ်သော်လည်း ရွာပြင်ဒေသဖြစ်နေသဖြင့် သစ်ရိပ်၊ ဝါးရိပ် မရှိ။ ထို့ကြောင့် အမျိုးသမီးကို သဲကွဲစွာ တွေ့မြင်နေရသည်။ အမျိုးသမီးမှာ မြတ်မိုးလွင် ရပ်ကြည့်နေခဲ့သည်ကို သိဟန်မတူ။ ထိုစဉ် အမျိုးသမီးမှာ မြတ်မိုးလွင်ဘက်သို့ ကြည့်လိုက်သည်။

"ဟာ"





မြတ်မိုးလွင် အလွန်အမင်း အံ့ဩသွားရပြန်ပါပြီ။ ထို့ကြောင့် ထိုအမျိုးသမီးကို သေသေချာချာ ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ကေရီ။ ကေရီမှ ကေရီအစစ်"

အမျိုးသမီး၏မေးစေ့တွင် မှဲ့နက်တစ်လုံး ပါရှိနေသည်။ ထို့ကြောင့် မြတ်မိုးလွင်က ထိုအမျိုးသမီးကို သေသေချာချာကြည့်ကာ ရေရွတ်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ အမျိုးသမီးမှာ မြတ်မိုးလွင်နှင့် မျက်နှာချင်းဆိုင် အနေအထားပင် ဖြစ်နေသော်လည်း မြတ်မိုးလွင်ကို မြင်ဟန်မတူ။ ထို့ကြောင့် မြတ်မိုးလွင်သည် အမျိုးသမီးရှိရာသို့ သွားကာ အားရဝမ်းသာ ခေါ်လိုက်သည်။

"ကေရီ၊ ကေရီ. . . ဟေ့- ကေရီ"

မြတ်မိုးလွင် အနီးသို့ရောက်လာမှ အမျိုးသမီးက သတိပြုသွားမိတော့သည်။ အမျိုးသမီးသည် မြတ်မိုးလွင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် တအံ့တဩမေးလိုက်သည်။

"ဆရာကြီးပါလား၊ ဘာလုပ်မလို့လဲဟင်"

"ဟာ- ဘယ်လိုဖြစ်ရတာပါလိမ့်"

အမျိုးသမီးက မေးနေသည်ကို မြတ်မိုးလွင်က ပြန်မဖြေဘဲ အမျိုးသမီးကိုကြည့်ကာ တအံ့တဩ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ မြတ်မိုးလွင် အနီးသို့ရောက်သောအခါ ထိုအမျိုးသမီးမှာ ကေရီ မဟုတ်တော့။ ထိုအမျိုးသမီး၏ မေးစေ့တွင်လည်း ဘာမှဲ့မှမရှိ။ ထို့ကြောင့် မြတ်မိုးလွင်မှာ တအံ့တဩ ဖြစ်သွားခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးက ထပ်မံမေးမြန်းလိုက်ပြန်သည်။

"ဆရာကြီး ဘာလာလုပ်တာလဲ"

ထိုအမျိုးသမီးက သူ့ကို ဆရာကြီးဟု သိနေသော်လည်း ထိုအမျိုးသမီးကို သူမသိ။ ထိုအမျိုးသမီးသည် ဒီရွာထဲမှ မဟုတ်နိုင်။ ထို့ကြောင့် မြတ်မိုးလွင် ဘာပြန်ဖြေရမှန်းပင် မသိတော့။ ယခုအချိန်တွင် ရွာသားတစ်ယောက်ယောက် တွေ့မြင်သွားခဲ့လျှင် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဟူသော ဂုဏ်သိက္ခာကိုပင် ထိခိုက်လာနိုင်သည်။ သူ့ကို အထင်အမြင်သေးကာ တစ်မျိုးတစ်ဖုံ တွေးထင်လာနိုင်သည်။ ထို့ကြောင့် မြတ်မိုးလွင်က ထိုအမျိုးသမီးကို တောင်းပန်ပြောဆိုကာ ထွက်လာခဲ့သည်။

"ကျွန်တော် လူမှားသွားလို့ပါ၊ တောင်းပန်ပါတယ်"

"ဆရာကြီးက ကျွန်မကို မဲ့နက်ရှင်ဇာကရီလို့ ထင်လို့လား"

"ဗျာ"

မြတ်မိုးလွင်က ထိုအမျိုးသမီးကို တအံ့တသြ ကြည့်လိုက်မိပြန်သည်။ ထိုအမျိုးသမီးသည် သူနှင့် မဲ့နက်ဇာကရီတို့၏ ဆက်နွှယ်ပတ်သက်မှုကို သိနေခဲ့ပြန်သည်။ မြတ်မိုးလွင် မအံ့သြဘဲ မနေနိုင်တော့ပေ။ ထို့ကြောင့် မြတ်မိုးလွင် ထိုအမျိုးသမီးကို ပြန်မေးလိုက်သည်။

"ခင် . . . ခင်ဗျားက မဲ့နက်ရှင်ဇာကရီကို သိလို့လား"

"သိတာပေါ့ သီဟကျော်စွာရယ်"

"ဟင်"

လုပ်ပြန်ပြီ၊ လုပ်လိုက်ပြန်ပြီ။ ထိုအမျိုးသမီးက မဲ့နက်ရှင်ဇာကရီတွေ၊ သီဟကျော်စွာတွေ လုပ်နေသဖြင့် မြတ်မိုးလွင် တုန်လှုပ်စပြုနေပြီ ဖြစ်သည်။

"ဆရာကြီး၊ ဆရာကြီး"

ထိုစဉ် ရွာဘက်ဆီမှ ခေါ်သံကြားလိုက်ရသဖြင့် ကြည့်လိုက်ရာ ဆရာကိုသန်းဇော်၊ ကျေးရွာသူကြီးဦးနီနှင့် ကာလသားခေါင်း မြဟိန်းတို့ကို တွေ့လိုက်ရသည်။ သူတို့က မြတ်မိုးလွင်ရှိရာသို့ ရောက်ရှိလာခဲ့ကြပြီး ဆရာကိုသန်းဇော်က မေးလိုက်သည်။

"ဆရာကြီး တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

ဆရာကိုသန်းဇော်က 'ဆရာကြီးတစ်ယောက်တည်း ဘာလုပ်နေတာလဲ' ဟု မေးလိုက်သဖြင့် မြတ်မိုးလွင် အံ့သြသွားရသည်။





သူနှင့် အမျိုးသမီး နှစ်ယောက်ရှိနေကြသည်ကို တစ်ယောက်တည်းဟုပြောနေသဖြင့် မြတ်မိုးလွင်နှင့် စကားပြောနေသော အမျိုးသမီးကို မတွေ့ကြလေရော့သလား။ ထိုစဉ် သူကြီးဦးနီနှင့် ကာလသားခေါင်းဆောင်မြဟိန်းတို့ကလည်း ပြောလိုက်ပြန်သည်။

"ဆရာကြီးတစ်ယောက်တည်းရပ်ပြီး တတွတ်တွတ်နဲ့ ဘာတွေပြောနေတာလဲ"

"မိုးချုပ်တဲ့အထိ ဆရာကြီး ပြန်မလာသေးလို့ ကျွန်တော်တို့ စိတ်ပူပြီး လိုက်လာကြတာ။ မှောင်ပဲမှောင်နေပြီ။ ဆရာကြီး တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

အားလုံးက 'ဆရာကြီးတစ်ယောက်တည်း' ဟုပင် ပြောဆိုနေခဲ့ကြသဖြင့် မြတ်မိုးလွင်က ထဘီရင်ရှားနှင့်အမျိုးသမီးကို လှည့်ကြည့်လိုက်သည်။

"ဟင်- မရှိတော့ဘူး"

မြတ်မိုးလွင်နှင့် စကားပြောနေသော အမျိုးသမီး မရှိတော့။ ထို့ကြောင့် မြတ်မိုးလွင်က ဟိုကြည့်ဒီကြည့်လုပ်ကာ ရေရွတ်ပြောဆိုလိုက်သည်။

"ဘယ်ရောက်သွားလဲ မသိဘူး"

မြတ်မိုးလွင်ကိုကြည့်ကာ ဆရာကိုသန်းဇော်၊ သူကြီးဦးနီနှင့် ကာလသားခေါင်းဆောင် မြဟိန်းတို့မှာ အံ့သြနေကြရပြန်သည်။ ထို့ကြောင့် သူကြီးဦးနီက မေးလိုက်သည်။

"ဆရာကြီး ဘာဖြစ်နေတာလဲ"

ထို့ကြောင့် မြတ်မိုးလွင်က ပြန်ပြောလိုက်သည်။

"ကျွန်တော်နဲ့ စကားပြောနေတဲ့အမျိုးသမီး မရှိတော့ဘူး"

"ဘယ်မှာ စကားပြောနေတာလဲ"

"ဒီမှာ စကားပြောနေတာလေ"

ထို့ကြောင့် ဆရာသန်းဇော်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရွာထဲက ထွက်လာကတည်းက ဆရာ့ကို တစ်ယောက်တည်းပဲ တွေ့နေရတာ"

"ဟုတ်တယ်၊ ဆရာ့အနားမှာ ဘယ်သူမှမရှိဘူး"

သူကြီးဦးနီက ထောက်ခံပြောဆိုလိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်က သူ၏ဖြစ်စဉ်များကို ရှင်းလင်းပြောပြလိုက်သည်။

ဤတွင် ကာလသားခေါင်းဆောင် မြဟိန်းက တွေးတွေး ဆဆပြောဆိုလိုက်သည်။

"ဒါဆို ဆရာကြီး ကွင်းခြောက်ခံရတာ ဖြစ်နိုင်တယ်။ လာ၊ ပြန်ကြမယ်"

"ဟုတ်တယ်၊ ဆရာကြီး ကွင်းခြောက်ခံခဲ့ရတာ"

သူကြီးဦးနီကပါ ထောက်ခံပြောဆိုလိုက်သည်။ မြတ်မိုးလွင်က ပြန်မေးလိုက်သည်။

"ဘယ်လို ကွင်းခြောက်ခံရတာလဲဗျ"

မြတ်မိုးလွင်သည် ငယ်စဉ်ကပင် ရန်ကုန်မြို့တွင် နေလာသူ ဖြစ်သည်။ ထို့ကြောင့် ကွင်းခြောက်ခံရသည်ဆိုသည်ကို မသိ။ သရဲခြောက်ခံရသည်၊ တစ္ဆေခြောက်ခံရသည်၊ တောခြောက်ခံရသည် များကိုသာ ကြားဖူးသည်။ ကွင်းခြောက်ခံရသည်ကို တစ်ကြိမ်တစ်ခါမှမကြားဘူးခဲ့သဖြင့် အထူးအဆန်း ဖြစ်နေခဲ့သည်။ ထိုစဉ် သူကြီးဦးနီက ပြောလိုက်သည်။

"ကဲပါ ဆရာကြီးရယ်၊ ပြန်ရင်းနဲ့ ကျွန်တော် ရှင်းပြပါ့မယ်။ မှောင်လည်းမှောင်နေပြီပဲ"

ရွာသို့ပြန်လာနေကြစဉ် သူကြီး ဦးနီက ကွင်းခြောက်ခံရခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောပြခဲ့သဖြင့် မြတ်မိုးလွင်မှာ တအံ့တသြ ဖြစ်နေခဲ့ရလေတော့သည်။

မြတ်မိုးလွင်သည် ထဘီရင်ရှားနှင့်အမျိုးသမီးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရရုံမျှမက ကိုယ်တိုင်ကိုယ်ကျပင် စကားပြောဆို





ခဲ့ရသည်။ထိုအမျိုးသမီး၏မေးစေ့တွင် မဲ့နက်ကလေးတစ်လုံးနှင့် ဇကရီနှင့် လုံးဝတူနေသော်လည်း ချက်ချင်းပင် ထိုအမျိုးသမီးမှာ ဇကရီ မဟုတ်ပြန်တော့။ တစ်ဖန် မိမိမျက်စိအောက်မှာပင် ဘယ် ပျောက်သွားခဲ့သည်မသိ။ သူတို့ကတော့ မြတ်မိုးလွင် ကွင်းခြောက် ခံခဲ့ရသည်ဟု ပြောကြသည်။ မြတ်မိုးလွင်ကတော့ ထိုကဲ့သို့မထင်။ မဲ့နက်ရှင်ဇကရီ၏ လှည့်စားမှုတစ်ခုများ ဖြစ်နေလေသလားဟုပင် တွေးထင်နေမိလေတော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# (၂၀)
## အပ,မှိတာလား။ ပြုစားခံရတာလား

မြတ်မိုးလွင်သည် ကွင်းခြောက်ခံရသည်ဆိုသောနေ့မှ စ၍ ဇကရီကို ထူးထူးခြားခြား သတိရနေသဖြင့် စာသင်ရာတွင် စိတ်မဖြောင့်နိုင်တော့ပေ။ ထို့ကြောင့် ဆရာကိုသန်းဇော်ကပင် မေးယူရသည်အထိ ဖြစ်လာခဲ့တော့သည်။

"ဆရာကြီးကြည့်ရတာတစ်မျိုးပဲ။ နေမကောင်းဘူးလား"

"နေကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ဒါပေမယ့် ဆရာကြီးကြည့်ရတာ တစ်ခုခုကို တွေးနေသလိုပဲ"

"ဆရာကိုသန်းဇော် စိတ်ထင်လို့ဖြစ်မှာပါ"

"ကျွန်တော်တင်မကဘူး ဆရာကြီး။ ကာလသားခေါင်းဆောင် ကိုမြဟိန်းနဲ့ သူကြီးဦးနီတို့က ဆရာကြီးကို အပ,မှိနေတယ်လို့တောင် ထင်နေကြတာ"

"အပ,မှိတယ်ဆိုတာ ဘာလဲဗျ"

"အပ,မှိတယ်ဆိုတာ သရဲ၊ တစ္ဆေ၊ မကောင်းဆိုးဝါး ဝင်ရောက်ပူးကပ်ခံနေရတာကိုပြောတာ။ ဟိုတစ်နေ့က ဆရာကြီး ကွင်းခြောက်ခံရပြီး အပ,မှိလာခဲ့တယ်လို့ သူတို့က ထင်





နေကြတယ်"

"ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ။ ခေါင်းနည်းနည်းတိုက်နေလို့ပါ။ ဒါနဲ့ ဆရာမအသစ် ဘယ်တော့လောက်ရောက်မယ်လို့ပြောလဲ"

"ဟိုတစ်နေ့က ဦးနီပြောပုံအရဆိုရင် ဒီသုံးလေးရက်အတွင်း ရောက်မယ်လို့ ပြောတာပဲ။ သူကြီးဦးနီလည်း ဆရာမအသစ်ရောက်လာဖို့အတွက် လုံးပမ်းနေတာပဲ"

"အေးဗျာ၊ ဆရာမ ရောက်လာရင်တော့ ကျွန်တော်တို့ နည်းနည်းတော့ သက်သာခွင့်ရကြမှာပေါ့"

ထိုစဉ် ကျောင်းဆင်းချိန်ရောက်နေပြီဖြစ်သဖြင့် ကျောင်းစောင့်ကိုတူးက ကျောင်းဆင်းခေါင်းလောင်းထိုးလိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်က ဆရာကိုသန်းဇော်ကို ပြောလိုက်သည်။

"ဆရာပြန်ချင်ရင်ပြန်နှင့်လေ၊ ကျွန်တော် လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်"

"ကျွန်တော်ပါ ကူလုပ်ပေးပါ့မယ်။ဆရာကြီးတစ်ယောက်တည်း. . ."

"ရပါတယ်၊ ဆရာပြန်နှင့်ပါ။ ထမင်းဆာရင်လည်းစားနှင့်၊ ကျွန်တော့်ကို စောင့်မနေနဲ့"

"ဒါဆို မိုးချုပ်အောင်တော့ မနေနဲ့နော် ဆရာကြီး"

"ဟုတ်ကဲ့ပါ"

မြတ်မိုးလွင်နှင့် ဆရာကိုသန်းဇော်တို့သည် ကျေးရွာမှ စီစဉ်ပေးသောအိမ်တွင် အတူနေကြသည်။ စားရေးသောက်ရေးကိုလည်း ကျေးရွာမှပင် စီစဉ်ပေးသဖြင့် နှစ်ယောက်စလုံး အဆင်ပြေနေခဲ့ကြသည်။ ထို့ကြောင့် မြတ်မိုးလွင်က ထမင်းဆာလျှင် စားထားရန် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ကျောင်းတွင် မြတ်မိုးလွင်တစ်ယောက်တည်း ကျန်ရှိနေခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးလွင်သည် ကွင်းခြောက်ခံရသောနေ့မှစ၍ ဇကာရီကို
ထူးထူးခြားခြား သတိရ လွမ်းနေခဲ့သဖြင့် ဘာကိုမှမလုပ်ချင်၊ မကိုင်
ချင် ဖြစ်နေခဲ့သည်။ ထို့ကြောင့် အလုပ်ကြွေးတင်နေသဖြင့် စာရင်း
များလုပ်ကိုင်ရန် တစ်ယောက်တည်းနေခဲ့ခြင်းပင် ဖြစ်သည်။

မြတ်မိုးလွင်သည် စာရင်းဇယားများကိုယူပြီး လုပ်ကိုင်နေခဲ့
ရာ ညနေခြောက်နာရီတွင် ပြီးပြတ်သွားခဲ့သည်။ ထို့ကြောင့် စာရွက်
စာတမ်းများကို သိမ်းဆည်းနေခဲ့သည်။ ထိုစဉ် ကျောင်းစောင့်ကိုတူး
ရောက်လာပြီး ပြောလိုက်သည်။

"ဆရာကြီး ပြန်တော့မလို့လား"

"ဟုတ်တယ် ကိုတူး"

"ကျွန်တော် လိုက်ပို့ပေးမယ်။ ဆရာ ကိုသန်းဇော်ကလည်း
ဆရာကြီးကိုလိုက်ပို့ဖို့ ကျွန်တော့်ကို သေသေချာချာ မှာသွား
တယ်"

"ကျေးဇူးတင်ပါတယ်ဗျာ။ လိုက်မပို့ရပါနဲ့"

"ဟာ- ဆရာကြီးကလည်း တော်တော်ကြာ ဟိုအရင်တစ်ခါ
လို ဖြစ်နေမှဖြင့်. . ."

ကိုတူးက ထိုသို့ပြောဆိုလိုက်သဖြင့် မြတ်မိုးလွင်စိတ်ထဲမှာ
ထင့်သွားခဲ့ရသည်။ သို့သော် ကျောင်းအုပ်ဆရာကြီးတစ်ယောက်
ဖြစ်နေပြီး သူရဲဘောကြောင်သည်ဟုဆိုလျှင် လူကြား၍မှမကောင်း
သူတို့က စေတနာနှင့်လိုက်ပို့မည် ပြောနေကြသော်လည်း မြတ်မိုး
လွင်အနေနှင့် သူရဲဘောကြောင်သလို ဖြစ်နေသည်။ ထို့ကြောင့်
မြတ်မိုးလွင်က ပြောလိုက်သည်။

"အန္တရာယ် မရှိနိုင်ပါဘူးဗျာ။ ကျောင်းကိုသာ ဂရုစိုက်ပါ"

"ကျွန်တော်လိုက်ပို့ပါ့မယ် ဆရာကြီး"

ကိုတူးက အတင်းအဓမ္မ လိုက်ပို့ပေးမည်လုပ်နေသဖြင့် မြတ်
မိုးလွင်က ပြောလိုက်သည်။





"ကိုတူး မလိုက်ပါနဲ့၊ မိုးလည်းချုပ်တော့မှာ။ အပြန်မှောင်နေ
လိမ့်မယ်။ ကျွန်တော့်ကို စိတ်မချဘူးဆိုရင် ကိုတူး ကျောင်းဝ
ကနေ ကျွန်တော့်ကို ကြည့်နေ။ ကျောင်းဝကကြည့်နေရင်
ကျွန်တော်ရွာထဲရောက်တဲ့အထိ ကိုတူးမြင်နေရမှာပဲ။ လိုက်
ပို့တာနဲ့ အတူတူပဲပေါ့။ ကိုတူးလည်း မပင်ပန်းတော့ဘူး"

မြတ်မိုးလွင် ပြောသည်မှာ သဘာဝကျနေသဖြင့် ကိုတူး
...က်ခံလိုက်သည်။ ထို့ကြောင့် မြတ်မိုးလွင်ကို ကျောင်းဝအထိ လိုက်
...ကာ ကိုတူးက ကျောင်းဝမှ ရပ်ကြည့်နေခဲ့သည်။

သို့နှင့် မြတ်မိုးလွင်သည် ကမ်းခြေအတိုင်း ခပ်သုတ်သုတ်
...လျှောက်လာခဲ့သည်။ လွန်ခဲ့သော လေးငါးရက်က ထဘီရင်ရှားနှင့်
အမျိုးသမီးကို တွေ့ခဲ့ရသောနေရာသို့ ရောက်လာခဲ့သည်။ မြတ်မိုး
...လွင်သည် ကမ်းခြေနေရာသို့ ကြည့်လိုက်မိသည်။

"ဟင်"

တွေ့ရပြန်ပြီ။ တွေ့နေရပြန်ပါပြီ။ လွန်ခဲ့သော လေးငါးရက်
...နေ့က တွေ့မြင်ခဲ့ရသလိုပင် ထမိရင်ရှားနှင့်အမျိုးသမီးတစ်ယောက်
...ရေချိုးနေသည်ကို မြတ်မိုးလွင် မျက်ဝါးထင်ထင် တွေ့မြင်နေရပြန်
...ပြီ။ နေဝင်ချိန် မှောင်ရီသန်းနေပြီဖြစ်သော်လည်း အလင်းရောင်ရှိ
...နေသဖြင့် မြင်ကွင်းကို ပီပီသသ တွေ့မြင်နေခဲ့ရသည်။

ထိုစဉ် အမျိုးသမီးမှာ ကမ်းခြေသို့ ကူးခတ်လာပြီး ကမ်းပေါ်
...သို့ တက်လိုက်သည်။ မြတ်မိုးလွင်နှင့် တစ်ခေါ် သာသာမျှသာ ဝေး
...နေသော်လည်း ထိုအမျိုးသမီးသည် မြတ်မိုးလွင်ကို မြင်တွေ့ပုံမ
...ရပါ။ မြတ်မိုးလွင်ဘက်သို့ မျက်နှာမူကာ ထဘီကိုရေညှစ်ပြီး ရေ
...များကိုခါထုတ်နေသည်။

"ဟုတ်ပါတယ်၊ ဇကာရီမှ ဇကာရီအစစ်ပါ"

ထိုအမျိုးသမီးမှာ မေးစေ့တွင် မှဲ့နက်ကလေးတစ်လုံးပါရှိနေ
...သော ဇကာရီဖြစ်နေသည်ကို မြတ်မိုးလွင် သေသေချာချာ သိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်တစ်ကြိမ်လို အနားသို့ပြေးခဲ့လျှင် ဧကရီ မဟုတ်တော့ဘဲ
တခြားအမျိုးသမီးတစ်ယောက် ဖြစ်သွားမှာကိုလည်း စိုးရိမ်မိ...
သည်။ ထို့ကြောင့် မြတ်မိုးလွင် ထိုနေရာမှပင် ရပ်ကြည့်နေမိ...
သည်။ ထိုစဉ် ကိုတူးကို သတိရလိုက်သဖြင့် ကျောင်းဘက်ဆီ...
လှမ်းကြည့်လိုက်ရာ ကိုတူးက သူ့ကိုကြည့်နေဆဲပင် ဖြစ်သည်။ ...
ကြောင့် မြတ်မိုးလွင်က လက်ကိုမြှောက်ကာ ကိုတူးကို ခေါ်ယူလို...
သည်။ ကိုတူးသည် မြတ်မိုးလွင်က လှမ်းခေါ်နေသဖြင့် စိုးရိမ်တကြ...
ပြေးလွှားလာသည်။

မြတ်မိုးလွင်က အမျိုးသမီးကို ပြန်ကြည့်လိုက်ပြန်သည်...
ခန္ဓာကိုယ်အချိုးအဆစ်၊ မျက်နှာအနေအထား၊ မေးစေ့မှ မဲ့နှ...
ကလေးနှင့် ဧကရီမှ ဧကရီအစစ်ပါ။ သို့သော် ယခင်ကကဲ့သို့...
ဘယ်ရောက်လို့ဘယ်ပျောက်ခဲ့သည်မသိ ဖြစ်မှာစိုးသဖြင့် မြတ်...
လွင် တစ်စုံတစ်ရာလှုပ်ရှားမှုမပြု။ ဧကရီကလည်း သူရှိနေသည်...
ပင် သိရှိနေဟန်မရှိ။

ထိုစဉ်-

"ဟာ"

မြတ်မိုးလွင် အံ့သြသွားရပြန်ပါသည်။ ဧကရီသည် ထဘီ...နေမိသည်။
ရေညှစ်၊ ရေများခါထုတ်ကာ ရေစိုထဘီကိုလဲမည်။ ထို့နောက် တ...ဘယ်ဆိုတာ
နေရာရာသို့သွားမည်။ မြတ်မိုးလွင် ထိုကဲ့သို့ပင် တွေးထင်ခဲ့မိသည်...
ယခုမူ ထိုသို့မဟုတ်။ ဧကရီက ရေထဲသို့ ပြန်ဆင်းသွားကာ စုန်ဆ...သည်။
ကူးခတ်နေလေတော့သည်။ ထို့ကြောင့် မြတ်မိုးလွင် အံ့သြသွားခဲ့...ဆုတ်နှင့်
ခြင်း ဖြစ်သည်။

ထိုစဉ် ကိုတူး အမောတကော ရောက်ရှိလာပြီး မြတ်မိုးလွ...
ကို စိုးရိမ်တကြီး မေးလိုက်သည်။

"ဆရာကြီး ဘာလဲ"

"ဟိုမှာ. . . ဟိုမှာ၊ တွေ့လား"

...ုန်စင်ကို ရှင်းလင်းပြောပြ
မြတ်မိုးလွင်က ရေကူးနေသော ...ကြည့်လိုက်သည်။ ဧကရီမှာ
...ကိသည်။ ဤတွင် ကိုတူးက ပြောလို... ...တ်မိုးလွင်က လက်ညှိုးထိုး

"ဘာလဲ ဆရာကြီးရဲ့၊ ဘာမှလဲ ...

"ဟိုမှာလေဗျာ၊ ရေကူးနေတာ။ ...း၊ ဧကရီ ရေကူးနေတုန်း"

ကိုတူးက မြတ်မိုးလွင် ပြနေသော... ...ာ နေရာတွင် ဘာမှမရှိ။
...န်ကြည့်ကာ ပြောလိုက်သည်။ ...ဘက်တွင် မြစ်ရေပြင်မှာ

"ကျွန်တော်တော့ ဘာမှမတွေ့ရဘူး... ...သည် ခေါင်းကို ခါယမ်း
ကွင်းခြောက်ခံနေရပြန်ပြီနဲ့တူတယ်" ...ိုက်သည်။

ထို့ကြောင့် မြတ်မိုးလွင်က မခံချင်စွာပြန်...

"ဟာ- ကိုတူးနဲ့ကျွန်တော် ဒီမှာ နှစ်ယောက်ဒ... ...ိုက်သည်။
တာ။ ကျွန်တော်တစ်ယောက်တည်း ကွင်းခြောက်... ...။
လို့ မဖြစ်နိုင်တာ။ ဟိုမှာ အခုထိ ဧကရီ ရေကူးနေတုန်း"

"ဒါဆိုရင် ဆရာကြီး အဲဒီဧကရီကို လှမ်းခေါ်လိုက်ပါလား"

"လှမ်းခေါ်လိုက်ရင် သူက ဧကရီ မဟုတ်တော့ဘဲ တခြား
အမျိုးသမီးတစ်ယောက် ဖြစ်သွားမှာပေါ့"

ကိုတူးသည် မြတ်မိုးလွင်ကို မျက်လုံးအပြူးသားနှင့် ငေးကြည့်
...နေမိသည်။ ဦးနီတို့၊ မြဟိန်းတို့ပြောသလို ဆရာကြီး အပ,မှီနေ
...ဘယ်ဆိုတာ ဟုတ်များဟုတ်နေလေရော့သလား။

ကိုတူး မြတ်မိုးလွင်ကိုကြည့်ရင်း ကြောက်လာနေမိတော့
...သည်။ ထို့ကြောင့် တဖြည်းဖြည်း မသိမသာ နောက်ဆုတ် နောက်
...ဆုတ်နှင့် နောက်သို့လှည့်ကာ ထွက်ပြေးလေတော့သည်။

"ကိုတူး၊ ဘယ်လဲ"

"အမလေးဗျာ"

ကိုတူးက နောက်သို့လှည့်အပြေး၊ မြတ်မိုးလွင်က နောက်မှ
...မ်းဆွဲလိုက်သဖြင့် ကိုတူး ကြောက်လန့်စွာ အော်ဟစ်လိုက်တော့
...သည်။ ကိုတူးမှာ ကြောက်လွန်၍ အသားများပင် တဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ယခင်တစ်ကြိမ်လို အနား းလွှင်မှာ ကိုတူး၏အဖြစ်ကိုကြည့်က
တခြားအမျိုးသမီးတစ်ပေ းကာ ကြည့်နေမိခဲ့သည်။ မြတ်မိုးလွှင်
သည်။ ထို့ကြောင့် မြတ် ူးက ပိုကြောက်လေ။
သည်။ ထိုစဉ် ကိုတူးကို
လှမ်းကြည့်လိုက်ရာ ကို ာလုပ်နေကြတာလဲ"
ကြောင့် မြတ်မိုးလွှင်က းလိုက်ခြင်း ဖြစ်သည်။ မြတ်မိုးလွှင်နှ
သည်။ ကိုတူးသည် မြင ှင့် သူတို့ဘာသာ အံ့သြခြင်း၊ ကြောက်လ
ပြေးလွှားလာသည်။ သူကြီးဦးနီ၊ ကျောင်းဆရာကိုသန်းဇော်နှ

မြတ်မိုးလွ ်တင် မြဟိန်းတို့ ရောက်ရှိလာကြသည်ကို သ
ခန္ဓာကိုယ်အ ူကြီးဦးနီက 'ဆရာကြီးတို့ ဘာလုပ်နေကြတာလဲ
ကာ ုကမှ သတိပြုမိသွားကြတော့သည်။ ထို့ကြောင့် ကိုတူးက
သူကြီးဦးနီကို အော်ဟစ်ပြေးဖက်လိုက်သည်။

"အမလေး- လုပ်ပါဦး သူကြီးရဲ့"

"ဟဲ့ဟဲ့- မောင်တူး ဘာဖြစ်တာလဲ"

သူကြီးက မေးလိုက်သည်။ ဤတွင် မြတ်မိုးလွှင်က ပြော
လိုက်သည်။

"ကိုတူး ဘာဖြစ်တာလဲ မသိဘူး။ စောစောက ကောင်းနေ
သေးတယ်။ အခုမှ ဘယ်လိုဖြစ်သွားတာလဲ မသိဘူး သူကြီး
ကိုတူးကို အပ,မှီသွားတာနဲ့ တူတယ်"

"ဟာ- မဟုတ်ဘူး၊ မဟုတ်ဘူး။ အပ,မှီနေတာ ကျွန်တော်
မဟုတ်ဘူး။ ဆရာကြီး. . . ဆရာကြီး အပ,မှီနေတာ"

မြတ်မိုးလွှင်က ပြောနေသဖြင့် ကိုတူးက ပျာပျာသလဲ ပြန်
လည်ငြင်းဆိုလိုက်သည်။ ထို့ကြောင့် သူကြီးကပြောလိုက်သည်။

"ဒါကြောင့် ကျွန်တော် ပြောပြောနေတာပေါ့၊ ဆရာကြီးတ
ကျောင်းမှာ မိုးချုပ်အောင်မနေပါနဲ့လို့။ ကဲ- အခု ဘာဖြစ်
ကြတာလဲ"



မြတ်မိုးလွှင်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်းပြောပြ
ိုက်သည်။ ထို့နောက် ကမ်းခြေသို့ ကြည့်လိုက်သည်။ ဧကရီမှာ
ရကူးနေဆဲပင် ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွှင်က လက်ညှိုးထိုး
ပြာဆိုလိုက်သည်။

"ဟော- ဟိုမှာ. . . ဟိုမှာတွေ့လား၊ ဧကရီ ရေကူးနေတုန်း"

မြတ်မိုးလွှင် ညွှန်ပြပြောဆိုနေသော နေရာတွင် ဘာမှမရှိ။
ညအမှောင်၏ ဝိုးတဝါးအလင်းရောင်အောက်တွင် မြစ်ရေပြင်မှာ
ဖျပ်ဖျပ် တောက်ပနေသည်။ သူကြီးဦးနီသည် ခေါင်းကို ခါယမ်း
ိုက်ပြီး မြတ်မိုးလွှင်ကို ဖျောင်းဖျပြောဆိုလိုက်သည်။

"ပြန်ကြပါစို့ ဆရာကြီးရယ်"

ထို့ကြောင့် မြတ်မိုးလွှင်က မကျေမနပ် ပြောဆိုလိုက်သည်။

"ဘာလဲ၊ သူကြီးတို့ကလည်း ဧကရီကို မမြင်ကြဘူးလား။
ဆရာကိုသန်းဇော်၊ ကိုမြဟိန်း ခင်ဗျားတို့ရော မမြင်ကြဘူး
လား"

အမှန်တကယ် ပြောဆိုရလျှင် မည်သူမျှ မတွေ့မြင်ကြရပေ။
ထို့ကြောင့် မည်သူကမျှမပြောကြ။ ထို့ကြောင့် မြတ်မိုးလွှင်က မကျေ
ချမ်း ပြောဆိုလိုက်ပြန်သည်။

"ခင်ဗျားတို့ တကယ် မမြင်ကြဘူးလား။ ဟိုမှာလေဗျာ၊
မတွေ့ကြဘူးလား။ ဟောဗျာ- ဘယ်ရောက်သွားပါလိမ့်"

မြတ်မိုးလွှင်က မကျေမချမ်းပြောဆိုကာ ဧကရီရှိရာဆီကို
လက်ညှိုးထိုးပြလိုက်ရာ ဧကရီ မရှိတော့။ ထို့ကြောင့် မြတ်မိုးလွှင်က
ကမ်းခြေသို့ပြေးသွားခဲ့သဖြင့် ကျန်လူများကလည်း အပြေးအလွှား
နောက်မှလိုက်ခဲ့ကြရတော့သည်။ ကမ်းခြေတွင် မြတ်မိုးလွှင်သည်
မြစ်ရေပြင်ကို စူးစူးစိုက်စိုက်ကြည့်ကာ ဧကရီကို ရှာဖွေနေခဲ့သည်။

ဧကရီက ပျောက်သွားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် မြတ်မိုးလွှင်က ညည်းညူပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပျောက်သွားပြန်ပြီ။ အရင်တစ်ခါလိုပဲ ပျောက်သွားပြန်ပြီ ဧကရီရယ် . . ."

ဦးနီတို့မှာ မြတ်မိုးလွင်ကိုကြည့်ကာ မသိမသာ သက်ပြင်းချလိုက်သည်။ ဤတွင် ကာလသားခေါင်းဆောင် မြဟိန်းက မြတ်မိုးလွင်ကို ပြောလိုက်သည်။

"ပြန်ကြပါစို့ ဆရာကြီးရယ်။ မှောင်လည်းမှောင်နေပါပြီ"

မြတ်မိုးလွင် ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ နွမ်းလျရင်မောစွာဖြင့် ရွာဘက်ဆီသို့ လျှောက်သွားခဲ့တော့သည်။ ထို့ကြောင့် ဦးနီက ကိုတူးကိုပြောလိုက်သည်။

"မောင်တူး ပြန်ရဲလား"

"မပြန်ရဲဘူး သူကြီး"

"မြဟိန်း၊ မောင်တူးကို လိုက်ပို့လိုက်"

မြဟိန်းက မောင်တူးကို ကျောင်းသို့လိုက်ပို့လိုက်သည်။ ထို့နောက် သူကြီးဦးနီနှင့် ဆရာကိုသန်းဇော်တို့က မြတ်မိုးလွင်၏နောက်မှ လိုက်ပါလာခဲ့ကြသည်။ မြတ်မိုးလွင်မှလွဲ၍ ကျန်လူများအားလုံး၏စိတ်ထဲတွင် မြတ်မိုးလွင်တစ်ယောက် အပမှီသွားခဲ့လေပြီဟု တွေးထင်နေခဲ့ကြလေတော့သည်။

မြတ်မိုးလွင်မှာ ဧကရီကို အမှန်တကယ် တွေ့မြင်နေခဲ့ရသည်ကို အားလုံးက မဟုတ်ပါဟူ၍သာ ပြောနေကြသဖြင့် ဘဝင်မကျ ဖြစ်နေခဲ့ရသည်။ ထို့အပြင် သူ့ကိုပင် စုန်းပူးသလိုလို၊ အပမှီသလိုလို ပြောနေကြပြန်သဖြင့် အခံရခက်နေရပြန်သည်။ ထို့ကြောင့် နေအိမ်သို့ ပြန်ရောက်သည်နှင့် မှဲ့နက်ရှင်ဧကရီအကြောင်းကို တစ်လုံးမကျန် ပြန်လည်ပြောပြခဲ့တော့သည်။

ဤသို့ ပြောပြခဲ့သဖြင့် ပို၍ပင် ဆိုးလာလေတော့သည်။ အချို့ကမူ မြတ်မိုးလွင်ကို ဦးနှောက်မှမှန်သေးရဲ့လား ဟူ၍ပင် တွေးထင်လာခဲ့ကြတော့သည်။ သူကြီးဦးနီကပင် ဖျောင်းဖျပြောဆို





နေခဲ့တော့သည်။

"ဆရာကြီး၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းမှပေါ့။ စိတ်ကူးယဉ်ပြီး သိပ်စဉ်းစားမနေနဲ့"

ထို့နောက် ဆရာကိုသန်းဇော်ကလည်း ပြောပြန်သည်။

"စိတ်ကူးများလာရင် အိပ်ရေးပျက်လာရော။ အိပ်ရေးသိပ်ပျက်လာရင် အတွေးမမှန်ဖြစ်တတ်တယ် ဆရာကြီး။ စိတ်ကူးယဉ်တယ်ဆိုတာ ဘယ်လိုမှ ဖြစ်မလာနိုင်တဲ့ ဇာတ်လမ်းတစ်ခုကို စိတ်ရဲ့ဖြေရာ ဖန်ဆင်းလိုက်တာပဲ။ စိတ်ကူးယဉ်ကိုစွဲလမ်းမိရင် စိတ်ဆင်းရဲမှုဖြစ်လို့ဆုံးမှာ မဟုတ်တော့ဘူး"

မှဲ့နက်ရှင်ဧကရီဖြစ်စဉ်ဖြစ်ရပ်များကို မြတ်မိုးလွင်၏ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခုဟု တွေးထင်ခဲ့ကြသဖြင့် ဖျောင်းဖျပြောဆိုနေကြခြင်း ဖြစ်သည်။ အချို့ကမူ မြတ်မိုးလွင်ပြောပြခဲ့သော မှဲ့နက်ရှင်ဧကရီဇာတ်လမ်းသည် အမှန်တကယ်ဖြစ်ပျက်ခဲ့ပါမူ မှဲ့နက်ရှင်ဧကရီသည် ဥစ္စာစောင့်မတစ်ယောက်သာ ဖြစ်ပေလိမ့်မည်။ မြတ်မိုးလွင်သည် ဥစ္စာစောင့်မနှင့် ချစ်ကြိုးသွယ်မိခဲ့သဖြင့် ဥစ္စာစောင့်မ၏ ညို့ယူပြုစားခြင်းကို ခံရခြင်းဖြစ်နိုင်သည်ဟု တွေးထင်ယူဆခဲ့သည်။

ဤသို့ ပြောဆိုခြင်းကိုတော့ မြတ်မိုးလွင် လက်ခံခဲ့ရမည်ဖြစ်သည်။ အမှန်တကယ်တွင်မူ မြတ်မိုးလွင်သည် ဧကရီ၏ ညို့ယူပြုစားခြင်းကို ခံနေရသောကြောင့် ဖြစ်သည်။ ဧကရီသည် ဥစ္စာစောင့်တစ်ယောက် ဟုတ်သည်၊ မဟုတ်သည်မှာ မသေချာသော်လည်း မြတ်မိုးလွင်မှာ ဧကရီ၏ညို့ယူပြုစားခြင်း ခံနေရသည်မှာတော့ အမှန်တကယ် ဖြစ်ပေတော့သည်။

✿ ✿ ✿



www.burmeseclassic.com

# (၂၁)
## ကေရီလား ဒေဝီလား

နောက်တစ်နေ့တွင် ကျောင်းပိတ်ရက်ဖြစ်သဖြင့် မြတ်မိုးလွင်နှင့် ဆရာကိုသန်းဇော်တို့သည် သူတို့အတွက် စီစဉ်ပေးထားသော နေအိမ်တွင် နားနေခဲ့ကြသည်။ ထိုစဉ် ကာလသားခေါင်းဆောင် မြပဟိန်း ရောက်ရှိလာကာ ပြောလိုက်သည်။

"ဆရာနဲ့ ဆရာကြီးကို သူကြီးက ခေါ်ခိုင်းလိုက်တယ်"

"ဘာလုပ်မလို့လဲ"

ဆရာကိုသန်းဇော်က ပြန်မေးလိုက်သဖြင့်-

"ဆရာမအသစ် သူကြီးအိမ်မှာရောက်နေပြီ။ အဲဒါကြောင့် ဆရာကြီးနဲ့ ဆရာ့ကို သူကြီးက ခေါ်ခိုင်းလိုက်တာ။ ဆရာမက တော်တော်ချောတယ်။ မေးစေ့မှာ မှဲ့ကလေးနဲ့"

"ဟော"

မြပဟိန်းက 'မေးစေ့မှာ မှဲ့ကလေးနဲ့' ဟု ပြောလိုက်သဖြင့် မြတ်မိုးလွင်က တအံ့တဩ ရေရွတ်လိုက်သည်။ ဤတွင် မြပဟိန်းက ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"ဟုတ်တယ်၊ ကျွန်တော် တွေ့ခဲ့ပြီးပြီ။ ဆရာကြီး ပြောပြခဲ့တဲ့ မှဲ့နက်ရှင်ကေရီလိုပဲ တော်တော်ချောတာ။ ကိုယ်လုံးကိုယ်





ပေါက်လည်း တော်တော်လှတယ်။ ဆရာကြီးရဲ့ မှဲ့နက်ရှင် ကေရီများ ဖြစ်နေလားလို့တောင် ထင်မိတယ်"

ဤတွင် ဆရာကိုသန်းဇော်က ပြောလိုက်သည်။

"မလုပ်ပါနဲ့ ကိုမြပဟိန်းရယ်၊ ကျွန်တော်တို့ ဆရာကြီးရဲ့မျက်လုံးထဲမှာ မှဲ့နက်ရှင်ကေရီက အမြဲရှိနေတာ။ ကမ်းခြေမှာ ဘာမှမရှိဘဲနဲ့တောင် မှဲ့နက်ရှင်ကေရီကို မြင်နေသေးတာ။ ခင်ဗျားပြောသလိုဆိုရင် အဲဒီ မှဲ့နက်ရှင် ဆရာမကို မှဲ့နက်ရှင်ကေရီဆိုပြီး ပြေးဖက်နေမှ ကျွန်တော်တို့ပါ ပြေးပေါက်မှားနေပါဦးမယ်"

ဆရာကိုသန်းဇော်က ရယ်စရာပြောလိုက်သော်လည်း မြတ်မိုးလွင်က ခုခံပြောဆိုခြင်းမရှိ။ 'သွားကြမယ်ဗျာ' ဟုတိုတိုတုတ်တုတ် ပြောကာ ရှေ့မှထွက်သွားတော့သည်။ ထို့ကြောင့် ဆရာကိုသန်းဇော်နှင့် မြပဟိန်းတို့လည်း နောက်မှ လိုက်ပါလာခဲ့ကြရတော့သည်။

သို့နှင့် သူကြီးအိမ်ပေါ်သို့ တက်လိုက်သည်နှင့် သူကြီးက ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ဆရာကြီးတို့ လာကြပြီပဲ၊ လာ-ထိုင်ကြပါ"

မြတ်မိုးလွင်၊ ဆရာကိုသန်းဇော်နှင့် မြပဟိန်းတို့က ခုံလွတ်များတွင် ဝင်ထိုင်လိုက်ကြသည်။ ထို့နောက် မြတ်မိုးလွင်သည် ရောက်ရှိလာသည်ဆိုသော ဆရာမကို လှမ်းကြည့်လိုက်သည်။

"ဟာ- ကေရီ"

မြတ်မိုးလွင်က 'ကေရီ' ဟု တအံ့တဩ ခေါ်လိုက်သဖြင့် အားလုံးက မြတ်မိုးလွင်ကို ကြည့်လိုက်ကြသည်။ ထို့နောက် မြတ်မိုးလွင်က ဆရာမကို အလောတကြီး မေးနေပြန်တော့သည်။

"ကေရီ. . . ကေရီ၊ ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ ဟင်။ ကေရီက ဘယ်လိုဖြစ်ပြီး ဆရာမ ဖြစ်လာရတာလဲ။ ၁မ်းသာလိုက်တာ ကေရီရယ်၊ ကိုယ်တော့ ဒီတစ်သက်

www.burmeseclassic.com



မတွေ့ကြရတော့ဘူးလို့ ထင်နေတာ"

မြတ်မိုးလွင်က ဆရာမကိုကြည့်ပြီး ပြောချင်တာတွေကို အားရဝမ်းသာပြောနေသဖြင့် သူကြီးဦးနီက ဆရာမကို အားနာသွားကာ မြတ်မိုးလွင်ကို သတိပေး ပြောဆိုလိုက်သည်။

"ဆရာကြီး၊ ဆရာကြီး- သတိထားပါဦး ဆရာကြီးရယ်။ ဒါ ဆရာကြီးတို့ကျောင်းကို ရောက်လာတဲ့ ဆရာမလေ"

ထို့ကြောင့် မြတ်မိုးလွင်က ပြန်ပြောလိုက်သည်။

"ကျုပ် ဝမ်းသာလွန်းလို့ပါ သူကြီးရယ်။ ကျုပ် မပြောဘူးလား၊ ဧကရီ တကယ်ရှိပါတယ်လို့။ အဲဒါ ကျုပ် ပြောပြောနေတဲ့ မှဲ့နက်ရှင်ဧကရီလေ။ ဧကရီကိုယ်တိုင် အခုလို ပြန်တွေ့တာ ဝမ်းမသာဘူးလားဟင်"

မြတ်မိုးလွင်က စိတ်ထဲရှိသမျှ ပြောဆိုနေသဖြင့် အားလုံးက မျက်နှာပျက်နေကြပြီ ဖြစ်သည်။ ဆရာမမှာလည်း မြတ်မိုးလွင်ကို နားမလည်သလို ကြည့်နေခဲ့သည်။ ထို့ကြောင့် ဦးနီက ဝင်ရောက်ဟန့်တား ပြောဆိုလိုက်ရလေတော့သည်။

"ဆရာကြီး၊ ကျွန်တော်ပြောတာကို ခဏလောက် နားထောင်ပေးပါ ဆရာကြီးရယ်"

ထို့ကြောင့် မြတ်မိုးလွင်က ဦးနီကို ပြန်ပြောလိုက်သည်။

"ကျုပ်. . . ကျုပ် ဝမ်းသာလွန်းလို့ပါဗျာ။ မမျှော်လင့်ဘဲ ဧကရီကို ပြန်တွေ့လိုက်ရလို့ ဝမ်းသာလွန်းသွားလို့ပါ။ ကဲ- ပြော၊ သူကြီး ဘာပြောမလို့လဲ"

ထို့ကြောင့် သူကြီးက ဆရာမကို ပြောလိုက်သည်။

"ဆရာမ"

"ရှင်"

"ဟောဒါက ဆရာမ စာသင်ရမယ့်ကျောင်းက ကျောင်းအုပ်ဆရာကြီး ဦးမြတ်မိုးလွင်"





"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ကျုပ်က ပိုပြီး ဝမ်းသာတာပေါ့ ဧကရီရယ်"

မြတ်မိုးလွင်က ပြောလိုက်သဖြင့် ဆရာမက တအံ့တသြ ပြန်ပြောလိုက်သည်။

"ကျွန်မနာမည် ဧကရီ မဟုတ်ပါဘူး၊ ဒေဝီပါ"

မြတ်မိုးလွင်က-

"ဧကရီရယ်၊ ကိုယ့်ကို ဘာဖြစ်လို့ ဒီလောက်အထိ လှည့်စားချင်နေရတာလဲ။ ဧကရီနဲ့ကိုယ်က အခုမှ တွေ့ကြရတဲ့လူတွေမှ မဟုတ်တာ။ ဧကရီကနေ ဘယ်လိုဖြစ်ပြီး ဒေဝီ ဖြစ်သွားရတာလဲ"

မြတ်မိုးလွင်က ထိုသို့ပြောဆိုလိုက်သဖြင့် ဆရာမမျက်နှာတစ်ခုလုံး နီရဲသွားတော့သည်။ ထို့ကြောင့် ဆရာမက လေသံမာမာနှင့် ပြန်လည်ပြောဆိုလိုက်သည်။

"ဆရာကြီး၊ ဆရာကြီးဟာ ကျွန်မရဲ့ အထက်လူကြီးတစ်ယောက်ပါ။ ဒီမှာ ကျွန်မရဲ့ အလုပ်ခန့်စာပါ။ ကျွန်မရဲ့ အလုပ်ခန့်စာထဲမှာလည်း ကျွန်မနာမည် ဒေဝီ ဆိုတာပါပဲ။ နောက်ပြီး ဆရာကြီးကို ကျွန်မ အခုမှမြင်ဖူးတာပါ။အထက်လူကြီးတစ်ယောက်အနေနဲ့ ကိုယ့်ရဲ့လက်အောက်ငယ်သား အမျိုးသမီးတစ်ယောက်ကို ဆင်ဆင်ခြင်ခြင် ပြောစေချင်ပါတယ်။ ဒီထက် ပိုလာမယ်ဆိုရင်တော့ ကျွန်မ သည်းခံနိုင်စွမ်းရှိတော့မှာ မဟုတ်ဘူး"

အခြေအနေမှာ တင်းမာလာနေပြီဖြစ်သဖြင့် ဆရာသန်းဇော်က ဝင်ရောက်ပြောဆိုလိုက်ရတော့သည်။

"ဆရာမ၊ ခဏလေး ကျွန်တော်ပြောတာ နားထောင်ပေးပါနော်။ ကျွန်တော်က အခု ဆရာမ စာသင်မယ့်ကျောင်းက ဆရာသန်းဇော်ပါ။ ကျွန်တော်တို့ ဆရာကြီး ပြောတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပြီး နားထောင်ပေးစေချင်ပါတယ်။ ဘာကြောင့်လဲ ဆိုတာကိုတော့ နောက်မှ ကျွန်တော် ရှင်းပြပေးပါမယ်။ ကူညီတယ်လို့သဘောထားပြီး သည်းခံပေးပါ။ ကျွန်တော် တောင်းပန်တာပါ"

ဆရာမမှာ ဆရာသန်းဇော် ပြောနေသည်ကို သဘောမပေါက်။ ဆရာကြီးဆိုသူကလည်း ဘာတွေပြောနေမှန်းမသိ။ ထို့ကြောင့် စိတ်ရှုပ်ထွေးသွားဟန် ရှိသည်။

မြတ်မိုးလွင်သည် ဆရာမကိုကြည့်ကာ မျက်ရည်များပင် ဝိုင်းလာခဲ့တော့သည်။ ထို့အပြင် လူပုံအလယ်တွင် အပြောခံလိုက်ရသဖြင့် ရှက်လည်းရှက်သွားခဲ့ရသည်။ ထို့ကြောင့် ဆရာမကို အေးဆေးတည်ငြိမ်စွာ ပြန်လည်ပြောဆိုလိုက်သည်။

"ဆရာမဟာ ဇကေရီ မဟုတ်ဘူးဆိုရင်တော့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ဆရာမ မနက်ဖြန် ကျောင်းမှာ အလုပ်ဝင်နိုင်ပါပြီ။ မနက်ဖြန်မှ ဆရာကိုသန်းဇော်နဲ့ညှိပြီး အတန်းနေရာချကြတာပေါ့။ ဆရာမ ဘာပြောစရာရှိသေးလဲ။ လိုအပ်တာရှိရင်လည်း ပြောပါ"

"ရပါတယ် ဆရာကြီးရယ်။ ကျွန်မ သူကြီးအိမ်မှာပဲ တည်းပါ့မယ်။ ကျွန်မပြောဆိုမိခဲ့တဲ့အတွက်လည်း ဆရာကြီးကို အနူးအညွတ် တောင်းပန်ပါတယ်"

"ရပါတယ် ဆရာမရယ်၊ ဇကေရီကို ကျွန်တော် လူမမှားနိုင်ပါဘူး။ ဆရာမဟာ ဇကေရီဆိုတာကိုလည်း ကျွန်တော့်စိတ်ထဲက အလိုလိုသိနေခဲ့ပါတယ်။ ဒါပေမယ့် ဆရာမရဲ့ ပြောစကားနဲ့ ဆရာမရဲ့ အလုပ်ခန့်စာအရ ဆရာမကို ကျွန်တော့်အနေနဲ့ ဆရာမဒေါ်ဒေဝီလို့ပဲ သတ်မှတ်ပြောဆိုရတော့မှာပေါ့။ ကဲ- ပြောစရာမရှိရင် ကျွန်တော့်ကို သွားခွင့်ပြုပါ"

မြတ်မိုးလွင်က အေးဆေးတည်ငြိမ်စွာ ပြောနေသည်ဟု





ဆိုသော်လည်း အသံမှာ တုန်ခါနေသည်။ မျက်လုံးမှာလည်း မျက်ရည်များပင် ဝေ့ဝဲနေပြီဖြစ်သဖြင့် မြတ်မိုးလွင် ဆက်လက်နေနိုင်စွမ်းမရှိတော့။ ထို့ကြောင့် ထိုင်နေရာမှ ထလိုက်သည်။

"အားလုံး ကျွန်တော် ပြန်ပါဦးမယ်။ ဆရာကိုသန်းဇော်၊ ဆရာမကို အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးလိုက်ပါဗျာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မြတ်မိုးလွင်သည် နောက်သို့ပင် ပြန်လှည့်မကြည့်တော့ဘဲ ထွက်လာခဲ့တော့သည်။ ဆရာမသည် မြတ်မိုးလွင်ကို နားမလည်နိုင်သလို ငေးကြည့်နေမိသည်။ ထွက်သွားသော မြတ်မိုးလွင်ကို ကြည့်ကာ သူကြီးဦးနီ၊ ဆရာသန်းဇော်နှင့် မြဟိန်းတို့က သနားနေမိကြသည်။ မြတ်မိုးလွင်၏ဖြစ်စဉ်များကို သိရှိပြီးဖြစ်နေသဖြင့် စိတ်မကောင်းကြ။

ဆရာမမှာလည်း မြတ်မိုးလွင် ပြောပြောနေသော ဇကေရီနှင့် တော်တော်လေး တူနေခဲ့သည်။ မေးစေ့တွင် မှဲ့နက်ကလေး တစ်လုံးရှိနေပြီး ရုပ်ရှင်မင်းသမီး မေရီမြင့်ကဲ့သို့ လှပချောမောသူတစ်ဦးဖြစ်သည်။ မြတ်မိုးလွင် ပြောပြောနေသော မှဲ့နက်ရှင်မှာလည်း မေးစေ့တွင် မှဲ့နက်ကလေးတစ်လုံးပါရှိနေပြီး ရုပ်ရှင်မင်းသမီး မေရီမြင့်ကဲ့သို့ပင် ချောမောလှပသူတစ်ယောက်ဖြစ်ကြောင်း မြတ်မိုးလွင်က မကြာခဏ ပြောဆိုနေခဲ့သည်။ ထို့ကြောင့် မြတ်မိုးလွင်သည် ဆရာမကိုမြင်လျှင်မြင်ချင်း မှဲ့နက်ရှင်ဇကေရီဟု စွပ်စွဲပြောဆိုခဲ့ခြင်းဖြစ်သည်ကို ဆရာကိုသန်းဇော်၊ မြဟိန်းနှင့် သူကြီးဦးနီတို့ သဘောပေါက်နေခဲ့ကြသည်။

မြတ်မိုးလွင် ဝမ်းသာအားရ ဖြစ်သွားခဲ့ရသည်။ မြတ်မိုးလွင်သည် မှဲ့နက်ရှင်ဇကေရီကို စွဲလမ်းနေသူဖြစ်သဖြင့် ကြည်နူးဝမ်းသာခဲ့ရသည်ကို သံသယဖြစ်ရန် အကြောင်းမရှိပေ။ သို့သော် ယခု



www.burmeseclassic.com

www.burmeseclassic.com



မြတ်မိုးလွင် ပြန်သွားခဲ့ရပြီ ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင်အတွက် စိတ်မကောင်း ဖြစ်နေကြရသဖြင့် ဆရာမကို ဆရာသန်းဇော်၊ သူကြီးဦးနီနှင့် မြဟိန်းတို့က မြတ်မိုးလွင်နှင့် မဲ့နက်ရှင်ကေရီတို့၏ အခန်းရုပ်မေတ္တာဇာတ်လမ်းကို လုံးစေ့ပတ်စေ့ ပြန်လည်ပြောပြခဲ့ကြလေတော့သည်။ ကျောင်းမှ ညနေစောင်းအပြန် ကမ်းခြေတွင် ကေရီရေကူးနေသည်ကို တွေ့မြင်ခဲ့ရသည်ဆိုသော ဖြစ်စဉ်ဖြစ်ရပ်များကိုပင် ထည့်သွင်းပြောပြခဲ့ကြသည်။

ထို့ကြောင့် ဆရာမက စိတ်မကောင်းစွာ ပြောဆိုလိုက်သည်။

"ဒါဆိုရင် ဆရာကြီးဟာ မဲ့နက်ရှင် ကေရီကို တော်တော်စွဲလမ်းနေတာပဲ"

ထို့ကြောင့် ဦးနီက ပြောလိုက်သည်။

"ဟုတ်တယ် ဆရာမ၊ ဒါကြောင့် တချို့က ဆရာကြီးကို စိတ်တောင်မမှန်တော့ဘူးလို့ ထင်နေခဲ့ကြတယ်"

"ဖြစ်မှဖြစ်ရလေရှင်. . ."

ဤတွင် ကာလသားခေါင်းမြဟိန်းက-

"ဆရာကြီးဟာ တော်တော်စေတနာကောင်းတယ်။ သူ့မိဘတွေက ချမ်းသာပုံရတယ်။ ကျွန်တော်တို့ရွာက ကျောင်းလေးဟာ ဟိုတုန်းက တဲကျောင်းလေး၊ ယိုင်တိယိုင်တိုင်ပါ။ အဲဒီကျောင်းလေးကို ဆရာကြီးတစ်ယောက်တည်း အလှူငွေနဲ့ အခုလို သွပ်မိုး၊ ပျဉ်ထောင်ကျောင်း ပြန်ဆောက်နိုင်ခဲ့တာ။ ကလေးတွေပေါ်မှာလည်း စေတနာထားတယ်။ ဆင်းရဲတဲ့ကလေးတွေဆိုရင် သူကိုယ်တိုင် ကျောင်းထားပေးတယ်။ အဝတ်အစားပေးတယ်။ မုန့်ဖိုးပါပေးရုံမကဘူး ကလေးမိဘတွေကိုတောင် ထောက်ပံ့ပေးသေးတယ်"

ဆရာသန်းဇော်က ပြောလိုက်ပြန်သည်။

"ဆရာက အဲဒီလို အကူအညီပေးခဲ့တာ တစ်ယောက်တည်း၊





နှစ်ယောက်တည်းမဟုတ်ဘူး ဆရာမ။ တော်တော်များများကို ကူညီပေးခဲ့တာ။ ဆရာကြီးဟာ အခုလို ကျောင်းဆရာလုပ်နေတာ စီးပွားရေးအတွက် မဟုတ်ဘူး၊ ဝါသနာကြောင့်လုပ်နေတာ။

ဤတွင် သူကြီးဦးနီက ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"ဝါသနာတွေတင် မကဘူး၊ စေတနာလည်း ကောင်းတယ်။ ဒါကြောင့် ကျုပ်တို့တစ်ရွာလုံးက ဆရာကြီးကို ချစ်ခင်လေးစားကြတယ်။ ဆရာကြီး တခြားပြောင်းသွားမှာကိုတောင် စိုးရိမ်နေကြတယ်။ ဒါကြောင့် ဆရာမကို ကျွန်တော် ကြိုတင်တောင်းပန်ပါရစေ။ အခုအချိန်မှာ ဆရာကြီးဟာ မဲ့နက်ရှင်ကေရီကို အစွဲအလမ်းကြီးပြီး စိတ်ဝေဒနာဖြစ်နေလေတော့ ဆရာမအနေနှင့် သည်းခံပေးပါ။ လိုက်လျောညီထွေ ဆက်ဆံပေးပါလို့ တောင်းပန်ပါတယ်"

မြဟိန်းကလည်း တောင်းပန်ပြောဆိုလိုက်ပြန်သည်။

"ဟုတ်ပါတယ် ဆရာမ၊ ဆရာကြီးက သဘောကောင်းပါတယ်။ စိတ်ညစ်ပြီး ဆရာကြီး ပြန်သွားမှာကို ကျွန်တော်တို့တစ်ရွာလုံးက စိုးရိမ်နေကြပါတယ်။ ဒါကြောင့် ဆရာမအနေနဲ့ ဆရာကြီးကို နားလည်ပေးစေချင်ပါတယ်။ သည်းခံပြီး လိုက်လျောညီထွေ ဆက်ဆံပေးစေချင်ပါတယ်။ ကျွန်တော်တို့က တောင်းပန်တာပါ"

ဤတွင် ဆရာမက စဉ်းစားချင့်ချိန်ကာ ပြောလိုက်သည်။

"ဒါဆိုရင် ကျွန်မက ကေရီအနေနဲ့ ဆရာကြီးကို လက်ခံပေးရမှာလား။ အဲဒါတော့ မဖြစ်နိုင်ဘူးထင်ပါတယ်၊ သူနဲ့ကျွန်မက ချစ်သူတွေမှ မဟုတ်တာ"

ဆရာသန်းဇော်က ပျာပျာသလဲ တောင်းပန်ပြောဆိုလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- အဲဒီလို မဟုတ်ရပါဘူး ဆရာမရယ်။ ဆရာကြီးဟာ သွက်သွက်ခါအောင် ရှုးနေတဲ့လူလည်း မဟုတ်ပါဘူး အထိုက်အလျောက် ဆက်ဆံပေးဖို့သာ ပြောတာပါ"

ဆရာမ တွေးတွေးဆဆ ပြန်လည်ပြောဆိုလိုက်သည်။

"ကောင်းပြီလေ၊ ကျွန်မ အတတ်နိုင်ဆုံး သည်းညည်းခံဆက်ဆံပေးပါ့မယ်။ ရှင်တို့ဆရာကြီး ဒီရွာက မပြောင်းစေရပါဘူး။ ကျွန်မ တာဝန်ယူပါတယ်၊ စိတ်ချပါ"

ဆရာမက ထိုသို့ပြောလိုက်သဖြင့် အားလုံးက ကျေးဇူးတင်လိုက်ကြတော့သည်။ ထို့နောက် သူကြီးက ဆရာကိုသန်းဇော်ကို မေးလိုက်သည်။

"ဆရာ၊ ဆရာကြီးရဲ့မိဘတွေ ဘယ်တော့လာကြမလဲ"

"သီတင်းကျွတ်ပြီးမှလာမယ်လို့တော့ ဆရာကြီးက ပြောတာပဲ။ နောက်နှစ်လကျော်ကျော်လောက်တော့ လိုသေးတယ်။ ဘာဖြစ်လို့လဲ"

"ဆရာကြီးရဲ့မိဘတွေက အခု သူတို့ဆောက်လှူတဲ့ စာသင်ကျောင်းအတွက် ရေစက်ချဖို့ လာကြမှာလေ"

"ဟုတ်တယ်လေ သူကြီးရဲ့"

"ဆရာတော်က ဝါထွက်ရင် ခရီးထွက်မှာ။ ဆရာကြီးမိဘတွေလာချိန်မှာ ဆရာတော် မရှိမှာစိုးလို့"

ထို့ကြောင့် မြဟိန်းက ဝင်ပြောလိုက်သည်။

"အဲဒီအတွက်ကတော့ သူကြီးပဲ ဆရာတော်ကို အကျိုးအကြောင်း ကြိုတင်လျှောက်ထားပေါ့။ ရေစက်ချပွဲမှာ ဆရာတော် မရှိလို့ ဘယ်ဖြစ်မှာလဲ"

"အေးလေ၊ ရေစက်ချပွဲပြီးမှ ဆရာတော်ကို ခရီးထွက်ဖို့ လျှောက်ထားရမှာပဲ"

ထိုစဉ် ဆရာမမှာ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။



သူကြီး၊ ကျောင်းဆရာနှင့် ကာလသားခေါင်းဆောင်တို့သည် သူတို့စကားပြတ်သွားသဖြင့် ဦးနီက ဆရာမကို ပြောလိုက်သည်။

"ကဲ- ဆရာမ၊ ကျုပ်အိမ်မှာ ဘာမှအားနာစရာမရှိဘူးနော်"

ထိုစဉ် ဆရာသန်းဇော်က ဦးနီကို ပြောလိုက်သည်။

"ကဲ- သူကြီး၊ ကျွန်တော်တို့ ပြန်ဦးမယ်။ မနက်ဖြန် သူကြီးပဲ ဆရာမကို ကျောင်းလိုက်ပို့လိုက်ပေါ့။ ကျွန်တော်တို့ ကျောင်းကပဲ စောင့်နေမယ်"

"ဟုတ်ကဲ့ပါ"

ထို့နောက် ဆရာသန်းဇော်နှင့် မြဟိန်းတို့ သူကြီးအိမ်မှ ပြန်လာခဲ့ကြတော့သည်။ ဆရာသန်းဇော်နှင့် မြဟိန်းတို့သည် ထူးခြားသောတိုက်ဆိုင်မှုကြောင့် အတွေးကိုယ်စီနှင့် ပြန်လာခဲ့ကြရခြင်း ဖြစ်သည်။ ယခုရောက်ရှိလာသော ဆရာမကို မြတ်မိုးလွင်က တွေ့လျှင်တွေ့ချင်း ကေရီဟု စွပ်စွဲပြောဆိုခဲ့သည်။ ဆရာမက သူ့ကိုယ်သူ ဒေဝီဟုပြောဆိုနေသည့်တိုင် မြတ်မိုးလွင်က ကေရီဖြစ်ကြောင်း သူသိနေသည်ဟု ပြောဆိုနေခဲ့ပြန်သည်။ ထို့အပြင် ဆရာမမှာ မြတ်မိုးလွင်၏ ကေရီကဲ့သို့ မေးစေ့တွင် မှဲ့နက်ကလေးတစ်လုံးပါရှိပြီး ရုပ်ရှင်မင်းသမီး မေရီမြင့်ကဲ့သို့ပင် ချောမောလှပနေပြန်၏။

သို့သော် မြတ်မိုးလွင် ပြောဆိုသလိုဆိုလျှင် ကေရီမှာ ဥစ္စာစောင့်လိုလို၊ သရဲတစ္ဆေလိုလို ဖြစ်သည်။ သရဲတစ္ဆေနှင့် ဥစ္စာစောင့်ကတော့ ကျောင်းဆရာမ မဖြစ်နိုင်။ ဤသို့ဆိုလျှင် ဒေဝီသည် ကေရီ မဖြစ်နိုင်။ သို့သော် မြတ်မိုးလွင်ကတော့ ကေရီဖြစ်ကြောင်း သေချာပေါက် ပြောဆိုခဲ့ပြန်သည်။ ထို့ကြောင့် ဆရာသန်းဇော်နှင့် မြဟိန်းတို့သည် ဆရာမအား ဒေဝီလား၊ ကေရီလား ဟူ၍ တွေးတောရင်းနှင့်ပင် ပြန်လာခဲ့ကြလေတော့သည်။

✿ ✿ ✿



www.burmeseclassic.com

# (၂၂)
## အိပ်၍မရသော ညတစ်ည

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် သူကြီးနှင့် မြဟိန်းတို့က ဆရာမကို ကျောင်းသို့လိုက်ပို့ပေးခဲ့ကြသည်။ ကျောင်းရောက်ကြသည်နှင့် ဆရာကိုသန်းဇော်က ဆီးကြိုနှုတ်ဆက်လိုက်သည်။

"လာကြပြီကိုး။ လာ၊ ရုံးခန်းထဲသွားကြရအောင်"

ဆရာကိုသန်းဇော်ဦးဆောင်ကာ ကျောင်းရုံးခန်းဆီသို့ လာကြသည်။

"ကဲ- ထိုင်ကြ"

ဆရာသန်းဇော်က နေရာချပေးပြီး မြတ်မိုးလွင်၏စားပွဲတွင် ဝင်ရောက်ထိုင်လိုက်သည်။ ထို့ကြောင့် သူကြီးက မေးလိုက်သည်။

"ဆရာကြီးကော"

"ဆရာကြီး ဒီနေ့ နေမကောင်းလို့ ကျောင်းမတက်ဘူး။ ကျွန်တော့်ကိုပဲ စီစဉ်ဆောင်ရွက် လုပ်ကိုင်ပေးလိုက်ပါလို့ မှာလိုက်တယ်"

ထို့နောက် ဆရာသန်းဇော်က ဆရာမအား သင်ပြရမည့် စာသင်ခန်းမှ ကျောင်းသားစာရင်းနှင့် ကျောင်းသားအခြေအနေ သင်ကြားပြီးခဲ့သည့် အနေအထားများကို ရှင်းလင်းပြောပြလိုက်





သည်။ ထို့နောက် ဆရာကိုသန်းဇော်က ပြောလိုက်သည်။

"ဆရာမ စာသင်ရမယ့်အခန်းကို ကျွန်တော် လိုက်ပြပေးပါ့မယ်။ လိုအပ်တာရှိရင်လည်း ပြောပါ"

ဆရာကိုသန်းဇော်က ပြောပြောဆိုဆိုနှင့် ထိုင်ခုံမှထလိုက်သည်။ ထို့ကြောင့် သူကြီးဦးနီနှင့် မြဟိန်းတို့ကလည်း နေရာမှထလိုက်ကြ၏။ ဆရာမကမူ ထိုင်ရာမှမထ။ ထို့ကြောင့် ဆရာ ကိုသန်းဇော်က ပြောလိုက်သည်။

"ဆရာမ၊ သွားမယ်လေ။ ဆရာမစာသင်ရမယ့် စာသင်ခန်းကို ကျွန်တော်လိုက်ပြပေးမယ်"

ဆရာမက မထသေးဘဲ ပြန်လည်ပြောဆိုလိုက်သည်။

"ဆရာကြီးကျောင်းမတက်တာ ကျွန်မကြောင့်များလားရှင်"

ဆရာမ၏စကားကြောင့် ဆရာမကို တအံ့တဩ ကြည့်လိုက်ကြသည်။ ထို့နောက် သူကြီးကမေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာမ"

"ဆရာကြီး ကျွန်မနဲ့မတွေ့ရအောင် ရှောင်နေသလားလို့ပါ"

ဆရာကိုသန်းဇော်က ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။ ဆရာက ပြန်ထိုင်လိုက်သဖြင့် သူကြီးနဲ့မြဟိန်းတို့လည်း ပြန်ထိုင်လိုက်ကြသည်။ ထို့နောက် ဆရာသန်းဇော်က ပြောလိုက်သည်။

"ညက ဆရာကြီး တစ်ညလုံးမအိပ်ဘူး။ သူ့ရဲ့ခံစားချက်တွေကို ကျွန်တော့်ကို ပြောပြခဲ့တယ်။ ဆရာကြီးပြောပြခဲ့တာတွေကို သူကြီးတို့၊ ဆရာမတို့ကို ပြန်ပြောဖို့ ကျွန်တော်စဉ်းစားမိတယ်။ ဒါပေမယ့် ဘယ်လိုပြန်ပြောရမလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရခဲ့ဘူး"

ဆရာကိုသန်းဇော် ပြောနေသည်ကို အားလုံးက စိတ်ဝင်စားနေကြသည်။ ဆရာကိုသန်းဇော်က ဆက်ပြောလိုက်သည်။

"ဆရာမ ပြောသလိုပဲ၊ ဆရာကြီး ကျောင်းမတက်တာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို ရှောင်လိုက်တာပါပဲ"

"ရှင်"

ဆရာမ အံ့ဩသွားရသည်။ ထိုစဉ် ဆရာကိုသန်းဇော်က ဆက်လက် ပြောပြလိုက်သည်။

"ဆရာကြီး မနက်ဖြန် မြို့ကိုသွားတော့မယ်"

"ဘာသွားလုပ်မှာလဲ"

သူကြီးက မေးလိုက်ခြင်း ဖြစ်သည်။

"အလုပ်ထွက်စာသွားတင်မလို့ပဲ"

"ရှင်"

"ဗျာ"

"ဟင်"

ဆရာမ၊ သူကြီးနှင့် မြဟိန်းတို့ တအံ့တသြ ဖြစ်သွားခဲ့ကြ တော့သည်။ ထို့ကြောင့် ဆရာမက မေးလိုက်သည်။

"ဆရာကြီးက ဘာဖြစ်လို့ အလုပ်ကထွက်ရတာလဲ။ အရှေ့ တုန်းက အလုပ်ထွက်ဖို့ ပြောဖူးလို့လား"

"တစ်ခါမှတော့ မပြောဖူးပါဘူး"

သူကြီးက ပြောပြလိုက်သဖြင့် ဆရာမက စိတ်မကောင်းစွာ ပြောလိုက်သည်။

"ကျွန်မ ရောက်လာခါမှ ဖြုန်းစားကြီး အလုပ်က ထွက်မယ် ဆိုတော့ ကျွန်မကြောင့်များဖြစ်နေမလားရှင်"

"ဟုတ်ပါတယ် ဆရာမ၊ ဆရာမ စိတ်မဆိုးဘူးဆိုရင်တော့ ညက ဆရာကြီးပြောခဲ့တာတွေကို ဆရာမကို ပြန်ပြောပြချင် ပါတယ်"

"ပြောပါဆရာ၊ ပြောပြပါ။ ဆရာကြီးကို နားလည်ပေးနိုင်ပါ တယ်"

"ညက ဆရာကြီး တစ်ညလုံး မအိပ်ဘူး။ အိပ်ရာပေါ်မှာ





ဘယ်လူးညာလှိမ့်နဲ့ သက်ပြင်းတွေချနေတာ ကျွန်တော်တွေ့ နေရတော့ ကျွန်တော်လည်း ဆရာကြီးကို သနားနေမိ တယ်။ ကျွန်တော်လည်း အိပ်မရဘူး ဖြစ်နေတော့တယ်။ ဒီလိုနဲ့ ညဉ့်သန်းခေါင်လောက်မှာ ဆရာကြီးဟာ အိပ်ရာက ထပြီး ဆေးလိပ်သောက်ရင်း စဉ်းစားနေပုံရတယ်။ ဒီတော့ ကျွန်တော်က ဆရာကြီးကို မအိပ်သေးဘူးလားလို့မေးတော့ ဒီညတော့ ကျွန်တော် ဘယ်လိုမှ အိပ်လို့ရတော့မှာ မဟုတ်ပါ ဘူးဗျာလို့ ပြန်ပြောတယ်။ ဒါကြောင့် ကျွန်တော်က ဘာဖြစ် လို့လဲ ဆရာကြီးလို့ မေးလိုက်တယ်။ ဒီမှာတင် ဆရာကြီးက ကျွန်တော့်ကို ရင်ဖွင့်တော့တာပါပဲ"

ဆရာသန်းဇော်က ညကအဖြစ်အပျက်တို့ကို ပြန်လည် ပြော ပြလိုက်တော့သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

## ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား ကေရီရယ်

မြတ်မိုးလွင်သည် အိပ်ရာပေါ်တွင် လွန့်လူးနေရာမှ ထလိုက်ကာ ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာလိုက်သည်။ ဆရာသန်းဇော်မှာလည်း ဆရာကြီးကိုကြည့်ကာ စိတ်မကောင်းဖြစ်နေမိသဖြင့် အိပ်၍မရသေးပေ။ ထို့ကြောင့် ဆရာသန်းဇော်က မြတ်မိုးလွင်ကို မေးလိုက်သည်။

"ဆရာကြီး၊ မအိပ်သေးဘူးလား"

"ဒီညတော့ ကျွန်တော် ဘယ်လိုမှ အိပ်လို့ရတော့မှာ မဟုတ်တော့ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဆရာသန်းဇော်၊ အချစ်ဆိုတာကို ဘယ်လိုနားလည်သလဲ"

မြတ်မိုးလွင်က ဆရာသန်းဇော်၏အမေးကိုမဖြေဘဲ ပြန်မေးလိုက်သဖြင့် ဆရာသန်းဇော်က တအံ့တသြ ငေးကြည့်နေမိသည်။ မြတ်မိုးလွင်က 'အချစ်ကို ဘယ်လိုနားလည်သလဲ' ဟု ကောက်ကာငင်ကာမေးလိုက်သဖြင့် ဆရာသန်းဇော် အံ့သြသွားရခြင်းဖြစ်သည်။ ဤတွင် မြတ်မိုးလွင်က-

"ဆရာသန်းဇော်အနေနဲ့ အချစ်ကို ဘယ်လိုနားလည်သလဲ တော့ မပြောတတ်ဘူး။ ကျွန်တော့်အနေနဲ့ကတော့ အချစ်ဆိုတာ ဖန်တီးယူလို့မရနိုင်သလို ဖျက်ဆီးပစ်လို့လည်း မရနိုင်ဘူး။ ကျွန်တော် ကေရီ့အပေါ်မှာ ချစ်ခဲ့တဲ့အချစ်ဟာ ဖန်တီးရယူထားတဲ့အချစ် မဟုတ်ဘူး။ ဒါကြောင့် ဘယ်သူ ဘယ်လိုပဲဖျက်ဖျက် ဘယ်တော့မှ ပျက်သွားမှာ မဟုတ်ဘူး"

"ဆရာကြီးက ဘာကိုဆိုလိုချင်တာလဲ"

"ကေရီဟာ သရဲတစ္ဆေတစ်ကောင်ပဲဖြစ်ဖြစ်၊ ဥစ္စာစောင့်မလေး တစ်ယောက်ပဲဖြစ်ဖြစ်၊ နောက်ဆုံးဗျာ ကျွန်တော့်ကို သတ်မယ့်သူတစ်ယောက် ဖြစ်နေပါစေ ကျွန်တော့်အချစ်က ပျက်ပြယ်သွားမှာ မဟုတ်ဘူး"

"ဆရာကြီး ပြောချင်တဲ့အဓိပ္ပာယ်ကို ကျွန်တော် သဘောမပေါက်သေးဘူး ဆရာကြီး"

"ကျွန်တော်ပြောချင်တာက ကေရီ့ကို ကျွန်တော် သိပ်ချစ်နေမိတယ်လို့ ပြောချင်တာပါပဲ"

"ဆရာကြီးက ကေရီ့ကို သိပ်ချစ်နေပေမယ့်လည်း ကေရီက အခု ဘယ်မှာရှိနေတယ်ဆိုတာတောင် သိမှမသိရလေတော့ ခက်သားလား ဆရာကြီးရယ်"

"မခက်ပါဘူးဗျာ၊ အခု ကေရီဟာ သူကြီးအိမ်မှာ ဆရာမဒေါ်ဒေဝီအဖြစ်နဲ့ ရောက်နေပြီပဲ။ ဆရာမဟာ ကေရီဆိုတာ ကျွန်တော် ကောင်းကောင်းသိနေပါတယ်။ ဒါပေမယ့် သက်သေပြစရာ အထောက်အထားတော့ ကျွန်တော့်မှာ မရှိဘူးပေါ့ဗျာ။ ကျွန်တော့်စိတ်ထဲက အလိုလိုသိနေတာပါ။ ကေရီဟာ ကျွန်တော့်ဘဝထဲကို မခေါ်ဘဲနဲ့ ဝင်ရောက်လာခဲ့ပြီး အခုတော့ မနှင်ဘဲနဲ့ ပြန်ထွက်ပြေးဖို့ ကြိုးစားနေပြန်တယ်။ ကေရီ့ကို ကျွန်တော် ဘယ်လိုနားလည်ရမှန်းတောင်မှ မသိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

“ကိုယ်နားမလည်တဲ့ကိစ္စတစ်ခုကို စိတ်ဆင်းရဲခံပြီး စဉ်းစားနေတာဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေသလို ဖြစ်နေမှာပေါ့ ဆရာကြီး”

“ကျွန်တော် သဘောပေါက်ပါတယ် ဆရာ။ ဒါပေမယ့် ကျွန်တော်က ဇကရီ့ကို မေ့ပျောက်လို့မှ မရနိုင်တာဘဲ။ အခုလည်း ကျွန်တော် အညှဉ်းဆဲခံနေရတာပါပဲ။ မျက်စိရှေ့မှာ တွေ့နေရတဲ့ ဇကရီက သူ ဇကရီမဟုတ်ပါဘူးလို့ ငြင်းနေတာဟာ ကျွန်တော့်ကို ညှဉ်းဆဲလိုက်တာ မဟုတ်ဘူးလား။ ဒါပေမယ့် ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော် ကြေကွဲနေရမှ၊ အရူးတစ်ယောက်လိုဖြစ်နေပါမှ သူစိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော် ကြေကွဲစွာနဲ့ ကျေနပ်နေမှာပါ။ ဒါကြောင့် ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ ဆရာ၊ သန်ဘက်ခါ ကျွန်တော် မြို့ကိုသွားမယ်”

“ဘာသွားလုပ်မှာလဲ”

“အလုပ်ထွက်စာတင်မယ်။ ဇကရီဖြစ်စေချင်တဲ့ ဘဝမျိုးဖြစ်အောင် ကျွန်တော် နေပြလိုက်မယ်။ ကျွန်တော့်ကို ပျော့ညံ့တယ်လို့ထင်ရင်လည်း ထင်ကြပါစေတော့။ ဇကရီ ဆန္ဒပြည့်အောင် ကျွန်တော့်ဘဝကို ကျွန်တော် စတေးရပါတယ်။ ဇကရီပျော်မယ်ဆိုရင် ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကျေနပ်နေမှာပါ။ ကျွန်တော့်ကို အသိမဲ့တဲ့ ပညာတတ်တစ်ယောက်လို့ စွပ်စွဲရင်လည်း ကျွန်တော် ခံနိုင်ပါတယ်။ ဇကရီ့အတွက် ကျွန်တော်ခံရတာ ခံရပါစေ။ မနက်ကျရင် ကျွန်တော် ကျောင်းမတက်တော့ဘူး ဆရာ။ ဆရာပဲ ဇကရီ့ကိုလိုအပ်သလို အကူအညီပေးလိုက်ပါ”

မြတ်မိုးလွင်မှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းခံစားနေသဖြင့် ဆရာသန်းဇော်က တစ်စုံတစ်ရာ ငြင်းခုံပြောဆိုခြင်း မပြုလိုသော်





လည်း မြတ်မိုးလွင်မှာသည့်အတိုင်းလုပ်မည့်သူ ဖြစ်သည်။ ထို့ကြောင့် ဆရာသန်းဇော်က ဖျောင်းဖျပြောဆိုလိုက်သည်။

“ခံစားမှုဆိုတာ ပိတ်ပင်တားဆီးလို့ မရနိုင်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ဆရာကြီး။ ဒါပေမယ့် ဆရာကြီးလိုလူတစ်ယောက်က မိန်းမတစ်ယောက်အတွက် ဘဝကိုစတေးခဲ့တယ်ဆိုရင် ဆရာကြီးရဲ့ တပည့်၊ သား၊ မြေးတွေ၊ ဆရာကြီးရဲ့မိဘတွေ ဘယ်လိုခံစားကြရမလဲ။ သူတို့ခံစားနိုင်ကြပါ့မလား။ တွေးကြည့်စမ်းပါ ဆရာကြီးရယ်”

မြတ်မိုးလွင် တွေဝေသွားတော့သည်။ မြတ်မိုးလွင် တွေဝေသွားပြီဖြစ်သဖြင့် ဆရာသန်းဇော်က ဆက်လက်ပြောဆိုလိုက်သည်။

“နောက်တစ်ခု ကျွန်တော် စဉ်းစားမိတယ်”

“ဘာစဉ်းစားမိတာလဲ”

“ဇကရီဟာ ဆရာကြီးကို ကျီစားချင်၊ နောက်ချင်လို့ အခုလိုလုပ်နေတာလဲ ဖြစ်နိုင်တာပဲ”

ဤတွင် မြတ်မိုးလွင်၏မျက်နှာမှာ ပြုံးရောင်သန်းလာသည်။ ဇကရီသည် နားလည်ရခက်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ လျှို့ဝှက်သည့် သူ့ဘဝဇာတ်မြစ်ကိုပင် ကွယ်ဝှက်ဖုံးကွယ်ထားခဲ့သည်။ ဤသည်မှာ မြတ်မိုးလွင်ကို အချစ်စမ်းခြင်းလည်းဖြစ်နိုင်သည်။ ထိုသို့ တွေးမိသဖြင့် မြတ်မိုးလွင် ရှင်လန်းတက်ကြွလာခဲ့သည်။ ထို့ကြောင့် ဆရာသန်းဇော်ကို အလောတကြီး မေးလိုက်၏။

“ဒါ. . . ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ ဆရာ”

“ကျွန်တော် အကြံပေးမယ်၊ ဆရာကြီး လက်ခံမလား”

“ပြောပါ ဆရာ”

“ဆရာကြီး မနက်ဖြန် ကျောင်းမတက်နဲ့။ ကျွန်တော်က ဆရာကြီး စောစောက ပြောသလိုပြောမယ်။ ဆရာကြီး အလုပ်ထွက်တော့မယ်၊ တကယ်ထွက်တော့မယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ဆရာမက တစ်ခုခုတုံ့ပြန်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဆရာမက တုံ့ပြန်လာခဲ့ရင်တော့ နောက်ပိုင်းဇာတ်လမ်းကို ဆရာကြီးဘာသာဆရာကြီးဆက်က,ပေါ့"

"ဟာ- ဆရာပေးတဲ့အကြံ ကောင်းတယ်ဆရာ၊ သိပ်ကောင်းတယ်"

မြတ်မိုးလွင်က အားရဝမ်းသာ ပြောလိုက်သည်။ သို့သော် တစ်ခဏအတွင်းမှာပင် မြတ်မိုးလွင်မှာ ပြန်လည်ညှိုးငယ်သွားခဲ့ပြန်တော့သည်။ မြတ်မိုးလွင် တစ်စုံတစ်ခုကို တွေးလိုက်မိသဖြင့် ဆရာသန်းဇော်ကို မေးလိုက်သည်။

"ဆရာ၊ တကယ်လို့ ဧကရီက ကျွန်တော့်ကို စိတ်ချမ်းသာနိုင်မယ့် တုံ့ပြန်မှုမျိုးမဟုတ်ဘဲ သူဟာ ဧကရီ မဟုတ်ပါဘူးလို့ ဆက်ငြင်းနေရင် ဘယ်လိုလုပ်မလဲ"

မြတ်မိုးလွင် ပြောသည်မှာ ဖြစ်နိုင်သဖြင့် ဆရာသန်းဇော် ပြန်မဖြေနိုင်။ ထိုစဉ် မြတ်မိုးလွင်က ဆွေးဆွေးမြည့်မြည့် ပြောဆိုလိုက်ပြန်သည်။

"ကျွန်တော်တွေးသလို ဖြစ်လာခဲ့ရင်တော့ ဆရာရယ်. . ."

မြတ်မိုးလွင် စကားဆုံးအောင်ပင် မပြောနိုင်တော့။ ထို့ကြောင့် ဆရာကိုသန်းဇော်က ဖြေသိမ့် ပြောဆိုလိုက်သည်။

"အဆိုးလုပ်ရင် အကျိုးယုတ်တယ်၊ အဆိုးတွေးရင် အကျိုးမလှဖြစ်တတ်တယ်ဆိုတာ ဆရာကြီးလည်း သဘောပေါက်မှာပါ။ ဆရာကြီး ဝမ်းသာရမှာပါ။ ကဲ- ညဉ့်လည်းနက်လှပြီ၊ အိပ်ပါတော့ ဆရာကြီးရယ်"

မြတ်မိုးလွင်သည် အိပ်ရာပေါ်တွင် လှဲအိပ်လိုက်တော့သည်။ ဆရာသန်းဇော်က 'ဝမ်းသာရမှာပါ ဆရာကြီးရယ်' ဟု ပြောဆိုခဲ့သော်လည်း မြတ်မိုးလွင် ဝမ်းမသာနိုင်သေးပါ။ ဧကရီသည် နားလည်ရခက်သည့် မိန်းကလေးတစ်ယောက်ဖြစ်နေ၍ မြတ်မိုးလွင်





ဝမ်းမသာနိုင်သေးပါ။ သို့သော် ဆရာသန်းဇော် ပြောသကဲ့သို့ ဧကရီက နောက်ပြောင်ကျီစားနေခြင်းလည်း ဖြစ်နိုင်သည်။ ဤသို့ဆိုလျှင် မြတ်မိုးလွင် ဝမ်းသာရမည်သာ ဖြစ်သည်။ ထို့ကြောင့် 'ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား' ဟု ညည်းညူရင်း မိုးစင်စင်လင်းလာသည်အထိ အိပ်မပျော်နိုင်ခဲ့တော့ပေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)
## တွဲဖက်ညီတဲ့စုံတွဲ

ဆရာသန်းဇော်က ရှင်းလင်းပြောပြပြီးသောအခါ အားလုံးမှာ ငေးငိုင်သွားခဲ့ကြတော့သည်။ အထူးသဖြင့် ဆရာမမှာ ပို၍ စိတ်မကောင်းဖြစ်နေဟန် ရှိသည်။ ထိုစဉ် ဆရာသန်းဇော်က ပြောလိုက်သည်။

"ဆရာကြီးကတော့ ဆရာမကို ဧကရီလို့ပဲ တထစ်ချ စွပ်စွဲနေတာပဲ။ ကျွန်တော်လည်း ကြံရာမရဖြစ်နေတာနဲ့ စိတ်ထဲရှိသလို အကြံပေးခဲ့တာပါ။ ဒါပေမယ့် ဆရာကြီး ဒီနေ့ ကျောင်းမတက်တာ ကျွန်တော်ပြောလို့ မတက်တာ မဟုတ်ဘူး။ ကျွန်တော်မပြောလည်း သူ ဒီနေ့ ကျောင်းတက်မှာ မဟုတ်ဘူး။ သူ တော်တော်ခံစားနေရတာ။ ဆရာမကို ပြောပြပေးမယ်လို့ ဆရာကြီးကို ကတိပေးခဲ့ပေမယ့်လည်း ကျွန်တော် ဘယ်လိုပြောရမှန်း မသိဘူး။ ဒါကြောင့် ဆရာမကို စိတ်မဆိုးဖို့ အရင်တောင်းပန်ရတာ။ ဆရာကြီးကြည့်ရတာ တော်တော်စိတ်မကောင်းစရာပါဗျာ"

ထို့ကြောင့် သူကြီးဦးနီက ညည်းညူပြောဆိုလိုက်သည်။

"ဆရာကြီးဟာ ရွာပေါ်မှာရော ကလေးတွေအပေါ်မှာပါ

www.burmeseclassic.com



တော်တော် စေတနာကောင်းတယ်။ ဆရာကြီး မပြောင်းအောင် ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

ဤတွင် မြဟိန်းက-

"ဆရာမ"

"ရှင်"

"ကျွန်တော် တစ်ခုတောင်းပန်ပါရစေ"

"ပြောပါ"

"ကျွန်တော်တို့ဆရာကြီးဟာ အခုအချိန်မှာ တော်တော်လေး ခံစားနေရပါတယ်။ မုဲနက်ရှင်ဧကရီပေါ်မှာ စွဲလမ်းတဲ့ အစွဲအလမ်းက သိပ်ကိုကြီးမားနေပါတယ်။ ဆရာမဟာ မုဲနက်ရှင်ဧကရီ ဖြစ်မယ်ဆိုရင် ဆရာကြီးရဲ့စိတ်တွေ တစ်မျိုးတစ်ဖုံ ဖြစ်သွားလိမ့်မယ်လို့ ထင်ပါတယ်။ ဒါကြောင့် ဆရာမ အနေနှင့် အချိန်အတိုင်းအတာတစ်ခုထိ မုဲနက်ရှင်ဧကရီအဖြစ် သရုပ်ဆောင်နိုင်ပေးပါလား ဆရာမရယ်"

ဦးနီကလည်း အားရဝမ်းသာ ထောက်ခံပြောဆိုလိုက်သည်။

"ဟုတ်ပါတယ် ဆရာမ။ ဆရာမကသာ ဆရာကြီးကို မုဲနက်ရှင်ဧကရီအဖြစ်နဲ့ ဆက်ဆံလိုက်မယ်ဆိုရင် ဆရာကြီး ဒီရွာကပြောင်းမှာ မဟုတ်တော့ဘူး။ ဆရာကြီး မပြောင်းရွှေ့ရေးအတွက် ကူညီပါလား ဆရာမရယ်။ ကျွန်တော် တောင်းပန်ပါတယ်"

ထို့ကြောင့် ဆရာမက စဉ်းစားပြောဆိုလိုက်သည်။

"ဆရာကြီးနဲ့ မုဲနက်ရှင်ဧကရီက သမီးရည်းစားတွေဆို"

"ဟုတ်ပါတယ်"

မြဟိန်းက ပြန်ဖြေလိုက်သည်။ ထို့ကြောင့် ဆရာမက-

"ဒါဆိုရင် ကျွန်မက ဆရာကြီးကို ကိုယ့်ရဲ့ချစ်သူရည်းစား တစ်ယောက်လို ဆက်ဆံရမယ်ဆိုတော့ ကျွန်မရဲ့ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကိုလည်း စဉ်းစားပေးကြပါဦးရှင်"

ဆရာမက ပြောလိုက်သဖြင့် သူကြီးနှင့် မြဟိန်းတို့က ဘာတစ်ခွန်းမှ ပြန်မပြောနိုင်တော့ပေ။ ဤတွင် ဆရာသန်းဇော်က ပြောလိုက်သည်။

"ဆရာကြီးဟာ ဟောဟောဒိုင်းဒိုင်း လူတစ်ယောက် မဟုတ်သလို၊ အခွင့်အရေးယူတတ်တဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး။ သူ့သိက္ခာကို သူ အင်မတန် တန်ဖိုးထားတဲ့ လူတစ်ယောက်ပါ။ ဆရာကြီးဟာ အချစ်ကို ကိုးကွယ်မိလို့ အခုလို ဖြစ်နေရတာပါ။ ဆရာကြီးနဲ့ ပတ်သက်လို့ ဆရာမ မှဲ့တစ်ပေါက် မစွန်းစေရပါဘူး။ ကျွန်တော် လုံးဝတာဝန်ယူပါတယ်။ ကျွန်တော်တင်မကပါဘူး သူကြီးရော၊ ကိုမြဟိန်းရော၊ သစ်ဆုံရွာတစ်ရွာလုံးကပါ ဆရာကြီးအတွက် တာဝန်ယူနိုင်ကြပါတယ်"

"ဟုတ်ပါတယ် ဆရာမ၊ ကျွန်တော်တို့ လုံးဝ တာဝန်ယူပါတယ်"

ဆရာသန်းဇော်က ပြောလိုက်သဖြင့် သူကြီးနှင့် မြဟိန်းတို့က ထောက်ခံပြောဆိုလိုက်ကြသည်။ ထို့နောက် ဆရာသန်းဇော်က တောင်းပန် ပြောဆိုလိုက်ပြန်သည်။

"ဆရာကြီးကို နားလည်ပေးပါ ဆရာမရယ်။ ဆရာမ စောစောကပြောခဲ့တယ်လေ၊ ဆရာကြီးကို နားလည်ပေးနိုင်ပါတယ်လို့"

ထို့ကြောင့် ဆရာမက ပြောလိုက်သည်။

"ကျွန်မက ဆရာကြီးကို နားလည်ပေးပြီး ဇနီးအသွင်နဲ့ သရုပ်ဆောင်နေတာကို ရွာသူ ရွာသားတွေဘက်က ကျွန်မကို နားလည်နိုင်ကြပါ့မလား"

"ဒီအတွက်တော့ စိတ်ချပါဆရာမ။ ရွာသူ ရွာသားတွေက





ဆရာမကို နားလည်ပေးကြတဲ့အပြင် သူတို့ရဲ့ ဆရာကြီး ပြောင်းရွှေ့မသွားအောင် လုပ်ပေးတဲ့အတွက် ကျေးဇူးတောင်တင်နေကြမှာပါ။ အဲဒီအတွက်လည်း ကျုပ် လုံးဝတာဝန်ယူပါတယ်"

ဦးနီက အာမခံ ပြောဆိုလိုက်သဖြင့် ဆရာသန်းဇော်နှင့် မြဟိန်းကပါ အာမခံပြောဆိုလိုက်ကြသည်။

"ဒီအတွက်တော့ ဆရာမ ဘာမှမစိုးရိမ်ပါနဲ့။ ဆရာမ ဂုဏ်သိက္ခာ မထိခိုက်စေရပါဘူး။ အားလုံးက နားလည်ပေးကြမှာပါ။ ကျွန်တော်လည်း လုံးဝ တာဝန်ယူပါတယ်"

"ဟုတ်ပါတယ် ဆရာမရယ်၊ ဆရာမကသာ ဆရာကြီးကို ပြောင်းရွှေ့မသွားအောင် လုပ်ပေးမယ်ဆိုရင် ကျွန်တော် ထိုင်ကန်တော့ပါတယ်"

မြဟိန်းက ပြောပြောဆိုဆိုနှင့် ကုလားထိုင်ပေါ်မှဆင်းကာ ထိုင်ကန်တော့နေသဖြင့် ဆရာမမှာ ကမန်းကတန်း နေရာမှထကာ ပျာပျာသလဲ ပြောဆိုလိုက်သည်။

"ဟာ- ကိုမြဟိန်း၊ အဲဒီလို မလုပ်ပါနဲ့။ ထပါ၊ မလုပ်ပါနဲ့"

ဆရာမမှာ နေရာတွင်ပြန်မထိုင်ရဲ။ ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

"ဆရာမ ပြန်ထိုင်ပါ၊ မြဟိန်းလည်း ပြန်ထိုင်"

"ဒါလောက်တောင် ဆန္ဒရှိနေမှတော့ ကျွန်မ ကူညီပေးပါ့မယ်"

"ဝမ်းသာလိုက်တာ ဆရာမရယ်"

အားလုံးက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ခဲ့ကြသည်။

"ကျွန်မက ဆရာကြီးရဲ့ချစ်သူ ဇနီးအဖြစ် သရုပ်ဆောင်ရမှာဖြစ်လို့ အားလုံးကတော့ ကျွန်မရဲ့ဂုဏ်သိက္ခာကို နားလည်ပေးကြပါ။ ကျွန်မမှာ အမှားအယွင်းရှိလည်း ဝိုင်းထိန်း



www.burmeseclassic.com

www.burmeseclassic.com

ပေးကြပါ။ အားလုံးအပေါ်၊ တစ်ရွာလုံးအပေါ်၊ ဆရာကြီးအပေါ် ကျွန်မရဲ့စေတနာကို အသိအမှတ်ပြုပေးကြပါ။ ဒီတော့ သူကြီးနဲ့ကိုမြဟိန်း၊ ဆရာသန်းဇော်တို့ ဒီကစောင့်နေပါ။ ကျွန်မ ဆရာကြီးကို သွားခေါ်မယ်"

ပြောပြောဆိုဆိုနှင့် ဆရာမ ထွက်သွားသည်။ ဆရာသန်းဇော်မှာ စကားပြောနေသဖြင့် စာသင်ခန်းများကို ကျောင်းစောင့်ကိုတုံးက ထိန်းပေးနေခဲ့ရသည်။

ဆရာမသည် မြတ်မိုးလွင်၏အိမ်ဝသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ အိမ်တံခါးဖွင့်ထားသဖြင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။ မြတ်မိုးလွင်သည် ကုလားထိုင်ပေါ်တွင်ထိုင်ကာ အိမ်ခေါင်မိုးပေါ်ကို အစိပ္ပာယ်မဲ့ ငေးကြည့်နေခဲ့သဖြင့် ဆရာမကို သတိမပြုမိပေ။

"ဆရာကြီး"

"ဟင်"

မြတ်မိုးလွင်သည် လှည့်ကြည့်ကာ အံ့ဩသွားတော့သည်။ ကုလားထိုင်မှ ကမန်းကတန်းထလိုက်ပြီး ဆရာမကို ပြန်ပြောလိုက်သည်။

"ဆရာမ ကျောင်းမတက်ဘူးလား။ လာ၊ ထိုင်ထိုင်"

ဆရာမက ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ပြီး မြတ်မိုးလွင်ကို ပြန်မေးလိုက်သည်။

"ဆရာကြီးကော ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

"ကျွန်တော် နေမကောင်းလို့ပါ"

"မညာပါနဲ့နော်"

မြတ်မိုးလွင် ဆရာမကို ငေးကြည့်နေမိသည်။ ပြောပုံဆိုပုံနှင့် အမူအရာက ဧကရီနဲ့ တစ်ပုံစံတည်းပါပဲလား။ ဒါပေမယ့် သူက ဧကရီ မဟုတ်ဘူး၊ ဒေဝီပဲ။ ဒေဝီက ဘာဖြစ်လို့ ဧကရီနဲ့ ဒီလောက်တူနေရတာလဲ။



ထိုစဉ် ဆရာမက မြတ်မိုးလွင်ကို ပြုံးပြီးကြည့်နေခဲ့သည်။ ပြုံးနေပုံကလည်း ဧကရီနဲ့ တစ်ပုံစံတည်းပါပဲလား။ မြတ်မိုးလွင် ခေတ္တခဏ တလိုက်လိုက်နှင့် ငေးစိုက်ကြည့်နေခဲ့တော့သည်။ ထိုစဉ် ဆရာမက ပြောလိုက်ပြန်သည်။

"ဘာဖြစ်လို့ ညာချင်ရတာလဲ"

"ကျွန်တော် ဘာတွေညာနေလို့လဲ"

"နေမကောင်းလို့ ကျောင်းမတက်တာဆို"

"ဟုတ်တယ်လေ"

"အဲဒါ ညာနေတာပေါ့"

"ကျွန်တော် မညာပါဘူး၊ တကယ်နေမကောင်းလို့ပါ"

"ညာနေတာပါ။ ဧကရီနဲ့ဝေးရာကို ပြေးမလို့မဟုတ်လား"

"ဗျာ"

မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မြတ်မိုးလွင် အံ့တသြ ဖြစ်သွားရတော့သည်။ ထိုစဉ် ဆရာမက ဆက်ပြောလိုက်ပြန်သည်။

"ဧကရီက ချစ်လို့ ကျီစယ်တာပါ။ ဧကရီ့ကို စိတ်ဆိုးလား"

"ဗျာ"

"ဟာ- ဆရာကြီးကလည်း တဗျာဗျာနဲ့ ဘယ်လိုဖြစ်နေတာလဲ။ ဘာလဲ၊ ဧကရီ တောင်းပန်နေတာတောင်မှ ဆရာကြီးက မကျေနပ်သေးဘူးလား။ ဧကရီက ချစ်လို့ကျီစားလိုက်တာ။ ဆရာကြီး ဧကရီ့ကို ဘယ်လောက်အထိ ချစ်သလဲဆိုတာ သိချင်လို့"

"ဗျာ"

မြတ်မိုးလွင် 'ဗျာ' တစ်လုံးသာ ပြောနိုင်ပါတော့သည်။

ဆရာမက သူ့ကိုယ်သူ ဧကရီဟု ဝန်ခံပြောဆိုလာသဖြင့် မြတ်မိုးလွင် အလွန်အမင်း ဝမ်းသာသွားခဲ့ရပါသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ကေရီသည် မြတ်မိုးလွင်ကို သီဟကျော်စွာဟုပင် ခေါ်ခဲ့သည်။ ယခု ကေရီက ဆရာကြီးဟု ခေါ်နေသဖြင့် မြတ်မိုးလွ အံ့ဩနေခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် မြတ်မိုးလွင်က မေးလို သည်။

"ဆရာမက ကေရီ. . . ကေရီ အစစ်နော်"

"ဆရာကြီးက ကေရီကို ဒေဝီမဟုတ်မှန်း စိတ်ထဲက အလို သိနေတယ်ကိုး။ ဘာဖြစ်လို့ မေးနေတာလဲ"

"ကေရီက ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ်"

"ဆရာကြီးလို့ ခေါ်တယ်လေ၊ မှားလို့လား"

"မှားတယ်"

"ရှင်"

ဒီတစ်ခါ အံ့ဩရသူက ကေရီပင် ဖြစ်သည်။ ထို့ကြော ကေရီက ထိတ်ထိတ်ပျာပျာ ပြန်မေးလိုက်သည်။

"ဘာမှားနေလို့လဲ"

"ကေရီက ကျုပ်ကို ဆရာကြီးလို့ မခေါ်ဘူး"

"ဘယ်လိုခေါ်လို့လဲ"

"သီဟကျော်စွာလို့ပဲ ခေါ်ခဲ့တာ"

"ဟယ်"

ဟုတ်သည်။ ဆရာမ မှားသွားခဲ့ပြီ ဖြစ်သည်။ ကေရီသ မြတ်မိုးလွင်ကို မည်သည့်နေရာတွင်မဆို 'သီဟကျော်စွာ' ဟု ခေါ်ခဲ့သည်။ မြတ်မိုးလွင်က ပြောတော့မှ ဆရာမ သိခဲ့ရသ ထို့ကြောင့် ဆရာမက ချော်လဲရောထိုင် လုပ်လိုက်ရတော့သ

"ဟင်း. . . ဟင်း. . . ဟင်း သီဟကျော်စွာ တကယ်ေ တာပဲ။ ကေရီနဲ့ ပတ်သက်ပြီး အားလုံး မှတ်မိနေတ ဆရာကြီးလို့ ခေါ်တာကလည်း ကေရီက တမင်သက်သ သီဟကျော်စွာကို ကျီစယ်လိုက်တာပါ။ သီဟကျော်စွာ





ပြောမလဲသိချင်လို့ ဒေဝီ အဲ- ကေရီက ကျီစယ်လိုက်တာ"

"ကေရီ တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ သီဟကျော်စွာရယ်"

ဝမ်းသာရပါပြီ။ မြတ်မိုးလွင် တကယ့်ကို ဝမ်းသာသွားရပြီ ်သည်။ ဝမ်းသာမှာပေါ့၊ မျှော်လင့်နေတဲ့ ဖြစ်စဉ်တွေက မမျှော် င့်ဘဲ ဖြစ်လာခဲ့ပြီဆိုတော့ မြတ်မိုးလွင် ဝမ်းသာရပြီပေါ့။ ထို့ ကြောင့် မြတ်မိုးလွင်က သွက်လက်ရွှင်လန်းစွာ မေးလိုက်သည်။

"နေစမ်းပါဦး၊ ကေရီက ဘာဖြစ်လို့ ဒီလောက်ကြာကြာ ပျောက်နေရတာလဲ။ ဘယ်လိုဖြစ်ပြီး ဆရာမ ဖြစ်လာရတာ လဲ။ ကိုယ်တော့ နားမလည်နိုင်တော့ဘူးကွာ"

"အဲဒါတွေ နောက်မှပြောကြမယ်။ လောလောဆယ်တော့ ကျောင်းမှာ သူကြီးတို့ စောင့်နေကြတယ်။ လာ၊ ကျောင်းကို သွားကြမယ်"

"ကေရီကို ဆရာကိုသန်းဇော် ဘာပြောသေးလဲ"

"ဆရာကိုသန်းဇော် ပြောပြလို့ ကေရီ အခုရောက်လာခဲ့ တာပေါ့။ ဟင်း- ဒီကသနားလို့ သိလား။ တစ်လ၊ နှစ်လ လောက်အထိ ဒေဝီအဖြစ်နဲ့နေပြမယ်လို့ စိတ်ကူးထားတာ"

"အဲဒီလို ဒေဝီဖြစ်နေရင်လည်း ဒီကကောင်ကလည်း ပြေးပြီ မှတ်။ အခုတောင် ကံကောင်းလို့"

"ကဲပါ- အဲဒါတွေ နောက်မှပြော။ ကျောင်းမှာ လူကြီးတွေ စောင့်နေကြတယ်၊ အားနာစရာ"

"ကဲ- ဒါဆိုလာ၊ သွားကြမယ်"

မြတ်မိုးလွင်က သွက်လက်စွာ ထလိုက်ပြီး ကေရီ့လက်ကို ဆွဲကိုင်လိုက်သဖြင့် ကေရီက လက်ကို လျင်မြန်စွာ ရှောင်တိမ်းလိုက် ပြီး ရယ်မောစွာပြောဆိုလိုက်သည်။

"ဟိုး-ဆရာဟိုး။ ဒူးနေရာဒူး၊ တော်နေရာတော်တဲ့။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

အုပ်ဆရာကြီးက ကိုယ့်လက်အောက်က ဆရာမလက်ကိုဆွဲတော့ ရွာထဲကလူတွေ ဘာပြောကြမလဲ ဆရာကြီးရဲ့။ နည်းနည်းလေးတော့ သတိထားဦးမှာပေါ့"

ထို့ကြောင့် မြတ်မိုးလွင်က ရယ်မောပြောဆိုလိုက်လေတော့သည်။

"ကိုယ်မေ့သွားလို့ပါ ကေရီရယ်။ ကဲ- လာ သွားကြမယ်"

မြတ်မိုးလွင်နဲ့ ဆရာမတို့ တွဲလျှောက်သွားသည်ကို ရွာထဲမှ လူများက တွဲဖက်ညီတဲ့ စုံတွဲတစ်တွဲအဖြစ် ဝမ်းသာအားရ ပြောဆိုနေခဲ့ကြလေတော့သည်။

✿ ✿ ✿

# (၂၅)
# ကေရီဝင်စားနေတဲ့ဆရာမလေးဒေဝီ

မြတ်မိုးလွင်နှင့် ဆရာမတို့ ကျောင်းကိုရောက်သည်နှင့် သူကြီး၊ ဆရာကိုသန်းဇော်နှင့် မြဟိန်းတို့က ဆီးကြိုလိုက်သည်။ ထိုစဉ် ဆရာကိုသန်းဇော်က ပြောလိုက်သည်။

"ဆရာကြီး၊ နေကောင်းသွားပြီလား"

မြတ်မိုးလွင် ဘာမှပြန်မပြောဘဲ ပြုံး၍သာနေခဲ့သည်။ ထို့နောက် သူ၏စားပွဲတွင် ဝင်ထိုင်လိုက်သဖြင့် ကျန်လူများကလည်း နေရာယူဝင်ထိုင်လိုက်ကြသည်။ ထိုစဉ် မြဟိန်းက ပြောလိုက်သည်။

"ဆရာကြီး မနက်ဖြန် မြို့ကိုသွားမလို့ဆို"

"မသွားဖြစ်တော့ပါဘူးဗျာ"

"ဟာ- အဲဒါမှ ဒုက္ခပဲ"

မြဟိန်းက ညည်းညူပြောဆိုလိုက်သဖြင့် ဆရာသန်းဇော်က မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ကိုမြဟိန်း"

"မှာစရာ ပစ္စည်းတစ်ခုရှိလို့ပါ။ ဆရာကြီးက တကယ်ပဲ မြို့ကိုမသွားတော့ဘူးလား။ ဘယ်တော့လောက် သွားဖို့ရှိသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



မြဟိန်းနှင့် ဆရာသန်းဇော်တို့ အတိုင်အဖောက်လုပ်ကာ နောက်ပြောင်နေကြသည်ကို သိရှိနေကြသဖြင့် အားလုံးက ပြုံးနေခဲ့ကြသည်။ ထို့ကြောင့် မြတ်မိုးလွင်က ပြောလိုက်သည်။

"သိပ်လည်း စိတ်မပူပါနဲ့ ကိုမြဟိန်းရာ။ ကျွန်တော် မသွားဖြစ်လည်း သူကြီးသွားနေတာပဲ၊ သူကြီးနဲ့ပဲ မှာလိုက်ပေါ့"

"ဟင့်အင်း၊ ကျွန်တော်က ဆရာကြီးသွားမှ မှာချင်တာ"

"ကိုမြဟိန်းက ဘာပစ္စည်းမှာမလို့လဲ"

"ဘိုမရုပ်လေးတစ်ရုပ်လောက် မှာချင်လို့ပါ"

"ဘာလုပ်ဖို့လဲ"

"ခရီးသွားရတော့မယ်ဆိုရင် မသွားဖြစ်ရ ယတြာချေချင်လို့ပါ"

"ဟာဗျာ"

မြတ်မိုးလွင်က ရှက်ရှက်နှင့် ရယ်မောနေသည်။ ထိုစဉ် ဆရာကိုသန်းဇော်က ပြောလိုက်သည်။

"ဆရာကြီး၊ ကျွန်တော် ဆရာမကို စာသင်ရမယ့် အတန်းလည်း ပြပေးပြီးပြီ။ လိုအပ်တာတွေလည်း ပြောပြပြီးပြီ။ ကျောင်းသားတွေနဲ့ မိတ်ဆက်ပေးဖို့ပဲ ကျန်တော့တယ်"

"ဒါဆို ကျွန်တော်ပဲ မိတ်ဆက်ပေးလိုက်တော့မယ်။ ဆရာလုပ်စရာရှိရာ ဆက်လုပ်ပါ"

ထို့ကြောင့် ဆရာကိုသန်းဇော်က ပြောလိုက်သည်။

"ဒါဆို ကျွန်တော် စာသွားသင်လိုက်ဦးမယ်။ သူကြီးနဲ့ ကိုမြဟိန်း၊ ကျွန်တော် စာသွားသင်လိုက်ဦးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း ပြန်ပါဦးမယ်။ ဝမ်းသာတယ် ဆရာမရယ်၊ ကျေးဇူးလည်း တင်ပါတယ်"

သူကြီးနှင့် မြဟိန်းတို့ကလည်း ပြောပြောဆိုဆိုနှင့် နေရာမှ ထလိုက်ကြတော့သည်။ ဆရာသန်းဇော်သည် သူ့စာသင်ခန်းသို့





ထွက်သွားခဲ့သည်။ ဆရာမအား ကျောင်းသူကျောင်းသားများနှင့် မိတ်ဆက်ပေးရန် မြတ်မိုးလွင်သည် နေရာမှထလိုက်သည်။ ထို့နောက် အားလုံး ကျောင်းရုံးခန်းထဲမှ ထွက်လာခဲ့ကြလေတော့သည်။

"သီဟကျော်စွာ"

မြတ်မိုးလွင် လှည့်ကြည့်လိုက်သည်။ ထို့ကြောင့် ဆရာမက-

"အခု ကျွန်မဟာ ကောရီအယောင်ဆောင်နေတဲ့ ဒေဝီဖြစ်နေခဲ့မယ်ဆိုရင် သီဟကျော်စွာ ဘယ်လိုစဉ်းစားမလဲ"

"အဲဒီကိစ္စဟာ စဉ်းစားစရာမှမလိုဘဲ"

"ဘာဖြစ်လို့လဲ"

"ကောရီဟာ ဒေဝီမှ မဟုတ်ဘဲ"

"ကျွန်မနာမည်က ဒေဝီလေ။ ကျောင်းအမိန့်စာထဲမှာလည်း ဒေဝီလို့ ပါနေတာပဲ"

"တကယ်လို့ ကောရီဟာ ဒေဝီဆိုရင်လည်း ကောရီ ဝင်စားနေတဲ့ ဒေဝီပဲဖြစ်မှာ။ ဒါကြောင့် ဒီကိစ္စဟာ စဉ်းစားစရာမလိုဘူး"

"ဒါပေမယ့် ဒေဝီဟာ ကောရီဘဝအကြောင်းတွေကို မေ့သွားပြီး လက်ရှိ ဒေဝီဘဝကိုပဲ သိနေတယ်ဆိုရင်ရော. . ."

"ကိုယ်ချစ်တာ ဒေဝီ မဟုတ်ဘူး၊ ကောရီပဲ။ ဒါကြောင့် ကောရီဝင်စားနေတဲ့ ဒေဝီဟာ ကောရီရဲ့ဘဝအကြောင်းတွေကို မေ့သွားခဲ့ပြီဆိုရင်တော့ ကိုယ့်ကုသိုလ်ပဲပေါ့။ အခု ကိုယ်ဆက်ဆံပြောဆိုနေတာလည်း ကောရီ့ကိုပဲ ဆက်ဆံပြောဆိုနေတာ။ ဒေဝီကို ဆက်ဆံပြောဆိုနေတာ မဟုတ်ဘူး။ ကိုယ့်အတွက် ဒေဝီဆိုတာ မရှိဘူး၊ ကောရီပဲ ရှိတယ်"

"သီဟကျော်စွာရယ်. . ."

မြတ်မိုးလွင်ကိုကြည့်ကာ ဆရာမ ရင်မောစွာ ပြောဆိုလိုက်သည်။ ထိုစဉ် မြတ်မိုးလွင်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ပြောင်းခါနီး ကေရီ့ကို တော်တော်မျှော်ခဲ့ရတာ။ ကေရီ ဘယ်ပျောက်နေတာလဲဟင်"

"အတိတ်ဆိုတာ ဘယ်လိုမှ အစားပြန်ရနိုင်တော့မှာ မဟုတ်လေတော့ အတိတ်အကြောင်းတွေကို ပြောမနေဖါတော့နဲ့ သီဟကျော်စွာရယ်"

"ကေရီက ဒီကျောင်းကို ဘယ်လိုဖြစ်ပြီး ရောက်လာခဲ့ရတာလဲ။ အရင်ကတည်းက ဆရာမ လုပ်နေခဲ့တာလား"

"အကျိုးမရှိတဲ့ အကြောင်းအရာတွေကို သိလာရတော့လည်း အကြောင်းထူးလာမှာ မဟုတ်ပါဘူး သီဟကျော်စွာရယ်။ လောလောဆယ် အရေးအကြီးဆုံးက သီဟကျော်စွာဟာ ကေရီကို ချစ်နေမယ်၊ ကေရီက သီဟကျော်စွာကို ချစ်နေမယ်။ အခုအချိန်မှာ ကေရီနဲ့ သီဟကျော်စွာအတွက် အလိုအပ်ဆုံးဟာ အချစ်ပဲမဟုတ်လား"

ကေရီပြောနေသည်ကို သီဟကျော်စွာ လှိုက်လှိုက်လှဲလှဲ လက်ခံသွားခဲ့ပြီ ဖြစ်သည်။ ဟုတ်သည်။ သိပ်ကိုမှန်သည်။ သီဟကျော်စွာအတွက် ကေရီ၏အချစ်သည်သာ အလိုအပ်ဆုံး ဖြစ်သည်။ ထို့ကြောင့် သီဟကျော်စွာက ဝမ်းသာအားရ ပြောဆိုကာ ကေရီ၏ ပခုံးကို လှမ်းဖက်လိုက်သည်။

"မှန်လိုက်လေ ကေရီရယ်"

ကေရီက မြတ်မိုးလွင်၏လက်ကို ဖယ်ထုတ်ကာ ပြောဆိုလိုက်သည်။

"ကေရီ တစ်ခုတော့ ပြောချင်တယ်"

"ဘာပြောချင်လို့လဲ"

"အခု သီဟကျော်စွာနဲ့ကေရီတို့ဟာ တစ်ရွာလုံးက လေးစားခံနေရတဲ့ ဆရာတွေ၊ ဆရာမတွေ ဖြစ်နေကြပြီ"

"ဟုတ်တယ်လေ"





"လူဆိုတာ နေတတ်မှကျေနပ်စရာဖြစ်မှာ"

"ဘာကိုဆိုလိုတာလဲ"

"လူတစ်ယောက်ဟာ သူ့ရဲ့ဂုဏ်သိက္ခာနဲ့ လိုက်လျောညီထွေရှိနေတဲ့ ပတ်ဝန်းကျင်မှာ သူ့ရဲ့ ဂုဏ်သိက္ခာနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် ပြောဆိုနေထိုင်ပါမှ သူ့ရဲ့ဂုဏ်သိက္ခာဟာ ဂုဏ်မြင့် ဝင့်ထည်နေမှာပေ့ါ။ လိုက်လျောညီအောင် မနေတတ်ဘူးဆိုရင်တော့ သိက္ခာမဲ့တဲ့လူ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် လူတစ်ယောက်ဟာ သူ့ရဲ့ ဂုဏ်သိက္ခာနဲ့အညီ လိုက်လျောညီထွေနေတတ်ပါမှ ကျေနပ်စရာတွေ ဖြစ်လာနိုင်ပါတယ်"

"သဘောပေါက်ပါတယ် ကေရီ"

"ဒါကြောင့် သီဟကျော်စွာ ဆင်ခြင်ပါ။ လူတွေရှေ့မှာ ကျွန်မကို အခေါ်အပြောကစပြီး ဆင်ခြင်သင့်တယ်လို့ ထင်ပါတယ်။ ကျွန်မကို ကေရီလို့ခေါ်တာ ထူးခြားမှုမရှိပေမယ့် ကျွန်မက သီဟကျော်စွာလို့ ပြန်ခေါ်ရတာကျတော့ လူရယ်စရာ ဖြစ်မနေဘူးလား"

"ဟိုတုန်းက ဒီလိုပဲ ခေါ်နေတာပဲ ကေရီရယ်"

"ဟိုတုန်းက ကျွန်မတို့ကို သတိပြု အလေးထားနေတဲ့လူ မရှိဘူးလေ။ အခု လူတိုင်းက အလေးထားနေကြတာ"

ဆရာမ ပြောသည်မှာ သဘာဝကျနေသဖြင့် မြတ်မိုးလွင် လက်ခံခဲ့ရပါတော့သည်။ ထို့ကြောင့် ဆရာမက ဆက်ပြောလိုက်သည်။

"လူတွေရှေ့မှာ ကျွန်မအနေနဲ့ ဆရာကြီးလို့ပဲ ခေါ်ပါရစေရှင်။ ဒါကိုတော့ နားလည်ပေးစေချင်ပါတယ်။ ကျွန်မကိုတော့ ကေရီလို့ပဲ ခေါ်ခေါ်၊ ဆရာမလို့ပဲခေါ်ခေါ်၊ ဒေဝီလို့ခေါ်ခေါ်၊ ခေါ်ချင်သလိုသာခေါ်ပါရှင်။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com

သီဟကျော်စွာနဲ့ ဧကရီကို ချစ်နေကြဖို့ပဲ လိုအပ်ပါတယ်"

မြတ်မိုးလွင် ကျေနပ်လက်ခံခဲ့ပါသည်။ မြတ်မိုးလွင်အတွက် လိုအပ်နေသည်မှာလည်း ဧကရီ၏အချစ်သာ ဖြစ်သည်။ ဧကရီ၏ အချစ်ထက် အရေးကြီးသောအရာသည်မရှိ။ ထို့ကြောင့် မြတ်မိုးလွင် လက်ခံခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် မြတ်မိုးလွင်နှင့် ဆရာမတို့မှာ တပူးတွဲတွဲ ရှိနေခဲ့ကြတော့သည်။ ကျောင်းသွားတော့လည်းအတူတူ၊ ကျောင်းပြန်တော့လည်းအတူတူ။ မြတ်မိုးလွင်မှာ ချစ်ရသူနှင့် ကြည်ရွှင်ရဲရင့် ချစ်ပွဲတင့်နေသဖြင့် အပျော်ကြီးပျော်နေတော့သည်။ ရွာသူ ရွာသားများကလည်း မြတ်မိုးလွင်နှင့် ဆရာမကို အမြန်ဆုံး လက်ထပ်စေချင်ကြသည်။ မြတ်မိုးလွင်နှင့် ဆရာမတို့ လက်ထပ်ပြီး သူတို့၏ရွာတွင် အခြေချနေထိုင်စေလိုကြသည်။

ဤသို့ဖြင့် သီတင်းကျွတ်ခဲ့ပြီ ဖြစ်သည်။ ကျောင်းရေစက်ချ ပွဲအတွက် မြတ်မိုးလွင်၏မိဘများလည်း တစ်ရက်နှစ်ရက်အတွင်း မှာပင် ရောက်ရှိလာခဲ့ကြတော့မည် ဖြစ်သည်။ ထိုရက်အတွင်းမှာ ပင် ဆရာမ၏ဘကြီးတစ်ယောက်လည်း တူမဖြစ်သူ ဆရာမထံသို့ အလည်ရောက်ရှိလာလိမ့်မည်ဟု ဆိုသည်။

သို့နှင့် ဧည့်သည်များရောက်ရှိမလာမီ တစ်နေ့တွင် ကျောင်း မှအပြန် ဆရာမနှင့် မြတ်မိုးလွင် လမ်းလျှောက်ပြန်လာခဲ့ကြစဉ် ဆရာမက ထူးထူးခြားခြား စတင်ပြောဆိုလိုက်သည်။

"သီဟကျော်စွာကို ပြစရာတစ်ခုရှိတယ်"

"ဘာများလဲ"

ဆရာမက သူ့လက်ကိုင်အိတ်ထဲမှ ဓာတ်ပုံတစ်ခုကို ထုတ်ပြ လိုက်သည်။ မြတ်မိုးလွင်က ဓာတ်ပုံကို သေသေချာချာ ကြည့်လိုက် သည်။ ခံ့ညားရည်မွန်သော အမျိုးသားတစ်ယောက်၏ဓာတ်ပုံ ဖြစ် သည်။ မြတ်မိုးလွင်သည် ဓာတ်ပုံ၏နောက်ကျောကို ကြည့်လိုက်၏။





'ချစ်ရသောဒေဝီအတွက်. . . မောင်'

ဟူ၍ ရေးသားထားသဖြင့် မြတ်မိုးလွင်က ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

"ဘာအဓိပ္ပာယ်လဲ ဧကရီ"

"အဲဒါ ဒေဝီရဲ့ချစ်သူလေ။ ဒေဝီနဲ့ မကြာခင် လက်ထပ်ကြ တော့မှာ။ သူ့နာမည်က ကိုမြင့်ခိုင်တဲ့"

"ဘာ- ဘာပြောတယ်"

မြတ်မိုးလွင်က တုန်လှုပ်စွာ အော်ဟစ်ပြောဆိုလိုက်သည်။ သို့သော် ဆရာမက တည်ငြိမ်အေးဆေးစွာပင် ပြန်လည်ပြောဆို လိုက်သည်။

"ကျွန်မနဲ့ ကိုမြင့်ခိုင်ဟာ သီဟကျော်စွာနဲ့ ဧကရီလိုပဲ သိပ် ချစ်ကြတဲ့ ချစ်သူ ငယ်သူငယ်ချင်းတွေပါ။ မနက်ဖြန်မှာ ကျောင်းရေစက်ချပွဲအမီ သူ ဒီကိုရောက်လာတော့မှာပါ"

မြတ်မိုးလွင်သည် ဆရာမကို သေသေချာချာကြည့်ပြီး ကြေ ကွဲစွာပြောဆိုလိုက်သည်။

"ဧကရီ မင်း ငါ့ကို လှောင်ပြောင်ကျီစယ်နေတာလား"

"ကျွန်မဟာ ဧကရီ ဆိုရင်တော့ သီဟကျော်စွာကို နောက် ပြောင်ရင် နောက်ပြောင်နေမှာပါ။ ဒါပေမယ့် သီဟကျော် စွာဟာ ကျွန်မကို ဧကရီအဖြစ်နဲ့ ဆက်လက်ချစ်နေနိုင်ပါ တယ်။ ကျွန်မကလည်း သီဟကျော်စွာကို ဧကရီအဖြစ်နဲ့ ဆက်လက်ချစ်နေမှာပါ"

"မင်း ငါ့ကို ရူးအောင်လုပ်နေတာလား ဧကရီ။ ငါ့ကို ချစ်ပါ တယ်ဆိုပြီး ကိုမြင့်ခိုင်ကို ဘာဖြစ်လို့ လက်ထပ်ရမှာလဲ။ ငါကလည်း လက်ထပ်ပြီးသူတစ်ယောက်ကို ဘယ်လိုလုပ် ချစ်လို့ဖြစ်မှာလဲ။ မင်း စိတ်ထင်ရာတွေ လျှောက်ပြောနေ မင်းရူးနေသလား"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မရှုံးပါဘူး။ ကျွန်မဟာ သီဟကျော်စွာကို ဧကရီအဖြစ်နဲ့ ဆက်လက်ချစ်နေမှာပါ။ ကိုမြင့်ခိုင်ကိုတော့ ဒေဝီအဖြစ်နဲ့ လက်ထပ်မှာပါ"

"မင်း. . . မင်း စိတ်မှကောင်းသေးရဲ့လားဟင်။ မင်း ပြောနေတာတွေကို ကိုမြင့်ခိုင်ဆိုတဲ့လူကရော လက်ခံလိမ့်မယ်လို့ မင်းထင်နေလား"

"လက်ခံမှာပါ။ ကိုမြင့်ခိုင်ဟာ ကျွန်မကို ဒေဝီအဖြစ်နဲ့ လက်ထပ်မှာပဲ။ ဧကရီအနေနဲ့ သီဟကျော်စွာကို ချစ်နေတာ ကိုမြင့်ခိုင် သိမှာမှမဟုတ်တာ"

"ဧကရီ၊ မင်း ဘာတွေ ပြောနေတာလဲ။ မင်းပြောနေတာတွေကို ဘယ်သူကမှ နားလည်ကြမှာ မဟုတ်ဘူး။ မင်း ငါ့ကိုရူးအောင်လုပ်နေတာလား ဧကရီ။ မင်း ပြောနေတာတွေကို ငါဘာတစ်ခုမှ နားမလည်ဘူး။ မင်း ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေတာလဲ။ ငါ ဒီလိုခံစားနေရမှ မင်းက ကျေနပ်နိုင်မှာလား။ ပြောစမ်း ဧကရီ၊ ပြောလိုက်စမ်းပါ ဧကရီရယ်"

"ဒီထက်မက ကျွန်မ ခံစားခဲ့ရပြီးပါပြီ။ ကျွန်မ ခံစားခဲ့ရတဲ့ ခံစားမှုတွေဟာ ကျွန်မဘဝနဲ့အမျှပါပဲ။ ဆရာကြီးအခုလို ခံစားနေရတာကိုလည်း ကျွန်မကျေနပ်ပါတယ်။ ဆရာကြီး ရူးသွားခဲ့မယ်ဆိုရင်လည်း ကျွန်မက ဝမ်းမြောက်ဝမ်းသာ ကျေနပ်ရမှာပါပဲ။ ဒါပေမယ့် ကျွန်မ တစ်ခုတော့ပြောမယ်။ ကျွန်မဟာ ဧကရီအဖြစ်နဲ့ သီဟကျော်စွာကို သိပ်ချစ်ခဲ့မိပါတယ်။ ဒါဟာ ကျွန်မရင်ထဲက အမှန်တရား သစ္စာစကားတွေပါ။ ဒါပေမယ့် ဒေဝီအဖြစ်နဲ့ဆိုရင်တော့ ဆရာကြီးကို ရူးသွားတဲ့အထိ ခံစားရစေချင်ပါတယ်"

"မင်း. . . မင်း ဘာရည်ရွယ်ချက်တွေနဲ့ ငါ့ကို ဒီလို လုပ်နေရတာလဲ"





"မကြာခင် ဆရာကြီး နားလည်သဘောပေါက်လာမှာပါ"

"ဟာကွာ. . ."

မြတ်မိုးလွင်မှာ သည်းခံနိုင်စွမ်း မရှိတော့သဖြင့် လမ်းပေါ်ရှိ အုတ်ခဲကျိုးတစ်လုံးကို အားကုန်ကျုံးကန်လိုက်လေသည်။

"ဟာ"

ဆရာမမှာ မမျှော်လင့်သောအဖြစ်ကြောင့် အံ့ဩတုန်လှုပ်သွားတော့သည်။ မြတ်မိုးလွင်၏ခြေထောက်ကွဲသွားသည်။ မြတ်မိုးလွင်မှာလဲကျသွားခဲ့သည်။ ခြေထောက်မှာလည်း သွေးများဒလဟောထွက်နေလေတော့သည်။ ထို့ကြောင့် ဆရာမက မြတ်မိုးလွင်ထံသို့ အပြေးအလွှား သွားရောက်ပွေ့ချီလိုက်သည်။ သို့သော် မြတ်မိုးလွင်က ဆရာမ၏ပွေ့ထူပေးမှုကိုလက်မခံဘဲ အော်ဟစ်ပြောဆိုလိုက်သည်။

"ရပါတယ် ဆရာမ၊ ကျွန်တော့်ရင်ထဲက ဒဏ်ရာဟာ ခြေထောက်ကဒဏ်ရာထက် ပိုပြီးနာကျင်ရပါတယ်။ ကျွန်တော့်ရဲ့အချစ်ကြီးမှု၊ သစ္စာကြီးမှုတွေကြောင့် ကျွန်တော် ခံစားရတာ. . . ရှိပါစေတော့ဗျာ"

"ကဲပါ သီဟကျော်စွာရယ်၊ သွေးတွေသိပ်ထွက်နေပြီ။ သွေးလွန်သွားရင် မကောင်းဘူး။ နောက်ပြီး ရွာပြင်မှာ နေလည်း စောင်းနေပြီ၊ မကောင်းပါဘူး။ ထပါ"

"ကျွန်တော်ဟာ သီဟကျော်စွာ မဟုတ်ပါဘူး ဒေါ်ဒေဝီ။ ကျွန်တော်ဟာ သစ်ဆုံရွာက ကျောင်းအုပ်ဆရာကြီး မြတ်မိုးလွင်ပါ။ ကျွန်တော့်ကို တွဲထူလိုက်တဲ့အတွက် ဆရာမမှာ သိက္ခာထိခိုက်နိုင်ပါတယ်။ နောက်ပြီး ဆရာမဟာ မကြာခင် လက်ထပ်ရတော့မှာ။ မနက်ဖြန်ဆိုရင်ပဲ ဆရာမရဲ့ချစ်သူ ရောက်လာတော့မှာ မဟုတ်လား"

"ကဲပါ- အပိုတွေ ပြောမနေပါနဲ့။ ထပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက အတင်းဆွဲထူနေသော်လည်း မြတ်မိုးလွင်က မထ။ ပေကတ်နေခဲ့သည်။ အမှန်တကယ်တွင်လည်း မြတ်မိုးလွင် မထနိုင်တော့ပါ။ ခြေထောက်မှသွေးများ ဒလဟောကျနေသဖြင့် ခေါင်းများ မူးနောက်ရီဝေလာတော့သည်။

ဆရာမမှာလည်း မြတ်မိုးလွင်ကို ပြောဆိုမရဖြစ်နေသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့သည်။ မြတ်မိုးလွင်သည် 'ဧကရီဝင်စားသည်ဆိုသော ဆရာမဒေဝီ' ကို ကြည့်နေခဲ့သည်။ ကြည့်ရင်းနှင့် ခေါင်းထဲမှာ နောက်ကျိရီဝေလာကာ သတိမေ့သွားခဲ့လေတော့သည်။ ထို့ကြောင့် ဆရာမမှာ ရွာဘက်ဆီသို့ အော်ဟစ်အကူအညီတောင်းလိုက်သဖြင့် ရွာသူ၊ ရွာသားများ ရောက်ရှိလာခဲ့ကြသည်။ ဆရာမက မြတ်မိုးလွင် ခလုတ်တိုက်လဲခဲ့သည်ဟု ပြောပြသဖြင့် ရွာထဲသို့ ပွေ့ချီသယ်ယူလာကာ ပြုစုကုသပေးခဲ့လေတော့သည်။

✿ ✿ ✿



## (၂၆)
## တစ်ချက်တစ်ကောင် ချစ်မောင်

သို့နှင့် သုံးရက်မြောက်အကြာတွင် မူလတန်းကျောင်း အလှူ ရေစက်ချပွဲ ပြုလုပ်ကြသည်။ ထို့ကြောင့် မူလတန်းကျောင်းလေး၏ ကျောင်းဝင်းထဲတွင် အိုးစည်သံ၊ ဗုံပတ်သံများနှင့် ကခုန် ဆူညံနေ သတော့သည်။ မကြာမီ အလှူရှင်များဖြစ်ကြသော ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့ ရောက်ရှိလာကြတော့မည် ဖြစ်သည်။ ထို့အပြင် ဆရာမ၏ဘကြီးဖြစ်သူ ဦးမြသန်းလည်း ရောက်ရှိလာမည်ဟု ဆိုသည်။ ထို့အတူ ဆရာမ၏ချစ်သူ ကိုမြင့်ခိုင်လည်း ဦးမြသန်းနှင့် အတူ ပါလာပေလိမ့်မည်။

ဦးစိုးလွင်၊ ဒေါ်ခင်တင့်နှင့် ဦးမြသန်းတို့ လာကြမည်ကို လုံးက သိရှိနေခဲ့ပြီဖြစ်သော်လည်း ကိုမြင့်ခိုင် လာမည်ဆိုသည် မှု မြတ်မိုးလွင်တစ်ယောက်သာ သိရှိနေခဲ့သည်။ တစ်ပုံပြသော နေ့က ဆရာမက ပြောပြခဲ့သဖြင့် မြတ်မိုးလွင် သိရှိနေခြင်းပင် သည်။

ဤရက်ပိုင်းတွင် မြတ်မိုးလွင်သည် ဆရာမကို အတတ်နိုင် း ရှောင်နေခဲ့သည်။ ဆရာမ လာရောက်ပြုစုပေးသည်ကိုပင် တ်မခံခဲ့။ စကားပြောဆိုသည်မှာပင် ဟက်ဟက်ပက်ပက်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြတ်မိုးလွင်၏ ပြောင်းလဲနေမှုကို သူကြီး၊ ဆရာသန်းဇေ
တာလသားခေါင်းဆောင် မြဟိန်းနှင့် ကျောင်းစောင့် ကိုတူးတို့
သတိပြုမိခဲ့ကြသည်။ ရွာသူ၊ ရွာသားများက ဆရာကြီးနှင့် ဆရာ
စိတ်ဆိုး၊ စိတ်ကောက်နေကြသည်ဟုပင် တွေးထင်ခဲ့ကြသည်။
ကြောင့် ဆရာကိုသန်းဇော်က မြတ်မိုးလွင်ကို မေးစမ်းကြည့်ခဲ့သ

"ဆရာကြီးနဲ့ ဆရာမ ဘာဖြစ်နေကြတာလဲ၊ စိတ်ကောက်
ကြတာလား"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ခေါင်းထဲမှာ နောက်ကို
ဖြစ်နေလို့ပါ"

မြတ်မိုးလွင် ဤကဲ့ပင် ပြန်လည်ပြောဆိုခဲ့သည်။ ထို့ကြော
ဆရာသန်းဇော်က ဆရာမကို မေးမြန်းကြည့်ခဲ့ပြန်သည်။ ဤတွ
ဆရာမကလည်း 'ကျွန်မတို့ ဘာမှမဖြစ်ကြပါဘူး။ ခြေထောက်
ဒဏ်ရာကြောင့် စိတ်မကြည်မလင်ဖြစ်နေတယ်နဲ့တူပါတယ်' ဟု
သာ ပြန်လည်ပြောဆိုခဲ့သည်။ မြတ်မိုးလွင်နှင့် ဆရာမတို့ ဖြစ်ပျက်
ကြသော ဖြစ်စဉ်ဖြစ်ရပ်များကို မသိခဲ့ကြရသဖြင့် ဝေခွဲမရ ဖြစ်
ကြရသည်။

သို့နှင့် ကျောင်းရေစက်ချပွဲနေ့တွင် မြတ်မိုးလွင်၏ ခြေ
ထောက်မှာ အတော်အတန် ပြန်လည်လမ်းလျှောက်လာနိုင်ပြီ ဖြ
သည်။ တုတ်တစ်ချောင်းကို တောင်ဝှေးပြုလုပ်၍ လမ်းလျှောက်နိုင်
ပြီ ဖြစ်သည်။ မြတ်မိုးလွင်မှာ တောင်ဝှေးနှင့်လမ်းလျှောက်နေ
သဖြင့် သွက်လက်မှုမရှိ။ ထို့ကြောင့် ဆရာမက ကူညီတွဲယူပေး
သည်ကို မြတ်မိုးလွင်က လက်မခံ။ 'ရပါတယ်ဗျာ' ဟု ပြောဆိုက
ကျောင်းစောင့်မောင်တူးကိုသာ ကူညီတွဲခေါ်စေခဲ့သည်။

ထူးခြားစွာ ပြောင်းလဲနေမှုကို သတိပြုနေမိကြသည်။ အထူ
သဖြင့် မြတ်မိုးလွင်မှာ သိသာလွန်းလှသည်။ ဆရာမမှာမူ ဣနြေ
မပျက်။ မြတ်မိုးလွင်ကို ပုံမှန်အတိုင်း ပြောဆိုဆက်ဆံနေခဲ့သည်။





မြတ်မိုးလွင်က မသိကျိုးကျွန်ပြုလုပ်နေသော်လည်း မျက်နှာမပျက်။
သို့သော် တစ်ခါတစ်ရံ ငေးငေးငိုင်ငိုင်ဖြစ်နေပြီး တစ်ခါတစ်ရံ အံကို
တင်းတင်းကြိတ်နေသည်ကိုလည်း သတိပြုနေမိသဖြင့် ဝေခွဲရခက်
နေကြသည်။

ထိုစဉ်-

"အလှူရှင်တွေ လာပြီဟေ့"

ရွာသားတစ်ယောက်က လှမ်းအော်ပြောလိုက်ရာ ကျောင်း
ဝင်းအပြင်သို့ လှမ်းကြည့်လိုက်ကြသည်။ ကျောင်းဝတွင် လှည်းတစ်
စီးရပ်လိုက်သည်။ အလှူရှင်များကို သွားရောက်ကြိုဆိုသောလှည်း
ဖြစ်သည်။ ဒီကနေ့ ရွာမှ လှည်းနှစ်စီး အကြိုလွှတ်ထားခဲ့သည်။
တစ်စီးမှာ မြတ်မိုးလွင်၏ အဖေနှင့်အမေကို ကြိုရန်အတွက် ဖြစ်ပြီး
နောက်တစ်စီးမှာ ဆရာမ၏ဦးလေး ဦးမြသန်းအား ကြိုဆိုရန် ဖြစ်
သည်။ ယခု ရောက်ရှိလာခဲ့ကြသည်မှာ ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်
တို့ကို ကြိုဆိုသည့်လှည်း ဖြစ်သည်။ ထို့ကြောင့် ကျောင်းဝသို့လာခဲ့
ကြသည်။

ထိုစဉ် မြတ်မိုးလွင်မှာ ထိုင်နေရာမှထလိုက်စဉ် ယိမ်းယိုင်လဲ
ကျမလို ဖြစ်သွားခဲ့သဖြင့် ဆရာမက ကူညီဖေးမ,ပေးလိုက်သည်။
သို့သော် မြတ်မိုးလွင်က လက်ကာဟန့်တားလိုက်ပြီး တောင်ဝှေးနှင့်
အားယူထိန်းလိုက်သည်။ ဆရာမသည် မြတ်မိုးလွင်ကို ရီဝေစွာ
ကြည့်နေခဲ့သည်။ မြတ်မိုးလွင်က မသိဟန်ပြုကာ ကျောင်းဝသို့
လျှောက်လာခဲ့သည်။ ထို့ကြောင့် ဆရာမက မြတ်မိုးလွင်နောက်မှ
ကပ်လိုက်လာခဲ့လေတော့သည်။

ရွာသူရွာသားများ သောင်းသောင်းဖြဖြ ကြိုဆိုနေကြသဖြင့်
ဦးစိုးလွင်တို့လင်မယားမှာ အားရဝမ်းသာ လှည်းပေါ်မှဆင်းလိုက်
ကြသည်။ အထုပ်အပိုး၊ ပစ္စည်းပစ္စယများကို ရွာသားများက တစ်
ယောက်တစ်လက်ဝိုင်းကူသယ်ပေးကြ၏။ ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် လှည်းပေါ်မှဆင်းလိုက်ကြသည်။

"ဟင်"

မြတ်မိုးလွင်၏နောက်တွင် ဆရာမကို တွေ့မြင်လိုက်ရသဖြင့် အံ့ဩသွားကြရတော့သည်။ ထို့ကြောင့် ဦးစိုးလွင်က ဇနီးဖြစ်သူတို့ ခပ်တိုးတိုး ပြောလိုက်သည်။

"မှန်နက်ရှင်ဇကေရီက ဘယ်လိုဖြစ်ပြီး ဒီလိုရောက်နေတာလဲ"

"အံ့တော့ အံ့ဩစရာပဲ"

ဦးစိုးလွင်တို့လင်မယား ပြောနေကြသည်ကို သူကြီးဦးနီက ကြားသိလိုက်သဖြင့် ဦးနီက ပြောလိုက်သည်။

"ဦးစိုးလွင်တို့ ကျောင်းထဲကြွကြပါ။ ခရီးပင်ပန်းလာကြတော့ နားကြပါဦး၊ ဖြည်းဖြည်းပေါ့။ လာပါ၊ လာကြပါ"

ဦးစိုးလွင်တို့ လင်မယားမှာ ဆရာမနှင့် ပတ်သက်၍ ပြောဆိုနေကြသည်ကို သူကြီးဦးနီ ကြားသိလိုက်ရသည်။ သီဟကျော်စွာနှင့် မှန်နက်ရှင်ဇကေရီတို့၏ ဇာတ်လမ်းကို သိရှိပြီးဖြစ်နေသဖြင့် ဆရာမကို မှန်နက်ရှင်ဇကေရီဟု တွေးထင်နေကြသည်ကို သူကြီးဦးနီ ခန့်မှန်းသိရှိသဖြင့် ဦးစိုးလွင်တို့လင်မယားကို ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

ဦးစိုးလွင်တို့ လင်မယားနှစ်ယောက် ကျောင်းပေါ်သို့ရောက်သောအခါ အသင့်စီစဉ်ထားသော ထိုင်ခုံများတွင် ဝင်ရောက်ထိုင်လိုက်ကြသည်။ ထို့နောက် မြတ်မိုးလွင်က မိတ်ဆက်ပြောဆိုလိုက်သည်။

"အားလုံးကတော့ သိပြီးဖြစ်မှာပါ။ ကျွန်တော့်ရဲ့ အဖေ ဦးစိုးလွင်နဲ့ ကျွန်တော့်ရဲ့အမေ ဒေါ်ခင်တင့်ပါ"

ထို့နောက် မြတ်မိုးလွင်က ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"အဖေရော၊ အမေပါ ဒီကလူတွေနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါက ဒီရွာရဲ့သူကြီး ဦးနီ၊ သူကတော့ ကာလသားခေါင်းဆောင် ကိုမြဟိန်း၊ သူက ကျောင်းစောင့် ကိုတူး၊ သူကတော့ ကျွန်တော်နဲ့ အတူတူလုပ်နေတဲ့ ဆရာကိုသန်းဇော်၊ သူကတော့ ဆရာမ ဒေါ်ဒေဝီ"

မြတ်မိုးလွင်က မိတ်ဆက်ပေးလိုက်သဖြင့် အားလုံးက ဝမ်းသာအားရ နှုတ်ဆက်ပြောဆိုကြသည်။ ထို့နောက် ဒေါ်ခင်တင့်က ပြောလိုက်သည်။

"ဒီက ဆရာမလေးက ကျွန်မတို့သိတဲ့မိန်းကလေးနဲ့ တော်တော်ကိုတူတာ။ မေးစေ့က မှဲ့ကလေးကအစ တူတယ်။ တွေ့စက ကျွန်မဖြင့် အဲဒီမိန်းကလေးပဲထင်နေတာ။နာမည်ကလည်း ခပ်ဆင်ဆင်ပဲ။ ဟိုကလေးမလေးနာမည်က ဇကေရီတဲ့"

ထို့ကြောင့် ဆရာမက ရယ်မောပြောဆိုလိုက်သည်။

"နာမည်တူမရှား၊ လူတူမရှားပေါ့ အဒေါ်ရယ်"

ဦးစိုးလွင်ကမူ တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ ဆရာမကိုသာ အကဲခတ် လေ့လာနေတော့သည်။ ထို့နောက် အာလာပသလ္လာပစကားများ ပြောဆိုနေခဲ့ကြသည်။

ထိုစဉ် -

"ဆရာတော် ကြွလာပြီ"

ဆရာတော်နှင့် ဆရာတော်အား သွားရောက်ပင့်ဆောင်သူများ ပြန်လည်ရောက်ရှိလာပြီဖြစ်သဖြင့် ကျောင်းရေစက်ချ တရားနာရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ရေစက်ချတရားနာ အမျှအတန်းပေးဝေပြီးနောက် ဆရာတော် ပြန်ကြွသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အကျွေးအမွေးနှင့် ဧည့်ခံသဖြင့် ရွာသူ၊ ရွာသားများမှာ စ,ကြနောက်ကြနှင့် ပျော်ရွှင်စွာ စားသောက်ကြသည်။ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများကလည်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်နေခဲ့ကြသဖြင့် မူလတန်းကျောင်းဝင်းကလေးထဲတွင် စ,သူစ၊ နောက်သူနောက်၊ တီးသူတီးနှင့် ဝမ်းမြောက်ပျော်ရွှင်နေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့မှာ ထိုမြင်ကွင်းကိုကြည့်ကာ ပီတိဖြစ်နေခဲ့ကြသည်။ မြတ်မိုးလွင်၏ဆန္ဒအရ ထိုကျောင်းကလေး ကို ဦးစိုးလွင်၊ ဒေါ်ခင်တင့်တို့က အကုန်အကျခံ ဆောက်လုပ်လှူ ဒါန်းခဲ့သည်သာမက ယခု ကျွေးမွေးစရိတ်များကိုလည်း ဦးစိုးလွင် ဒေါ်ခင်တင့်တို့ကပင် ကျခံလှူဒါန်းခဲ့သည်။ ထို့ကြောင့် သူတို့အလှူ အတွက် ပီတိဖြစ်နေကြခြင်း ဖြစ်သည်။

မြတ်မိုးလွင်မှာ မိဘများအနီးတွင် ရှိနေရသည်။ ထို့အတူ ဆရာမမှာလည်း မြတ်မိုးလွင်အနီးတွင်ရှိနေခဲ့ပြီး မြတ်မိုးလွင်ကို တွဲယူဖေးမ ကူညီမှုပြုသော်လည်း မြတ်မိုးလွင်က လက်ကာ၍သာ ဟန့်တားနေခဲ့သည်။ ထို့ကြောင့် ဆရာမသည် မြတ်မိုးလွင်က သူ့ကို နာကြည်းနေပြီလားဟုပင် တွေးထင်မိလာခဲ့တော့သည်။ ထိုကဲ့သို့ တွေးထင်မိလိုက်သဖြင့် ဆရာမမှာ ဝမ်းနည်းသလိုလိုပင် ဖြစ်လာခဲ့ တော့သည်။ ဤသို့ ဆရာမမျက်နှာ ညှိုးနွမ်းနေသည်ကို မြတ်မိုးလွင် သိရှိနေခဲ့သော်လည်း မသိသလိုပင်နေခဲ့သည်။

ထိုစဉ်

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဟာ- ဓားပြတွေ လာနေတယ်ဟေ့"

"ပြေးကြ၊ ပြေးကြ၊ ဓားပြတွေ လာနေတယ်"

သေနတ်များပစ်ဖောက်ကာ မြင်းဒုန်းစိုင်းစီး၍ လာနေကြ သူများကို တွေ့မြင်လိုက်သဖြင့် ရွာသူရွာသားများမှာ ထိတ်လန့် ကြောက်ရွံ့စွာ အော်ဟစ်ပြေးလွှားကြတော့သည်။ ထိုစဉ် မြင်းစီးလာ သူများက ကျောင်းကို လှည့်ပတ်ဝိုင်းလိုက်ကြသည်။ မြင်းစီးလာသူ မှာ ဆယ်ယောက်ခန့် ရှိသည်။ ရွာသူ၊ ရွာသား အချို့မှာ ရွာဆီသို့ ထွက်ပြေး လွတ်မြောက်ခဲ့ကြသော်လည်း သူကြီးဦးနီ၊ မြတ်မိုးလွင် ဦးစိုးလွင်၊ ဒေါ်ခင်တင့်၊ ဆရာမ၊ ဆရာသန်းဇော်၊ ကာလသားခေါင်း ဆောင် မြဟိန်း၊ ကျောင်းစောင့်ကိုတူးတို့နှင့်အတူ ရွာသူ၊ ရွာသား





အချို့ ကျောင်းဝင်းထဲတွင် ပိတ်မိနေခဲ့ကြသည်။

ခေါင်းဆောင်လုပ်သူနှင့် နောက်လိုက်လေးယောက်မှာ မြင်း ပေါ်မှဆင်းလာကာ ကျောင်းဝင်းထဲသို့ ဖြည်းဖြည်းလျှောက်လာနေ ကြသည်။ သူတို့အားလုံးမှာ သေနတ်ကိုယ်စီ ပါသကဲ့သို့ ဆောင်ဓား များကိုလည်း ကိုယ်စီလွယ်ထားကြသည်။

ခေါင်းဆောင်လုပ်သူသည် ဦးနီတို့ရှိရာသို့သွားကာ ဦးနီတို့ ရှေ့တွင် ရပ်လိုက်သည်။ ရွာသူ၊ ရွာသားများမှာ စိုးရိမ်ကြောက်ရွံ့ နေကြပြီ ဖြစ်သည်။ ဒေါ်ခင်တင့်မှာ တုန်ယင်နေတော့သည်။ ထိုစဉ် ခေါင်းဆောင်လုပ်သူက သူကြီးဦးနီကို မေးလိုက်သည်။

"သူကြီး၊ အိုးစည်ဗုံမောင်းတွေနဲ့ အလှူလုပ်နေတယ် ထင် တယ်"

သူကြီးက ပြန်မဖြေ။ ထို့ကြောင့် ခေါင်းဆောင်လုပ်သူက ထပ်မေးလိုက်ပြန်သည်။

"သူကြီးက ကျုပ်ကို အာခံတာလား"

"မဟုတ်ရပါဘူး ဆရာချစ်မောင်ရယ်"

'ချစ်မောင်' ဟု ဆိုလိုက်သဖြင့် ရွာသူ၊ ရွာသားများမှာ ပိုမို ကြောက်ရွံ့တုန်လှုပ်သွားရတော့သည်။ ချစ်မောင်ကို မမြင်ဘူးကြ သော်လည်း နာမည်ကြားရုံမျှနှင့်ပင်ကြောက်ရွံ့နေကြ၏။ ချစ်မောင် မှာ ရက်စက်သော၊ ကြမ်းတမ်းသော၊ မိန်းမလိုက်စားသော ဓားပြ ခေါင်းဆောင်တစ်ယောက်အဖြစ် နာမည်ဆိုးနှင့် ကျော်ကြားနေသူ ဖြစ်သည်။ သေနတ်ပစ် အလွန်လက်ဖြောင့်သူဖြစ်သည်။ ထို့ကြောင့် 'တစ်ချက်တစ်ကောင်၊ ချစ်မောင်' ဟူ၍ နာမည်ကျော်စောနေသူ ဖြစ်သည်။

ပတ်ဝန်းကျင် ကျေးရွာအားလုံးသည် ချစ်မောင်က မထင် လျှင် မထင်သလို ရွာမီးရှို့၊ လူသတ်၊ မိန်းကလေးများကို အဓမ္မအနိုင် ကျင့်လုပ်တတ်သူ ဖြစ်သည်။ ထို့ကြောင့် ရွာသူ၊ ရွာသားများနှင့်



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများမှာ ချစ်မောင်ကို နဖူးတွေ့၊ ဒူးတွေ့ တွေ့နေကြရ[illegible]
ဖြစ်သဖြင့် ကြောက်ရွံ့တုန်လှုပ်နေခဲ့ကြရလေတော့သည်။

✿ ✿ ✿



## (၂၇)
## အံ့မခန်းသည့် ကောရီအစွမ်း

ချစ်မောင်သည် သူကြီးကို သေသေချာချာကြည့်ပြီး မေးလိုက်သည်။

"သူကြီး ကျုပ်အကြောင်းကို သိတယ်နော်"

"သိပါတယ် ခင်ဗျာ"

"ကျုပ်ပြောခဲ့တဲ့ရက်လည်း လွန်နေပြီနော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဆိုရင် သူကြီးအပြစ် သူကြီးသိတယ်ပေါ့"

"ဒီ... ဒီ... ဒီလိုပါ ခင်ဗျာ။ ကျွန်တော် ပြောပါရစေ"

"ကဲ- ပြောစမ်း၊ ဘယ်လိုဆင်ခြေတွေ ပေးမလဲ"

"ဒီကျောင်းသစ်အတွက် ဆရာချစ်မောင်တောင်းတဲ့ ဆက်ကြေးငွေ ပြည့်စုံနေပါပြီ။ ပြောထားတဲ့ရက်အတိုင်း လာပေးမလို့ပါပဲ။ ဒါပေမယ့် ဆရာတော်ကလည်း ခရီးထွက်စရာရှိနေတယ်၊ ကျောင်းအလှူရှင်တွေကလည်း ရောက်လာတာနဲ့ တစ်ခါတည်း ရေစက်ချပွဲလုပ်ခဲ့တာပါ။ ပြီးတာနဲ့ လာပို့မလို့ပါ။ အခုယူမယ်ဆိုလည်း ပေးလိုက်ပါ့မယ်ခင်ဗျာ"

ထို့ကြောင့် ချစ်မောင်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ဟန်ကျလိုက်တာကွာ။ ဒီကျောင်းကြီး တစ်ခုလုံးကို တောင် တစ်ယောက်တည်း လှူတယ်ဆိုတော့ တော်တော် ချမ်းသာမှာပဲနော်။ ကဲကဲ. . . ကျောင်းအလှူရှင်သူဌေးမင်း ဘယ်သူလဲ၊ ကျွန်တော့်ရှေ့ကို ခဏလောက် ကြွခဲ့ပါဦးဗျာ။ ကြုံကြိုက်တုန်း ကျုပ်တို့ကိုလည်း အလှူဒါနလေး ပြုသွားစမ်း ပါဦး။ ကဲကဲ- ဘယ်သူလဲ၊ ရှေ့ထွက်ခဲ့စမ်း"

အားလုံးက စိုးရိမ်သွားတော့သည်။ ချစ်မောင်သည် ဦးစိုးလွင်တို့ထံမှ တိုက်ခိုက်လုယူတော့မည် ဖြစ်သည်။ မရလျှင် လူကို ရန်ရှာတော့မည် ဖြစ်သည်။ ထို့ကြောင့် အားလုံးက ဦးစိုးလွင် အတွက် စိုးရိမ်သွားခဲ့ကြတော့သည်။ ထို့ကြောင့် ဦးစိုးလွင်ကို လှမ်း ကြည့်လိုက်ကြသည်။ ဦးစိုးလွင်မှာ တည်ငြိမ်စွာနှင့် ထွက်မည်ပြုစဉ် ဒေါ်ခင်တင့်က ဆွဲထားလိုက်သည်။ ထို့ကြောင့် ချစ်မောင်က ဒေါသ တကြီး အော်ဟစ်ပြောဆိုလိုက်သည်။

"ကဲ- သူဌေးမင်း၊ ဘယ်သူလဲ။ ရှေ့ကိုလာစမ်း၊ ပြောနေတာ မကြားဘူးလား။ တစ်ရွာလုံး ပြာကျသွားချင်ပြီထင်တယ်"

ချစ်မောင်က ဘာမဆိုင်ညာမဆိုင် ရွာကိုမီးရှို့ရန် ကြိမ်း မောင်းနေသည်။ ထိုစဉ် -

"ဟာ"

မြတ်မိုးလွင် ထော့နင်းထော့နင်းနှင့် တောင်ပေ့းထောက်ကာ ရှေ့သို့ ထွက်လာခဲ့သဖြင့် အံ့သြသွားခဲ့ကြသည်။ မြတ်မိုးလွင်က ရုတ်တရက် ရှေ့သို့ထွက်လိုက်သဖြင့် ဆရာမက လှမ်းဆွဲလိုက်ရာ မြတ်မိုးလွင်မှာ မဟန်နိုင်တော့ဘဲ ယိမ်းယိုင်လဲကျတော့မလို ဖြစ် သွားတော့သည်။ ထို့ကြောင့် ဆရာမက ပြေးသွားကာ ထိန်းပေး လိုက်သည်။

ချစ်မောင်က မြတ်မိုးလွင်နှင့် ဆရာမကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။ ချစ်မောင်ကြည့်လိုက်သည်မှာ မြတ်မိုးလွင်ကို





မဟုတ်၊ ဆရာမကို ကြည့်လိုက်ခြင်း ဖြစ်သည်။

ထို့နောက် ချစ်မောင်က မြတ်မိုးလွင်တို့ကို ခနဲ့သလို ပြော လိုက်သည်။

"ကြွကြွပါ၊ ကြွကြွပါ။ သူဌေးမင်းဇနီးမောင်နှံ ကြွကြွပါ"

သူကြီးက ပြောလိုက်သည်။

"သူတို့က ဒီကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာမပါ"

ဆရာကြီးနဲ့ ဆရာမကို ချစ်မောင်က မိုက်မိုက်ရိုင်းရိုင်း ဆက် ဆံမည်စိုးသဖြင့် သူကြီးကပြောလိုက်ခြင်းဖြစ်သည်။ ပြောလိုက်ခါမှ ပို၍ပင် ဆိုးဝါးသွားတော့သည်။

"အို- ကျုပ်က ဇနီးမောင်နှံ အောက်မေ့လို့ပါ။ ဆောရီးနော်၊ ဒါထက် ဒီကျောင်းရဲ့ အလှူရှင်က ဘယ်သူလဲ။ ဆရာကြီး လား၊ ဆရာမလား"

"ကျုပ်ပဲ"

"ဒါဆိုရင် ဆရာမ ဘေးဖယ်နေပါ"

မြတ်မိုးလွင်ကလည်း ဆရာမကို ပြောလိုက်သည်။

"ဆရာမ သွားပါ"

မြတ်မိုးလွင်က ဆရာမအတွက် စိုးရိမ်မိသဖြင့် သွားခိုင်း သော်လည်း ဆရာမက မသွားပေ။ ထို့ကြောင့် ချစ်မောင်က ပြော လိုက်သည်။

"ဆရာမက ဆရာကြီးအတွက် စိုးရိမ်နေတယ်ထင်တယ်။ မစိုးရိမ်ပါနဲ့၊ ချစ်မောင်ရဲ့စကားကို နားထောင်ရင် အားလုံး အဆင်ပြေသွားမှာပါ"

"ကဲ- ပြောစရာရှိတာပြောပါ။ ကျုပ် ကြာကြာရပ်မနေနိုင် ဘူး"

မြတ်မိုးလွင်က လေသံမာမာနဲ့ ပြောလိုက်သဖြင့် ချစ်မောင် က မျက်နှာကြောတင်းတင်းနှင့်ကြည့်ကာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ ဆရာကြီး၊ ကျုပ်ဟာ ခင်ဗျားပြောတိုင်း လက်ပိုက်နားထောင်မယ့် ကျောင်းသားတစ်ယောက် မဟုတ်ဘူး။ ကျုပ်ပြောတာကိုသာ နားထောင်ပါ။ ကျုပ်တို့အတွက် ဒီကျောင်းအသစ်တန်ဖိုးရဲ့တစ်ဝက်ကို လျှော့ပေးပါ”

“ခင်ဗျားတို့ကို ဒီကျောင်းသစ်အတွက် ဆက်ကြေးပေးပြီးပြီပဲ”

“ကျုပ်ကို စောဒကတက်တာ ကျုပ်မကြိုက်ဘူး။ ကျုပ်ပြောသလို ကျုပ်စကားကို နားမထောင်ရင် ဒီကျောင်းကိုမီးရှို့ပစ်မယ်”

“ဒီမှာ ချစ်မောင်၊ ခင်ဗျားဟာ ယောက်ျားတစ်ယောက်ပါ။ ယောက်ျားဆိုတာ ယောက်ျားအလုပ် လုပ်ရတယ်ဗျ။ ဒီကျောင်းကို ဘာမှ မီးရှို့ပစ်စရာမလိုဘူး။ ဒီကျောင်းဟာ ဒီရွာက ကလေးတွေရဲ့ဘဝပဲ။ ကလေးတွေရဲ့ဘဝကို ဘာဖြစ်လို့ ဖျက်ဆီးနေရတာလဲ။ ကျုပ်ဆီက ငွေလိုချင်ရင် ကျုပ်နဲ့ပဲ ပြောပေါ့။ ဘာဖြစ်လို့ ကျောင်းကို မီးရှို့ဖို့ ခြိမ်းခြောက်ပြောနေရတာလဲ”

“ကျုပ်ကို ကလေးတွေကို စာသင်သလို သဘောတရားတွေလာရှင်းပြမနေနဲ့။ ကျုပ်က ယောက်ျားတစ်ယောက်ဆိုတော့ ဆရာကြီး ပြောသလို ယောက်ျားအလုပ်ပဲ လုပ်ရမှာပေါ့။ ယောက်ျားဆိုတာ သေရဲတယ်၊ သတ်ရဲတယ်။ ဒီတော့ ကျုပ်သတ်ရဲကြောင်း ပြရသေးတာပေါ့”

ချစ်မောင်က ပြောပြောဆိုဆိုနှင့် မြတ်မိုးလွင်ကို သေနတ်နှင့်ချိန်လိုက်သည်။ ထိုစဉ် ဆရာမက မြတ်မိုးလွင်၏ရှေ့တွင် ဝင်ရပ်လိုက်သည်။ ထို့နောက် ချစ်မောင်ကို ဒေါနှင့်မောနှင့် ပြောလိုက်သည်။

“ဒီမှာ တောင်ဝှေးကိုင်ပြီး လမ်းလျှောက်နေတဲ့သူကို



သေနတ်နဲ့ ပစ်ရဲတာ ယောက်ျား မဟုတ်ဘူးရှင့်”

ဆရာမက ချစ်မောင်ကို ရဲရဲတောက် ပြန်ပြောနေသဖြင့် ရွာသူ၊ ရွာသားများမှာ ဆရာမအတွက် စိုးရိမ်သွားခဲ့ကြရသည်။ ချစ်မောင်မှာလည်း မြတ်မိုးလွင်ရှေ့မှ ဝင်ရောက်ကာကွယ်လိုက်သော ဆရာမကို ကြည့်ကာ အံ့ဩသွားခဲ့သည်။

ထို့နောက် ချစ်မောင်က ပြုံးတုံ့တုံ့နှင့်မေးလိုက်သည်။

“ဪ- ဟော့. . . ဟော်၊ ဆရာမ သေလို့ ဘယ်ဖြစ်ဦးမှာလဲ။ ဆရာမသေရင် ကျုပ် ရင်ကွဲပက်လက် ဖြစ်သွားမှာပေါ့။ ဖယ်ပါ ဆရာမရယ်၊ ဖယ်လိုက်ပါနော်”

ထိုစဉ် မြတ်မိုးလွင်က ဆရာမကို တွန်းဖယ်လိုက်သဖြင့် ဆရာမမှာ ဘေးသို့ လဲကျသွားတော့သည်။ ထိုစဉ် မြတ်မိုးလွင်က ချစ်မောင်ကို ခပ်မာမာ ပြောဆိုလိုက်သည်။

“ခင်ဗျားဟာ သူခိုး၊ ဓားပြပီပီ တော်တော်မိုက်ရိုင်းပါလား။ ခင်ဗျား သတ္တိရှိရင် ကျုပ်ကို ပစ်လိုက်၊ ဆရာမကို ဘာမှ မိုက်မိုက်ရိုင်းရိုင်း ပြောစရာမလိုဘူး”

“ဒိုင်း”

“ဟာ”

“အမလေး”

မြတ်မိုးလွင် စကားဆုံးသည်နှင့် သေနတ်သံတစ်ချက်မြည်ဟည်းထွက်ပေါ်လာသဖြင့် ကြောက်လန့်တုန်လှုပ်စွာ အော်ဟစ်လိုက်သည်။ ချစ်မောင်က မြတ်မိုးလွင်ကို သေနတ်နှင့် ပစ်လိုက်သဖြင့် အားလုံးမှာ တုန်လှုပ်ချောက်ချားသွားကြသည်။ မြတ်မိုးလွင်ကို ချစ်မောင်က သေနတ်နှင့်ပစ်လိုက်စဉ် ဆရာမက မြတ်မိုးလွင်ရှေ့မှဝင်ခံလိုက်သဖြင့် အရှိန်ကြောင့် နောက်သို့ယိမ်းယိုင်သွားခဲ့ရာ မြတ်မိုးလွင်ပေါ် ပိကျသွားခဲ့သဖြင့် ဆရာမရော မြတ်မိုးလွင်ပါ လဲကျသွားတော့သည်။ ထို့ကြောင့် အားလုံးမှာ ထိတ်လန့်ခြောက်ခြား

www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။

ထိုစဉ် ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့နှင့်အတူ သူကြီး၊ ဆရာ ကိုသန်းဇော်နှင့် မြှဟိန်းတို့က မြတ်မိုးလွင်နှင့် ဆရာမကို ဆွဲထူ ပွေ့ချီလိုက်ကြသည်။ သေနတ်ကျည်ဆန်သည် ဆရာမ၏ခန္ဓာကိုယ်ကို ဖောက်ထွင်းကာ မြတ်မိုးလွင်ပါ ထိမှန်သွားခဲ့သည်ဟု တွေးထင်နေခဲ့ကြသည်။ ထို့ကြောင့် ချစ်မောင်က ဝင့်ကြွားစွာ ပြောဆိုလိုက်သည်။

"အားလုံးမှတ်ထားကြ၊ ဒါ နမူနာပဲ ရှိသေးတယ်။ ချစ်မောင်ကို ဒီလို ဆက်ဆံလို့မရဘူး။ ချစ်မောင်နဲ့ ပြေလည်ချင်ရင် ချစ်မောင်ပြောစကားကို နားထောင်။ စောဒကမတက်ရင် အခုလိုပဲ နှစ်လောင်းပြိုင် ဖြစ်သွားမယ်၊ ဘာမှတ်သလဲ။ တစ်ချက်တစ်ကောင် ချစ်မောင်ကို ဘာမှတ်သလဲ။ စမ်းချင်တဲ့လူ ထွက်ခဲ့၊ ထွက်ခဲ့လေ"

"သိပ်လည်း အပြောမကြီးပါနဲ့ရှင်"

ထိုစဉ် ဆရာမနှင့် မြတ်မိုးလွင်တို့မှာ ပွေ့ထူထားသူများ လက်မှ ရုန်းကန်ထလာကြပြီး ဆရာမက ချစ်မောင်ကို 'သိပ်လည်း အပြောမကြီးပါနဲ့ရှင်' ဟု ပြောဆိုလိုက်သဖြင့် အားလုံးက အံ့သြသွားကြရတော့သည်။ ဆရာမမှာလည်း ဆက်လက်လျှောက်လာနေပြီဖြစ်သည်။ ထိုစဉ်-

"ယား. . ."

ချစ်မောင်မှာ ခါးတွင်ချိတ်ဆွဲထားသောဓားကို ဆွဲထုတ်ကာ ဆရာမထံသို့ ပြေးသွားကာ စုံကိုင်ခုတ်ပိုင်းလိုက်တော့သည်။

"ဒုတ်"

"ဟာ"

"အမလေး"

ချစ်မောင်က ဓားနှင့်ခုတ်ပိုင်းလိုက်သည်ကို ဆရာမက တိမ်း





ရှောင်ခြင်းမပြုဘဲ လက်နှင့်ဆီးကာလိုက်သဖြင့် အားလုံးမှာ မျက်လုံးများပင် ပြာသွားသည်အထိ တုန်လှုပ်သွားခဲ့ကြရသည်။ ဆရာမ၏လက်မှာ ပြတ်ထွက်သွားကာ ဦးခေါင်းကိုပင် ဓားနှင့်ခုတ်ပိုင်းမိတော့မည်ဖြစ်သဖြင့် တုန်လှုပ်သွားခဲ့ကြခြင်း ဖြစ်သည်။

သို့သော် -

"ဟယ်"

"ဟင်"

ဓားသည် ဆရာမ၏လက်ကို ပြတ်ရှသွားခြင်း မရှိ။ ဓားမှာ ဆရာမက လက်နှင့်ဆီးခံလိုက်သဖြင့် ဒုတ်ဟူသောအသံသာ ဖြစ်ပေါ်လာပြီး ရပ်တန့်သွားခဲ့သည်။ အားကုန် စုံကိုင်ခုတ်ပိုင်းလိုက်သော်လည်း ဆရာမက ဘာမှမဖြစ်သဖြင့် ချစ်မောင်မှာ ဓားကို စုံကိုင်ခုတ်မိုးရင်း ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေလေတော့သည်။

ထိုစဉ် ဆရာမက ချစ်မောင်၏ ပေါင်ခွကြားကို ဆောင့်ကန်လိုက်သဖြင့် ပက်လက်လန် လဲကျသွားတော့သည်။

ထိုစဉ် -

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ချစ်မောင်၏တပည့်များက ဆရာမကို သေနတ်နှင့် ဝိုင်းပစ်ကြတော့သည်။ ဆရာမသည် ဝိုင်းပစ်သောသေနတ်များကို ဂရုမစိုက်ဘဲ ဓားကို လျင်မြန်စွာ ကောက်ယူကာ ချစ်မောင်၏ရင်ဝကို ဓားနှင့်ထောက်လိုက်ပြီး အမိန့်ပေးပြောဆိုလိုက်သည်။

"ရှင့်တပည့်တွေကို လက်နက်ချခိုင်းလိုက်ပါ"

ချစ်မောင်မှာ သူ့တပည့်များကို လက်နက်ချခိုင်းလိုက်သည်၊

"ဟေ့- အားလုံး လက်နက်ချလိုက်ကြ"

ချစ်မောင်၏ တပည့်များမှာလည်း သူတို့၏ သေနတ်များကို လက်နက်ချလိုက်ကြတော့သည်။

ထိုစဉ် -



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့- ဖမ်းကြ၊ ဒီကောင်တွေကိုဖမ်းကြ"

"အသေသတ်ကွ"

"ဖုန်း. . . ခွပ်. . ."

"အင့်"

"အား. . . အီး"

ဓားပြများတွင် သေနတ်များ မရှိတော့သဖြင့် ရွာသူ၊ ရွာသားများက ဝိုင်းအုံထိုးကြိတ် ဖမ်းဆီးလိုက်ကြသည်။ ချစ်မောင်ကိုလည်း ဆရာသန်းဇော်၊ မြဟိန်းနှင့် မောင်တူးတို့က ဖမ်းဆီးခဲ့ကြသည်။ ထို့ကြောင့် ဓားပြဆယ်ယောက်တို့အား အုံမခန်းသည့် ဧကရီ၏ အစွမ်းအစနှင့် ဖမ်းဆီးရမိခဲ့ကြလေတော့သည်။

✿ ✿ ✿



## (၂၈)
## ဖူးစာဆုံသည့်ပွဲ

ချစ်မောင်တို့အဖွဲ့အား ကြိုးနှင့်တုပ်ချည်နှောင် ဖမ်းဆီးခဲ့ကြသည်။ ထိုစဉ် ချစ်မောင်သည် ဦးစိုးလွင်ကို တွေ့မြင်သွားခဲ့သဖြင့် တအံ့တဩ ခေါ်လိုက်သည်။

"ဟင်- ဝင်းထိန်"

ချစ်မောင်က ဦးစိုးလွင်ကို 'ဝင်းထိန်' ဟု ခေါ်လိုက်သဖြင့် အားလုံးက ဦးစိုးလွင်ကို ဝိုင်းကြည့်လိုက်ကြသည်။ ချစ်မောင်သည် စောစောပိုင်းတွင် သူ့ဇောနှင့်သူ ဖြစ်နေသဖြင့် ဦးစိုးလွင်ကို သတိမပြုမိခဲ့။ ယခုမှ သတိပြုတွေ့မြင်သွားခဲ့ခြင်း ဖြစ်သည်။

ထိုစဉ် ဦးစိုးလွင်က ချစ်မောင်ကို ပြောလိုက်သည်။

"ချစ်မောင်၊ မင်းဟာ အခုအထိ အသိတရား မရသေးဘဲ မိုက်မဲနေတုန်းပါပဲလားဟင်။ မကောင်းမှုဒုစရိုက် ဆိုတာ အစဉ်အမြဲ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်တယ်ဆိုတာ မင်းလည်း ကိုယ်တွေ့ကြုံခဲ့ပြီးပြီပဲကွာ။ ဘယ်လိုဖြစ်ပြီး ဒီဘဝကို ပြန်ရောက်နေရတာလဲကွာ"

"ကျွန်တော်လည်း အလင်းဝင်လာပြီး စုဆောင်းထားခဲ့တဲ့ ငွေလေးတွေ သုံးဖြုန်းသောက်စားရင်းနဲ့ ကုန်သွားခဲ့ပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ကြုံရာမရဖြစ်တာနဲ့ ဒီအလုပ်ကို ပြန်လုပ်ခဲ့တာပါပဲ။ အခုလို ခင်ဗျားကို ပြန်တွေ့လိုက်ရတဲ့အတွက် ကျွန်တော် တကယ့်ကို နောင်တရမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ မိုက်မဲရမ်းကားမှုကြောင့် အခုအချိန်မှာ ဝင်းထိန်ရဲ့ဘဝနဲ့ ကျွန်တော့်ဘဝ အကွာကြီးကွာခြားခဲ့ပါပြီ။ တစ်ချိန်တုန်းက ဘဝတူတွေ ဖြစ်ခဲ့ကြပေမယ့် အသိတရားတွေ ကွာခြားမှုတွေကြောင့် ခင်ဗျားဘဝနဲ့ ကျွန်တော့်ဘဝဟာ ဘယ်လိုမှနှိုင်းယှဉ်လို့မရတော့ဘူးဆိုတာ ကျွန်တော် ကောင်းကောင်းနားလည်ခဲ့ပါပြီဗျာ"

"ပျက်အစဉ် ပြင်ခဏပေါ့ကွာ။ မင်း အမှန်တကယ် အသိတရားရခဲ့ပြီဆိုရင် မင်းတို့အားလုံး အလင်းဝင်လက်နက်ချဖို့ပါ ငါ သူကြီးကို တောင်းပန်ပေးပါ့မယ်"

ထိုစဉ် -

"ဓားပြအချင်းချင်းဆိုတော့လည်း ကြင်နာနေကြမှာပေါ့လေ။ ဒီမှာ ဝင်းထိန်၊ ပျက်အစဉ် ပြင်ခဏရယ်လို့ လွယ်လွယ်မပြောလိုက်ပါနဲ့ရှင်။ ရှင်တို့အတွက် ပျက်အစဉ် ပြင်ခဏဆိုပေမယ့် ကျွန်မတို့အတွက် ပျက်အစဉ်ပြင်မရ ဖြစ်ခဲ့ကြရတာပါ"

ဆရာမက ဦးစိုးလွင်ကို သေနတ်နှင့်ချိန်ထားသဖြင့် အားလုံးက ဆရာမကို ကြည့်လိုက်ကြသည်။ ဆရာမက ဦးစိုးလွင်ကို သေနတ်နှင့် ချိန်ထားသဖြင့် အံ့အားသင့်သွားခဲ့ကြသည်။ ထို့ကြောင့် မြတ်မိုးလွင်က ဆရာမကို ဒေါသတကြီး ပြောလိုက်သည်။

"ဧကရီ၊ ဘာလုပ်တာလဲ။ ဘာဖြစ်လို့ ငါ့အဖေကို သေနတ်နဲ့ ချိန်ထားရတာလဲ။ မင်းလက်ထဲက သေနတ် ချလိုက်ပါ"

မြတ်မိုးလွင်က ပြောပြောဆိုဆိုနှင့် ဆရာမထံသို့ တောင်ဝှေးကိုအားပြုကာ လာနေသဖြင့် ဆရာမက အမိန့်ပေး





ပြောဆိုလိုက်သည်။

"ရောက်တဲ့နေရာမှာ ရပ်နေလိုက်ပါ သီဟကျော်စွာ၊ ဧကရီ တကယ်မပစ်ဘူးထင်ရင် ရှေ့ကို တစ်လှမ်းလောက်တိုးကြည့်လိုက်စမ်းပါ"

"ဧကရီ၊ မင်း. . . မင်း ဘယ်လိုဖြစ်ရပြန်တာလဲ"

မြတ်မိုးလွင်က ရှေ့ကိုမတိုးတော့ဘဲ ဆရာမကို နားလည်သလိုမေးလိုက်သည်။ ထို့ကြောင့် ဆရာမက ပြန်လည်ပြောဆိုလိုက်သည်။

"ဒီမှာ ဦးစိုးလွင်လို့ သူတော်ကောင်းယောင်ဆောင်နေတဲ့ ဓားပြခေါင်းဆောင် ဝင်းထိန်၊ သရောတပင်ရွာက ဦးစံတုတ်နဲ့ မခင်တို့ကိုတော့ ရှင် ကောင်းကောင်းမှတ်မိလိမ့်မယ်ထင်ပါတယ်"

ဦးစိုးလွင်က ဘာမှပြန်မပြော။ ထို့ကြောင့် ဆရာမက ဆက်လက် ပြောဆိုလိုက်သည်။

"သူ့မယားလိုချင်ရင် သူ့ယောက်ျား လုံ့နဲ့ထိုးဆိုသလို ရှင်ဟာ ကိုစံတုတ်ကိုသတ်ပြီး သွေးနုသားနုနဲ့ မခင်လှကို စော်ကားခဲ့တယ်။ မခင်လှဟာ ရှင့်ကြောင့် ရူးသွားခဲ့ရတယ်။ နောက်ဆုံး အရူးဘဝနဲ့ သေဆုံးခဲ့ရတယ်။ လေးနှစ်အရွယ် လှမမည် ကလေးမလေးဟာ အပြစ်မရှိပဲ မိဘမဲ့ဖြစ်ခဲ့ရတယ်။ လှမမည် ကလေးမလေးဟာ ဘကြီးတော်စပ်သူတစ်ယောက်က မွေးစားခဲ့လို့ မိဘမဲ့အဖြစ်နဲ့ လူလားမြောက်ခဲ့ရတယ်။ အဲဒီမိသားစုရဲ့ ခံစားမှု၊ ကြေကွဲမှု၊ ဆုံးရှုံးမှုတွေကို ဘယ်လိုပြုပြင်ပြီး အစားပြန်လည်လုပ်ပေးလို့ရမလဲ။ ပျက်သွားခဲ့ရတဲ့ သူတို့မိသားစုရဲ့ဘဝကို ဓားပြခေါင်းဆောင်ဝင်းထိန် ဘယ်လိုပြုပြင်ပြီး အစားထိုး ပေးလျော်လို့ရနိုင်မလဲ"

ဆရာမ၏ ပြောဆိုမှုများကို အားလုံးက စိတ်ဝင်စားနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဦးစိုးလွင်သည် တစ်ချိန်က ဓားပြခေါင်းဆောင်ဝင်းထိန် ဖြစ်ခဲ့ပြီး သွေးနုသားနု အမျိုးသမီးတစ်ယောက်ကို စော်ကားခဲ့သူဟု ဆိုသဖြင့်လည်း မယုံရအခက်၊ ယုံရအခက် ဖြစ်နေကာ မြတ်မိုးလွင်နှင့် ဒေါ်ခင်တင့်တို့ကပင် အံ့သြနေခဲ့ကြတော့သည်။ မြတ်မိုးလွင်တို့ ကြည့်ပြန်တော့လည်း ဘာတစ်ခွန်းမှ ပြန်လည်ချေပမှု မရှိသဖြင့် ဝေခွဲရခက်နေခဲ့ကြသည်။ ထိုစဉ် ဓားပြခေါင်းဆောင်ချစ်မောင်က တုပ်နှောင်ထားခြင်းခံနေရာမှ ပြောဆိုလိုက်သည်။

"ဆရာမ၊ ဆရာမပြောနေတာတွေ မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"

ဆရာမက ချစ်မောင်ကို ခပ်ထန်ထန် မေးလိုက်သည်။ ထို့ကြောင့် ချစ်မောင်က ပြန်လည်ပြောဆိုလိုက်သည်။

"တရောတပင်ရွာက ကိုစံတုတ်ကိုသတ်တာ ဝင်းထိန်မဟုတ်ဘူး၊ မခင်လှကို စော်ကားတာလည်း ဝင်းထိန် မဟုတ်ဘူး"

"ဝင်းထိန် မဟုတ်ရင် ဘယ်သူလဲ"

"စံကုလားဆိုတဲ့ကောင်"

ထို့ကြောင့် ဆရာမက သူလည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးလေးကို ချွတ်လိုက်သည်။ ဆွဲကြိုးလေး၏ ဆွဲပြားချိတ်သောနေရာတွင် ဝက်စွယ်တစ်ခုကို ချိတ်ဆွဲထားရှိသည်။ ဆရာမက ဝက်အစွယ်ကလေးကို ချစ်မောင်ရှေ့သို့ ထိုးပြလိုက်သည်။ ထို့ကြောင့် ချစ်မောင်က တအံ့တသြ ပြောဆိုလိုက်သည်။

"ဟင်- ဒါ. . . ဒါ ဝင်းထိန်ရဲ့ အဆောင်၊ စံကုလားခိုးသွားတဲ့ ဝင်းထိန်ရဲ့ ဝက်စွယ်အဆောင်ပဲ။ စံကုလားက ဝင်းထိန်ဆီက ဝက်စွယ်ကင်းပိတ် ဆိုတဲ့ အဆောင်ကို ခိုးသွားပြီး သရောတပင်ရွာမှာ ဓားပြတိုက်တယ်။ သူ့ကိုယ်သူလည်း ဝင်းထိန်လို့ အော်ဟစ်ကြွေးကြော်ခဲ့တယ်။ ဝက်စွယ်ကင်းပိတ်လို့ခေါ်တဲ့ တောဝက်မာန်စွယ်ဟာ ကာယသိဒ္ဓိပြီး





မြောက်တယ်။ ဒါကြောင့် ရွာသူရွာသားတွေဟာ စံကုလားကို ဝင်းထိန်မှတ်ပြီး မယှဉ်ရဲကြတော့ဘူး။ ဝင်းထိန်ကလည်း ကာယသိဒ္ဓိပြီးတယ်လို့ နာမည်ကြီးနေခဲ့တာကိုး။ စံကုလားဟာ သူ့ကို ဘယ်သူမှ မယှဉ်ရဲတော့မှ ကိုစံတုတ်ကို သတ်ပြီး မခင်လှကိုစော်ကားခဲ့တယ်။ ဝက်စွယ်အဆောင်ဟာလည်း ဘယ်မှာကျနေရစ်မှန်း မသိတော့ဘူး။ အဲဒီအဖြစ်တွေကြောင့် စံကုလားကို ဝင်းထိန်ကိုယ်တိုင် သရောတပင်ရွာသူရွာသားတွေရှေ့မှာ ကွပ်မျက် သုတ်သင်ခဲ့တယ်။ ကျုပ်ပြောတာတွေဟာ အမှန်တွေပါ ဆရာမ။ ဝင်းထိန်ဟာ လူဆိုး၊ ဓားပြတစ်ယောက်ဖြစ်ပေမယ့် မဟုတ်တာ ဘယ်တော့မှ မလုပ်ဘူး။ ဝင်းထိန်ဟာ ကျုပ်တို့လို လူစားမျိုး မဟုတ်ဘူး"

ထိုစဉ် ကေရီက ပြောလိုက်ပြန်သည်။

"ဓားပြတစ်ယောက်က ဓားပြတစ်ယောက်အတွက် ရှေ့နေလိုက်ပေးတာ သဘာဝကျပါတယ်လေ။ ရှင့်ကို အလင်းဝင်ရအောင် ဝင်းထိန်က သူကြီးကို ပြောပေးမယ်ဆိုတာနဲ့ ရှင်က ဝင်းထိန်အတွက် ကာကွယ်ပြောဆိုပေးလိုက်တာ သဘာဝကျပါတယ်။ ဒါပေမယ့် လေးနှစ်အရွယ် လူမမည်ကလေးမလေးဟာ သူ့အမေကို ဝင်းထိန် စော်ကားခဲ့တဲ့နေရာကနေ ဒီဝက်စွယ်အဆောင်လေးကို ကောက်ယူရခဲ့တာပါ"

ထို့ကြောင့် သူကြီးဦးနီက ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"ဆရာမ၊ ကျွန်တော်ပြောတာကို ခဏလောက် နားထောင်ပါ။ ကျွန်တော်ဟာ ဝင်းထိန်ကို မမြင်ဖူးပါဘူး။ ဒါကြောင့်လည်း ဦးစိုးလွင်ကို ဝင်းထိန်မှန်း မသိခဲ့တာပါပဲ။ ဒါပေမယ့် အနှစ်နှစ်ဆယ်လောက်က အနောက်ဘက် ပင်လယ်ကမ်းခြေဒေသမှာ သတင်းကြီးနေတဲ့ ဝင်းထိန်ရဲ့အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကြားခဲ့ဖူးပါတယ်။ ဝင်းထိန်ဟာ လူဆိုး၊ ဓားပြတစ်ယောက်ဖြစ်ပေမယ့် ရွာသူ၊ ရွာသားတွေကို မနှိပ်စက်ဘူး။ ဆက်ကြေးမကောက်ဘူး။ ဒါပေမယ့် ရွာသူ၊ ရွာသားတွေအပေါ်မှာ မတရားလုပ်တဲ့ ငွေရှင်တွေ၊ လုပ်ငန်းရှင်တွေ သူကြီးတွေကိုတော့ ဓားပြတိုက်တယ်။

သတ်သင့်တဲ့လူကို သတ်တယ်။ သရောတပင်ရွာမှာ သူတပည့်တစ်ယောက်က လူသတ် အဓမ္မကျင့်ခဲ့လို့ သူ့တပည့်ကို သရောတပင် ရွာသူ၊ ရွာသားတွေရှေ့မှာပဲ ကွပ်မျက်အပြစ်ပေးခဲ့တယ်ဆိုတဲ့ သတင်းတွေကိုလည်း ကြားသိခဲ့ရတယ်။ အဲဒီနောက်ပိုင်းတော့ ဝင်းထိန်တို့အဖွဲ့ အလင်းဝင်သွားခဲ့တယ်လို့ ကြားတာပဲ။

အခု ကျုပ်ပြောနေတာတွေကို ကျုပ်တစ်ယောက်တည်း သိနေခဲ့တာမဟုတ်ပါဘူး။ ကျုပ်တို့ အသက်အရွယ်ရှိနေတဲ့ လူတိုင်း သိနေကြတာပါ။ မယုံရင် ဆရာမအနေနဲ့ ရွာထဲက အသက်အရွယ်ကြီးသူတွေကို စုံစမ်းလေ့လာကြည့်ရင် သိရမှာပါ"

ဤတွင် ဦးစိုးလွင်က ပြောဆိုလိုက်တော့သည်။

"ဆရာမ၊ ကျုပ်ဟာ အခုအချိန်အထိ ကျုပ်ကိုယ်ကျုပ် အပြစ်မရှိပါဘူးလို့ ဖြေရှင်းချက် တစ်ခွန်းတလေတောင် မပြောခဲ့သေးပါဘူး။ ကျုပ်ဟာ တစ်ချိန်တုန်းက ဓားပြတစ်ယောက်ဆိုတာလည်း ကျုပ်ဝန်ခံပါတယ်။ ဆရာမဟာ လေးနှစ်သမီးအရွယ်မှာ မိဘမဲ့ဖြစ်ခဲ့ရတဲ့ ကိုစံတုတ်၊ မခင်လှတို့ရဲ့သမီးဆိုတာလည်း ကျုပ် ခန့်မှန်းလို့ရပါပြီ။ ဒါကြောင့် ဆရာမဟာ ဘာကြောင့် ကျုပ်တို့မိသားစုကို လာပြီးပတ်သက် ဆက်နွှယ်ခဲ့တယ်ဆိုတာကိုလည်း ကျုပ် သဘောပေါက်ပါပြီ။ ဒီတော့ ကျုပ်နဲ့ပတ်သက်ပြီး ကြိုက်သလိုသာ



ဆုံးဖြတ်ပါ"

ထိုစဉ် -

"လှည်းတစ်စီး ရောက်လာပြီဟေ့၊ ဆရာမ ဘကြီးကိုသွားကြိုတဲ့လှည်း ပြန်လာပြီ"

ရွာသားတစ်ယောက်က လှမ်းအော်လိုက်သည်။ ကျောင်းဝတွင် လှည်းတစ်စီးရပ်နေသည်။ လှည်းပေါ်တွင် အသက်ကြီးကြီး လူတစ်ယောက်နှင့် လူငယ်တစ်ယောက် ပါရှိလာခဲ့သည်။ အသက်ကြီးသူမှာ ဆရာမ၏ဘကြီး ဦးမြသန်းဖြစ်ပြီး ကျန်တစ်ယောက်မှာ ဆရာမ၏ချစ်သူ ကိုမြင့်ခိုင်ဆိုသူတို့ ဖြစ်သည်။

ဦးမြသန်းနှင့် ကိုမြင့်ခိုင်တို့ လှည်းပေါ်မှဆင်းလာခဲ့ကြသည်။ ဆရာကိုသန်းဇော်က သွားရောက်ကြိုဆိုကာ ကျောင်းဝင်းထဲသို့ခေါ်လာခဲ့သည်။ ကျောင်းဝင်းထဲရောက်သည်နှင့် ကြိုးနှင့်တုပ်နှောင်ထားသူများနှင့် သေနတ်ကိုင်ထားသော ဆရာမကို တွေ့မြင်လိုက်ကြရသဖြင့် ဦးမြသန်းနှင့် ကိုမြင့်ခိုင်တို့ အံ့ဩသွားကြရတော့သည်။

ထိုစဉ် ဦးစိုးလွင်နှင့် ဦးမြသန်းတို့မှာ တစ်ယောက်ကိုတစ်ယောက် တွေ့မြင်သွားကြကာ ဝမ်းသာအားရ ခေါ်လိုက်ကြသည်။

"ဟာ- ကိုဝင်းထိန်"

"ဟင်- ဦးမြသန်း"

ထို့နောက် ဦးမြသန်းက ပြောလိုက်သည်။

"ကျွန်တော်လည်း မနက်စောစော ရောက်အောင်လာခဲ့တာပါဗျာ။ လမ်းမှာ စက်လှေကလည်းပျက်နေတာကြောင့် ခုမှရောက်လာခဲ့ရတာ။ နေကြစမ်းပါဦး၊ ဦးဝင်းထိန်က ဒီကိုဘာလာလုပ်တာလဲ။ သမီးကေရီကလည်း သေနတ်ကြီးကိုင်လို့။ ဟိုမှာလည်း လူတွေကို ကြိုးနဲ့တုပ်ထားကြတယ်"

သူကြီးဦးနီက ဝင်ရောက်ပြောဆိုလိုက်သည်။

"ကျွန်တော် ဒီရွာကသူကြီး ဦးနီပါ။ ဦးမြသန်းကို အခုမှ

www.burmeseclassic.com

www.burmeseclassic.com



သိရပေမယ့် ဆရာမ ပြောပြလို့ သိနေခဲ့ပါတယ်။ ဟိုသူငယ် ကိုလည်း ကျွန်တော်တို့နဲ့ မိတ်ဆက်ပေးပါဦး"

သူကြီးကပြောလိုက်သဖြင့် ဦးမြသန်းက ပြန်လည်ပြောပြရန်ပြင်လိုက်စဉ် ဧကရီက ဝင်ရောက်ပြောဆိုလိုက်သည်။

"သူနာမည်က ကိုမြင့်ခိုင်၊ မကြာခင် ကျွန်မနဲ့ လက်ထပ်ကြတော့မှာ"

"ဟဲ့- သမီး၊ ဘာတွေပြောနေတာလဲ"

ဧကရီက ပြောသည်ကို ဦးမြသန်းက တအံ့တသြ ပြောဆိုလိုက်သည်။ ဧကရီသည် ထိုသို့ ပြောဆိုလိုက်စဉ် မြတ်မိုးလွင်ကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။ မြတ်မိုးလွင်က မသိဟန်ဆောင်နေခဲ့သည်။ ရင်ထဲမှတော့ မကောင်းလှပေ။ ဖြစ်နိုင်လျှင် ဒီနေရာက ထွက်ပြေးသွားချင်နေပြီ ဖြစ်သည်။ သို့သော် ယခုအချိန်ရှောင်ပြေးခဲ့လျှင် ဧကရီ၏ရန်ပြုခြင်းခံရမည်စိုးသဖြင့် တိမ်းရှောင်သွားသည်ဟု ပြောစရာဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် မြတ်မိုးလွင်တောင်ဝှေးကိုအားပြုရင်း ရီဝေစွာ ရပ်နေလေတော့သည်။

ထိုစဉ် ဦးမြသန်းက ဧကရီကို နားမလည်သလို မေးလိုက်သည်။

"သမီး. . . ဧကရီ၊ ဘယ်လိုဖြစ်နေတာလဲ။ လက်ထဲမှာလည်း သေနတ်ကြီးနဲ့။ ဘကြီးကိုလည်း ပြောစမ်းပါဦး"

ကိုမြင့်ခိုင်ကလည်း တအံ့တသြ မေးလိုက်သည်။

"ဧကရီ၊ နင် ဘာဖြစ်နေတာလဲ"

ဧကရီက အေးဆေးစွာ ပြန်ပြောလိုက်သည်။

"ကျွန်မ အနှစ်နှစ်ဆယ်လုံးလုံး ကြိတ်မှိတ်ခံစားရင်း ကြံစည်ထားတဲ့ အကြံအစည်တွေကို ဒီကနေ့ အကောင်အထည်ဖော်မလို့ပါ။ ဒီလို ကျွန်မရင်ထဲက ခံစားချက်တွေ ပြေပျောက်အောင် ကုစားနိုင်ဖို့အတွက် ကျွန်မဟာ ရေရှည်



စီမံကိန်းတွေနဲ့ အမျိုးမျိုး ကြိုးစားလာခဲ့တာ။ ဒီကနေ့ ကျွန်မဆန္ဒ ပြည့်ဝလာရတော့မယ်လေ"

"ဘာတွေပြောနေတာလဲ သမီးရယ်"

ဦးမြသန်းက သဘောမပေါက်သဖြင့် ညည်းညူပြောဆိုလိုက်သည်။ ထို့ကြောင့် သူကြီးဦးနီက ချစ်မောင်တို့ ဝင်ရောက်တိုက်ခိုက်ချိန်မှစ၍ ယခု ဦးမြသန်းတို့ ရောက်လာချိန်အထိ ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များကို ရှင်းလင်းပြောပြလိုက်သည်။

ထိုအခါ ဦးနီက စိုးရိမ်တကြီး ပြောဆိုလိုက်တော့သည်။

"ဖြစ်မှဖြစ်ရလေ သမီးရယ်။ သမီးဟာ ကိုယ့်ကျေးဇူးရှင်ကို ပြန်ပြီး စော်ကားမိတော့မှာပါလား။ ဦးဝင်းထိန်ဟာ သမီးရဲ့ ကျေးကျေးဇူးရှင်။ သမီးဘဝကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် အကူအညီပေးပြီး ပြုစုပျိုးထောင်ပေးခဲ့တာ ဟောဒီ ဦးဝင်းထိန်ပဲ"

"ရှင်. . ."

ဧကရီ အံ့သြသွားရတော့သည်။ ဤတွင် ဦးမြသန်းက ဆက်လက် ရှင်းလင်းပြောပြခဲ့သည်။

"သမီးတို့မိသားစုဘဝကို ဖျက်ဆီးခဲ့တာ ဦးဝင်းထိန် မဟုတ်ဘူး သမီး။ သူ့ရဲ့တပည့်တစ်ယောက်ကြောင့် မိဘမဲ့ ဖြစ်ခဲ့ရတဲ့သမီးကို လူတစ်လုံးသူတစ်လုံး ဆရာမတစ်ယောက်ဖြစ်အောင် သူလုပ်ပေးခဲ့တာ။ ဘကြီးတို့ လူနဲ့သူနဲ့တူအောင်၊ စီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်အောင် အကူအညီပေးခဲ့တာ ဦးဝင်းထိန်ပဲ။ သမီး ဘကြီးဆီရောက်လာတဲ့ အချိန်ကစပြီး ဆရာမဖြစ်တဲ့အထိ ထောက်ပံ့ပေးခဲ့တာ ဦးဝင်းထိန်ပဲ"

"ဘကြီး တကယ်ပြောနေတာလားဟင်"

ဧကရီက မေးနေသော်လည်း ဦးမြသန်းက သူပြောလိုရာကိုသာ ဆက်လက်ပြောဆိုနေခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဝင်းထိန်ဟာ ကျေးရူးရှင်တစ်ယောက်အနေနဲ့ ဂုဏ်မယူချင်တာရယ်၊ သမီးကို အားငယ်မှာ စိုးရိမ်တာရယ်ကြောင့် သမီးကို ဖွင့်မပြောဖို့ ဘကြီးကို ကတိတောင်းခဲ့တယ်။ ဒါကြောင့် ဘကြီး မပြောခဲ့တာ။ တော်သေးတာပေါ့ကွယ်၊ မှားတော့မလို့။

ထို့နောက် ဦးမြသန်းက ဦးဝင်းထိန်ခေါ် ဦးစိုးလွင်ကို ပြစ်တင် ပြောဆိုနေခဲ့တော့သည်။

"ဦးဝင်းထိန်ကလည်းဗျာ၊ ဒီအကြောင်းတွေကို သမီးကို ပြောပြလိုက်ပါလား။ ဘာဖြစ်လို့ မပြောရတာလဲ"

"ကျွန်တော်ပြောလည်း ဆရာမက ယုံမှာမှ မဟုတ်ဘာဗျာ။ ကျွန်တော်သေရမှာကြောက်လို့ ပြောတယ်ပဲ ထင်နေမှာပေါ့။ နောက်ပြီး ကျွန်တော်က ဆရာမကို မြင်မှမမြင်ဘူးတာ"

ဧကရီသည် ဦးဝင်းထိန်ခေါ် ဦးစိုးလွင်အား ချိန်ထားသော သေနတ်ကို အောက်သို့စိုက်ချလိုက်သည်။ လက်ထဲမှ သေနတ်ကို သူကြီးကိုပေးလိုက်သည်။ ထို့နောက် ဦးစိုးလွင်ထံသို့ ပြေးသွားကာ ခြေထောက်ကိုဖက်ပြီး ငိုယိုပြောဆိုနေလေတော့သည်။

"ဧကရီဟာ ဦးတို့မိသားစုအပေါ် အထင်လွဲခဲ့မိပါတယ်။ ဒါကြောင့် ဦးဝင်းထိန်လို့ခေါ်တဲ့ ဦးစိုးလွင်ကို ခြေရာခံစုံစမ်းပြီး ပြန်လည်ဂလဲ့စားချေဖို့ ရေရှည်စီမံကိန်းတွေနဲ့ ကြံစည်မိခဲ့ပါတယ်ရှင်။ ကျွန်မရဲ့အမေ ရှုံးခဲ့ရသလို ဦးတို့သားအဖလည်း ရှုံးပြီး ဘဝပျက်ရလေအောင် မှဲ့နက်ရှင်ဧကရီနဲ့ သီဟကျော်စွာဇာတ်လမ်းကို လုပ်ကြံဖန်တီးပြီး ဦးတို့မိသားစုနဲ့ ပတ်သက်ဆက်နွယ်လာအောင် သချိုင်းတွေထဲကို ဝင်ပြခဲ့ပြီး သချိုင်းတွေမှာ နေသယောင်ယောင်လုပ်ပြခဲ့ပါတယ်။ သမီးရဲ့မိုက်မဲမှုအတွက် ဦးတို့မိသားစုပေးတဲ့အပြစ်ကို ဧကရီ





ခံယူပါရစေ။ ကျေးရူးရှင်ကို ပြစ်မှားစော်ကားဖို့ မိုက်မိုက်မဲမဲ ကြံစည်ခဲ့တဲ့ အမိုက်မကို အပြစ်ပေးပါ ဦးရယ်၊ အပြစ်ပေးကြပါ"

"မသိလို့ ဖြစ်ခဲ့ကြရတာပဲကွယ်၊ သမီးမှာ အပြစ်မရှိပါဘူး။ ကဲပါကွယ်- ထပါ၊ ထပါ သမီးရယ်"

ဦးစိုးလွင်က ဧကရီအား ဖြေသိမ့်ပြောဆိုကာ သမီးတစ်ဦး သဖွယ် ဆွဲယူထခိုင်းလိုက်သည်။ ဧကရီက မျက်ရည်စက်လက်နှင့်ပင် ဆက်လက်ပြောဆိုခဲ့ပြန်သည်။

"သမီးရဲ့အကြံအစည်တွေကို အောင်မြင်အောင် ကူညီပေးလိုက်တာကတော့ သီဟကျော်စွာရဲ့ အိပ်မက်တွေပါပဲ။ သီဟကျော်စွာဟာ ထူးခြားစွာ အိပ်မက်တွေ ဆက်တိုက် ခက်ခဲ့ပါတယ်။ အဲဒီအိပ်မက်တွေဟာ ကျွန်မလုပ်ကြံဖန်တီး ဘဲ့ ဇာတ်လမ်းနဲ့ တထေရာတည်း တူနေခဲ့လေတော့သည်။ ာျွန်မရဲ့လုပ်ဆောင်မှုတွေဟာ ပိုပြီး ပီပြင် အောင်မြင်လာခဲ့ ပါတယ်။

သီဟကျော်စွာဟာ ကျွန်မကို ရူးမတတ်စွဲလမ်းလာတဲ့အခါ ာျွန်မ ခြေရာဖျောက်လိုက်ပါတယ်။ ကျွန်မရဲ့ရည်ရွယ်ချက် ာတော့ သီဟကျော်စွာ ရူးသွားစေချင်တာပါပဲ။ ဒါပေမယ့် ာျွန်မဟာ သီဟကျော်စွာကို ချစ်ခင်စွဲလမ်းနေခဲ့မိတာ ကြောင့် ချိုတုံချတုံ ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် လွမ်းစရာကို နာစရာတွေနဲ့ဖြေပြီး မျက်စိစုံမှိတ်လုပ်ခဲ့မိပါတယ်။ ကျွန်မ ှားခဲ့မိပါတယ်ရှင်။ ကျွန်မကို အပြစ်ပေးကြပါ၊ အပြစ်ပေး ာြပါရှင်"

ဒေါ်ခင်တင့်က ဖျောင်းဖျပြောဆိုလိုက်ပြန်သည်။

'သမီးရယ်၊ အားလုံး ရှင်းသွားခဲ့ပြီပဲ။ မသိလို့ဖြစ်ခဲ့ကြရတာ ဲကွယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့။ ဒေါ်ဒေါ်တို့လည်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အပြစ်မယူကြပါဘူး"

ဤတွင် ဦးမြသန်းက စဉ်းစားပြောဆိုလိုက်သည်။

"ဒါကြောင့် သမီးဟာ သစ်ဆုံရွာကို ပြောင်းချင်တယ်ဆိုပြီး အတင်းပူဆာနေတာကိုး။ ကျွန်တော်ကလည်း မဖြစ်မနေ လိုက်လုပ်ပေးခဲ့ရတယ်။ ဦးဝင်းထိန်ရဲ့သား ဒီကိုပြောင်းလာတာသိလို့ လိုက်လာတာကိုး။ ကျွန်တော်ကတော့ မသိဘူး။ တော်တော်လည်း အကြံကြီး၊ စိတ်ကြီးတဲ့ ကလေးမပဲ"

ထိုစဉ် သူကြီးက ပြောလိုက်ပြန်သည်။

"ဆရာကြီးရဲ့အိပ်မက်ဟာ ဆရာမရဲ့ လုပ်ကြံဇာတ်လမ်းနဲ့ ထပ်တူတိုက်ဆိုင်နေတာကတော့ တော်တော်အံ့သြစရာပဲ။ ဒီအိပ်မက်ဟာ ဆရာကြီးအတွက် နိမိတ်ပြတဲ့အိပ်မက် ဖြစ်သလို ဆရာကြီးနဲ့ ဆရာမတို့ကို တွေ့ဆုံစေမယ့် အိပ်မက်လို့လည်း ပြောရင်ရနိုင်တယ်။ ကိုယ်တွေ့မဟုတ်ရင် ယုံချင်စရာတောင် မရှိဘူး"

ထိုစဉ် ကေရီက မြတ်မိုးလွင်ထံ လျှောက်သွားကာ ပြောလိုက်သည်။

"သီဟကျော်စွာ"

"ကျွန်တော်က ဦးစိုးလွင်ရဲ့သား မြတ်မိုးလွင်ပါ ဆရာမ"

"ကေရီ့ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး။ ဒါပေမယ့် သီဟကျော်စွာကို ကေရီ ရင်ထဲအသည်းထဲက တောင်းပန်ပါတယ်"

"ရင်ထဲအသည်းထဲဆိုတဲ့ စကားတွေ မပြောပါနဲ့ ဆရာမ။ ဟိုမှာ ကိုမြင့်ခိုင် ကြည့်နေပါတယ်"

ကေရီက ရယ်ပြုံးကာ ကိုမြင့်ခိုင်ကို လှမ်းခေါ်လိုက်သဖြင့် ကိုမြင့်ခိုင် ရောက်လာခဲ့သည်။ ထို့နောက် ကေရီက ကိုမြင့်ခိုင်ကို ပြောလိုက်သည်။





"မြင့်ခိုင်၊ ဒါ ငါပြောပြခဲ့တဲ့ သီဟကျော်စွာပဲ။ နှင်ရှင်းပြလိုက်ပါဟာ"

"ကေရီနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းတွေဗျ။ ဘာချစ်သူမှ မဟုတ်ဘူး။ ဘကြီးဦးမြသန်းနဲ့ အဖော်အဖြစ် မဖြစ်မနေ လိုက်ခဲ့ပေးပါဆိုလို့သာ ကျွန်တော်လိုက်လာရတာ။ သူက ကျွန်တော့်ကို သူနဲ့လက်ထပ်မယ့်လူလို့ ပြောလိုက်တော့ ကျွန်တော်တောင် အံ့အားသင့်သွားတယ်။ သူက ကျွန်တော့်ကို မျက်လုံးမှိတ်ပြလိုက်တာနဲ့ ကျွန်တော်လည်း ငြိမ်နေလိုက်ရတာ။ ဘာမှလဲ ကြိုမပြောထားဘူး။ အလကား သူလုပ်ချင်တာကို စိတ်ကူးယဉ်ပြီး လျှောက်လုပ်နေတာပါဗျာ"

"တတ်လည်းတတ်နိုင်ပါပေတယ် သမီးရယ်"

ဦးမြသန်းက ကေရီကို ညည်းညူပြောဆိုလိုက်သည်။ ထိုစဉ် ကာလသားခေါင်းဆောင် မြဟိန်းက ပြောလိုက်သည်။

"ဆရာမ လုပ်ဆောင်ချက်တွေကတော့ တကယ်ပဲ အကွက်စေ့ပါတယ်ဗျာ။ ကျွန်တော်တို့ဆရာကြီးခမျာ အလုပ်ကထွက်မယ်လုပ်လိုလုပ်၊ ကျောင်းကအပြန်လမ်းမှာ ဆရာမကို ရေကူးနေတာမြင်တယ် ဖြစ်လိုဖြစ်"

ထိုစဉ် ကေရီက မြတ်မိုးလွင်ကို မေးလိုက်သည်။

"သီဟကျော်စွာ ကေရီ့ကို စိတ်ဆိုးနေတုန်းပဲလား"

သီဟကျော်စွာ ပြန်မဖြေ။ ထို့ကြောင့် ကာလသားခေါင်းဆောင် မြဟိန်းက ဝင်ရောက်ပြောဆိုလိုက်သည်။

"ကဲကဲ- ကျွန်တော်ပြောတာ ခဏလောက် နားထောင်ကြပါ။ ကလေးတွေကိစ္စကိုသာ လူကြီးတွေ ရှင်းပေးလို့ရတာ။ လူကြီးတွေကိစ္စကိုတော့ လူကြီးတွေရှင်းလို့ရမှာ မဟုတ်ဘူး။ ဒီတော့ လူကြီးတွေကိစ္စကို ကျွန်တော်တို့ ကလေးတွေကပဲ ရှင်းပေးမှ ဖြစ်တော့မယ်။ ကျွန်တော်ပြောတာ သေချာနား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြပါ။ ကျွန်တော်တို့ ဆရာကြီးဟာ ဆရာမကို ချစ်လွန်းလို့ ကျွန်တော်တို့ရွာကို ရောက်လာတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

ပရိသတ်က ဝိုင်းအော်လိုက်ကြသည်။ ထို့ကြောင့် မြှဟိန်းက ဆက်ပြောလိုက်ပြန်သည်။

"ကျွန်တော်တို့ဆရာမကလည်း ဆရာကြီးကို ချစ်လွန်းလို့ သစ်ဆုံရွာကို အရောက်လာခဲ့တာ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ဒါကြောင့် ကျွန်တော်တို့ ဆရာကြီးနဲ့ ကျွန်တော်တို့ ဆရာမဟာ သစ်ဆုံရွာမှာ ဖူးစာဆုံဖို့ ရောက်လာကြတာ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ဒီတော့ နှစ်ဖက်မိဘတွေဖြစ်တဲ့ ဦးစိုးလွင်၊ ဒေါ်ခင်တင့်၊ ဦးမြသန်းတို့ကရော သဘောတူကြပါသလား ခင်ဗျား"

မြှဟိန်းက ပြောင်သလိုလို၊ အတည်လိုလို ပြောနေသဖြင့် ဦးမြသန်း၊ ဦးစိုးလွင်နှင့် ဒေါ်ခင်တင့်တို့က ဘာမှမပြောကြပေ။ လူကြီးများဖြစ်နေသဖြင့် လူငယ်များကဲ့သို့ အော်ဟစ်ပြောဆိုရန်လည်း မဖြစ်ပေ။ ထို့ကြောင့် မြှဟန်းက ဆက်လက် အော်ဟစ်ပြောဆိုလိုက်ပြန်သည်။

"သဘောတူရင် နှစ်ဖက်မိဘများ ရယ်ပြကြပါခင်ဗျာ"

ဦးစိုးလွင်၊ ဦးမြသန်း၊ ဒေါ်ခင်တင့်တို့မှာ မြှဟိန်း၏ပြောဆိုနေသော အမူအရာကိုကြည့်ကာ ရယ်မောလိုက်ကြလေတော့သည်။

ထို့ကြောင့် ပရိသတ်ကလည်း ဝိုင်းဝန်းအော်ဟစ်လိုက်ကြလေတော့သည်။

"ဟေးဟေး. . . သဘောတူတယ်တဲ့ဟေ့"

ထို့နောက် မြှဟိန်းက အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းအဖွဲ့သားများအား လှမ်းအော်ပြောလိုက်ပြန်သည်။

"ကဲ- ရွှေဒိုးမောင် ဝိုင်းတော်သားများ ခင်ဗျာ၊ ကျွန်တော်တို့ရွာမှာ ဖူးစာဆုံဖို့ရောက်လာကြတဲ့ ကျွန်တော်တို့ ဆရာကြီးနဲ့ ဆရာမတို့ရဲ့ အကြိုမင်္ဂလာပွဲအနေနဲ့ တစ်ချီတစ်မောင်း ဂုဏ်ပြုကြပါစို့လား ခင်ဗျား"

"ဟေး. . . ဟေး. . . ဟေး. . . ဟေး"

မြှဟိန်း၏စကားဆုံးသွားခဲ့သည်နှင့် ပရိသတ်၏ ဩဘာပေးသံများ ဆူညံစွာထွက်ပေါ်လာကာ အိုးစည်ဒိုးပတ်သံများလည်း ထွက်ပေါ်လာလေတော့သည်။ မြှဟိန်းနှင့် ကိုတူးတို့ကလည်း အိုးစည်ဝိုင်းရှေ့တွင် ကွေးနေအောင်က,နေကြလေတော့သည်။

မြတ်မိုးလွင်နှင့် ဧကရီတို့မှာ ရယ်ပြုံးကာ ကြည့်နေခဲ့ကြသည်။ ထိုစဉ် မြတ်မိုးလွင်မှာ အိုးစည်ဝိုင်းရှိရာသို့ လျှောက်လာရန် တောင်ဝှေးကို ရှေ့သို့လှမ်းထောက်လိုက်ရာ ခဲလုံးတစ်လုံးကိုထောက်မိသွားပြီး ယိမ်းယိုင်လဲသွားမည်ကဲ့သို့ ဖြစ်သွားခဲ့သည်။ ထို့ကြောင့် ဧကရီက လျင်မြန်စွာ ဆွဲယူထိန်းပေးလိုက်သည်။

မြတ်မိုးလွင်က ဧကရီကိုကြည့်ကာ ပြုံးလိုက်သည်။ ဧကရီကလည်း ပြန်လည်ပြုံးပြလိုက်သည်။ ထို့နောက် မြတ်မိုးလွင်သည် ဧကရီ၏ဖေးမတွဲခေါ်မှုနှင့် အိုးစည်ဝိုင်းရှိရာသို့လျှောက်လာခဲ့သည်။

ထိုစဉ် အိုးစည်ဒိုးပတ်သံများ ဆူညံစွာ ထွက်ပေါ်လာခဲ့ပြီး ဩဘာလက်ခုပ်သံများ မြည်ဟည်းထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့် မှိုနက်ရှင်ဧကရီဇာတ်လမ်းမှာ ဤတွင် ပြီးဆုံးသွားခဲ့တော့သည်။

စေတနာကောင်းများစွာနှင့် ကံကောင်းနိုင်ကြပါစေ

မင်းသစ္စာလှိုင် (ကန့်ကနီ)







BURMESE CLASSIC .com
www.burmeseclassic.com